

ပုဂံခေတ်

အရှင်ကေလာသ
မေါ်ပွဲထိုက်ကျောင်း
ခင်းတုန်းမြို့နယ်။

စာပေဗိမာန်၊ ထောင်ဆုရ စာရေးဆရာကြီး

စစ်ကိုင်း၊ ဦးဘိုးသင်း

## ပုဂံခေတ်

# အရည်းမာယာ

၂–ကျပ်တန် – ရာဇဝင်ဝတ္ထုတော်ကြီး

★ စန္ဒာဝင်းသည်....၊ အေးမြသာယာ ကြည်လင်သည်။

★ စန္ဒာဝင်းမှ ထွက်သော စာပေ များသည်.... ဖတ်ရှုသော သူများ၏ စိတ်အား.... အမြဲတန်း ကြည်လင် ချမ်းမြေ့စေသည်....။

စာစဉ်အမှတ် (၉၅)

★ ☆ ★

၁၉၆၃–ခု အောက်တိုဘာလ

ဦးတိုးကြွယ်မှတ်ပုံတင်နံပါတ် ၀၃၀၅-၀၄၂၇က
တာဝန်ခံပုံနှိပ်ထုတ်ဝေသည် (ပုံ=၅၀၀၀၅၀)

ဆေညီလည်ဒိုက်ငယ်မင်း လက်ထက်တော်

စစ်ကိုင်း ဦးဘိုးသင်း ၏

'ပုဂံခေတ်'

# အရည်းမာယာ

---

ကျွန်ုပ်တို့သည် ရာဇဝင် စကားအားဖြင့် လည်းကောင်း၊ ပါးစပ်ရာဇဝင်စကားအားဖြင့် လည်းကောင်း အရည်းကြီးများကို ရှုတ်ချဘွယ်ရာသာဖြစ်၍ အကောင်းပြောဆို အမွှမ်းတင်သူများတို့ကား မရှိသည်လောက်ပင်ဖြစ်ချေသည်။

မည်သူသည် မည်သို့သောသူသည် အရည်းကြီးများကို အကောင်းပြောဆိုအမွှမ်းတင်ဝံ့မည်နည်း။ အရည်းကြီးများ၏ အကြောင်းကို ပြောဆိုရေးသားကြရာ၌ ပုဂံပြည် အရည်းများကိုသာ ယိုးမယ်ဖွဲ့၍ ရေးသား ပြောဆိုခဲ့ကြသည်။ ဧရာဝတီမြစ်မကြီး၏အနောက်ဘက်၊ သုနာပရန္တတိုင်းမှာကော ထိုခေတ်ကရဟန်းကောင်း ရဟန်းမွန်များထွန်းကား နေသလား။ လူများ၏ ကိုးကွယ်ရာသည့် အရည်းကြီးများပင်လောဟု အဘယ်ကြောင့်မစဉ်းစားဘဲ နေသင့်ပါသနည်း။

စဉ်းစားခြင်းဖြင့် အပိုအလုပ်ကို လုပ်သည်ဟု ဆိုလိုခဲ့သော် ရာဇဝင်ပညာကို လိုက်စားခြင်းအတွက်ကိုကော ထိုသို့ မဆိုသင့်ရာသလော။

ရာဇဝင့် ပညာကို ကျမ်းကြီးတစောင်ကဲ့သို့ အမှတ်အသား ပြုကာ ပေါ်ထွက်လာနိုင်သည်မှာ၊ စိတ်ကူးနှင့်ကြံဖန်၍ ဖြစ်ပေ သလော၊ သို့တည်းမဟုတ်တဆင့်စကား တဆင့် နားအားဖြင့် ကြားဘူးနားဝအရ ပေါ်ထွက်မစနိုင်သလော။

တစုံတခုသော အမှတ်အသားအရ ရာဇဝင်ပညာကို ပေါ် ထွက်လာစေသည်ဟု အယူရှိခဲ့သော်၊ ထိုမှတ်သားသောသူတို့ သည် မည်သူတို့ပေနည်း။ ပုဂံမြို့ အနော်ရထာမင်းစော လက်ထက် ဗုဒ္ဓဘာသာသာသနာမရောက်လာမီ စာပေပညာတတ်အ ဖြစ်နှင့် အိမ်ထောင်သားများ၏ အပေါ်၌ ဝင့်ကျယ်နေသူများ မှာ အရည်းကြီးများသာ ပုဂံနေပြည်တော်၌ ဖြစ်နေသည်ကို ညင်းကွက်ထုတ်၍ တော်တော်ပင် ခဲယဥ်းပေလိမ့်မည်။

ထို့ကြောင့် ပုဂံမြို့ နော်ရထာခင်းလက်ထက်တော် မ တိုင်မီ စာပေကျမ်းဂန်စသည်တို့သည် အရည်းများ၏ လက် တွင်း၌ များစွာရှိရမည်ကို ယုံမှားဘွယ်မရှိပေ။

ပါးစပ်ရာဇဝင်စကားအရ၊ အနော်ရထာမင်းကြီးသည် အ ရည်းများကို လူတစုကသုတ်သင်ပစ်သည်ဟူ၍ လည်းကောင်း၊ အရည်းများ၏ စာပေကျမ်းဂန်အတတ်ပညာများတို့ကိုလည်း ဖျယ်ဖျက်ပစ်သည် ဟူ၍လည်းကောင်း အစဉ်စကားအားဖြင့်သိ မှတ်ရခြင်း များစွာသော ပညာရှိများက ပြောဆိုခြင်းတို့အစဉ် ရှိခဲ့သော်လည်း မှန်နန်းရာဇဝင်၊ ဦးကုလား ရာဇဝင်တို့၌ကား၊ အတည့်အလင်းမပါချေ။

ကျွန်ုပ်သည်ကား၊ အရည်းများ၏ စာပေ ကျမ်းဂန်များကို အကြွင်းမဲ့ ဖြစ်အောင်အနော်ရထာမင်းကြီးသည် သုတ်သင်ရှင်း

လင်းခဲ့သည်ဟု အစဉ်အဆက်စကားအရ မှတ်ခဲ့ရသည်။ ယုတ္တိလည်းရှိတန်ပေသည်။

ထိုသို့သောသဘောအရ၊ နော်ရထာမင်းကြီး၏ အဖြစ် အပျက်တိုင် ရာဇဝင်ပညာသည် အရည်းတို့၏ စာပေ အမှတ်အသားများမှ ကြွင်းကျန်ခဲ့သောသဘောများသာ ဖြစ်တန်ရာပေသည်။ ထို့ကြောင့်အချို့ အကြောင်းများသည် ဒဏ္ဍာရီ ဆန်တန်တန်ပင် ဖြစ်နေပေသည်၊

အနော်ရထာမင်း၏ နောက်ပိုင်းရာဇဝင် အကြောင်းများမှာလည်း အရင်အရည်းများလက်ထက်ကလောက် မဟုတ်စေကာမူ အရိပ်အငွေ့မကင်းသော သမိုင်းစကားရာဇဝင်စကားတို့သည် ရှိသည်မရှိသည်ကို တည်းဖြတ်သင့်ပေသေးသည်။

ဝင်စစ်စာပေနှင့် တင်သောအကြောင်းတို့သည် သာသနာရေးမှအပပင်ထားတော့၊ ခေတ်၏ သဘောအရဟု ဆိုသော်မှားမည်လား၊ ခေတ်သည်ကား အများအားဖြင့် စာပေ သင်ကြားခြင်းအပေါ်မှာ တည်နေပေသည်။

အနော်ရထာမင်း၏ နောက်ပိုင်း စာပေ ကျမ်းဂန်နှင့် ဂုဏ်သည်များမှာ မာဂဓဘာသာစကားရပ်များ များစွာနှင့် ရှေ့နောက်ာ ရှိနေလေတော့ပြီ၊ မဏ္ဍိုမမှအရိပ် အငွေ့သည်လည်း မကင်းပေ။

ပုဂံရာမပြည်ကြီးကို တည်ထောင်မိသောအခါ သမုဒ္ဒရာဇ မင်းကြီးသည် ဥာဏ်ကြီး၍ အမြော်အမြင်ရှိသောမင်းဖြစ်သည် အတိုင်း တက္ကသိုလ်ကျောင်းတော်ကြီးကို တည်ထောင်ရန် ကြ

ရှယ်သော်လည်းအရည်းများ၏ဩဇာကို မလွှန်နိုင်သောကြောင့် အထမမြောက်ခဲ့ပေ။

အရည်းများမှာ ရွှေငွေပြစ်ခြင်း၊ ပဉ္စလက်အတတ်၊ မှော်အတတ်တို့၌ များစွာ တတ်ကျွမ်းခြင်းတို့ ရှိကြသဖြင့် လူထုကို ကောင်းစွာ လှည့်စားနိုင်သည့်အတိုင်း အရည်းတို့သည်များစွာ ဩဇာကြီးမားနေလေသည်။

ထိုနောက်ဆက်ခံသော ဘုရင်မင်းမြတ်တို့သည်လည်း များသောအားဖြင့် အတတ်ပညာ၊ ဥာဏ်တို့၌ မခေပေ။ အတတ်ပညာဥာဏ်ရှိ၍ ဥာဏ်ကြီးသောမှူးမတ်များ၊ ပုရောဟိတ်များလည်းရှိကြသဖြင့် အရည်းတို့သည် အထက်အဆိုပါအတတ်ပညာတို့အားဖြင့်လူထု၏အပေါ်၌ ဩဇာကြီးစေကာမူ၊ ဘုရင်မင်းမြတ်များသည် အတတ်ပညာ ကြွယ်ဝ ဒိုင်ခန့်သူများသာများသဖြင့် တိုင်းပြည်နိုင်ငံကို မလွှမ်းမိုးနိုင်ပေ။

ထိုကဲ့သို့ဘုရင်မင်းမြတ်နှင့် မှူးမတ်များ၊ပုရောဟိတ်စသည်တို့မှာ အတတ်ပညာကြွယ်ဝ ကုံလုံသော်လည်း ထို အတတ်ပညာများကို တည်တန့်အောင် ကျောင်းဖွင့်၍သင်ကြားပေးခြင်းမရှိသဖြင့် အတတ်ပညာတို့သည် တဖြည်းဖြည်း ခမ်းလာလေသည်။ ထိုသို့ခမ်းသည်နှင့်အညီ အရည်းများ၏ ဝါဒမှာ တက်လာလေသည်။

သမထီးအရပ် တမ္ဗဝတီပြည်ကြီး၌ သေည်လည်ကြောင်မင်းနတ်ရွာပြောင်းသွားသောအခါ၊ ညီတော်သေည်လည်ပိုက်ငယ်မင်းနန်းတက်လေသည်။ ထိုအခါ သေည်လည်ပိုက်မင်းမှာ အသက်တော်နှစ်ဆယ်မျှသာ ရှိနေသေးရာတွင်အတတ်ပညာမှာ

လည်း မစုံလင် မကုံသေးဟန်ရှိချေသည်။ သည်လည်ပိုက်မင်း၏ မရိုးတော် စေသုမာမှာလည်း အရည်းများ၏ဝါဒညစ်ဆိုး၊ အကျင့်မျိုးကို မကြိုက် မနှစ်သက်သော်လည်း အတတ်ပညာကား အရည်းများနှင့်တုပြိုင်နိုင်ရန်မရှိပေ။

နန္ဒာဘိဝံသ အရည်းဆရာတော်နှင့် သုမင်္ဂလာဘိဝံသ ဆရာတော်နှစ်ပါးသည်ကား ခင်ကြီးမဟာမြိုင်ကို၊ မြိုင်ကြီးဟူ၍ သမုတ်ပြီးသော် စံနေကြလေ၏။ ၎င်းတို့သည် သည်လည်ပိုက်မင်းငယ်ကား အတတ်ပညာနုံ့သေးသည်ဟုထင်၍ များစွာ ပမာဏမထားကြချေ။ သို့ရာတွင် သည်လည်ပိုက် မင်းငယ်ကိုမိမိတို့၏ မဟာမြိုင်အတုမဲ့ကျောင်းတော်ကြီးသို့ ပင့်ချီ၍ လိုက်ရောသမှုပြုယောင်နှင့် ဖြားယောင်း၍ပြီးလျှင် ဘုရင်သည်လည်ပိုက်ကို လွှတ်ဟန်ပြုကြလေ၏။

သည်လည်ပိုက်ကား ငယ်သေးသဖြင့် နှလုံးရည် မလုံလောက်ဟန်ရှိသည်အတိုင်း၊ မရိုးတော်စေသုမာကအရည်းများ၏သဘောနှင့် မရောရန် အမြဲလောက်ပင် သတိပေးခြင်းကိုပြုရလေ၏။ သို့လင့်ကစားအရည်းများ၏ခြေလက်များကို နန်းတော်သို့အဝင်ခံလေ၏။

နန္ဒာဘိဝံသနှင့် သုမင်္ဂလာဘိဝံသ အရည်း ဆရာတော်နှစ်ပါးသည် တခုသော ရွှေဂူ၌ ဖြူဆော်ကြီးနှစ်စီး အောင်းဘိ သကဲ့သို့ ရှိလေရကား တန်ခိုးနှင့်ဝိဇ္ဇာအာဏာကို မြိုင်ကြီးအတုလကျောင်းတော်ကြီးမှာနေကြပြီးသော် စိတ်တွင်းမှကောက်ကျစ်ဉာဏ်နှင့် မြှောင်ကာရှိကြလေသည်။

ထိုသို့သောသဘောများကြောင့် နန္ဒာဘိဝံသ၏ တပည့် တ

ပန်းချီများနှင့် နောက်လိုက်တကာ တကာမများ၊ သုမင်္ဂလာဘိဝံသ၏ တပည့်တပန်း နောက်လိုက် တကာ တကာမများဟု ကျိတ်ကာဖွဲ့စည်း၍နေသကဲ့သို့ရှိကြလေ၏။

ထိုအခါ နန္ဒာဘိဝံသကား အကြံဥာဏ်ကြီးသော အရည်းအလိမ္မာစကားတတ်ဖြစ်သည်အတိုင်း ဤသို့ အကြံဥာဏ်သည် ဝင်လာလေ၏။

ယခုအခါ၌ စောသုမာသည်လင်မဲ့နေ၏။ အရေ အရောင် ကား တိုး၍တောက်ပြောင် ထွန်းပသကဲ့သို့ရှိနေ၏။ ထို့ အပြင် စောသုမာသည် ဘုရင့်အပေါ်၌ အတော် ဩဇာ ညောင်းနေသည်။ စောသုမာသည် မိမိ၏ဘက်သို့ပါလာသည်ရှိသော်တန်ခိုးအာဏာ ကြီး၍ အရည်းဂိုဏ်းကြီး၏ သာသနာပိုင် ဖြစ်ရပေသတတ်။

နန္ဒာဘိဝံသနှင့် သုမင်္ဂလာဘိဝံသတို့ကား တဦးနှင့်တဦး သဘောထားကြီးယောင်ကဲ့သို့ စည်းကမ်းရှိစတမ်းဟု သဘောညီကြပြီးလျှင် နန္ဒာဘိဝံသ၏ တကာတကာမများက ကျောင်းလွှတ်ပူဇော်မှုကို သုမင်္ဂလာဘိဝံသက မခံ၊ ထိုနည်းလည်းကောင်း သုမင်္ဂလာဘိဝံသ၏တကာတကာမများက ကျောင်းလွှတ်ပူဇော်ပွဲကို နန္ဒာဘိဝံသကမခံမယူချေ။ ထို့ကြောင့်ပင် ၎င်းတို့၏တကာ တကာမများသည် ကျိတ်၍ကွဲနေသကဲ့သို့ ဖြစ်ချေတော့သည်။

နန္ဒာဘိဝံသသည် တနေ့သော် စောသုမာထံသို့ ၎င်း၏အရည်းရုံးယံ တပါးအားလွှတ်၍ ဤသို့သောစကားကို ပို့စေလေ၏။

စောသုမာ။ စောသုမာသည် အလျင်က အရည်းတို့၏မာတု

ကာမကလေး သူတော်သူမြတ်ဖြစ်ခဲ့သဖြင့်၊ ပစ္စက္ခတွင် ချက်ချင်းလက်ငင်း အကျိုးပေးခြင်းကြောင့် မဟေသီ မိဖုယားခေါင်ကြီးဖြစ်ခဲ့ရသည်။ ၎င်းကိုမမေ့သင့်၊ ယခုလည်းစောသုမာသည် ဘုရင်မတာဆူကဲ့သို့ ဘုန်းတန်ခိုးကြီးမား၍ ထင်ရှားသင့်သည်ထက်ထင်ရှားစေရန်။ တကာမမြတ်၏အတွင်းဒါနမှုကို မမေ့သင့်ကြောင်း။

စောသုမာသည် ထိုပေကိုဘတ်ကြည့်မိရာ၊ပြုံးတန်စွာ ခေါ်သတွက်၍၊ သည်အရည်းညစ်ကို သွားရောက် ဘမ်းဆီးကာ သတ်သင်ပစ်မည်ဟု ရုတ်ချဉ်းအကြံပေါ်လာ၍ ထားဝယ်ဗိုလ်ကိုခေါ်တော့မည်ဟုကြံမိ၏။

ထို့နောက် စောသုမာသည် ဆင်ချင်တုံတရားကိုဝင်၍၊ ငါ၌သို့ပြုသော် အရည်းများနှင့် စစ်ကစားတော့မည်ဟု ကြံပြာရာရောက်တော့ပေအံ့။ ထိုအခါတိုင်းပြည်ကြီးမှာ ပြည်တွင်း စစ်ကြီးဖြစ်ရပြီးသော် ကာသိကအောက်နှင့် အတွင်းနာ နာရပေလတံ့ဟု အောင်းမေ့ပြီးလျှင် တမန်သတွယ် လာရောက်လာသော အရည်းငယ်အား၊ နောက်တနေ့၌အချိန့်တွင် လာခဲ့ပါအံ့းဟုမှာထားပြီးသော် ပြန်လွှတ်လိုက်လေ၏၊

အရည်းငယ်သည်လည်း ၎င်း၏ ဆရာတော် နန္ဒာဘိဝံသထံ၌ စောသုမာ မှာထားလိုက်သော စကားကို ပြန်ကြားကာ လျှောက်ထားလိုက်လေ၏။

နန္ဒာဘိဝံသကား ငါ့အကြံ အောင်ရပေတော့မည်ဟု အာလွန်အလွန် ဝမ်းသာလျက် နောက်တနေ့တွင် များစွာသော

လက်ဆောင်ကောင်းများနှင့် စောသုမာထံလျှို့ဝှက်ကာ မနေ့ကအရည်းငယ်ကိုလွှတ်ပြန်လေ၏။

စောသုမာသည်ကား နန္ဒာဘိဝံသထံက လက်ဆောင်များကို သိမ်းပြီးသော် အောက်ပါအတိုင်း ပေတွင်ရေး၍ ပြန်ကြားလိုက်လေ၏။

နန္ဒာဘိဝံသအရည်း၊ စောသုမာကား သိသည် နားလည်သည်၊ စောသုမာအား အထူးတရားပြရန်မလို။ နန္ဒာဘိဝံသနှင့် သုမင်္ဂလာဘိဝံသတို့သည် တခုသောရွှေဂူ၌ ခြင်္သေ့ကြီးနှစ်စီးအောင်းသကဲ့သို့ဖြစ်နေသောကြောင့် သုမာသည်ဘယ်အရည်း၏ဘက်သို့မျက်နှာကြီးရပါမလဲ။

အရည်းငယ်ကား ထိုပေကိုယူ၍ ပြန်လေ၏။ စောသုမာကား နန္ဒာဘိဝံသထံမှလက်ဆောင်များကို မုစင်တွင်းသို့ ချပစ်စေလေ၏။

နန္ဒာဘိဝံသသည် စောသုမာထံမှ ပေကိုရလတ်သော် ငါ အကြံအောင်ရတော့မည်ဟု သူခွေးတယောက်၏ ဥယျာဉ် အတွင်း၌ခင်ကြီးမြိုင်ဟုသမုတ်ပြီးလျှင် ခမ်းနားသော ကျောင်းကြီး တဆောင်ကို ဆောက်ပြီးသော် ထိုကျောင်း၌ ထွက်ရပ်လမ်းကို စီရင်ဖွဲ့သောငှာ ဟုအကြောင်းပြကာ ခင်ကြီးမြိုင်ကျောင်း၌ရွှေ့ ပြောင်းကာစံနေလေ၏။

နန္ဒာဘိဝံသသည် ခင်ကြီးမြိုင် ကျောင်းကြီး၌ ခုနစ်ရက်ခန့် စံပြီးနောက်တဖန်အရည်းငယ်တပါးကိုစောသုမာထံသို့အောက်ပါအတိုင်းပေနှင့် လွှတ်ပြန်လေ၏။

မာတုကာမကြီး ဘရဏီ စောသုမာ၊ ကျွန်ုပ်သည် ခင်ကြီး

မြို့ကျောင်းကြီး၌ တပါးတည်းစံနေမိပြီ။ စောသုမာ၏မြင့်မြတ်သောဒါနမှုဖြင့် စောသုမာ၏ အခါမလင့်ရအပ်သောကောင်းမှုအကျိုး ကုသိုလ်ထူးကို ယူပါလော့။

စောသုမာသည် ထိုပေကိုဘတ်ပြီးနောက် ဤသို့သောပေကို ပြန်လိုက်လေ၏။

အရည်းနန္ဒာဘိဝံသ၊ စောသုမာကား ဝမ်းသာပါသည်။ ထို့ကြောင့် နောက်တနေ့ည လူခြေတိတ်တွင်မျှော်ပါ၊ သို့သော် သုမာသည် မိဖုယားခေါင်ကြီးဖြစ်ခဲ့၍ ယင်းအမှု၌ မထင်ရှားဝံ့။ နန္ဒာဘိဝံသ၏ ကျောင်း၌ မီးရောင်ကို မလင်းစေလိုပါပါဘဲ။

ထိုသို့ပေကိုပြန်ကြားပြီးနောက် စောသုမာသည် လည်ပတ်သော အပျိုတော်တယောက်ကိုခေါ်၍ တီးတိုးစနစ်တကျသွန်သင်ပြီးနောက် ဤသို့ပြောဆိုနေလေ၏။

'ညည်းသဘောတူပြီး ကြည်ဖြူမသွားနှင့်....'

'မဖုရားကလဲ....'

'စိတ်ချရပါ့မလား....'

'စိတ်ချပါ....'

'ညည်းတကယ်ကြံဝံ့ပါ့မလား....'

'မမှုလောက်ပါဘူးမဖုရား....'

နောက်တနေ့ညသော် လူခြေတိတ်လောက်တွင် နန္ဒာဘိဝံသသည်ဥယျာဉ်တံခါးပေါက်မှ စောင့်မျှော်ကာနေရာ၊ လူရိပ်သဏ္ဍာန်တခုကိုမြင်ရသဖြင့် အတွေးနှင့်အတော် ဝမ်းသာနေ၏။ ထိုအရိပ်သည် တဖြည်းဖြည်းနီးကပ်လာပြီးသော် နန္ဒာဘိဝံသနှင့်တွေ့တော့၏။ သွားပါရှေ့ကဟုလေသံနှင့်ဆို၏။

နန္ဒာဘိဝံသကား သူ၏ကျောင်းပေါ်သို့ ရှေ့ဆောင်ကာ ခေါ်သွား၏။ အရိပ်ကား သူ၏ခေါင်းတွင် မြတဘက်ကို မြုံကာပါသွား၏။ ကျောင်းပေါ်သို့ရောက်သော် မှိန်မှိန်ကလေးသာအရောင်ရှိသော ကျောင်းခန်းတွင်းသို့ ဝင်ရောက် သွားကြလေ၏။

ခေတ်အလျောက် အတော်ပင် ချိုးကျူးရောလေ၊။

နံနက်လင်းသော် နန္ဒာဘိဝံသ၏ ဇာကာမကြီးနှင့် သမီးကလေးသည် ဆွမ်းပို့ရောက်လာ၏။ ကျောင်းတော်ကြီးကား တိတ်ဆိတ်ကာနေ၏။ ခဏ ကြာမှ အရည်းငယ် တပါးသည် ရောက်လာ၍ ပို့သောဆွမ်းများကို သိမ်းလေ၏။ ဤသို့လည်းစကားဆိုနေကြ၏။

‘ကိုယ်တော်ကျိန်းလှချည်လား....’

‘ဟုတ်တယ်ခုထက်ထိ ထတော်မမူသေးဘူး....’

‘ညကတယ်သူတွေများလာပြီး ပူဇော်သလဲ....’

‘မပူဇော်ကြပါ....’

‘ဆွမ်းစားဘို့အချိန်ပင် အတန်နေမြင့်လာပြီ....’

‘ဟုတ်တယ်....’

‘ကိုယ်တော်ကလေး သွားပြီးနှိုးပါ....’

‘မနှိုးဝံ့ပါ....’

‘သုမမ....ညည်းဆရာတော်ကို သွားပြီးနှိုးပါ....’

သုမေသည် နန္ဒာဘိဝံသ၏ ကျိန်းစက်ရာခန်းမသို့ ရဲရင့်စွာဝင်သွားပြီးနောက်၊ ‘အမ်မယ်လေး’ ဟုအလန့်တကြားဟစ်အော်ကာပြန်ပြေးလာ၏။ သုမေသည် ကြောက်၍ ဆတ်ဆတ်

တံကာ မောနေ၏။ သူ့အမေကမေးသည်ကိုပင်ရုတ်တရက်မ ဖြေနိုင်ဘဲရှိ၏။

အတန်ကြာမှ 'ကိုယ်တော်ကြီးတဆူဖြစ်နေတယ်' ဟု ဆို၏။

'ဟယ်....'

'အမေသွားကြည့်ပါလား....မျက်လုံးကပြူးပြူးကြီး လျှာကြီးကထွက်လို့....'

'အဟုတ်လားဟဲ့....'

'အမေသွားကြည့်ပါလား....'

အရည်းငယ်များနှင့် တကာမကြီးသည် သွားကြည့်ကြရာ၊ မျက်လုံးမျက်ဆံပြူး၍ ပါးစပ်ဟကာ လျှာထွက်ပြီးလျှင်သေနေသော နန္ဒာဘိဝံသကို တွေ့ကြရလေ၏။ မည်သူမျှထိုအလောင်း၏ အနီးသို့ မချဉ်းကပ်ဝံ့ကြချေ။

ထိုသို့နှင့်အရည်းငယ်နှစ်ပါးသည် သုမင်္ဂလာဘိဝံသ ထံသို့ သွားရောက်လျှောက်ထားကြရလေ၏။ သုမင်္ဂလာဘိဝံသလည်း စိတ်တွင်အတော်ပင်အားရ၍ မျက်နှာပန်းအားဖြင့် ဝမ်းနည်းကြေကွဲဟန်ပြုပြီးသော် အရည်းငယ်များနှင့် လိုက်ပါလာလေ၏။

သုမင်္ဂလာဘိဝံသကား ဤသို့နှင့် တည်တည်ပင် ပြောပြလေ၏။

နန္ဒာဘိဝံသသည် ထွက်ရပ်လမ်း အတွက် ဓါတ်ကစားရန် ဤဥယျာဉ်ထဲတွင်နေသည်။ သူ့အား ဓါတ်ဒိုး သင့်သွားလေပြီ။ ဓါတ်ဒိုးသည် အလွန်ဆိုးသည်၊ ဓါတ်ဒိုးသင့်သော်ဤကဲ့သို့ပျက်စီးရတတ်သည်။

ထိုသို့ပြောဆိုပြီးသော် နန္ဒာဘိဝံသအလောင်းကိုကြီးကျယ်ခမ်းနားစွာ ဖုတ်ကြဉ်းသဂြိုဟ်ခြင်းကို ပြုလေ၏။

သုမင်္ဂလာဘိဝံသသည် ထိုကဲ့သို့ပြောဆို၍ နန္ဒာဘိဝံသ အလောင်းကို ဖုတ်ကြဉ်းသဂြိုဟ်သော်လည်း နန္ဒာဘိ ဝံသ၏ သေရခြင်းအမှန်ကို မသိချေ၊ ၎င်း၏ထင်မြင်ချက်နှင့်ပင် သုမင်္ဂလာဘိဝံသသည် အားရနှစ်သိမ့်ကာရှိနေလေ၏။

ထိုသို့သော သဘောကြောင့် သုမင်္ဂလာဘိဝံသသည် အရည်းဂိုဏ်းချုပ်ဆရာတော်ကြီးအဖြစ်ကို ယူလေ၏၊

သုမင်္ဂလာဘိဝံသသည် သေည်လည်ဝိုက်မင်းကို အရေးသွေး၍ အတိုက်အလိုက်ပေါင်းသင်းဆက်ဆံသော်လည်း အမှုမထားပေ။ ဤမင်းကားငယ်ရွယ်သူမျှသာဖြစ်သည်၊ အတတ်ပညာရှိစေကာမူ၊ လောကရေးရာအတွက် အကြားအမြင်ကား နည်းတုံရာ၏၊ သွေးဆောင်သဖြင့်ရနိုင်မည်ဟုယူဆထား၏။

ထိုသို့သော အခါ၌ စောသုမာတခုသာဟု သုမင်္ဂလာဘိဝံသသည် ထင်မြင်လာလေ၏။ စောသုမာသည် သူ၏ဘက်သားဖြစ်ခဲ့ချေသော်၊ မိမိသည် ရဟန်းမင်းကြီးအဖြစ်နှင့် တမ္ဗဝတီပြည်ကို အစိုးရတော့မည်ဟု စိတ်တွင် ယူဆ ပိုင်းဖြတ်ထားလေ၏။

သုမင်္ဂလာဘိဝံသသည် ထိုသို့သော သဘောကြောင့်၊ အနည်းနှင့်သာ ကြီးအပ်သည်ဟု စောသုမာထံ စားဘွယ် သောက်ဘွယ်ကောင်းများ အခြားအတိုးတန် ဝတ္ထုပစ္စည်းကောင်းများတို့ကို ခဏခဏပို့၏။ ထိုသို့ပို့တိုင်းသော လက်ဆောင်တို့ကို

စောသုမာသည် လက်ကွံကျွံ မြို့၌ မစင်တွင်းထဲသို့သာ ချပစ်စေလေ၏။

သေည်လည်ပိုက်မင်းကား ယေရှယ်သူ ဖြစ်သည်အတိုင်း အလွန်ခက်ထန်သဖြင့် အတတ်ပညာကို အားကိုးပြီးသော်အရည်းများသည် ချမ်းသာ နေကြ။ တရား မကျင့်ခြင်းသည်လည်းကောင်း၊ တရားမွန်မရှိကြခြင်း သည်လည်းကောင်း သံသရာ၌ချင်းတို့၏တာဝန်သာတည်း။ အကယ်၍ချမ်းသာ မနေကြချေသော်၊ ချင်းတို့အားအစပျောက်မျိုးပြတ်အောင်သုတ်သင်ရှင်းလင်းပစ်မည်ဟု ယူဆထားလေပြီ၊ ထိုသဘောကြောင့် အပြင်မသဘောအရ တမ္ဗဝတီပြည်ကြီးသည် အလွန် ချမ်းသာယာသည်ဟု မြင်ကွင်းကောင်းဖြစ်နေပေတော့သည်။

သုမင်္ဂလာဘိဝံသသည်ကား လျှို့ဝှက်ကာ ရဟန်းမင်းပြုလုပ်ရန် ကြောင်လက်သီးဝှက် ကြံစည်ကာနေလေပြီ။ လောကသဘာဝသဘောမှာလည်း ပွင့်ပွင့်လင်းလင်း ထင်ထင်ပေါ်ပေါ်တိုက်ခိုက်ခြင်းထက် လျှို့ဝှက်၍ ချမ်းသာ တိုက်နေခြင်းသည် သာ၍ကြောက်စရာကောင်းချေသည်။

ဝင်စစ်သော်ကား သေည်လဲည်ပိုက်မင်း လက်ထက်တော်၌လည်း တမ္ဗဝတီသည် ချမ်း သာယာနေသည်ဟု မဆိုသာချေ။ ထိုခေတ်က ဘုရင်နှင့် တိုင်းသူပြည်သားတို့သည် အရည်းတို့၏စကားကိုနားထောင်၍ အရည်းသာသနာ ဂိုဏ်းချုပ်ကြီးသို့မဟုတ်သာသနာပိုင်ကို ရဟန်းမင်းအဖြစ်နှင့်ထားရှိပါသော်ကား နိုင်ငံတော်သည် အစစ် ချမ်းသာယာဘွယ်သည် ဖြစ်နိုင်ပါမလော။

သုမင်္ဂလာဘိဝံသသည်ကား မိမိ၏ အကြံ အစည်သည် ထောင့်စိပြီဟု တနေ့သော် စောသုမာထံအောက်ပါ ပေကို အရည်းငယ်တပါးအား ပို့စေလေသည်။

စောသုမာ၊ ခေါင်ကြီးသည် မိမိ၏ အတွင်းဒါန၏ အကျိုးပေးကြောင့်၊ ဖြစ်ခေါင့်ဖြစ်ခဲသော မိဖုယားခေါင်ကြီးဖြစ်ခဲ့ရပြီ၊ ယခုလည်းငါသည် စောသုမာ၏ အတုမဲ့ကောင်းစားမှုကို လိုလားသည်။ ထို့ကြောင့် စောသုမာသည် မိမိ၏ အတွင်းဒါနမှုကို မမေ့မလျော့စေလိုကြောင်း၊၊

စောသုမာသည် အရည်းဂိုဏ်းချုပ်သုမင်္ဂလာဘိဝံသ၏ ပေကို ဖတ်ကြည့်ပြီးနောက်၊ နောက်သုံးရက်တွင် အမောင် အရည်းလာခဲ့ပါဦးဟုမှာထားကာ ပြန်လွှတ်လိုက်လေ၏။

စောသုမာကား ယခုအချိန်သည် အရည်းများနှင့် ငါတို့သည် အနုစစ်ပွဲကြီးကိုဆင်နွှဲနေရပြီဟု သတိဖြစ်လျက် နေပြည်တော်၌အလွန်လှပ၍ သွေးရည်တက်ပြီးသော် အင်အားပြည့်ဝသည့် အဆင်း ကျွန်မတယောက်ကို မိမိ၏အဆောင်တော်သို့ လျှို့ဝှက်ကာခေါ်၍ နှစ်ကိုယ်ကြား လေးနှား ဤသို့ တိုင်ပင်ပြောဆိုလေ၏။

‘အမိငယ်....မမရဲ့အကျိုးကို ဆောင်မလား....’

‘ဆောင်ပါ့မယ်....’

‘လုပ်ပါ့မလား....’

‘လုပ်ပါ့မယ်....’

‘ကောင်းပြီ၊ တနေ့သောညမှာအမိငယ်သည်မဟေသကြာန်

လုပ်၍ သုမင်္ဂလာဘိဝံသ၏ထံသို့ မေထုန်မှုနှင့် ပူဇော်ပါသည် ဟုသွားရမည်’

‘အလိုရှိသလို မိန့်တော်မူပါ....’

စောသုမာကား အလွန်လည်ပတ်ကျင်လည်သောခေါင်းကြီး ဖြစ်သည်။ အဆင်းကျွန်မအား စုံစီခဝ်သိမ်းကို သွန်သင် လမ်းပြပြီးသော် ရက်ချိန်းပြုကာ၊ ပြုဘွယ်ကိစ္စတို့ကိုပြုရန်အဆင်းကျွန်မှသောရည်အား ပြန်လွှတ်လိုက်လေ၏။

ထိုသို့နှင့် သုံးရက်မြောက်သောနေ့တွင် အရည်းငယ်တပါးသည်စောသုမာထံရောက်လာ၍ စောသုမာသည် အောက်ပါပေကို သုမင်္ဂလာဘိဝံသထံ ပေးလိုက်လေ၏။

သုမင်္ဂလာဘိဝံသ။ စောသုမာလည်း သတိရှိပါသည်။ တရားတော်အရ ဒါနမှုကို ကောင်းစွာနားလည်ပါသည်။ စောသုမာသည် ယခုအခါ၌ သိမ်သရေကို စောင့်ထိန်း နေရသည့် ဘုရင့်မရီးတော်ပါ၊ ထို့ကြောင့် လျှို့ဝှက်တန်သောအမှုကို လျှို့ဝှက်၍ ပြုရပါမည်။

သုမင်္ဂလာဘိဝံသသည် တကိုယ်တည်း ပြု၍ လူခြေတိတ်သော် ရွှေကျောင်းကြီးအဝက စောင့်ပါ။ မှာထားပါရစေ၊ မီးရောင်ကို မလင်းစေလိုပါ၊ မှိန်မှိန်ကလေးသာရှိပါစေ၊ ၎င်းမြင်အားရအောင် အလှူတော်ဝတ်ကို ပြုပါရစေ၊ အားမရသော် စိတ်ကောက်ရလိမ့်မည် အဆိုးမဆိုပါနှင့်။

သုမင်္ဂလာဘိဝံသသည် ထိုပေကို ဘတ်ကြည့်ရသော် အလွန်ဝမ်းသာသွားလေ၏။ ဤသို့လည်း စိတ်ကစားမိလေ၏။ ငါ

အကြီးဘော့ အောင်ရပေမည်။ စောသုမာ အားဖြင့် တမ္ဗဝတီ ပြည်ကြီး၌ ဂေါ်ရှဟန်းမင်းဖြစ်ရပေတော့မည်။

ထိုသို့သော သဘောနှင့် ပြောဆိုလ ဆောင်းဥတု နေ့တာကိုပင် အတော်ရှည်သည်ဟု သုမင်္ဂလာဘိဝံသသည် ထင်မှတ်မိလေ၏။ သုမင်္ဂဘိဝံသ အရည်းဂိုဏ်းချုပ်ကြီးသည် မက်ကြီးတခွဲနှင့် လူခြေ မတိတ်တတိတ်ကပင် ရွှေကျောင်းတော်ကြီးအဝက စောင့်ဆိုင်းကာနေနှင့်၏။

ထိုအခါကျောင်းတော်ကြီးရှေ့ ပဒေါင်ပင်ကြီး ပေါ်မှ ဇီးကွက်ဖိုမတို့သည်မြူးထူးကာ အော်မြည်လျက် ရှင်ကြ၍သုမင်္ဂလာဘိဝံသသည် ‘စုတ်’ ‘ဟယ့်’ ‘စုတ်’ဟုပင် ဇီးကွက်များ၏ အသံနှင့်ပြိုင်သကဲ့သို့မြည်တမ်းမိ၏။

ဆီးနှင်းတို့သည်ကား ကြည်ရောင်အတွင်း၌ ဝေလျက်ပိတ်မှိုင်းကာရှိနေဘိ၏။ သုမင်္ဂလာဘိဝံသသည် အရပ် ရှစ်မျက်နှာမှ ပိတ်ဝိုင်းကာ မှိုင်း၍ ကျနေသော ဆီးနှင်း အတွင်းက စောသုမာကို မျှော်နေ၏။ ထိုအတွင်း ဝါးနှစ်ရိုက်ခန့် အဝေးလောက်တွင် လူသဏ္ဍာန်အသွင်ကိုမြင်ရသဖြင့် သုမင်္ဂလာဘိဝံသသည် ‘စောသုမာ....စောသုမာလာပြီ....’ဟု အတော်ကို ဝမ်းသာသွားလေပြီ။

‘မြင်ကြီးသရေ၊ တက်ဖြိုးဝေ၍၊ တင့်နေခေါင်ဆင့်၊ မြင့်ထွတ်မြင့်အုံ့’ စသည်ဖြင့်လျှင် အုံ့ကြွပြီးသော်၊ ကာမဂုဏ် စိတ်ဓါတ်ကို သုမင်္ဂလာဘိဝံသသည် လှုံ့ဆော်ကာ ကြည့်၍ စိုက်နေ၏။ ထိုလူ့ရိပ်သဏ္ဍာန်သည် တဖြည်းဖြည်း မဟုတ်ဘဲ ခပ်သုတ်သုတ်နှင့် နီးကပ်လာသော် လွှာတိနပ်စီးကာ၊ စောင်နက်ကြီး

ကိုဖြို၍လာနေသောသူဖြစ်သဖြင့် သုမင်္ဂလာဘိဝံသကို ပက်ပင်းပါတွေ့လေ၏၊ ထိုသူသည် သုမင်္ဂလာဘိဝံသမှန်း သိသဖြင့် 'ဟင်'ဟုပါးစပ်မှမြည်ကာ တဟုံတည်းဘေးကို ဖယ်ပြီး လျှင်ပြေးလေတော့၏။

သုမင်္ဂလာဘိဝံသကား ထိုသူကိုမည်သူဟုမသိဘဲ အလွန့်အလွန်အံ့အားသင့်ကာ ရှိနေလေဘိ၏။

သုမင်္ဂလာဘိဝံသသည် 'အင်း'ဟု အင်းချ၍ ကိုယ်ရှိန်သတ်ပြီးသော် စောသုမာကို စောင့်မြဲတိုင်းစောင့်စား မျှော်လင့်ကာနေလေ၏။ ထိုသို့နှင့် တအောင့်လောက် ကြာသောအခါ၊ ကြည်ရောင်အတွင်း၌ ဝေလျက်ရှိသော ဆီးနှင်းတို့၏ အတွင်းတွင်လူသဏ္ဌာန်အရိပ်တခုသည် ပေါ်လာပြန်၏။အရှေ့လောကဓါတ်မှလည်း ဝေနေသော ဆီးနှင်းတို့ကို တိုးဝှေ့၍ လာရောင်သည် ထိုးလာ၏။

ထိုသဏ္ဌာန်သည် တဖြည်းဖြည်း နည်းကပ်လာ၍ သုမင်္ဂလာဘိဝံသ၏ အနီးသို့ချဉ်းကပ်မိသော် အလွန် သင်းကြည့်သောစန္ဒကူးနံ့သည် ထုံလွှမ်းကာနေသဖြင့်၊ သုမင်္ဂလာဘိဝံသသည်တဘက်နီကို ခေါင်းတွင်မြုံပြီးသော် သင်ဒိုင်းကို ဝတ်ကာ ဟသ်ာခြေနှင်းကိုစီးလာသူ မိန်းမကို 'သု' ဟူ၍ မြည်မိတော့၏။

'ထိုမိန်းမလည်း 'ဒို'ဟုလေသံနှင့်ဆို၏။ သုမင်္ဂလာဘိဝံသလည်း အားပါးရရမွေးလိုက်မည်အပြုတွင် 'ကတဲ့ သပိတ်ဝင့်အိပ်ဝင်ပါကဘဲ....လောလိုက်ထာ....'ဆိုကာ ထိုမိန်းမသည်လက်ပြတော့၏။ သုမင်္ဂလာဘိဝံသလည်း'မဟာသံဃရာ

ဇာခေါင်ခေါင်ပါကိုဘဲ၊ လောမီတာပေါ့....’ဆိုပြီးလျှင် မိမိ၏ရွှေကျောင်းကြီးပေါ်သို့ ခေါ်ဆောင်သွားလေ၏။

ရွှေကျောင်းကြီးပေါ်၌ကား စောသုမာ တောင်းဆိုထားသည့်အတိုင်း မီးတိုင်ကလေး မှိန်မှိန်သည်သာရှိနေ၏။ကျောင်းတော်ခန်းမကြီးသည် အမွှေးနံ့တို့ဖြင့် ကာမဂုဏ်ကို အုံကြွလာအောင် ထုံသင်းကာရှိနေလေ၏။

သုမင်္ဂလာဘိဝံသသည် ကျောင်း ကြီး ခန်းမဆောင်၌ ကျောက်စည်ကို သာခုခေါ်တီးမည်ပြု၏။ ထိုမိန်းမသည်ဟန့်တား၍ သုမင်္ဂလ၏ လက်ကို ဆွဲထား၏၊ သုမင်္ဂလ၏ကိုယ်အလုံး၌ ရသာဓါတ်သည် ထုံလွှမ်းကာ စိမ့်ဖြန်း သွားသကဲ့သို့ရှိနေ၏၊ ထိုမိန်းမလည်း တီးတိုး ‘ကိုယ့်မွန်မြတ်တဲ့ ဒါနကို၊ သူတပါးအား အမျှမဝေနိုင်ပါ....’ဆိုပြီးလျှင် သုမင်္ဂလာဘိဝံသ၏လက်ကို ဆွဲကိုင်၍ ကျိန်းစက်ရာအခန်းတွင်းရှိ သလွန်ပေါ်သို့ဝင်သွား၏။

ထိုမိန်းမလည်း ‘ရော့သောက်....ဒါမှ အများကြီး သဒ္ဒါသလောက်လှူနိုင်မယ်ဟု အသင့်ဆောင်လာသော မုဒယက်ရည်ကို ရွှေခွက်နှင့်ငှဲ့ကာပေးလေ၏။

သုမင်္ဂလာဘိဝံသကားသဘောကျပြီ။ ထိုမုဒယက်ရည်ကို အားပါးရရသောက်တော့ပြီ။ တစုံတခုသော်မှ ကိုလည်း စားရာ၊ အကြောပေါင်းတထောင် စိမ့်သည်ဟုပင် ထင်တော့ပြီ။ သုမင်္ဂလာဘိဝံသသည် သူသည် နတ်၏စည်းစိမ်ကို ရသည်ဟုထင်ယောင်မှားရှိလေတော့ပြီ။

နံနက်မိုးသောက်လတ်သည်ရှိသော်၊ သူ့ရှင်များသည်ကြေး

စည်ကိုတီး၍ယာဂုရည် တိုက်ရန် အသင့် စောင့်နေလေတော့ပြီ။ အရည်းငယ် တကျိတ်တို့သည် သုမင်္ဂလာဘိ ဝံသ ၏ ကျောင်းတော်ပေါ်သို့ ရောက်လာကြတော့ပြီ။ သုမင်္ဂလာဘိဝံသကား ကျိန်းစက်ရာမှ ထမလာသေးပေ။

အတန်ကြာသော်လည်း သုမင်္ဂလာဘိဝံသသည် မပေါ်လာ၍ သုမင်္ဂလာနှင့် အကျွမ်းဝင် ရင်းနှီးလှသော သူ့ရှင်တယောက်သည် သုမင်္ဂလာဘိဝံသ ကျိန်းစက်ရာ ခန်းမဆောင်သို့ သွားရောက်လေရာ၊ သုမင်္ဂလာဘိဝံသသည် သလွန်တော်ပေါ်၌ ဒူးထောင် ပေါင်ကားနှင့် ပက်လက်လန်ကာ အဆန့်သားဖြစ်နေသည်ကို တွေ့ရသဖြင့် ‘အမ့်မယ်လေး’ဟု လန့်ကာ အော်ပြီးသော် ထိုသူ့ရှင်စာရီသည်ပြန်ပြေးလာလေ၏။

‘ဘာလဲ....ဘာလဲ....ဘာလဲ....ဘာလဲ....’

‘အို....ပြောကိုမပြောဝံ့တော့ဘူး၊ သွားလို့သာကြည့်ကြတော့....’

‘ဘာဖြစ်နေသလဲ....’

‘သွားပြီးကြည့်ကြပါ....’

အရည်းများနှင့် သူ့ရှင်များသည် သုမင်္ဂလာဘိဝံသ ၏ ကျိန်းစက်ရာ အခန်းသို့ သွားရောက်ကြည့်ကြရာ၊ သုမင်္ဂလာဘိဝံသ၏ ဆိုးညစ်စွာအဖြစ်နှင့် သေနေသည်ကိုမြင်ရ၏။ တနေရာ၌ ပုလ္လက်ဆိတ်များစုခဲကာ နေခြင်းကိုလည်းကောင်း၊ ပိုးတဘုက်ကလေးတခု၌ ပုလ္လက်ဆိတ်များ စုအုံကာ ခဲနေသည်ကိုလည်းကောင်း မြင်တွေ့ကြရလေ၏။

ငင်းတို့တစုသည် အမြင်မတော် အဆင်မတော် သေနေ

သောသုမင်္ဂလာဘိဝံသကိုတွေ့ရသော်လည်း အဘယ်ကြောင့် ဤကဲ့သို့သေရသည်ကို မရိပ်စားမိကြ။ ပရွက်ဆိတ်များသည် မည်သည်ကိုခဲနေသည်ဟုလည်း မသိကြ။ ဒေါင့်တနေရာပန်း တင်ခုံတခုပေါ်၌ မုဒယက်ရည် ဖင်ကပ်နှင့် နေသော ပုလင်း ငယ်တခုကို တွေ့ရလျက်လည်း အကြောင်းနက်ကို ၎င်းတို့သည် မရှာဖွေနိုင်ကြပေ။

သုမင်္ဂလာဘိဝံသ အလောင်းသည်ကား အတော်ဆန်း လျက်ရှိနေ လေသည်။ ၎င်းမှာအဝတ်မရှိ၊ တကိုယ်လုံးသည်ဝွမ်း သားကဲ့သို့ ဖြူလျက် ပြော့အိကာနေလေ၏။ အရည်များနှင့် သူ့ရှင်များမှာ အလွန့်အလွန် ဆန်းပြားနေ၍မည်သည့်သဘော ကိုမျှ ထင်လင်းစွာ မသိကြဘဲ၊ သူ့ရှင်များသည် တရှုတ်ရှုတ် နှင့်သာ ငိုကြလေတော့၏။

ထိုသို့နှင့် သုမင်္ဂလာဘိဝံသ အလောင်းကို အချေမပျက် ထားခဲ့ပြီးမှ အရည်းတို့သည် ခါတိုင်းကဲ့သို့ ယာဂု သောက်ကြ ၏။ ထိုအခါ၌ကား ကြည်သော အရည်းတို့လည်းကြည်၏။ မ ကြည်သာသောအရည်းတို့လည်းရှိ၏။

၎င်းတို့တစုသည် ရာဂုဘုဉ်းပေးကြပြီးနောက် အချို့သည် သုမင်္ဂလာဘိဝံသအလောင်းကိုမြင်ကြ၍ အချို့သည် များစွာ သောအရည်းတို့ထံ အကြောင်းကြားဘို့ စီမံနေကြ၏။ လည် ပတ်သော အရည်းနှစ်ပါးသည်ကား ဘုရင်မင်းမြတ် သည် လည်ပိုက်ထံသွားကြရာ၊ ညီလာခံတုန်းနှင့် ကြုံကြိုက်သဖြင့် ညီ လာခံသို့ဝင်ကြလေ၏။

ညီလာခံသည် အရည်းနှစ်ပါးအား သင့်တော်သည့် နေရာ

ကိုပေးထားပြီးနောက်၊ သေည်လည်ပိုက်ဘုရင်သည် ဤသို့မိန့်တော်မူလေ၏။

'အရည်းနှစ်ပါး ဘယ်လိုအကြောင်းများရှိပါသလဲ....'

'အရှည်းဆရာတော် ဂုဏ်အုပ် သုမင်္ဂလာဘိဝံသသည် ဘဝံနတ်ထံပြန်တော်မူသဖြင့် လျှောက်ထားရန်လာရခြင်းပါ....'

'အရည်း ပြန်တော်မူတာ ပြန့်တော်မူတာပေါ့....ဘာကို လျှောက်ထားရန်အကြောင်းရှိရသလဲ....'

'ပြန်တော်မူရခြင်းမှာ ထူးဆန်းလှသဖြင့် ဘုရင်မင်းမြတ် ကိုယ်တော်တိုင် ကြည့်ရှုပြီးမှ ဘုရင်မင်းမြတ်က သော်လည်းကောင်း၊ ဘုရင့်မင်းမြတ်က ကြပ်မတ်၍ သော်လည်းကောင်း။ သင်္ဂြိုဟ်သင့်သည် ထင်ခြင်းကြောင့် လာရောက် တင်လျှောက်ခြင်းပါ....'

'အို....'

'ရွှေဘုန်းတော်ရှင် အထူးပြုကာ စဉ်းစားတော်မူပါ....'

'နားခံတော်....'

'ဘုရား....'

'မရီးတော်ဘုရားကို သွားရောက်၍ အမြန်ပင့်....'

'ဦးတင်ညွှတ်ရပ်ပါဘုရား....'

× × ×

'ကိုင်း....အရည်းဆရာများ၊ မရီးတော်ဘုရားထံမှာ....တင် စရာရှိတာကိုတင်....'

'ဘာတဲ့လဲအရည်းများက....'

‘ယခုဂုဏ်ကျော်းအုပ်ကြီး သုမင်္ဂလာဘိဝံသသည် ပြန်တော်မူသွားပါသဖြင့်....’

‘နေ....နေ....နေ....ခွေးသေရင်ဖြင့် လူက မြှုပ်ပစ်ရမှာပေါ့....အရည်းသေတာကို ဘာလုပ်ရအုံးမှာလဲ....အရည်းသေတာဟာ အရည်းများရဲ့ သဘောပေါ့....အရည်းများက သင်္ဂြိုဟ်လိုက်ပေါ့....’

‘ထူးဆန်းသဖြင့် လာရောက် လျှောက်တင်ရခြင်းပါ....’

‘ဘာထူးသလဲ....ဘယ့်လိုဘဲ သေသေ....သေတာဟာ သေတာပေါ့....’

‘တင်ပါရစေ....’

‘တင်ပါ....’

‘မနေ့က အကောင်းအမွန် အမာအချာ၊ညက ပြန်တော်မူသည်ဟု ယူဆရပါသည်။ သေသောအခါမှာ တောင့်မနေဘဲ ပျော့နေပါသည်။ ပြီးတော့ တကိုယ်လုံးဖွေးဖွေးဖြူလျက် ရှိပါသည်။ ထို့ကြောင့် တစုံတခုသော ပယောဂနှင့် မကင်းဟန်တူ၍၊ ဘုရင်မင်းမြတ်ကိုယ်တော်တိုင်ကြည့်ရှု ဆုံးဖြတ်တော်မူရန်၊ လာရောက်တင်လျှောက်ရပါသည်’

‘အရည်းများဟာ ရှုပ်ရှုံနှင့်မကာ၊ ပွေကိုပွေလှပါတယ်။ တခါကလဲ မြွေကြီးကိုဖမ်းပြီးအမောက်တတ်၊ နဂါးလုပ်ပြီးပြပြီး၊ တခါကလဲ ဝက်သေမှာ ထုံးသုတ်ပြီး ဝက်ဖြူသွား လုပ်ကာပြပြီ။ ခုလဲဘာကိုပွေကြပြန်သလဲ....’

‘ထိပ်ခေါင်တင်ကြီး မပွေပါ....သေချာစွာ သုံးသပ်တော်မူပါ....’

'ကောင်းပြီ။ ဤအရေးဟာ ပုရောဟိတ်ကြီး ဘကြီးကျော်အရေးပါ....ဘကြီးကျော်ကို ပင့်ချီသွားကြပါ....'

'နားခံတော်....'

'ဘုရား....'

'အရည်းနှစ်ပါးကို ဘကြီးကျော်ထံသွားရောက်ပို့၍ ဘကြီးတော်သဘောအတိုင်း မြှုမူရန် ဤအရေးကိုငါက လွှဲအပ်လိုက်တယ်ဟု ပြောခဲ့....'

'မှန်လှပါ...'

နားခံတော်သည်အရည်းနှစ်ပါးကိုပုရောဟိတ်ကြီး၊ ဦးကျော်ထံပင့်သွားလေ၏။

× × ×

'ဘာကိစ္စ....'

နာခံတော်လည်း ပုရောဟိတ်ကြီးထံ၌ အကြောင်းကို ပြန်ကြားလေ၏၊ ပုရောဟိတ်ကြီးလည်း ဤသို့ဆို၏။

'ဘယ်သူက ဘုရင်မင်းမြတ်ထံ အတင်ခိုင်းသလဲ....အရည်းသေတာနှင့် ရှင်ဘုရင်ဟာဘာဆိုင်သလဲ....'

'တကာကြီး ဆိုင်တာ မဆိုင်တာကို ကျွန်ုပ်တို့မသိ၊အရည်းများက ဘုရင့်ထံ အတင်လွှတ်လို့ ကျွန်ုပ်တို့ လာရောက်တင်ရခြင်းပါ....'

ပုရောဟိတ်ကြီး ဦးကျော်လည်း ဤသို့စဉ်းစားလေ၏။

အရည်းများသည် ရှုပ်ထွေးဖွေလီသော လူစုဖြစ်သည်။ ဘုရားဟောမဟုတ်သည်ကို ဘုရားဟောလုပ်၍ ပုံတိုပါဠိစများကိုလုပ်သည်၊ သိက်စာကျသည်ဟုမြေတွင်တူးဆွပြီးသော်၊ မတော်

မချော်၊ မဟုတ်မဟတ်များကို ပြုလုပ်သည်။ ယခုလည်းသုမင်္ဂလာဘိဝံသ သေရာမှာ တမျိုးတမည်အမြတ်ထွက်ရန်ကြံစည်ကြဟန်တူသည်။

နန္ဒာဘိဝံသ သေရာ၌လည်း အဆန်းတကြယ်ပင်၊ လူသေမသေ ခွားသေသေသည်။ ထိုတုန်းက သုမင်္ဂလာဘိဝံသသည် သူ့အရည်းဂိုဏ်းချုပ် ဖြစ်ရမည်ဟု အတော်ပင် ဝမ်းသာသည်။ နန္ဒာဘိဝံသ၏ တကာများကလည်း မခေ။ သုမင်္ဂလာဘိဝံသက နန္ဒာဘိဝံသကို သတ်သည်ဟု မြို့တိုက်မှာ လာရောက်သတင်းပေးသည်။ ထိုအခါက ဓါတ်ခိုးမိသောသူများသည် ထိုကဲ့သို့ သေတတ်သည်ဟု ပြတ်အောင်ဆောင်ရွက်ခဲ့ရသည်။ စင်စစ်မိန်းမတယောက်က သတ်ခြင်းဖြစ်သည်။ ယခုလည်း အဆန်းတကြယ်....။

ထိုသို့နှင့်ပုရောဟိတ်ကြီးဦးကျော်သည်ထိုအရည်းနှစ်ပါးပင့်ရာသို့ နောက်ပါအမှုထမ်းအနည်းငယ်နှင့်လိုက်ပါသွားလေ၏။

ပုရောဟိတ်ကြီး သည် ရွှေကျောင်းတော်သို့ ရောက် လတ်သော် အရည်းများတစုကိုတွေ့ရ၏၊ ထိုအတွင်းသုံမင်္ဂလာဘိဝံသ၏တကာ သူဌေးကြီးသုံးယောက်သည် ပုရောဟိတ်ကြီးအား တနေ့ရာသို့ပင့်၍ ဤသို့လျှင် တီးတိုးပြောကြလေ၏။

'ပုရောဟိတ်ကြီး ကိုကြီးကျော်ကားတိုင်းပြည်၏ ဆရာတော်ကြီးပါ၊ ဒါကြောင့်ဘက်မလိုက်ဘူးဆိုတာကို ကျွန်တော်များယုံကြည်ပါတယ်....'

'ကိုင်း....တိုတိုနှင့် ရှင်းရှင်းဘဲပြောကြစမ်းပါ....'

'နန္ဒာဘိဝံသဟာ ဓါတ်စပ်မှားလို့သေတာကို သူ့တကာ

များက သုမင်္ဂလာဘိဝံသက ဂုဏ်ကျေးချုပ်လုပ်ချင်တာနှင့်ကြီး ပြီး သတ်ပစ်တယ်လို့ အယူရှိနေကြတယ်....'

'ဆိုစမ်း....'

'ခု....အဲဒီ နန္ဒာဘိဝံသရဲ့တကာများက လက်စားချေပြီး သတ်ပစ်တာဘဲ....'

'အို....သူတို့က ဘယ်လိုသတ်မလဲ.... ခက်ပါတောင်း....'

'ဆရာတော်လဲ အလောင်းတော်ကို ကြည့်ပါအုံးလေ....'

'ကြည့်ရမှာပါဘဲ။ ဘယ်လိုသတ်တယ်ထင်သလဲ....'

'သူတို့မှာ ခေါင်းပေါင်းနီကိုအမြဲပေါင်း၊ ခါးစည်းကြိုးအနီကိုအမြဲစည်းထားတဲ့ နတ်ဆရာတယောက်ကို လျှို့ဝှက်ပြီး ခေါ်ထားတာရှိပါတယ်....'

'သည်နတ်ဆရာက သတ်တယ်ထင်သလား၊ ဘယ်လိုသတ်သလဲ....'

'သည်နတ်ဆရာဟာ ကောင်းကင်ပေါ်မှာပျံဝဲနေတဲ့ လင်းဒများစွန်များကိုတောင် အောက်ကအရိပ်ကိုဖနောင့်နှင့်ပေါက်ရင်ကျရပါတယ်တဲ့။ ကြက်ဝက်နွားကျွဲ တိရစ္ဆာန် စသည်တို့ကို လက်ညှိုးထိုးကာနင်သေဟဲ့ ဆိုရင် သေရပါသတဲ့....'

'သူ့ဌေးကြီးများဒါကို ကိုယ်တိုင် မြင်ကြရသလား....'

'အများပြောကြတာဘဲ....'

'ကိုင်း....ကိုင်း....စဉ်းစားရတာပေါ့....လာ လိုက်ခဲ့ကြဗျာ။ သုမင်္ဂလာဘိဝံသအလောင်းကိုကြည့်မယ်....'

ပုရောဟိတ် ဘကြီးကျော်သည် သုမင်္ဂလာဘိဝံသ အလောင်းကို ကြည့်ရာ၊ ဖြူဖွေးနေသဖြင့် 'ဟင်း....ရွှေ ခါတ်နှင့်

ကြေးခေါက်တို့ ကုန်နေပါကလား....’ဟုသိ၍ အတော်ပင်ခပ်ကြာကြာစဉ်းစားနေ၏။

ထိုနောက် ပုရောဟိတ်ကြီး ဦးကျော်သည်။ ‘အင်း....သည်ဟာဟာ အဆင်းကျွန်သောဂရိအတတ်ဘဲ....’ဟုထင်လာ၍ သုမင်္ဂလာဘိဝံသ၏ ကျိန်းစက်ရာအခန်းသို့ သွားရောက်ကြည့်မြင်၏။

ပုရောဟိတ်ကြီးသည် သုမင်္ဂလာဘိဝံသ၏ အခန်း ထောင့်တခု၌ ပန်းတင်ပေါ်၌ ပုလင်းတခုကိုမြင်၍ ယူကြည့်ရာမှဒယက်ရည်အနည်းငယ်ကျန်နေသည်ကို တွေ့ရသည့်ပြင်၊ ငွေခွက်ပြားပြားတခုကိုလည်း တွေ့ရလေ၏။ ပုရောဟိတ်ကြီးလည်း ‘အင်းဒါဘဲ၊ သည့်ကောင်မ အတတ်’ဟု ထင့်လာ၏၊ သုမင်္ဂလာဘိဝံသ၏ သလွန်တော်ပေါ်၌ သေချာစွာ ကြည့်ရှုရာ၊ ခဲလျက်နေသည့် လက်မခန့်ရှိ ဆေးမျှော့တခုကို တွေ့လေ၏။ ထိုအခါ ပုရောဟိတ်ကြီးသည် ဝါးခြမ်းညှပ်တခုကို အရည်း တပါးအား ယူခဲ့စေ၍ ထိုဆေးမျှော့ကို ညှပ်ပြီးသော် ကျောင်းအောက်ကွင်းပြင်တခုသို့ ယူခဲ့စေကာ ကျောင်းတော်ကြီးပေါ်မှ ဆင်းလာလေ၏။

အရည်းများနှင့် တကာများသည်ဝိုင်းနေကြ၏။

‘ပုရောဟိတ်ကြီးသည်း ‘မြင်ကြပလား....သည်အမဲတောင်ကြီးကို ကြည့်ကြဆိုကာ အရည်းတပါးအား ထိုဆေး မျှော့ကို မီးတိုင်တခုနှင့်မီးရှို့စေရာ၊ ၎င်းမှ စိမ်း၊ ဝါ၊ နီရွှေစသော အရောင်များထွက်လာပြီးသော် ဝီကနင်းအသံကို ဖြစ်စေလျက်ကောင်းကင်သို့ပျံတက်သွားကာပျောက်သွားလေ၏။

အားလုံးတို့သည် အလွန့်အလွန် အံ့ဩခြင်း ဖြစ်ကြလေကုန်၏။

ပုရောဟိတ်ကြီးသည် သဘောကိုအတတ်သိပြီ။ ဤအကြံကို မည်သူကကြံစည်သည်။ ထိုအကြံသည်လက်စားချေခြင်း မဟုတ်၊ သုမင်္ဂလာဘိဝံသသည် ကောက်တကျစ် ဥာဏ်နှင့် စလာခြင်းကြောင့် အမိုက်မျိုးကိုဖြုတ်ပစ်လိုက်ခြင်းမျှသာ ဖြစ်သည်ဟုသိ၏။ သို့သော်ပညာရှိ ပီသသည့်အတိုင်း သဘောသွားကိုသိသဖြင့် ကျောင်းပေါ်သို့ ပြန်တက်ပြီးသော်ဤသို့လျှင် ရှင်းလင်းပြလေ၏။

'သုမင်္ဂလာဘိဝံသပြန်တော်မူရခြင်းသည်ဤဟာဘဲ။ သူ၏ယောက်ျားအင်္ဂါကိုကြည့်၊ ကပ်ပြီး မိန်းမကဲ့သို့ ရှိနေလိမ့်မယ်၊ ဤဟာသည် ဘယ်လိုနည်းနှင့် သူ့ထံရောက်လာသည်ကို သူမှသိမည်။ သူသည် ဘာကြောင့် ဆိုးဝါးလှသော ဤဟာကိုအသုံးပြုပါတိသနည်း....'

အရည်းများသည် ပုရောဟိတ်ကြီးပြောသည်အတိုင်း ကြည့်ကြရာ၊ မှန်နေ၍ အလွန်အံ့ဩခြင်း ဖြစ်ကြလေကုန်၏။ ပုရောဟိတ်ကြီးလဲ့ည်း သဘောထားကြီးမြင့်စွာနှင့် ဤသို့ ပြောလေ၏။

'သုမင်္ဂလာဘိဝံသအလောင်းကို ကောင်းစွာ ခမ်းခမ်းနားနားနှင့်ဖုတ်ကြဦးသင်္ဂြိုဟ်ကြပေါ့....စရိတ်ငွေ လိုရင် ပြောကြပေါ့....ဘုရင့်ထံမှာ တင်ပေးမယ်....'

'အသပြာငွေကြေးအတွက် ကိစ္စမရှိပါ....သင်္ဂြိုဟ်တဲ့ အခါမှာသာ ဘုရင်မင်းမြတ်လာရောက် ကြည့်ရှုတော် မူစေလိုပါတယ်....'

ထိုကဲ့သို့ အများက သဘောတူကြလေကုန်၏။

ပုရောဟိတ်ကြီးလည်း ဘုရင့်ထံတွင် တင်မည်ဟု မတင်မကျ ပြောခဲ့ပြီးသော်ပြန်ခဲ့လေ၏။

ပုရောဟိတ်ကြီးသည် ရွှေမြို့တော်သို့ ပြန်ရောက်ကာလ မဆိုင်းမတွပင်၊ စောသုမာအိမ်တော်သို့ သွားရောက်လေ၏။စော သုမာလည်းပြုံး၍ ဤသို့ဆို၏။

'နေရာတော်ယူ....ဘ....အရည်း လူကျော်ခေါင်းဆောင်သူ ယုတ်မာတွေ ပြုတ်ပြုတ်ပြုန်းကုန်ပြီ....'

'ခေါင်ကြီး သည်လို ရန်ညိုးဖွဲ့ပြီးလက်စားချေတာတော့မ သင့်ပါ....'

'ဘ....သုမာကလက်စားချေတာ မဟုတ်ဘူး၊ သုမာဟာရ တနာသုံးပါးကိုဆည်းကပ်ပြီး နေ့တိုင်း ဂုဏ်တော် တထောင် ရအောင် ဘုရားကိုအာရုံပြုပြီး ပုတီးစိတ်နေတာကို ဘ သိတယ် မဟုတ်လား....'

'ဒါပေ့ခေါင်းဆောင် အရည်းနှစ်ပါးတော့ချောပြီ။ဘယ်လို ရေမှာများရောက်နေမယ်မဆိုနိုင်ပါဘူး....'

ထိုအခါ၊ စောသုမာသည် သူ့ထံသို့ နန္ဒာဘိဝံသနှင့် သု မင်္ဂလာဘိဝံသတို့က ပေးပို့သော ပေများကိုထုတ်ပြ၍ ပုရော ဟိတ်ကြီးသည် ဘတ်ကြည့်ကာနေလေ၏။ စောသုမာသည်ဤသို့ ပြောလေ၏။

'ကိုင်း....ဘ....ဘ ဘဲတည်းဖြတ်ပါ....သုမာဆိုးသလား၊သု မာဟာ ဘာသာကုသိုလ်တရားကို ပွားများနေပါတယ်....သူတို့ ဟာ သုမာကို အပိုင်ကြံလာကြတယ်။ ဘာကြောင့် ကြံလာ

အရှင်ကေလာသ
ဓမ္မခေါင်တိုက်ကျောင်း
မင်းတုန်းမြို့နယ်။

ရသလဲ၊ မတ်တော်မင်းဘုရားဟာ သူ့မရီးတော်ကိုအင်မတန်ကို ချစ်တယ်၊ နောင်တော်နန်းတက်တော့ အသက် တဆယ့် တ နှစ်သာရှိသေးလို့ သုမာနှင့်ဘဲ ကြီးရတယ်ဆိုပါတော့....'

'ဒါတော့ ဟုတ်ပါတယ်....'

'အဲသည်တော့ မတ်တော်မောင်ဟာ သုမာ့စကားကို နား ထောင်တယ်၊ သုမာကိုလဲ အားကိုးတယ်....'

'ဟုတ်ပါတယ်....'

'အဲသည်တော့ အရည်းသေနာကောင်နှစ်ကောင်က သုမာ ကို လာရောက်ဖြားယောင်းတယ်၊ သုမာဟာ သူတို့ဘက်သို့ပါ ရသော် ရဟန်းမင်းအဖြစ်ကို ရအောင်ဆွဲမယ်၊ သုမာကိုလဲ ရဟန်းမင်းရဲ့ အလုပ်အကျွေးခေါင် ခေါင်ကြီးအဖြစ်နှင့် ထား မယ်၊ အဘယ်မျှလောက် ယုတ်မာညစ်ညမ်း သော့သွမ်းတဲ့ အ ကြံလဲ....'

'ဒါတော့ ခေါင်ကြီးကမပါရင်ပြီးတာဘဲ၊ကိစ္စအေးတာဘဲ'

'မဟုတ်ဘူးဘာ၊ သည်လို သူတို့ကြံစည်တာဟာ သုမာသည် သူယုတ်မာကလေး၊ ကာမမေထုန်ကို အင်မတန် လိုလားတဲ့ ကောင်မဟု ကျွန်မကို နင့်နင့်နာနာကြီး စော်ကားတာ....'

'စော်ကားတာဘော့ စော်ကားတာဘဲ....'

'သူတို့ရဲ့ ဝါဒဟာ အလွန်ယုတ်ကန်းတဲ့ဝါဒ၊ ကျွန်မကို အ ပျိုဘော်ဝင်တော့မယ်အခါမှာ သူတို့ ဝိုင်းပြီး ဖျက်ပါတယ်၊ သု မာမရှက်ပါဘူး၊ ဘကြီးကျောင်းထဲမှာ သုမာ ပုံးကွယ်ပြီး သ ရေတင်စရာမလိုပါဘူး....'

'ခေါင်ကြီးကတော့လေ....'

'သူတို့ဟာ သူဌေးသမီးကလေးတွေကိုလဲ သည်လိုဘဲဖျက်ဆီးပြီး သူဌေးမျိုးပြုတ်အောင် သူတို့ကြံ၊ ပြုတ်တော့မှ သူဌေးရဲ့ ပစ္စည်း ဘဏ္ဍာ ရွှေ-ငွေတွေကိုသိမ်း၊ လူများကို ရွှေငွေနှင့်.... ဖြားယောင်းကာသူတို့ဘက် သို့ပါအောင် သိမ်းသွင်း....'

'ဒါတော့ဟုတ်ပါတယ်....'

'သိမ်းသွင်းလို့ အင်အားများပြီး တနိုင်ငံလုံး သူတို့တပည့်ခံလာကြတဲ့ အခါ ဘုရင်အား သူတို့ရဲ့ဩဇာကို ခံစေပြီး သူတို့ ရဟန်းမင်းလုပ်၊ ရဟန်းမင်းနိုင်ငံတော်ဟု တည်ထောင်မှာ ဒါကြောင့်ကို....သည်လိုကြံစည်ပြီးငရဲကောင်နှစ်ကောင်ကိုရှင်းလိုက်ထာဘဲ....'

'ခုတော့ ရှင်းသွားပါပြီလေ၊ နန္ဒာဘိဝံသချောတာကိုတော့ သိပါတယ်၊ ဆေးမျှော့ကတော့ ကြားသာကြားဘူးတယ်၊ ခုမှ မြင်ရပါတယ်....အံ့စရာ....'

'ဘာ့ကလဲ....'

'မိန့်တော်မူပါ....'

'လူမှာ သံဓါတ်၊ ငွေဓါတ်၊ ရွှေဓါတ် ကြေးဓါတ်တို့ ရှိပါတယ်....'

'ဟုတ်တယ်....'

'အဲသည်ဓါတ်တွေဟာ ကာမစိတ် သောင်းကြမ်းလာရင်.... လွတ်ပြီး မြူးလာပါတယ်....'

'ဟုတ်ပါတယ်....ဆေးမျှော့သဘော....'

'သံမှာ သံလိုက်ဓါတ်ရှိသလို ရွှေငွေ ကြေးစသော သတ္တုများမှာလဲ လိုက်တဲ့ ဓါတ် ရှိပါတယ်၊ အဲသည်ဓါတ်စုကို ရ

အောင်ဖမ်းပြီး..............နှင့် ဆေးကြိတ်တာဘဲ၊ မခက်ကောင်း ပါဘူး၊ ကာမဓါတ်ဖြိုးလာတဲ့အခါ သည်ဆေးမျှော့.........'

'ဟင်း....အရည်တွေတော့ ကိစ္စချောကုန်တော့မှာဘဲ....'

'သောရည်က ဖြုတ်ထားကို မနည်းဘူး၊ ငှက်ပစ်တောင်က အချုပ်ကြီးဟာလဲ....သည်လိုနည်းနှင့် ဖြုတ်ထားတာဘဲ....'

'ဒါထက် ဘုရင်မင်းမြတ်ကိုတော့ သုမင်္ဂလာဘိဝံသကို သဂြိုဟ်တဲ့အခါ၊ ကြွတော်မူစေသင့်ပါတယ်....'

'မထောင်းတာပါဘူး....'

× × ×

သုမင်္ဂလာဘိဝံသအလောင်းကို မဏ္ဍာပ်ကြီးကျယ်ခန်းနား စွာထိုး၍ထား၏။ ရွှေကျောင်းတော်ကြီးပေါ်၌ကားအရည်းများ သည် စု၍ စီမံခန့်ခွဲကြကာ နေကြ၏။

သုမင်္ဂလာဘိဝံသအလောင်းကို သဂြိုဟ်မည့်နေ့သို့ရောက် ၍ နံနက်ချိန် ပြင်ဆင်ရန် အရည်းများသည် လာကြသောအခါ သုံ့မင်္ဂလာဘိဝံသအလောင်းသည် ပျောက်နေလေ၏၊ သို့သော် မည်သည့်အချိန်ကစ၍ ပျောက်သည်ကို မည်သူမျှမသိကြချေ။

အရည်းများသည် ထိုသဘောကြောင့် မကြံတတ် ရှိနေကြ လေ၏၊ ထိုအခါ သူခိုးကြီးများ သေက်ပျင်းနှင့်ငစုးသည်ရောက် လာ၍ ဤသို့လျှင် သက်ပျင်းက ပြောလေ၏။

'ကိုယ်တော်တို့ ဆရာတော်ဘုရားအလောင်းကို နဂါးမြည် က-ပင့်ဆောင်သွားတယ်ထင်ပါတယ်....'

'ဟာကွာ....မင်းနှယ် မတောက်တခေါက်....'

'ကိုယ်တော်ခမ္မခ‌ေ သတိပြုလေ.... ကိုယ်တော် အရမ်းမှ ပြောနှင့်၊ သုမင်္ဂလာဘိ ဝံသထံ နဂါးများ ခဏခဏပူဇော်ဘို့ လာတယ်လို့ ကိုယ်တော်ဘဲ ဟောတယ်မဟုတ်လား....'

'အေး....ဒါတော့ဟုတ်ထာပေါ့....'

'အဲသည်တော့ နဂါးများက ကြည်ညိုလို့ ပင့်ဆောင်သွားမှာ....'

'ကွယ်....'

'ဟေ မောင်ရှုး....'

'ကိုယ်တော် တပည့်တော်တို့ မနေ့ညက ဆရာတော်ဘုရားအလောင်းကို လာပြီးဖူးတော့ မင်းသားကလေးနှစ်ပါးဟာ... ကိုယ်တော်ကြီးရဲ့ခြေအစုံကို ဦးတိုက်ကာ ကန်တော့နေတာကို တွေ့ရပါတယ်....'

'အင်း....ဘယ့်နှယ်ကြံကြမလဲကွယ်....'

'ကိုယ်တော် တပည့်တော်အကြံပေးပါမယ်....'

'ပြောစမ်းကွယ်....တကာမောင်ရှုး....'

'နတ်မိမယ် မိထွေးကို ခေါ်ပြီး နတ်မေးရရင် သိရမှာဘဲ....'

'ဟာ....'

'ဟာမလုပ်နှင့်ကိုယ်တော်၊ ဘယ့်နှယ်လုပ်မလဲ၊ ခု ဘုရင်မင်းမြတ်လဲကြွလာတော်မူချိန်နီးပြီ....'

'အေးကွယ် ( င်းဘဲ ခေါ်စမ်းပါ မိထွေးကို....'

× × ×

'ကိုင်း....တကာမ၊ ထွေး၊ နတ်မိမယ်အတတ်နှင့် ကြည့်စမ်းပါ'

'ဟာ ဘာသည်လိုကြည့်လို့ဖြစ်မလဲ....'

'ဘယ်လိုလဲ....'

'မှန်ရင် အသပြာသုံးရာ ဝတ်လုံတော်ဘိုးတင်ရမယ်....'

'မမှန်ရင်ကော....'

'မမှန်ရင် မတင်နှင့်....'

'ကောင်းပြီ ကိုင်း ဟောစမ်းပါ....'

မိထူးသည် ခြောက်ဘက်သို့လှည့်ကာ ရှိခိုးပြီးနောက်.... ဟဝါး....ဟဝါး....ဟဝါး....ဟု သုံးကြိမ်သန်းပြီးသော် ကိုယ်သည် ယိမ်းယိုင်နေတော့၏။

ဘုရင် သေလည်ပိုက် မင်းသည်လည်း ရောက်လာလေတော့၏။

ဓမ္မဇလည်း ဤသို့မေးတော့၏။

'ဘာနတ်ပူးပါသလဲ....'

'ငါဟာ....ခြောက်ဘက်ရှင်မ....'

'ခုကြည့်စမ်းပါ၊ သုမင်္ဂလာဘိဝံသအလောင်းကို....'

'အင်း.... နဂါးပြည်သို့ နဂါးမင်းသားကလေး နှစ်ပါးက ယူသွားတာကိုး....'

'ပြန်ရအောင် ဘယ်လိုလုပ်ပါ့မလဲ....'

'အင်း....နဂါးပြည် ရောက်သွားတော့ နဂါးမင်းကြီးကသည် အသုဘကောင်ကို မင်္ဂလာမဲ့၊ ဘာကြောင့်ယူလာရသလဲ၊ မိဘများသော အသုဘအလောင်းကို တင့်တယ်စွာလုပ်ကြတယ် ဆိုလို့ ယခုလူ့ပြည်ပြန်ပို့ရာ၊ သည်မှာလူတွေရှုပ်လို့ တနေရာမှာထားသွားတယ်....'

'အော်....ဘယ်မှာ ထားသွားပါသလဲ....'

'တဝဂုထဲမှာ ထားသွားတယ်....'

'သွားရှာရင် တွေ့ပါ့မလား....'

'တွေ့ရမှာပေါ့....ဒါတဲလား....'

'ဒါပါဘဲ....'

'ဟဝါး....ဟဝါး....ဟဝါး'နှင့် သန်းပြီးလျှင် နတ်ထွက်သွားလေ၏။

(ဘုရင်မင်းမြတ်သည်ကား ၎င်းတို့၏အမှုအယာကို မြင်ကာလ အတော့ကို ရှုပ်တဲ့ လူစုပါလား....ဟု သတိပြုကာ ရှုတော်မူနေလေ၏။)

အရည်းများနှင့် ၎င်း၏တကာတို့သည် တဝဂုထဲသို့ သွားရောက်ကာကြည့်ကြလေရာ၊ ကောင်းစွာပြင်ဆင်ထားသော သုမင်္ဂလာဘိဝံသ၏ အလောင်းကို တွေ့ကြရသဖြင့်ခေါင်းသွင်းပြီးသော် ပြန်ယူလာခဲ့ကြပြီးလျှင် နတ်မိမယ်မိထူးအား အသပြာသုံးရာပေးကာပြန်လွှတ်လိုက်ရလေ၏။

ဘုရင်မင်းမြတ်သည်ကား 'အင်း' အရည်းများရဲ့ ဆိမ္မေးကိုနှုပ်နိုင်တဲ့ လူများလဲရှိသေးတာဘဲ'ဟု အောင်းမေ့ကာ လောက၏ အဆင်ကိုသာလျှင် အကဲခပ်နေခလ၏။

ဘုရင်မင်းမြတ် သေည်လည်လည်းထိုအလောင်းကို သဂြိုဟ်ပြီးသော် ပြည်သူတို့၏ ရိုသေလေးမြတ်ခြင်းကို ယူ၍ ပြန်တော်မူလေ၏၊

အရည်း၏ ဂိုဏ်းဝင်တကာ တကာမများနှင့် အရည်းငယ်တို့သည်ကား လောက၌ ဖြစ်ပျက်သော အဆန်းတကြယ်ကို

မစေ့ငုမပိုင်းဖြတ်တတ်ဘဲနှင့် ထိုသို့သော အဖြစ်အပျက်သဘောကြောင့် ဤကဲ့သို့ အရည်းဂိုဏ်းကြီးသည် ချက်ခြင်းလှုပ်ရှားသကဲ့သို့ ဖြစ်လာလေ၏။

ဓမ္မဇေစသော အရည်းတို့သည် အတတ်ပညာမရှိ၊ ဘုန်းတန်ခိုးမရှိ၊ အကျင့်မကောင်း၊ ထို့ကြောင့်နတ်မိမယ်၊ မယ်ထူးလောက်မျှ မသိမမြင်နိုင်ဟု စကားများနေလေ၏။ အချို့သော အရည်းငယ်တို့က အရည်းအထက်လွှာပိုင်းက အရည်းများသည် သုမင်္ဂလာဘိဝံသအလောင်းအား နဂါးပြည်က ခေါ်ဆောင်ယူသွားခြင်းကိုမသိ၊ ပြန်ပို့ထားခြင်းကိုလည်းမသိ၊ နတ်မိမယ် မယ်ထူးသည်ကား သိသည်ဟု တီးတိုးရှုတ်ချ စကားများသည် တစနှင့်ကားလာလေ၏။

သုဓွေးသုကြွယ်စသော အရည်းဝါဒစွဲဘကာတကာမတို့မှာ နန္ဒာဘိဝံသနှင့် သုမင်္ဂလာဘိဝံသတို့ပြန်တော်မူသွားသည်ကိုပင် အလွန့်အလွန် နှမြောတမ်းတလျက် မိမိတို့အား အုပ်ချုပ်နိုင်ပြီးလျှင် ဆုံးမ သွန်သင်မည့်သူ မစောင့်ရှောက်မည့်သူ ကင်းမဲ့သွားလေပြီဟု အထူးသဖြင့် ယူကြုံးမရ ရှိကြလေကုန်၏။ သို့သော်ထိုသူတို့ အားလုံးသည် နန္ဒာဘိဝံသသည် အဘယ်ကြောင့် ပြန်တော်မူရသည်၊ သုမင်္ဂလာဘိဝံသသည် အဘယ်ကြောင့် ပြန်တော်မူရသည်တို့ကို မစဉ်းစား မစုံးစမ်း တတ်ကြဘဲ နန္ဒာဘိဝံသ၏ တကာတကာမများက သုမင်္ဂလာဘိဝံသသည် နန္ဒာဘိဝံသကို သေစေသည်ဟု ထင်မှတ်ကြခြင်းကို မပျောက်နိုင်ကြပေ။

သုမင်္ဂလာဘိဝံသ၏ ပုဂ္ဂိုလ်စွဲ တမည့်တပန်း တကာ တ

ကာမတို့ကလည်း နန္ဒာဘိဝံသ၏ တပည့်တပန်းတို့သည်နတ်ဆရာကို ဌားရှ၍ သုမင်္ဂလာဘိဝံသကို သေစေသည်တု ထင်နေသောအထင်ကို မငြိမ်းနိုင်ကြပေ။

အရည်းသာသနာပင် ဆိုကြပါစို့၊ အရည်းများ၏ ဝါဒညစ်ဆိုးများကို နှစ်သက် ကြည်ညိုကြကုန်သော သူတို့သည်လှုပ်ရှားနေကြလျက်၊ အရည်းတို့သည် ယိမ်းယိုင်ကာ ပျောကြဘို့ရန်သာ ရှိလေတော့သည်။

မည်သည့်ခေတ် မည်သည့်အခါမှာမဆို၊ အလွန်ကြီးကြွယ်ခိုင်ခန့်သော ဂိုဏ်းကြီးကို တည်ဆောက်မိစေကာမူ၊ ထိုဂိုဏ်းထည်း၌ရာထူးလုခြင်း၊ ဂုဏ်လုခြင်း၊ ကိုယ်၏ကောင်းစားရေးကို အလိုရှိခြင်းတို့ ရှိလာခြင်း၊ ရရှိနေသော ရာထူးဂုဏ်၊ အာဏာ၊ မိမိ၏စည်းစိမ်တို့ကို တည်မြဲအောင် ကြိုးစားနေရခြင်းသည် ထိုဂိုဏ်းကြီးကို မပျက်နိုင်စေကာမူ မွေးဖွိန်အောင်ပြုလုပ်ရာရောက်တတ်ချေသည်။

အရည်းများ၏ အရေးသည်ကား မသေကဲ့သို့ရှိနေချေပြီ။ ယခုအခါ၌ သမထေ်ိးအရပ်၌ အရည်းသာသနာကြီးကို အုပ်ချုပ်ဘို့ရန် ဂိုဏ်းချုပ်ထားဘို့ အရေးသည် နွေးသည်ထက် နွေးလာပြီးသော် မနိုင်အောင် ရှိလာလေပြီ။

အချို့သောအရည်းတို့က ဓမ္မဓဇသည် တရားပြကောင်းသည်အရည်းဂိုဏ်းချုပ်ကြီး ရှိစဉ်ကပင် လူတို့အားတရားပြကာဆုံးမခြင်း ပြုခဲ့ရသည်။ ထို့ကြောင့် ဓမ္မဓဇကို ဂိုဏ်းချုပ်ထားသင့်သည်ဟု ဆိုကြ၏။ လိုလားကြ၏။

အချို့က တက္ကပဏ္ဍိအရည်းသည် အတတ်ပညာချိုးစုံသည်

အရည်းများအား သင့်တော်အောင် အတတ်ပညာများကိုခွဲဝေကာ သင်ပေးနေသည်၊ အတတ်ပညာ မရှိပါက လောက ကို ထိမ်းသိမ်းစောင့်ရှောက်ခြင်းငှာ မတတ်နိုင်။ ထို့ကြောင့်တက္ကပဏ္ဍိအရည်းကို ဂိုဏ်းချုပ် ထားသင့်သည်ဟု လိုလားကာ ပွင့်လာကြ၏။

အချို့ကသိဒ္ဓိဗလ်အရည်းသည် လုပ်ရတ်လမ်း၌ အပြီးတိုင်မြောက်၍ ထွက်လိုသောအချိန်တွင် ထွက်သွားနိုင်သည်။သိဒ္ဓိဗလအားဖြင့် ရွှေငွေစသည်တို့နှင့် မစသင့်သူတို့အား မစနေသောကြောင့် အရည်းဂိုဏ်းကြီးသည် တည်တန့်နေပေသည်။ ထို့ကြောင့် သိဒ္ဓိဗလကို အရည်း ဂိုဏ်းချုပ် ခန့်ထားသင့်သည်ဟု တည့်တည့်လင်းလင်းပင် ပွင့်လာကြလေ၏၊

အချို့က နာဂိန္ဒအရည်းသည် လုပ်ရည်၊ ကြံရည်၊ တိုက်ရည်၊ ခိုက်ရည်နှင့် စွမ်းသည်ဖြင့်နဂါးတို့ကိုလည်းနိုင်နင်းသည်၊ ထို့ကြောင့် ပုပ္ပါးတောင်တော်သည် မီးမထွက်သည်မှာ ကြာမြင့်လှပြီ။ မြေကြီး လျောင်ပြင်းထန်စွာမလှုပ်သည်မှာလည်းကြာမြင့်လှပြီ။ ထို့ကြောင့် နာဂိန္ဒကိုသာ အရည်း ဂိုဏ်းချုပ် ထားသင့်သည်ဟု ပြောဆိုနေကြလေ၏။

တကာတကာမတို့ကလည်း ၎င်းတို့နှင့် အစပ်တည့်ရာအရည်းကိုသာ ဂိုဏ်းချုပ် ထားစေလိုကြ၏။

အစဉ်အဆက်အားဖြင့် အရည်း ဂိုဏ်းချုပ်ကြီးသည် အရည်းများအား တခုတည်းသော အတတ်ပညာ၌သာ အခေါင်အထိပ်မြောက်တတ်အောင် သင်ကြားခံယူစေခြင်းဖြင့် ယခု

တွေ့ကြုံနေရသော အရေးသည် မရှင်းလင်းနိုင်အောင်ပင် အရည်းများမှာ ပြဿနာ တခုကဲ့သို့ဖြစ်နေ၏။

ဝှက်ပစ်တောင်၌လည်း အရည်းငယ်တပါးသောမဒ္ဒသည် ရှိ၏၊ ၎င်းသည်နဂါးမင်းကြီး၏သားတော်ဟုထင်ရှားကျော်ကြားသည်ပြင် အတတ်ပညာမျိုး၌လည်း စုံလင်သည်ဟု ထင်ရှားလေ၏။ သို့သော် သောမဒ္ဒသည် သူတောင်းစား မကာလေးကဠုနမာလာ၏သားဖြစ်နေ၏၊ အသက်အရွယ်ငယ်သေး၍ဝါမှာလည်းနုသေး၏။

ထိုသောမဒ္ဒသည် နဂါးမင်းကြီး၏သား ဖြစ်ရသည်ကားဤသို့ဖြစ်၏။

ကဠုနမာလာသည် ဝှက်ပစ်တော်အရည်းချုပ်ကြီး၏ ကျောင်းတော်ဝိုင်းအတွင်းရှိ ဇရပ်တခုတွင် မှီခိုနေ၏။ ကဠုနမာလာကား အသွေးအရည် အလွန်တင့်တယ်၏။ အသံလည်းအလွန်ပင်ကောင်း၏။ ၎င်းသည် တယောအတတ်၌ပါရဂူ မြောက်လောက်ပင် တတ်ကျွမ်း၏။ ထို့ကြောင့် ၎င်းမှာ လပ်လပ္ပကာအလွန်ပေါများ၏၊ ပေါများသည်အတိုင်း အဓိ္ပသဟဲ လိုသောကြောင့် ဝှက်ပစ်တောင် အရည်းချုပ်ကြီးကိုအားကိုး အားထားပြုပြီးသော် ဇရပ်တွင် နေလေ၏။

ကဠုနမာလာသည် ထိုအရည်းချုပ်ကြီး ဆရာတော် ဘုရားအား တယော၊ သီချင်း၊ သာချင်း၊ တေးချင်း၊ တာချင်းတို့ဖြင့် ညဦးယံတွင်ခုနှစ်ရက်တပတ်မှာ သုံးကြိမ်လောက် ဖျော်ဖြေ၏။ နံနက်စောစောထ၍ ထိုအရည်းချုပ် ဆရာတော် ဘုရားအားယာဂုကပ်၏။

တနေ့သ၌သော် ကဠုနမာလာမှာ ကိုယ်ဝန်တည်၏။ ထိုအခါသူသည် ဆရာတော်ဘုရားအား ဝတ်ကြီး ဝတ်ငယ်ပြုသောကြောင့် သူတော်ကောင်းမတို့၏ အတွင်းတွင်အပါအဝင်ဖြစ်၍ ဆရာတော်ဘုရားထံသို့တရားနာလာသော နဂါး မင်းကြီးသည် နှစ်သက်သဖြင့် နဂါးမင်းကြီးနှင့် တွေ့ရသောကြောင့် နဂါးမင်းကြီးနှင့် ပဋိသန္ဓေရသည်ဟုပြော၏။ အများမြင်သာအောင် ဇရပ်ပေါ်၌ နဂါးကြီးကို မှီ၍လည်း ရံဖန် ရံခါ၌ ကဠုနမာလာသည်နေလေ့ရှိ၏။

ထိုသို့သော သဘောကြောင့် ကဠုနမာလာ ပြောသည်အတိုင်း လူတို့သည် ယုံကြည်ကြ၏။ ကဠုနမာလာ၌သား သောမဒတ္တအပြင် သမီးသုမနဒေဝီကိုလည်း မြင်သေး၏၊ ၎င်းကိုလည်း နဂါးမင်းကြီး၏ သမီးဟု ကဠုနမာလာကပြောပြသည်အတိုင်း လူတို့သည်ယုံကြည်ကြ၏။

ထို သောမဒတ္တကို သမထိးအရပ်မှ ခေတ်အလျောက်ငံသည်ဟုဆိုသော အရည်းအချို့သည် သမထိးအရပ်သို့ပင့်၍ အရည်းဂိုဏ်းချုပ် ပြုလုပ်သင့်ကြောင်းနှင့် အဆိုသည်လည်း ထင်ရှားလာ၏။

ထိုအခါ အချို့သော တကာ တကာမများနှင့် အရည်းအချို့တို့က သောမဒတ္တ၏ ပညာစွမ်းကား အဘယ်သို့နည်းဟု မေးမြန်းကြသောအခါ သောမဒတ္တကို ပင့်ချီလာသော အရည်းတစုက သောမဒတ္တသည် ညအချိန်တွင် လနှင့်အတူ လတံခင်းကိုပင် ထွက်စေနိုင်သည်၊ နဂါးများကို နဂါးထာကြိမ်လုံးနှင့် ရိုက်၍ခေါ်နိုင်သည်ဟု ပြောကြ၏၊ ဤမျှထိ စွမ်းသည်ဟု သိဒ္ဓိတင်ကာ ပြောဆိုကြလေသည်။

တချို့ တကာ တကာမနှင့်အရည်းအချို့က ထိုမျှသော အတတ်ကို ပုစ္ဆာန်းဆရာ(နတ်ဆရာ)ပိန်သေးပင် တတ်သည်၊ မပြောပလောက်ဟုဆိုကြ၏။

ထိုကဲ့သို့အငြင်းအခုံဖြစ်နေ၍ အရည်းသောဒတ္တနှင့် ပုစ္ဆာန်းဆရာ ပိန်သေးတို့သည် အတတ်ပညာကိုပြကြရန် သဘောတူညီကြလေ၏။ ထို့ကြောင့် ကြီးကျယ်လှစွာသော မဏ္ဍာပ်ကန္တားကြီးကိုထိုး၍ တနေ့သောနေ့လည်တွင် နတ်ဆရာပိန်သေးနှင့် အရည်းသောမဒတ္တသည် မိမိတို့၏အတတ်ပညာများတို့ကို ပြကြမည်ဖြစ်၍ လူထုသည် ကျိတ်ကျိတ်တိုးစည်ကားကာ ရှိလေ၏၊

အချိန်ကျသော် အရည်း သောမဒတ္တနှင့် ပုစ္ဆာန်းဆရာ ပိန်သေးတို့သည် မျက်နှာချင်းဆိုင်ကာ မိမိတို့၏နေရာတွင် နေကြလေ၏၊ သောမဒတ္တကား ငါ့အတတ်ပညာများကို သမထ္ထိး အရဝ်က လူများသည် မြင်ကြရပေတော့အံ့၊ ငါသည် အရည်းဂိုဏ်းချုပ် ဖြစ်ရမည်ဟု အောင်းမေ့ကာ ပိန်သေးကဲ့သို့သော ပုစ္ဆာန်းဆရာအစုတ်ကို ဂရုမပြုဘဲ ဤသို့လျှင် အတတ်ပညာကို ပြလေတော့၏။

သောမဒတ္တသည်လက်ဝါးနှစ်ဘက်ကို ပွတ်လိုက်၍ရေကန်ကြီးတကန် ကြာမျိုးငါးပါးနှင့် တည်စေဟုဆို၏။

ရေကန်ကြီးသည် ကြာမျိုးငါးပါးနှင့် ပေါ်လာ၍ ဟသ်ာ-စက္ကဝက်စသော ရေကျေး ရေငှက်တို့သည် ပျော်မြူးကာ ရှိကြလေ၏။

လူအားလုံးတို့သည် အံ့ဩကာ ကြည့်နေကြလေ၏၊ သော

မဒတ္တလည်း 'နဂါးမင်းသမီးလေးပါး ရောက်လာ၍ ကြာပန်းများနှင့် ကစားနေစေ ဂါ့အာဏာ....'ဟုဆိုလေ၏၊

နဂါးမင်းသမီးကလေး လေးပါး ပေါ်မလာဘဲ အမယ်ကြီးအိုလေးယောက်တို့သည် ဆံဖြူ၊ သွားကျိုးခါးကုန်း၍ တောင်ဝှေးထောက်ကာ ရေကန်၏လေးထောင့်၌ ပေါ်လာလေ၏။

'ဟယ့်....ဘယ့်နှာလဲ နဂါးမင်းသမီးလေးပါးရောက်စေ' ဟု ကြိမ်လုံးနှင့်ရိုက်၍ အမိန့်ပေးလေ၏။

အမယ်ကြီးအိုလေးယောက်သည် တောင်ဝှေးကိုချ၊ အဝတ်ကိုချွတ်၍ ရေကန်ထဲသို့ဆင်းကာ ချိုးလေ၏။ ပရိသတ်ကား ... 'ဟင်....ဟင်....ဟင်....နှင့် ဟင်ကြကုန်၏၊ သောမဒတ္တအရည်းသည် စိတ်ပေါက်လာဟန်ရှိ၍....'ဒါတွေ ပျောက်စေ'ဟု ကြိမ်လုံးကိုရိုက်ကာ အမိန့်ပေးလေရာ ပျောက်မသွားဘဲအမယ်အိုကြီးများသည် ရေချိုးကာနေကြလေ၏။

သောမဒတ္တသည် အလွန်စိတ်ဆိုးလာလေပြီ၊ပိန်သေးကားမှုမပျက်ဘဲ တည်တည်ပင် အံ့ဩသကဲ့သို့ ကြည့်နေ၏။ သောမဒတ္တသည် စိတ်ဆိုးလွန်း၍ 'သိစေရမည် နှောက်ယှက်တဲ့ စုန်းကောင်တွေ နဂါးစာကျွေးရမှာဘဲ'ဆိုကာ တစုံတရာသောဆေးကို ဆေးအစ်မှထုတ်၍ လက်နှင့်ပွတ်ပြီးသော်'ဘောဂဝတီပြည်မှ နဂါးနီကြီး ရောက်စေ....'ဟု အမိန့်ပေးလေ၏။

ထိုအခါ နဂါးနီကြီး ရောက်မလာဘဲဝက်ဖြူကြီးတကောင်သည် ပေါ်လာလေ၏၊ ပရိသတ်ကား ဟင်-ကြကုန်၏။ သို့ရာတွင် ကြည့်၍ကား ကောင်းကြပေမည်၊ ဝက်ဖြူကြီးသည် အမယ်ကြီးအိုလေးယောက်ကို လိုက်၍ ခေါင်းကစပြီးသော် ဝါး

စားလေ၏၊ အမယ်အိုကြီး လေးယောက်ကုန်သော်ကန့်ကြီးအတွင်းရှိ ကြာမျိုးငါးပါး၏ကြာဖူးကြာစွယ်ကြာပန်းကြာဥကိုစား၍ ကုန်လေ၏။ ကန်ထဲမှ ရေများကိုသည်းသောက်၍ရေသည်ကုန်ခမ်းသွားလေ၏။ ဝက်ဖြူကြီးသည် ရေမရှိသောကန်ထဲ၌.... ခြေသေ့ထိုင်ထိုင်ကာ ခွေးကဲ့သို့ လျှာနှင့် နှုတ်ခမ်းကို လျက်နေတော့၏၊

ပရိသတ်ထဲမှ လူစွာတယောက်က 'အရှင်အရည်း၏နဂါးနိုကား ဒါလား'ဟု မေးတော့၏။

သောမဒတ္တသည် အလွန်ရှက်၍ ၎င်းကို'ပျောက်စေ....'ဟု ဆိုကာ သိမ်းတော့၏။ ၎င်းတို့ကား မပျောက်ချေ၊ သောမဒတ္တသည် ရှက်လွန်းသဖြင့် ၎င်း၏နေရာမှ ထသွားလေတော့၏။

ပိန့်သေးကားတစခန်းထတော့ပြီ၊ အရည်းကား သူ့အတတ်ကိုသူမသိမ်းနိုင်တော့ဘဲထွက်ပြေးပြီ၊ပရိသတ်များ(အကုသလံ ဓမ္မံ ပဋိစ္စ၊ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ) မကောင်းသောသဘောကိုစွဲ၍ မကောင်းသောသဘောသည် ဖြစ်၏။ ၎င်းနှင့်တဘက် ကုသလံ ဓမ္မံ ပဋိစ္စ၊ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ၊ ကောင်းသောသဘောကိုစွဲ၍ ကောင်းသောသဘောသည် ဖြစ်၏၊ ကိုင်းဗျာ....ဝက်ဖြူကြီးနှင့် ရေကန်ကို ပရိသတ်က မမြင်ချင်တော့ပါ၊ ကွယ်စေ....'

ရေကန်နှင့် ဝက်ဖြူကြီးသည်ပျောက်သွားလေ၏၊ပိန့်သေးပုဏ္ဏားဆရာကား ထူးဆန်းသော နတ်ဆရာလား၊ဘယ်လိုလူလဲ၊ အရှေ့ဘက်သို့လှည့်၍ 'ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံသော-မြတ်စွာဘုရားသည် တပည့်တော်၏' ထိပ်ထက်၌ တည်၍ ရပ်

တော်မူပါ'ဟုဆိုကာ ရှိခိုးဦးချပြီးလျှင် ငါးပါးသီလကို ယူတော့၏။ ယူပြီးနောက် ဤသို့ပြုလုပ်လေ၏။

ဆန်ပန်းများကို မန်းပြီးသော် ကြွလိုက်ရာ မိန်းကလေးတယောက်သည် ပေါ်လာလေ၏၊ ထိုမိန်းကလေးသည်လှပခြင်း၌ သူမတူလောက်ပင် ဆိုရမလောက် ဖြစ်သော်လည်း သူတောင်းစားမကလေးအသွင်ကဲ့သို့ ဖြစ်နေ၏၊ သူတောင်းစားကိရိယာ တန်ဆာပလာတို့နှင့်လည်း ဖြစ်နေ၏။ ထိုမိန်းကလေးသည် တယောထိုး သီချင်းသီကာ တောင်းနေသကဲ့သို့ မြင်ကြရ၏၊ သို့သော် အသံကိုကား မကြားကြရ။

ထိုမိန်းကလေးထံသို့ များစွာသော သူတို့သည် အသပြာများ ဆန်များ စသည်တို့ကို ပေးကြ၏၊ ထို မိန်းကလေးသည် မိမိရသော လပ်သပ္ပကာများကိုယူ၍ သွားသည်ဟု ကြည့်နေသူတို့သည် မြင်ရ၏၊ ထိုမိန်းကလေးသည် အရည်းကြီး ကျောင်းဝိုင်း၌ ဇရပ်တွင် တည်းနေ၍ ချက်ပြုတ်စားသောက်နေ၏၊

ညနေချိန်သော် အရည်းကြီးသည်ထိုမိန်းကလေးထံသို့ လာ၍ လက်ဟန် ခြေဟန်ပါပါနှင့် စကားပြောဆိုနေပုံကို ကြည့်သူတို့သည် မြင်ရ၏။ အသံကိုကား မကြားရချေ၊ မိန်းကလေးကာ, ခေါင်းကိုငုံ့၍ စဉ်းစားသကဲ့သို့ ရှိနေပုံကို မြင်ကြရ၏၊

(ငှက်ပစ်တော်ဂိုဏ်း အရည်းချုပ်ကြီးကို မြင်ဘူးဖူးမျှော်ဘူးသူတို့က ငှက်ပစ်တောင်ဆံရာတော်ကြီးဟု ညံနေအောင် ပြောကြလေ၏၊)

ထိုနောက် ဆီမီးရောင်တို့ဖြင့် ထိန်ထိန် လင်းနေသော ကျောင်းခန်းကြီးအတွင်း၌ အရည်းဆံရာတော်ဘုရားသည်လည်း

လျောင်းနေ၍ သူတောင်းစားမကလေးနှင့်အသွင်တူသောမိန်းကလေးသည် ဝတ်ဖြည့်နေပုံကို ပရိသတ်တို့သည် မြင်ကြရ၏။

ထိုနောက် အရည်းကြီးကို လက်နက်များစွဲကိုင်ထားသော လူနက်ကြီးလေးယောက်သည်ဘမ်းဆီးသွား၍ စအို၌တံစို့ထိုးပြီးသော် လှောင်တခုထဲ၌ချထားသည်ကိုပရိသတ်တို့သည်မြင်ကြရပြီးနောက် ပုဏ္ဏားဆရာပိန်သေးသည် ထိုဇာတ်ခဏ်းကို ရုပ်သိမ်းလိုက်လေ၏။

× × +

ထိုသို့သောသဘောသည် ဖြစ်နေ၍ အရည်းများအတွင်း၌လည်းကောင်း၊ အရည်းများ၏ တကာ တကာမများ၏ အတွင်း၌လည်းကောင်း၊ အရည်းဂိုဏ်းချုပ် ဆရာတော်ခန့်ထားရန် သဘော၌ မည်ကဲ့သို့မျှ စေ့စပ်ရန် မရနိုင်သောကြောင့် ထိုအရည်းဂိုဏ်းကြီးကို ဘုရင်မင်းမြတ် သည်လည်းအားအပ်နှင်းရန် သဘောညီညွတ်ကြလေ၏။

ထို့ကြောင့် ဘုရင်မင်းမြတ်ထံထိုသို့သောသဘောကိုလျှောက်တင်ရန် ပြောရေးဆိုခွင့်၌ ရဲရင့်လိမ္မာသော အရည်း ဓမ္မဓဇ၊ အရည်းနာဂိန္ဒ။ အရည်းသောမ၊ အရည်း ဓမ္မသာမိတို့ကို လွှဲအပ်ကာ လွှတ်လိုက်ကြလေ၏။

ထိုအရည်းလေးပါးတို့သည် နောက်တနေ့ နံနက်တွင်.... သည်လည်း ဘုရင်မင်းမြတ်၏ နံနက်ညီလာခံသဘင်သို့ အခွင့်တောင်းပြီးလျှင် ဝင်ရောက်ကြလေရကား ဘုရင်မင်းမြတ်သည် ညီလာခံသဘင်၌ ဆွေးနွေးနေခြင်းကို ရပ်၍ ဤသို့ မေးတော်မူလေ၏။

'အရည်းဆရာများ အသွီအကြောင်းထူးများ ရှိပါသလဲ–'

'တကာတော်ရေမြေ့ရှင်….'

'အမိန့်ရှိပါ အရည်းဆရာ….'

'အရည်ဂိုဏ်းဝင်အရည်းများ၊ တကာတကာမများနှင့်…. တိုင်ပင်ဆွေးနွေးရာ အားလုံးသောသူများက အရည်းသာသနာဂိုဏ်းကြီးကို ဘုရင်မင်းမြတ်အား လွှဲအပ်ရန်သဘောတူကြ၍၊ လာရောက်ပါသည်၊ ထို့ကြောင့် လက်ခံတော်မူပါ ရေမြေ့သျှင်….'

'ဟာ….အရည်းဆရာတို့….မတော်တာ မကြံအပ်။ မကြံစည်သင့်ရာ….'

'တကာတော် ယခု အရည်းများကို အုပ်ချုပ်ဘို့ရန် လိုနေခြင်းကြောင့်ပါ….'

'မဟုတ်ပါဘူးဆရာတော်တို့….ကျွန်ုပ်သည်ငယ်ကထည်းက စ၍ အရည်းများကို မကြည်ညို၊ အရည်းများရဲ့ဝါဒကိုလည်း မနှစ်သက်၊ ဘယ်နှယ်ဖြစ်နိုင်ပါ့မလဲ….'

'တကာတော်….'

'မိန့်တော်မူပါ….'

'တကာတော်သည် ရေမြေ့ရှင်၊ ရေပိုင်မြေပိုင်ပါ၊ အရည်းများသည် တကာတော်ကိုမှီ၍ ချမ်းစွာ နေရပါသည်၊ ထို့ကြောင့် တကာတော်သည် အရည်းများနှင့်သက်ဆိုင်ပါသည်၊ အရည်းများ၏အရေးသည်လည်း တကာတော် မကြည်ညိုချင်နေ၊ တကာတော် ဝါဒကိုမကြိုက်ရင် မကြိုက်နှင့်။ တကာတော့် အရေးပင် ဖြစ်ချေသည်၊ ထို့ကြောင့် လက်ခံတော်မူပါ….'

'ဟာ....အရှည်းဆရာတို့၊ မဖြစ်ဘူး၊ အရှည်း သာသနာ ဂုဏ်းကြီးကိုလက်ခံရမယ်လို့၊မဦးမချတ် မတောက်တခေါက်'

'ဒါ့ရှင် ဓမ္မသာမိ အကြောင်းကို တင်စမ်းပါအုံး....'

'ဘာထူးထူးထွေထွေကို တင်အုံးမလို့လဲ ဓမ္မာသာမိ။ ဓမ္မာ သာမိနှင့်ကျွန်ုပ် တရားငြင်းလာခဲ့တာဘဲ၊ ဘယ်အခါကများနိုင် ဘူးသလဲ....'

'သည်လိုပါ....'

'ဆိုပါ အရှည်းဓမ္မသာမိ....'

'သေည်လည်သည် တမ္ဗဒီပတိုင်းနိုင်ငံကြီး၏ကေရာဇ်တဆူ ဘုရင်မင်းမြတ် မဟုတ်ဘူးလား....'

'ဟုတ်ပါတယ်....'

'တမ္ဗဒီပ တိုင်းနိုင်ငံအတွင်းရှိ မည်သည့်ဘာသာဝင်၊ မည် သည့်အယူကိုယူသော မည်ယူမဆို သေည်လည်ဘုရင်မင်းမြတ် ၏ တိုင်းသူပြည်သားဘဲမဟုတ်လား....'

'ဟုတ်ပါတယ်....'

'သည် တိုင်းသူပြည်သားများသည် ကိုးကွယ်ဆည်းကပ်မှုနှင့် ပတ်သက်၍ဖြစ်စေ၊ သာသနာရေးနှင့် ပတ်သက်၍ဖြစ်စေ၊ အဓိ ကရုဏ်း အကြီးအကျယ် ဖြစ်လာခဲ့သော် ဘုရင်မင်းမြတ်နှင့် မ ဆိုင်ဘူးလား....'

'ဓမ္မသာမိ၊ ဓမ္မသာမိသည် ကျွန်ုပ်ကို ပိတ်ထားပြီ....'

'မဆိုင်ဘူးလား ရေမြေ့ရှင်....'

'ဆိုင်ပါသလေ....'

'ဒါဖြင့် လက္ခံပါ....'

'မရှည်းဖုရားကို တိုင်ပင်ပါရစေအုံး....'

'တိုင်ပင်တော်မူပါ....'
'နက်ဖြန် ညီလာခံတွင် အရည်းဆံရာများ ကြွခဲ့ကြပါအုံး'
'ကောင်းပါပြီ....'

× × ×

နောက်တနေ့ ညီလာခံ၌ ဘုရင်မင်းမြတ်၏ မရည်းတော် စောသုမာသည် ညီလာခံသဘင်၌ သီးသန့် သလွန်တော်တခု နှင့် အဝတ်ဝါကို ဝတ်ဆင်၍ တဘက်ဝါကို လော်ပတ်ထိုးပြီး သော် နေလေ၏။

ထိုအခါ ညီလာခံသဘင်အလည်၌ ဘုရင်သည်လည်သည် ဤသို့ မိန့်တော်မူ၏။

'မရည်းတော် အရည်းဆံရာများအား မိန့်တော်မူပါ....'

'အရည်းဆရာများ အလိုရှိချက်ကို သုခာသိပြီ၊ ဘာကြောင့် အရည်း တပါးပါးကို အရည်းဂုဏ်းချုပ် မမြောက်လိုကြသလဲ၊ တင်းလွန်းလျှင် ပြတ်သည် လျော့လွန်းလျှင် ပတ်သည် ဆိုစကားရှိထားသော်လည်း လျှော့ပေးခြင်းမရှိသော် သဘောမညီညွတ်နိုင်၊ အရည်းဆရာများကို လျှော့ပေးကြမှပေါ့....'

'မမွှခဇ ဆိုပါ....'

'တကာမကြီး....'

'မိန့်တော်မူပါ....'

'အရည်းငယ်များ၊ တကာတကာမများကသဘောမညီညွတ်ကြဘဲ တင်းမာလွန်းအားကြီးလို့ပါ....'

'ကောင်းပြီ ဒါဖြင့်ဘုရင်မင်းမြတ်ရဲ့အလိုတော်ကို အရည်းများ လိုက်ရောရလိမ့်မယ်၊ လိုက်ရောနိုင်သော် အရည်းများ

လျှောက်တင်သည်ကို ဘုရင်မင်းမြတ်သည် စဉ်းစားတော်မူပေလိမ့်မယ်....'

'ဘယ်ကဲ့သို့အလိုတော်ကို လိုက်ရောရမလဲ တကာမကြီး....'

'အရည်းများသည် မာတုကာမများအား ကျောင်းလွှတ်ပူဇော်ခြင်းကို လက်မခံပါဘူးဟု ကတိပြုသော်အရည်းများလဲ့အပ်သည်ကို လက်ခံနိုင်ကောင်းပါမည်၊ သို့မဟုတ်ပါက ဘုရင့်မင်းမြတ်သည်အလမ္ဘာယ်သမား၏ပခြုတ်ထမ်း ဖြစ်နေပေလိမ့်မည်'

အရည်းများသည် တဦး၏မျက်နှာကိုတဦးကကြည့်၍၊ မည်ကဲ့သို့ ပြောဆိုရမည်ကို ရှာမတွေ့သကဲ့သို့ ရှိကြလေ၏၊ စောသုမာသည် ဤသို့ပြောပြန်လေ၏၊

'အရည်းများ စဉ်းစား၊ အရည်းဆိုသည်မှာ ရဟန်းပင်ဖြစ်သည်၊ ရဟန်းနှင့်လူ ခြားနားခြင်းအစစ်သည်ကား မေထုန်မှုကို မပြုခြင်းနှင့် ပြုခြင်းဖြစ်သည်၊ ရဟန်းပင်မည်သည် မေထုန်ကိစ္စ၌ အကျွမ်းဝင်သော မာတုကာမတယောက်ကို လှပသည်ဟု မကြည့်မမြင်ရ၊ သာယာသောအသံကို သာယာပါ၏သည်ဟု နားမထောင်ရ၊ ကိုယ်၏ အတွေ့ အရသာကောင်းကိုမလိုလားရ၊ ကိုယ်ကို လှပပြေပြစ်တင့်တယ်အောင်မပြုရ၊ ဤမျှ အကျဉ်းချုပ်ပြောခြင်းသည် အရည်းများကို သနားခြင်းကြောင့် ပြောပြသည်....'

'အရည်းများက မေထုန်မှုကိုပြုသော လူတို့သည်အပြစ်ရှိသလော၊ ငရဲကြီးသလောဟု စောတကပြုရန်ရှိသည်၊ ပြုလော့၊ ထိုသဘောကြောင့် သံသရာမှာ လှည့်လည်ရသည်၊ထိုသဘောနှင့် အကျွမ်းဝင်သာယာမှုကြောင့် သံသရာမှာ လှည့်လည်ရ

သည်။သံသရာမှာ လှည့်လည်ရခြင်းကြောင့် ဆင်းရဲအမျိုးမျိုးကို တွေ့ရသည်၊ ထိုသို့ လှည့်လည်ရမှုကြောင့် တိရိစ္ဆာန်အကျင့်ကို ကျင့်မိသဖြင့် တိရိစ္ဆာန်ဖြစ်ရသည်၊ တိရိစ္ဆာန်သည် မေထုန်မှုကိုပြုသည်၊ ပြုခြင်းဖြင့် သားသမီးပေါက်ဖွားသည်။ ပေါက်ဖွားသဖြင့် အမေဖြစ်သူအား မယုရ၊ မလုပ်ကျွေး၊ သားသမီးတို့အား မလုပ်ကျွေး၊ အိမ်ထောင်ပြုသောသူသည်သာလျှင်ကာမမေထုန်မှု ကိုပြုအပ်သည်၊ ပြုအပ်သော်လည်း မယားကိုယုယစွာထိမ်းသိမ်းစောင့်ရှောက်၍ မလုပ်ကျွေး၊ သားသမီးတို့ကို မလုပ်ကျွေးသော် အပြစ်ရှိသည်၊ငါ သူတော်ကောင်းရဟန်း၏အရေကိုခြုံနေသူဟု ထင်ရှားပါလျက် မေထုန်ပြုမှုကို မဆိုထားနှင့်၊ မေထုန်သဘောနှင့် သက်ဝင်သောကိစ္စကိုလိုလားနှစ်သက်မိသော် ရဟန်းမဟုတ်ရာ၊ ကိုင်း....အရည်းတို့စဉ်းစား....'

အရည်းများကား ကျန်အရည်းများနှင့် ဆွေးနွေးတိုင်ပင်ပါဦးမည်ဟု ပြောဆို၍ ဘုရင့်နန်းတော်မှ ပြန်ကြလေ၏။

အရည်းတို့သည် မိမိတို့၏ အခြေအရ အရည်းများကို.... စည်းဝေး၍ တိုင်ပင်ရလေရာ၊ ကျောင်းလွှတ်ပုဇော်မှုကို လက်မခံရဆိုသောသဘောကို သဘောမကျနိုင်ဘဲ ရှိကြလေ၏။

ထိုအခါ တောတခု၌ တောကျောင်းပြု၍ ဝါ်ကစားနေသော· အရည်းပေါက်ကျော်က ဤသို့ ခပ်မာမာပြောလေ၏။

'အရည်းဂိုဏ်းကြီးသည်ပျက်စီးပြိုကွဲကာကစဉ့်ကယဲဖြစ်သည်ကို အဘယ်သူလိုလားသလဲ။ ပွင့်ပွင့်လင်းလင်းပြောကြပါ၊ အရည်းဂိုဏ်းကြီးရှိနေ၍ များစွာ အနေအစား ချောင်နေသည်။ လှည်းမတိုက်ချင်၊ ကူလီမလုပ်ချင်၊ လယ်ယာမလုပ်ချင်စသည်

ဖြင့် အလုပ်မလုပ်လိုသောသူများသည် အရည်းဂိုဏ်းကြီးကို ဒွိုဒို၍ အရေးအရာတင့်နေသည်မဟုတ်လား....'

'ဘုရင်က မအုပ်ထိမ်းလျှင်၊ ဘုရင်က အုပ်ထိမ်းမပေးလျှင် အရည်းဂိုဏ်းကြီးသည် ထိန်းမရအောင် ပျက်သွားလိမ့်မည်၊ ထိုအခါ အရည်းတို့သည် မင်းမှုထမ်းများ၏ လက်တွင်းသို့.... ရောက်ကုန်လိမ့်မည်။ အရှင်တို့အား ကျောင်းလွှတ်ပူဇော်မှုကို လက်မခံနိုင်ဟုမဆို၊ သူမသိအောင် တိတ်တိတ်လက်ခံ ဘာဖြစ်သလဲ၊ မထင်ရှားစေနှင့် ကိုယ်မကောင်းလျှင် သံသရာ့ဝန်ကို ကိုယ် ဒဏ်ကိုယ်ခံပေါ့၊ လောကမှာကိုယ်အသရေတင်ပြီး မြင့်အောင် ပရိယာယ်သဘောနှင့် လိုက်ရောညီပေါ့၊ ဒါဟာ အကောင်းဆုံးသောနည်းလမ်းပေါ့....'

အရည်းတို့သည် ဘုရင်အလိုရှိသောသဘောကို လိုက်ရောနိုင်ပါသည်ဟုတင်ရန် ညီကြလေ၏။

အရည်းတို့သည် ရာထူးလို့မှု၊ ရာထူးလိုမှုတို့ကြောင့် မညီညွတ်နိုင်ဘဲ မိမိတို့၏ဂိုဏ်းကြီးကို ဘုရင်သို့ အပ်ကြလေသည်သို့သော် အရည်းများသည် လိမ္မာရည်ရှိကြဟန်ဖြစ်သည်။ အသို့နည်း၊ မိမိတို့၏ဂုဏ်ရည်ကို မိမိတို့ဘော်၍ သူ၏ ပြဇာခံသာမလုပ်လို၊ အချင်းချင်း၏အဖြစ်ကိုကား မဖေါ်ပြကြချေ။

ထိုသို့သောသဘောကြောင့် ဘုရင်မင်းမြတ်သည်သက်တော်စောင့်အနည်းငယ်နှင့်ရွှေကျောင်းကြီးသို့ ကြွရောက်တော်မူ၍.... အရည်းများနှင့်တွေ့ဆုံ၍ အရည်းဂိုဏ်းကြီးကို လက္ခံပြီးသော်၌သို့ မိန့်တော်မူလေ၏။

'ရွှေကျောင်းကြီးကို ဘယ်သူ့အားအပ်ရမလဲ....'

အရည်းများသည် တုတ်တုတ်မျှမလှုပ်ဘဲငြိမ်နေကြလေ၏၊ ထို
အခါ အရည်းသောမက ဤသို့ဆိုလေ၏။

‘ထို့ကြောင့်ပင် ဘုရင်မင်းမြတ်အား လွဲအပ်ရတာဘဲ ....’

‘သည်လိုလေ....’

‘မိန့်တော်မူပါ....’

‘သည်ရွှေကျောင်းကြီးသည် အကျယ်ကြီး၊ သည်ကျောင်း
ကို ဘယ်သူကမှမပိုင်၊ ဂိုဏ်းကသာပိုင်ရမည်....’

‘သဘောကျပြီ၊ မကျသူ ကန့်ကွက်ကြပါ....’

‘ကျကြပါသည်....’

‘သည်ကျောင်းကြီးမှာ လာရောက်တာနေလိုသောအရည်း
များ လာရောက်နေခွင့်ကို ဂိုဏ်းက ခွင့်ပြုရမည်၊ သို့သော် ကျမ်း
အကျွပ်မရှိလျှင် ခင်း၍ မဖြစ်နိုင်သောကြောင့် ကျောင်းထိုင်
ပုဂ္ဂိုလ်တဦး လိုပါသည်၊ ထိုကျောင်းထိုင်ပုဂ္ဂိုလ်သည် သည်
ကျောင်းမှာနေ၍ ကျောင်းကိုသာ အုပ်ချုပ်စီမံခွင့်ရှိပြီးလျှင်
ဂိုဏ်းနှင့်မဆိုင်၊ ဤသည်မှာ ကျောင်းထိုင်ပုဂ္ဂိုလ်မရှိသော်....
ဝန်တယောက် ထားရလိမ့်မည်၊ ထားသော် မတင့်တယ်မချေ
င်ရာရောက်မည်....’

‘ဘုရင်မင်းမြတ်က ရွေးချယ်၍ထားပါ....

‘ဤကားမှသင့်။မဲဆန္ဒနှင့်ရွေးကောက်၍ကျောင်းထိုင်ပုဂ္ဂိုလ်
တပါး အကြီးအကဲထားပါ၊ ၎င်းသည် ဂိုဏ်းချုပ်မဟုတ်၊
ယခု သည်မှာရှိသောအရည်းများက မည်သူသည် ကျောင်း
ထိုင်ပုဂ္ဂိုလ်နှင့်တော်သည်ဟု ရွေဖလားကြီးထည်းမှာ ထည့်ပါ
မိမိကိုယ်ကိုလည်း မိမိထည့်နိုင်ပါသည်....’

ထိုသို့ ဘုရင်မင်းမြတ်သည် မိန့်တော်မူသည်ကို သဘောကျ

၍ မည်သည့်ပုဂ္ဂိုလ်အား ဤကျောင်း၌ ကျောင်းထိုင်ပုဂ္ဂိုလ် ထားသင့်ကြောင်းကို ရွှေဖလားကြီးထည်းသို့ အရည်းပေါင်းတ ရာသည် ခဲထည့်ကြလေ၏။

ထည့်ကြပြီးနောက် ခဲကိုဖွင့်၍ ရေတွက်ကြည့်ရာ ဓမ္မသာမိ အရည်းမှာ ကိုးဆယ့်ကိုးခဲရပြီးလျှင် ခဲတလိပ်မှာ မည်သူ့ဟုမ ပါဘဲ ဘလာဖြစ်နေလေတော့၏။

ဘုရင်မင်းမြတ်လည်း ဓမ္မသာမိအားရွှေကျောင်းကြီးကိုလှူ၍ နန်းတော်သို့ပြန်တော်မူလေ၏။

× × ×


သျှတ္တရစာဆိုတော် ''ကါလိဒါသ'' ၏

## ''သျှတ္တရ သကုန္တလာ''

(ဒုတိယတွဲ) ၂၀–တန်

တောင့်တကြသောသူများအတွက် ရိုက်နှိပ်နေပါပြီ

အမှာစာပို့နိုင်ပါပြီ။

## အခန်း ( ၂ )

မြတ်စွာဘုရား၏ သာသနာတော်တည်တန့်ခြင်းကား မင်းက အုပ်ချုပ်ခြင်းဖြင့်လည်းကောင်း၊ မင်းက မြှောက်စားခြင်းဖြင့်လည်းကောင်း၊ တကာတကာမများက ချီးမြှင့်မြှောက်စား ပူဇော်ခြင်းဖြင့်လည်းကောင်း၊ သာသနာတော် တည်တန့်ခြင်း မဖြစ်နိုင်ပေ၊ မြတ်စွာဘုရား ပညတ်တော်မူသောဝိနည်းဒေသနာတည်၍ ထိုဒေသနာကို လိုက်နာကျင့်သုံးခြင်းနှင့်အညီ သာသနာတော်ကောင်း၍ တည်တန့်လေသည်။

အရည်းများ၌ကား မြတ်စွာဘုရား၏ဝိနည်းမရှိချေ၊ မည်ကဲ့သို့ လိုက်နာကျင့်ဆောင်ရမည်ဟူ၍လည်း မသိချေ။

ဝိနည်းတည်မှ သာသနာတော်တည်သည်။ မြတ်စွာဘုရား၏ ဝိနည်းတော်ကို ရှိသေကျိုးနွံစွာ လိုက်နာကျင့်သုံးကြသလောက် သာသနာတော်သည်ကောင်း၍ထွန်းပြောင်စေသည်။

သုနာပရန္တတိုင်း၌ သာသနာတော် ပျက်စီး၍ အရည်းများ ပေါ်လာရသည်ကား ဝိနည်း မတည်ခြင်းကြောင့်ပင်ဖြစ်ချေသည်၊

တနေ့သ၌သူဌေးကတော်တဲယောက်က ဗီယဒတ္တမည်သော အရည်းအား မိမိခင်ပွန်း သူဌေးကြီး တောသို့သွားနေ့ခိုက် အတွင်းအလှူကို လှူလိုပါသည် ကြွပါဟု ပင့်သဖြင့်ဗီယဒတ္တသည် ညဥ့်အချိန်ထိုသူဌေးကတော်ထံသွား၍ မေထုန်အလှူကို ခံပြီးသော်သန်းလွဲသောအချိန်မှ တကိုယ်တည်းပြန်လာရာ····

လမ်းတွင် မြွေကိုနင်းမိသောကြောင့် မြွေပေါက်၍ ထိုနေရာ တွင်ပင် မထနိုင်ဘဲ သေလေ၏။

ဘုရင်မင်းမြတ်က အရည်းများသည် ကျောင်းလွှတ်ပူဇော် မှုကို မခံပါဘူးဟု ကတိပြုကြောင်းကို ကြေညာသဖြင့်အရည်း များ၏ကျောင်းသို့ မိန်းမများသည် သူ့ထက်ငါ လာရောက်ကြ ပြီးသော် ဆွမ်း စသော လှူဖွယ်ဝတ္ထုများကို လှူကြပြီးလျှင် မိမိတို့၏အိမ်သို့ လာရောက်ရန် အခါအခွင့်ကို ကြည့်ကာ ဘိတ်သွားကြခြင်း များကြလေ၏။

ဤနည်းဖြင့် ဝိယာဒတ္တမည်သော အရည်း ကျောင်းထိုင် ပုဂ္ဂိုလ်သည် လမ်းတွင် မြွေပေါက်ခံရခြင်းကြောင့် သေရလေ တော့သည်၊ ထိုအခါ ၎င်း၏ကျောင်း၌ ခမ်းနေ အရည်း နှစ် ပါးသည် ကျန်ခဲ့လေ၏။

ထိုအရည်းနှစ်ပါးသည် မိမိတို့၏ဆရာဝိယာဒတ္တကိုကောင်း စွာ ခန်းခန်းနားနားနှင့် သင်္ဂြိုဟ်ကြပြီးနောက် ကျောင်းကို သူရထိုက်သည် ငါရထိုက်သည်ဟု လုကြလေ၏။ ထိုခမ်းနေအ ရည်းနှစ်ပါးမှာလည်း အသက်တူဝါတူ ဖြစ်နေကြလေ၏။

၎င်းတို့သည် လူ့ဘဝက လှေထိုးသားများဖြစ်ကြရာ၊ စလေ ကိုးမှော်ကို တက်အောင် မထိုးနိုင်သဖြင့် လှေသူကြီးက ရိုက်နှင့် ကန်ချသောကြောင့် ပြေးလာရသောသူနှစ်ယောက်ဖြစ်ကြလေ ၏။ ၎င်းတို့သည် တမ္ဗဝတီသို့ရောက်သောအခါ နေထိုင် စား သောက်ရရန် အလွန်ခဲယဉ်း အလုပ်အကိုင်လည်း လက်လုပ် လက်စားအဖြစ်နှင့် မလုပ်ကိုင် လိုသောကြောင့် သမထီးအ ရပ် အရည်းဆရာတပါးထံတွင် အရည်းဝတ်နေသူများ ဖြစ်ကြ

၏၊ အတတ်ပညာသည်ကား ကင်းသကဲ့သို့ ဖြစ်၍ အရည်းဝတ် မှစာသင်ကြားရ၏။

ထိုအရည်းနှစ်ဦး၏ ကျောင်းလုမှုကို အရည်းဂိုဏ်းကို ဘုရင် မင်းမြတ်သို့ လွှဲထားရာ ဂိုဏ်းအုပ်၊ ဂိုဏ်းချုပ်။ဂိုဏ်းထောက် စသည်တို့မရှိသဖြင့် ဆုံးဖြတ်ရန် ခဲယဉ်းနေသောကြောင့် တ ရားရုံးသို့ရောက်ကြရာ ၄င်းရုံးကလည်း တရားရုံးသည်အရည်း များကို စီရင်ရန်မဟုတ်ဟု လက်မခံကြချေ။ ထို့ကြောင့် ဘု ရင့်ထံတော်သို့ အရည်းနှစ်ပါးသည် ကျောင်းရလိုမှုနှင့်ရောက် ကြလေ၏။

အရည်းဂိုဏ်းကြီးကို သိမ်းပိုက်ပြီးနောက် သည်လည်ပိုက် မင်းကြီးဟု အမည်တွင်သော ဘုရင်မင်းမြတ်သည် ထိုအရည်း နှစ်ပါး၏ ကျောင်းလုမှု၌ခေါင်းကို ကုတ်ရတော့၏၊ ထို့ကြောင့် မရီးတော် စောသုမာကိုခေါ်၍တိုင်ပင်ရာ စောသုမာလည်းထို အရည်းနှစ်ပါးကိုမိမိ၏ အိမ်တော်သို့ ခေါ်ပြီးလျှင် တရားသူ ကြီးတပါးကို အနားက ထားပြီးသော် ဤသို့စစ်မေးလေ၏။

'အရည်းဆရာရဲ့နာမယ်....'

'ဒေဝိန္ဒပါ....'

'တဦးကကော....'

'မြဟ္မဝိန္ဒပါ....'

'ဟာ....အင်မတန်မြင့်တဲ့ နာမယ်တွေပါလား။ ဒေဝိန္ဒက အဘယ်ဆိုသောငြိမ်းငွေ့ဘွယ်ကိုမြင်လို့၊ ဘယ်လိုငြိမ်းငွေ့တာ ကြောင့် အရည်းဘောင်သို့ဝင်သလဲ....'

'ငြိမ်းငွေ့ဘွယ်သည်ဘာလဲ၊ ငြိမ်းငွေ့တာဟာဘာလဲ....

'အင်း....ကောင်းစွ....ကြည်ညိုဘွယ် ရှိလှလေစွ....ဒါဖြင့် ဘာကြောင့် အရည်းဘောင်သို့ဝင်သလဲ'

'အလုပ်အကိုင် ဝမ်းစာအတွက် မရှိလို့....'

'ဒါလောက်တောင် အလုပ်အကိုင်ပေါများတဲ့ တမ္ဗဝတီ ပြည်ကြီးမှာ အလုပ်တွေအင်မတန်ပေါတယ်မဟုတ်လား....'

'ပင်ပင်ပန်းပန်း မလုပ်လိုလို့ပါ....'

'မင်းမှ ထမ်းပါလား....'

'မရလို့ပါ....'

'အရည်းဘဝမှာ ဘာတရားကို ဆည်းပူးပါသလဲ....'

'တရားဆိုတာဘာလဲ....ဘာကိုဆည်းပူးရပါမလဲ....'

'ဒါဖြင့် အရည်းဘဝမှာ ဘာလုပ်နေသလဲ....'

'သူတပါး လှူတာကို စားသောက်နေပြီး အရည်းခေါင်း ဆောင်များက ခေါ်ရင်လိုက်၊ ခိုင်းရင်လုပ်၊ ခိုင်းတာကိုလုပ်နေ တာပါဘဲ....'

'အင်းတော်ပါတယ်ထားပြု၊အနုကြမ်း၊ သူခိုး လုပ်ထာနှင့် စာရင်တော့ အရည်းဖြစ်ခွ ဝါ့ကာကော ဘယ်လိုသံဝေဂ ရပြီး ထိတ်လန့်လို့ အရည်းဝတ်သလဲ....'

'သံဝေဂဆိုတာ ဘာပါလဲ....'

'မတ်ပေ့ ဗျေရနှစ်ပါးတွင် ဘယ်ဗျေရကိုဆောင်သလဲ....'

'ဗျေရဆိုတာ ဘာပါလဲ....'

'ရတနာ သုံးပါးကိုသိရဲ့လား....'

'သိပါတယ်....'

'ဘာလဲ....'

'ရွှေငွေကျောက်သံ ပတ္တမြားများ....'

စောသုမာကား မျက်နှာရှုံ့လေပြီ၊ ဤသို့လည်းဆက်မေးပြန်၏။

'အရှေ့ပြင် သူဌေးကြီးဦးကျော် သေသွားလို့ အမွေစားအမွေခံမကျန်ခဲ့တာနှင့်ဘဏ္ဍာရေးဝန်ကြီးက ဦးကျော်ရဲ့ပစ္စည်းများကို သိမ်းတော့ ဘုရင့် ရွှေနားတော်ကြား နန်းရင်းဝန်ကြီးဦးမြတ်သာအလိုမရှိ၊ ဘဏ္ဍာရေးဝန်ကြီးဦးစိုးအလိုမရှိလို့ ဟစ်တုန်းကပါသလား....'

'ရှေ့ဆုံးက အရည်းအလံကို ကိုင်ပြီးပါလာပါတယ်....'

'ကြည်ညိုဘွယ်ကောင်းလှလေစွ။ကောင်းပြီ....အရည်း နှစ်ပါးမှာလူဝတ်တုန်းက မိန်းမရှိသလား....ရှင်ဒေဝိန္ဒ....'

'ရှိပါတယ်....'

'သားသမီးကော....'

'သားတယောက် သမီးတယောက်ရှိပါတယ်....'

'မြဟ္မဝိန္ဒကကော....'

'လူပျိုပါ....'

'ရိုးစားရှိဘူးသလား....'

'မရှိဘူးပါ....'

'ကျောင်းလွှတ်ပူဇော်မှုကိုခံယူသလား....'

'ခံယူပါတယ်....'

'ခုကော....'

'လယ်သမား တယောက်ရဲ့ မယားက လျှုတာကိုလက်ခံရာ လယ်သမားက ဘမ်းပြီးထောင်းလွှတ်ကထဲကလက်မခံတော့ပါ'

'ကောင်းပြီ။ အရည်းဆရာအား အသပြာ တထောင်စီ ပေးလိုက်မယ်....လှူပြီးတော့ ရောင်းဝယ် ဖေါက်ကားကာ စားသောက်နေကြမလား....'

'နေပါ့မယ်....'

စောသုမာကား ဤသို့ဆုံးဖြတ်ပေးလိုက်လေ၏။

'ဤအရည်းနှစ်ပါးသည်လောက၏ မည်သည့် ထိတ်လန့်ဘွယ်ကိုမျှ မဝေဖန်တတ်သောကြောင့်မသိ။ ထို့ကြောင့် ၎င်းတို့၏အရည်းအဖြစ်သည် အချည်းနှီးနှင့်သာ မရပ်ဘဲ၊ အဆိပ်ဖြစ်နိုင်သည်။ သို့သော် အဆိပ်မဖြစ်သေး၍ မီးတိုက် မပစ်ရ၊ ဆေးဝါးအဖြစ်နှင့် ဖေါစပ်ရသည်။အဆိပ်ကိုပင်ပညာရှိသည် ဆေးဝါးအဖြစ်နှင့် ဖေါစပ်ကာ သုံးနိုင်လေသည်။ ထိုသဘောကိုထောက်ဆ၍၊ အရည်းနှစ်ပါးအား တဦးလျှင်အသပြာ တထောင်စီ ဘုရင့်ဘဏ္ဍာတော်တိုက်မှ ထုတ်ပေး၍ လှူပြုစေ....'

ထိုဆုံးဖြတ်ချက်ကို တရားသူကြီးလည်းသဘောကျကြောင်း တံဆိပ် ခပ်နှိပ်လေ၏။

× × ×

သေည်လည်ပိုက်မင်းကြီးလည်း 'အင်း....အရည်းဂိုဏ်းကြီးကိုလက္ခံမိလိုက်လို့ အသပြာနှစ်ထောင် ထွက်လေပြီ'ဟု မိန့်တော်မူလေရာ၊ စောသုမာသည် မတ်တော် မင်းတရားကြီးအား ဤသို့ဆိုလေ၏။

'မတ်တော် ရေမြေ့ရှင်....အလုပ် အကိုင်မရှိ၊ အလုပ်အကိုင်ကို ပင်ပင်ပန်းပန်းမလုပ်လို၊ အောက်တန်းစားအလုပ်ကိုလည်း မလုပ်ချင်။ ထိုသူမျိုးသည် သူခိုး၊ အနကြမ်း၊ လိမ်လည်

ကောက်ကျစ် ကျင့်ကြံစားသောက်နေခြင်းထက်၊ အရည်းပြုနေခြင်းက လောကအတွက် အနည်းငယ်သက်သာရ ရပေသေးသည်။ ထိုသို့သောသူမျိုးအား လူပြုစေ၍ အရင်းအနှီး ပေးကာ အိမ်ထောင်သက်မွေးမြူစေရန် လျော်သည်အတိုင်း ပြုရာ၏။ ထိုသို့ပြု၍မှ အရင်းအနှီးကို ဖြုန်းတီး သုံးစွဲပြုပြီးသော် အိမ်ထောင့် ဝတ္တရားကိုမပြုချေသော်····ထိုသူတို့ကို ဖမ်းဆီးပြီးလျှင်ချိုးဖြတ်စေရာသည်....’

သေည်လည်ပိုက်မင်းကြီးကား၊ ‘မရီးတော်ဘုရား····အရင်းအနှီးပေးရမည်ကား မထောင်းတာ၊ ထိုသူတို့ကိုချိုးဖြတ်စေရမည်ကား ကြောက်လန့်ရပေါတကား....’

အရည်းသာသနာကြီးကို ဘုရင်မင်းမြတ်က ၎င်းတို့တဦးကိုတဦး ပြုရကြခြင်းကြောင့် သိမ်းပိုက်လိုက်ရရာတွင် ဘုရင်မင်းမြတ်သည် ၎င်းတို့ပေးထားသော ကတိမှအပ၊ အရည်းများအား တစုံတရာမျှ မစွက်ဘက်၊ မနှောင့်ယှက်ဘဲ တည်တံ့ခိုင်မှန်မှန် ကျင့်သုံးနေထိုင်လေ၏။ မြစ်အနောက်ဘက်ရှိ သုနာပရန္တတိုင်းဟု ရှေးကခေါ်လာခဲ့သော အရပ်တို့ရှိ အရည်းတို့ကလည်း မြစ်မကြီးအရှေ့ဘက်ရှိ အရည်းတို့သည် ကျောင်းလွှတ်ပုဇော်မှုကို မယူဘဲ၊ စွန့်လွှတ်လိုက်ကြပြီဟု ကြားကြရသဖြင့် သေည်လည်ပိုက်ဘုရင်ကို အထူးပြုကာ လေးမြတ်လာကြလေ၏။ ထို့ကြောင့်သေည်လည်ပိုက်ဘုရင်၏ ဩဇာတော်သည် နိုင်ငံတော်၌ အတော်ပင်ကြီးမားလာလေသည်။

တမွဝတီ၊ သမထီးအစရှိသော အရပ်တို့ရှိ အရည်းတို့မှာလည်းဘုရင်မင်းမြတ်၏ နှောင့်ယှက်ခြင်း၊ စွက်ဖက်ခြင်းမှကင်း

ရှင်းသဖြင့် မိမိတို၏ ကျောင်း၌ မိမိ သဘောရှိ နေနိုင်လေ၏ရကား သူတလူ ငါတမင်းဖြစ်နေကြ၍ များစွာနှစ်ထောင်းအားရခြင်း ရှိနေကြကုန်၏။

အရည်းတို့သည် ထိုသို့အခွင့်အရေး ရှိနေကြသော်လည်း ကျောင်းလွှတ်ပူဇော်ခြင်းကို မခံနိုင်ကြသဖြင့် မိမိတို့နှင့် ကျွမ်းရာ၊ မိမိတို့ကြိုက်သော စူးရှရာအိမ်များတို့သို့ညဥ့်အချိန်သွားရောက်ကြလျက်၊ အချို့အရည်းဆရာများမှာ ညဥ့်အချိန်ကုန်မှ မိမိတို့သွားရောက်လည်ပတ်သော အိမ်က ပြန်လာကြခြင်း များကြလေ၏။

ထိုသို့သောသဘောသည်ဖြစ်နေရာကြောင့်၊ အရည်းဆရာများသည်တဦးပြီးတဦးပျောက်၍သွားသည်မှာအရည်း တကျော်ခန့်မျှပင်ရှိလာလေ၏။ငင်းကိုတကာများကမေးမြန်း စုံစမ်းကြသောအခါ၊အရည်းများသည် ထွက်ရတ်လမ်းပေါက်၍ ထွက်သွားကြသည်ဟု လှည့်စားကာ ပြောဆိုနေကြလေ၏။

ထို့ကြောင့် အရည်းများသာသနာသည် သေည်လည်ပိုက်မင်းလက်ထက်၌ တည်မြဲခိုင်ခန့်နေသည်ဟု မဆိုသာချေ။ ထိုကဲ့သို့ဖြစ်သော်လည်း ဗုဒ္ဓဘာသာ တရားမှန်၊အကျင့်မှန်သည် ထွန်းတောက်လေသလောဟုဆိုသော်၊ ဝိနည်းဒေသနာကံ မရှိခြင်းကြောင့်၎င်း၊ မှန်ကန်သည်ဟု ယူဆရသော ဗုဒ္ဓဘာသာစာပေကျမ်းဂန်မရှိခြင်းကြောင့်၎င်း မှန်ကန်သည်ဟု ဆိုသော ဗုဒ္ဓဘာသာသည်လည်း မထွန်းတောက်ချေ။

ထိုသို့လျှင် အရည်းများ၏ သာသနာကို ထိခိုက်လာမှန်း မသိထိခိုက်လာရာ၌ အချို့သည် မကြေနပ်ကြချေ။ အချို့ကား

ကိုယ့်မင်းကိုယ့်ချင်းနှင့် နေရ၍ အများက သဘောမတူဘဲ ဂိုဏ်း၌ အရေးကိစ္စကြီးဟူသမျှကို မဆောင်ရွက်ရခြင်းကြောင့် ကောင်းစွာကြေနပ်နှစ်သိမ့်နေလေ၏။

ထိုသို့သော အခိုက်အတန့်၌ တောင်နိဂုံးမှ သူကြွယ့်သမီး စောရီနှင့် တောင်နိဂုံးမှပင် သင်္ဘောကုန်သည်ကြီးသားမောင်မှိန်တို့သည် လူငယ်တို့၏ ဘာဝ တဦးနှင့်တဦးကို အချစ်ကမ်းကာ ရှိနေကြလေ၏။

တနေ့သော် နေ့အချိန်၌ပင် မောင်မှန်နှင့် စောရီ တို့သည် အပျိုလူပျိုသဘာဝ ဤသို့ပြောဆိုနေကြလေ၏။

'မစောရီရယ်....ယခု တပတ် သင်္ဘောသွားပြီး အပြန်တွင် တောင်းပါရစေ....သဘောတူပါ...'

'သဘောတူပေ့ခက်တယ့်ကိုမှန်....ကျွန်မ သည်အကြောင်းကိုစဉ်းစားမိတိုင်းအလွန်စိတ်မချမ်းသာပါ....'

'ဘာကြောင့်တုန်းဗျာ....'

'ကျွန်မရဲ့ မိဘများဟာ....အရည်းများ၏ဝါဒနှင့်အရည်းများဟောပြောတဲ့ တရားကိုအလွန် နှစ်သက်သဘောကျကြပါတယ်။ ကိုမှန်ရဲ့မိဘများက သာပြီးအရည်းများရဲ့ဝါဒကိုနှစ်သက်နေပါတယ်....'

'ဒါဘာဖြစ်သလဲ....မစောရီရဲ့....မိဘများမှာလဲ အရည်းရဲ့တန်ခိုးကြောင့် ကျွန်တော့မိဘများမှာလဲ အရည်းရဲ့ တန်ခိုးကြောင့် ချမ်းသာကြွယ်ဝနေတာဘဲ....'

'ဟုတ်တော့ ဟုတ်တယ်ဘဲထားပါ....ဒါပေ့....'

'ပြောပါ....'

‘ခုဘုရင်မင်းမြတ်က အရည်းသာသနာတော်ကြီးကို သိမ်းပိုက်ထားတော့ ကျောင်းလွတ်ပုဇော်ခြင်းကိုတော့မပြုရဘူး၊ ပန်းဦးလွတ်ပုဇော်ခြင်းကိုတော့ပြုရလို့ ကိုးကွယ်တဲ့ဆရာ အရည်းများဟာ ညအချိန်အိမ်ကို တိတ်တိတ် လူမသိအောင် လာပြီးအလှူခံကြပါတယ်....’

‘အင်း....အရည်းများဟာသိပ်ယုတ်တာဘဲ....’

‘ယုတ်တာကတော့ ပြောစရာ မရှိဘူး....ကျွန်မကို အပျိုဘော်ဝင်ကတဲက အရည်းဓမ္မစေတီမှာ ပန်းဦးလွတ် ပုဇော်စေလိုတယ်....ကျွန်မကသဘောမတူဘဲ ညင်းဆံလာလို့ ကျွန်မလွတ်လာခဲ့ပါတယ်....’

‘အင်း....’

‘အင်း ယခု ရှင်နှင့်ကျွန်မကိုထိမ်းမြားလက်ထပ်ဘို့ရန် အမေ့အားပြောပြတော့ ညည်းသုံးညတော့ ဆရာတော်ဘုရားထံမှာပန်းဦးလွတ်ရမယ်....ရှင့်အမေကလဲ သည်လိုမှ မြင့်မြတ်တဲ့မိန်းမပီသပြီး သားကောင်း၊ သမီးကောင်းများကို မွေးဖွားရမယ်၊ သို့မဟုတ်ကမင်းမှုထမ်းအစုတ်ပရုတ်များလို သုညာကာယတွေမွေးဖွားလာရပြီး၊ သုညာကာယ လူမျိုးကို ဖန်တီးရာရောက်မတဲ့၊ ကျွန်မကိုအတန်တန်နားချနေပါတယ်....’

‘အင်း....’

‘ကျွန်မကလဲ ဒါကို သဘောမတူနိုင်ပါ....အင်မတန် စက်ဆုပ်ပါတယ်....ဒီလိုပန်းဦးလွတ်ကာ မပုဇော်ရဘဲနှင့် ထိမ်းမြားလက်ထပ်ခြင်းကို မပြုနိုင်၊ ကိုယ့်ဘာသာ တရားကို ကိုယ်ဖျက်ဆီးရာရောက်မယ်တဲ့....’

'ခက်တယ်ဗျာ....'၊

ထိုနောက်စောရီနှင့် မောင်မှန်သည် တီးတိုး တိုင်ပင်ကြပြီး နောက်မောင်မှန်သည်ပြန်သွားလေ၏။

စောရီသည်လည်း မောင်မှန်နှင့် ထိမ်းမြားလက်ထပ်ရန် ကိုသာစိတ်စွဲလန်းနေသဖြင့် များမကြာမီပင် စောရီသည် သူ့အမေအား ဤသို့ပြောလေ၏။

'အမေ....အမေတို့ရဲ့အယူဝါဒလဲ မပျက်ရအောင် အမေတို့ကိုးကွယ်တဲ့ အရည်းဆရာတော် ဓမ္မဓဇမှာ ပန်းဦးလွှတ်ပါ့မယ်....ဒါပေ့ အမေရယ်၊ သုံးညတော့ ကျွန်မ မပူဇော်နိုင်ပါ၊ တညသာပူဇော်ပါရစေ....'

'အေးကောင်းပြီ....တညဘဲညည်းပူဇော်တော့....'

'ဟုတ်ကဲ့ပူဇော်ပါ့မယ်....'

'ဘယ်နေ့ ပူဇော်မလဲ ...'

'သဘက်ကာ ညမှာ ပူဇော်ပါမယ်....'

× × ×

အရည်းဆရာတော် ဓမ္မဓဇသည်လည်း စောရီ၏ မိဘများက အလှူခံပင့်သောကြောင့် အလွန်သဘောကျ၍ပင့်သောနေ့၏ ည သူငယ်အိပ်ဆိပ်ချိန်၌ စောရီတို့၏ အိမ်သို့ သွားရောက်လေ၏၊

ဓမ္မဓဇသည် စောရီထံရောက်လတ်သော် စောရီ၏ အခိုင်းအစေတို့သည် ဓမ္မဓဇကို ကောင်းစွာ ဧည့်ခံကြ၍ ခဏ ကြာသော် စောရီ၏ အခန်းထည်းသို့ ဓမ္မဓဇကို ပို့လိုက်ပြီးသော် အပြင်မှတံခါးကို ခိုင်လုံစွာ ပိတ်ထားလိုက်ကြလေ၏။

စောရီသည်သည်း ဓမ္မဇေကို ခဏ မော်ကြည့်ပြီးနောက် မိမိ၏ အခန်းနောက်ဖေးပေါက်မှ ရုပ်ပျောက်ထွက်သွားကာတံခါးကို အပြင်မှ ဖွင့်မရအောင် ချည်နှောင် ထားခဲ့လေ၏၊ ဓမ္မဇေသည်လည်း စောရီသည် ပြန်၍လာလတံ့ဟု မျှော်နေ၏၊ သို့သော် စောရီသည် မလာဘဲ ပျောက်သွားသကဲ့သို့ဖြစ်နေတော့၏။ ထိုသို့နှင့် စောင့်ဆိုင်းနေရင်း သက်ကြီးခေါင်းကျအချိန်သို့ရောက်၍ အချို့ကြက်ကြီးများသည်တွန်ကြလေ၏။

စောရီ၏ အမှုလုပ်များလည်း အပြင်မှ စောရီ့အခန်းတံခါးကို ဖွင့်ထားလိုက်ပြီးသော်အိပ်ပျော်ကျွန်မြဲနေကြလေ၏။ အရည်းဆရာတော် ဓမ္မဇေသည် စောရီမပေါ်လာသဖြင့် အကြံသည် မဟန်တော့ဘဲ စောရီ့အခန်းထဲမှထွက်လာခဲ့ရာတအိမ်လုံးသည် အိပ်ကြ၍ရှူးရှူးသံနှင့်ဟောက်သံများကိုသာ ကြားရလေတော့၏။

သို့နှင့်ပင်အရည်းဆရာတော်ဓမ္မဇေသည် မှိန်မှိန်လင်းထားသော အလင်းရောင်အားဖြင့် စောရီတို့၏ အိမ်ထက်မှဆင်းပြီးသော် တကိုယ်တည်း သင်္ကန်းကိုခေါင်းတွင်ခြုံပြီးလျှင်ပြန်လာခဲ့ရလေ၏။

ဓမ္မဇေလည်း နက်ဖြန်တော့သိရစေမည်၊ငါ့ကိုသက်သက်မဲ့ အရှက်ခွဲသည့်သင်းတို့ကိုကြည့်မည်ဟု ဒေါသကိုရှေ့ထား၍စဉ်းစားကာလာနေစဉ် လူသုံးယောက်သည်ခေါင်းကိုအဝတ်ထုထူနှင့်အုပ်ကာဘမ်းပြီးသော်အရည်းဓဇေကိုခေါ်သွားလေ၏၊

အရည်းဓဇေသည် မည်သို့မျှ ခံခြင်းငှါမတတ်နိုင်ဘဲ ထိုလူများ ဘမ်းခေါ်သွားရာသို့ လိုက်ပါသွားရလေ၏၊ အရည်းဓဇေ

သည် တနေရာလုံခြုံသောအခန်းတခု၏ အတွင်း၌ ရောက်နေသည်ကို မသိချေ၊ အချိန်မှာလည်း အတော်ပင် ညနက်လာလေပြီ။ သို့သော် အရည်းဇေသည် ၎င်းရောက်နေရာအခန်းမှ ရေသံကိုကြားရသဖြင့် မိမိသည် ရေပေါ်သို့ ရောက်နေရပြီဟု ထင်နေ၏။

အရည်းဇေသည် ကြာသော်ထိုအခန်းထဲ၌ပင် အပေါ့သွားပြီးနောက်အိပ်ပျော်သွားလေ၏။ ၎င်းသည်မိုးစင်စင်လင်းသောအခါ အိပ်ရာမှနိုး၍ ဟိုဟိုသည်သည် ကြည့်မိသောအခါ သင်္ဘောပေါ်၌ ပါလာရကြောင်းကို သိရလေတော့ပြီ။

စောရီသည်ကား မျက်နှာပိုးသတ်၍ စိတ်မကြည်ဟန်ပြုပြီး သော်လုပ်ကိုင်ဆောင်ရွက်စရာတို့ကို အချေမပျက်ဘဲ လုပ်ကိုင်ဆောင်ရွက်ကာ နေလေတော့၏။

နေ့လည်ချိန်သော် စောရီ့အမေသည် ခစောရီအား၎င်းသို့ ပြောလေ၏။

'ဟယ် စောရီရယ်....ဒို့ဆရာတော် ဓမ္မဓဇ ကျောင်းမှာမရှိဘူးတဲ့....'

'အမေ အရည်းသူယုတ်မာကို ကျမအဲဒါသိမလဲ....'

'ဟယ် ....ညည်းဘယ့်နှယ်ပြောသလဲ....'

'သူယုတ်မာဟာ သူယုတ်မာပေါ့....'

'ညည်းနှယ်အေ....ညည်း ငရဲကြီးမယ်....'

'ကြီးစမ်းပါစေ၊ ငါးစည်းပြီးငရဲခံမယ်၊ ကတဲလူ့ကိုအားမရနိုင်တိုင်းနိုင်းချေတာဘဲဖွတ်ဖွတ်ကြေလို့၊ ပြီးတော့လဲ မတော်တရော် ဟိုမွှေး သည်မွှေး လျှာနှင့်ရက်လိုရက်....'

'ညည်းနှယ်အော....ညည်း တွေကရာပြောတာဘဲ....'

'အမေတို့ကိုးကွယ်တဲ့အရည်းရဲ့အကျင့်ယုတ်တို့ပြောတာပါ၊ ကျွန်မ မသထာဘဲနှင့် သူ့ထံမှာ ပန်းဦးလွှတ်ကာပူဇော်ပြီးပြီ၊ ကျွန်မ ကိုကိုမှန်နှင့် ထိမ်းမြားလက်ထပ်ပေးပါတော့....'

'နေပါအုံးဟယ့် အရည်းဓမ္မဇ ပျောက်နေလို့....'

'မဆိုင်ပါဘူးဒေါ်မေရယ်၊ နွားသိုးပျောက်ထာကိုသာရှာလို့ရမှာပေါ့၊အရည်းပျောက်သွားတာကိုဘယ်မှာရှာမလဲ၊သူမိန်းမချောချောလှလှနှင့်တွေ့ရင် လိုက်သွားမှာပေါ့....'

× × ×

ဓမ္မဇ၏တပည့်အရည်းများသည် ဓမ္မသာမိထံ သွားရောက်ကြ၍ ၎င်းတို့၏ဆရာတော် ဓမ္မဇသည် ပျောက်သွားကြောင်းကို လျှောက်ထားကြလေ၏။ ဓမ္မသာမိသည်းအလွန်အံ့အားသင့်လျက်ငါ့ရှင်တို့....ငါနှင့် ဓမ္မဇသည် မနေ့က ညနေမှာပင်နဂါးပူဇော်ပွဲကို ပြုလုပ်ရန် တိုင်ပင်နေသေးတယ်၊ ခက်တယ....သည်လိုနှင့် အရည်းများ ပျောက်ပျောက်သွားတာလဲ များနေပြီငါလဲ ဘုရင်မင်းမြတ်ထံဝင်ပြီး အကြောင်းကိုပြောရမှာဘဲ၊ ငါ့ရှင်တို့အား ငါ ဩဝါဒတခုပေးချင်တယ်။ ငါ့ရှင်တို့ နားစွဲလျှင်တော်လိမ့်မယ်ထင်တယ်....'ဟုဆိုလေ၏။

ဓမ္မဇ၏တပည့် အရည်းငယ်များလည်း 'တင်ပါ့....ဩဝါဒပေးပါ....'ဟု တောင်းပန်ကြလေ၏။

'ငါ့ရှင်တို့ မေထုန်မှုကို အလျှုမခံကြနှင့်၊ ဘယ်လိုပင်တကာ တကာမများက လှူပေမယ့် အလှူမခံကြနှင့်....'

'တင်ပါ့....'

'ကြည့်ကွယ့် ခွေးနှစ်ကောင် အသေအလဲ သဲ့သဲမဲ့မဲ့ကိုက်တာဟာ သည်မေထုန်မှုဘဲ၊ ကျွဲနှစ်ကောင်ခတ်တာလဲ ဒါဘဲ။ အဲသည်တော့ ဒါကို ကြိုက်သူလဲရှိ၊ မကြိုက်သူလဲရှိ၊ များသောအားဖြင့် ပုထုဇဉ်သားဆိုတာဟာ ကိုယ်ချစ်တဲ့မိန်းမကို သူတပါးက စေ့စေ့စပ်စပ်ကြည့်တာကိုတောင် မနာလိုဘူး၊ သဝင်တိုတယ်၊ အဲသည်တော့ ရဟန်းများမှာ ဘေးကြီးတခု၊ သည်တော့ ဒို့အရည်းများမှာလည်း ဘေးကြီးတခုဘဲ....'

'တင်ပါ့....'

'ခုပျောက်ပျောက်သွားတဲ့အရည်းများကိုလျော်အောင်သာ တကာတကာမများအားပြောထားရတယ်၊စင်စစ်တော့မေထုန်အတွက် ကျောင်းမှာလာ၍ မပူဇော်ရတော့ အိမ်တိုင်ရာရောက်သွားပြီး အလှူခံကြတယ်၊ သည်လိုအရည်းတွေဟာ ပျောက်ကုန်တာဘဲ၊ ငါ့ရှင်တို့ သတိထားကြ....'

'တင်ပါ့....'

'ငါလဲ့ တနေ့မှာ ဘုရင်မင်းမြတ်ထံဝင်ပြီးအကြောင်းကိုတိုင်ပင်ရအုံးမယ်....'

စောရီနှင့် မောင်မှန်ကိုလည်း ၎င်းတို့၏မိဘများသည် ပူပူနွေးနွေးပင်လက်ထပ်ပေးကြရလေ၏၊ (မေထုန်မှုနှင့် ပတ်သက်က မထိန်းသိမ်း မချုပ်တည်းလျှင် သူ့ခေတ်နှင့်ခေတ် အရှုပ်မပြေသေးချေ)

အရည်းမမွှသာမိသည် မကြာမီပင် ဘုရင်မင်းမြတ် သေည်လည်ပိုက်ထံ ဝင်၍ ဤသို့ ပြောဆိုနေကြလေ၏။

'အရည်းဆရာ ဘာများအကြောင်းထူးသလဲ....'

'တကာတော် အကြောင်းထူးကတော့ ထိတ်စရာလန့်စရာ ဖြစ်နေကုန်ပြီ....'

'အမိန့်ရှိပါ....'

'အရည်းကျောင်းထိုင်များဟာ ခဏခဏ ပျောက်ပျောက် သွားပါတယ်....'

'ဒါကို ဘယ့်နှယ်လုပ်ရမလဲ....'

'စောင့်ရှောက်ပေးတော်မူပါ....'

'ဟာ....ဆရာတော့်နှယ်၊ အရည်းများကိုကျွဲလို နွားလို ချည်ထားလို့မှ ရတာမဟုတ်ဘဲ၊ သူတို့သွားချင်တာသွား၊ လာချင် တာလာနေတာဘဲ၊ သူတို့ရဲ့သဘောအတိုင်းသွားလာနေကြမှာ ပေါ့....'

'တကာတော် ပျောက်ချက်ကဆန်းလို့ပါ....'

'မဟုတ်ပါဘူးအရည်းဆရာ။ ဘယ်ကိုသွားလို့ ဘယ်မှာ ပျောက်ထာလဲ၊ ကျောင်းမှာနေလို့ပျောက်ရင်လဲ ကျောင်းက အရည်းများ သိရမယ်၊ ဘယ့်နှယ် သူတို့ကို ကျွန်ုပ်ကစောင့် ထိန်းပေးလို့ ဖြစ်ပါမလဲ....'

'ခက်နေပြီ တကာတော်....'

'အရည်းဆရာ စဉ်းစားပါ.... အရည်းဟာ ဘယ်နေရာမှာ သေနေတယ်။ ဘယ်နေရာမှာ ဘာဖြစ်နေတယ်၊ အရည်းများ ကျောင်းကို လာပြီး ဘယ်လိုစော်ကားတယ် ဆိုရင်လဲ၊ ထိန်း သိမ်းစောင့်ရှောက် ကာကွယ်အံ့လွယ်တယ်၊ ယခုတော့ပျောက် ချင်သလို ပျောက်ထာကို ဘယ်လိုကာကွယ် စောင့်ရှောက်ရ မလဲ....'

'မင်းမှုထမ်းများနှင့်....'

'လူကြားမကောင်း၊ သူကြားမကောင်း၊ နွားကိုထိန်းတာလို အရည်းများကို မင်းမှုထမ်းများက ထိန်းရမလို့၊ တော်တော် ကြာအမှုထမ်းများက အရည်းများကို ချုပ်ချယ်ကုန်ပြီလို့ ဖြစ် လာအုံးမယ်၊ ခက်ပါတယ်အရည်းဆရာ....'

'ဒါတော့ တကာတော် ဂရုစိုက်ပြီး....'

'နေနေ....အရည်းဆရာ....အရည်းဆရာတို့ အရည်းဂိုဏ်း ကြီးကို အရည်းဆရာတို့ပြန်ယူ....ကျွန်ုပ်လည်း မထိမ်းလိုဘူး.... အရည်းများအမှုဟာအင်မတန်ပွေတယ်.... ကျောင်းလုကြတာ ကတမျိုး၊ ကျောင်းမှာသူခိုး ခိုးတာကတမျိုး ရှုပ်တယ်၊ အ ရည်းဆရာများရဲ့ဂိုဏ်းကြီးကို ပြန်ယူကြတော့....'

'ဟာ....တကာတော်....သည်လိုတော့ ဘယ်မှာဖြစ်မလဲ'

'မဖြစ်ရင် အရည်းများပျောက်မသွားရအောင်၊ အရည်းဆဲ ရာများကဘဲထိန်းပေါ့....အရည်းများကို သူတပါးက မစော် ကားရအောင် အရည်းများရဲ့ဘာသာကို သူတပါးကမနှောင့် ယှက်ရအောင်သာစောင့်ထိန်းနိုင်မယ်....'

ဓမ္မသာမိ အရည်းသည်ကားဘုရင်မင်းမြတ်နှင့်စကားစေ့ စပ်၍ မရနိုင်သဖြင့် ပြန်ရလေ၏။

အရည်းဓမ္မသာမိသည် အရည်းဂိုဏ်းကိုချစ်သလော၊ သ ဘောကို ချစ်သလော၊ ပုဂ္ဂိုလ်၌ ညိတွယ်ခြင်း သဘော ရှိသ လော၊ အရည်းဂိုဏ်းကြီး ပျက်စီးယိုယွင်း၍ သွားမည်ကို အ လွန်စိုးရိမ်လေသည်။ ၎င်း၏ အမြင်သည်ကား မှားသည်လည်း ဖြစ်တန်ဖြစ်မည်။ မှန်သည်လည်း ဖြစ်တန်ဖြစ်မည်။ လောက

သဘာဝသဘောသည်ကား ကိုယ်ဖြစ်ချင်သလို မဖြစ်ရဘဲ၊ သူ ဖြစ်ချင်သလိုသာပင် ဖြစ်ရပေတော့သည်....'

ဝင်း၏ အမြင်နှင့် အယူအဆမှာ အကယ်၍အရည်းဂိုဏ်းကြီး ပျက်စီးသွားချေသော် မြန်မာတို့၏ ရှေးဟောင်းအဘိုးတန်အတတ်ပညာ အမျိုးမျိုးများတို့သည် ပျက်စီးယိုယွင်းရုံမျှမက အမွေအနှစ်မှမကျန်ရအောင် ပျောက်ပျက်သွားရပေလိမ့်မည်။ ထိုအခါ အနောက်နိုင်ငံစုမှ ဒါရှိဝိဒ်ယ တို့၏ ယဉ်ကျေးမှုနှင့် အယူဝါဒတို့ လွှမ်းမိုးလာပြီးသော်၊ မြန်မာတို့၏နိုင်ငံသည် အပျော်အပါးနိုင်ငံတော်ကြီး အဖြစ်နှင့် အောက်တန်းသို့ ရောက်သွားလိမ့်မည်ဟု ထင်မြင်ပေသည်။ အဘယ်ကြောင့်ဆိုသော်အရည်းများသည် နေမျိုးဖြစ်သောမြန်မာတို့၏အတတ်ပညာများကို ကော်ကနအဖြစ်နှင့် များစွာ မတတ်မြောက်စေကာမူ၊ တခုကောင်း၌ ပါရဂူမြောက် တတ်မြောက်ကြသောအရည်းဆရာကြီးများရှိနေပေသည်။ ထို့ကြောင့် ဓမ္မသာမိသည် အရည်းဂိုဏ်းကြီး တည်တန့်ရန်အတွက် များစွာ အလိုရှိနေပေသည်။

ယခုအခါ၌ အရည်းဆရာကြီးများသည်ဝင်း၊ ကျောင်းထိုင်ပညာတတ်အရည်းကြီးများသည်ဝင်း၊ခြေရာမရှိ ပပျောက်သွားသဖြင့် ဓမ္မသာမိသည် အလွန် စိုးရိမ်ကာ ရှိလေသည်။ ထိုသို့သော သဘောကြောင့် အရည်းဂိုဏ်းကြီး တည်တန့် နိုင်မြဲရန်မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို ကြံဆကာ မဝေ မခွဲသာဘဲ ရှိနေလေတော့ပြီ။

ထိုသို့သော အခိုက်အတန့်၌ အရည်း ဓမ္မသာမိ၏တကာကြီး ပန်းဘဲဆရာကြီးဦးထော်သည် အရည်းဓမ္မသာမိ၏ ထံသို့ ရောက်လာ၍ ဤသို့လျှင်စကားပြောဆိုနေကြလေ၏။

'ဘာကိစ္စရှိသလဲ....တကာကြီး....'

'ယခု....သတင်းကောင်းတခု....ပေါ်ပေါက် လာပါတယ်....'

'ဆိုပါ....'

'ငှက်ပစ်တောင်က အရည်းတပါး မြောက်ပြင် ဓမ္မရက္ခိတကျောင်းမှာရောက်နေပါတယ်....'

'အင်း....ဒါဟာ ဘာဖြစ်သလဲ....'

'အဲသည် အရည်းက သမထိ ေ်းအရပ်က အရည်းများဟာ မိမိတို့ရဲ့ အရည်းဂိုဏ်းကို ဘုရင်အား လွှဲတာဟာ မှားတယ်၊ ဘုရင်နှင့် အရည်းဂိုဏ်းဟာ ဘာမှမဆိုင်၊ အရည်းကသာတိုင်းပြည်နိုင်ငံကို လွှမ်းမိုးအုပ်ချုပ်သင့်တယ်လို့ အခိုင်အမာ ပြောပြီး ဝါဒဖြန့်နေပါတယ်....'

'ဧချမ်းချမ်းနှင့် ဂိုဏ်းချုပ်ကြီးဘယ်သူလုပ်နိုင်မလဲ....'

'ကိုယ်တော်အား ဂိုဏ်းချုပ်ကြီးအဖြစ်ကို သူကမဖြစ် ဖြစ်ရအောင် ကြံဆောင်တင်မြှောက်မတဲ့....'

'တကာတော် ကျုပ်ပြောပြမယ်....'

'ကျုပ်ကို ကြည်ညိုပြီးသဘောကျတဲ့ အရည်းများရှိတယ်၊ ဒါပေ့ မကြည်ညိုပြီး သဘောမကျတဲ့ အရည်းများက များစွာရှိတယ်....တကာတကာမတို့မှာလည်း သည်လိုဘဲ၊ တကာမများကသာပြီး ကျုပ်ကိုသဘောမကျ၊ မကြည်ညို၊ မနှစ်သက်ကြဘူး။ ဒါကို တကာတော် သိတယ်မဟုတ်လား....'

'တင်ပါ....'

'ဘာကြောင့် ကျုပ်ကို မကြည်ညိုမနှစ်သက်ကြဘူး ဆိုတာကိုတော့ တကာတော်မသိပေဘူး....'

'ဒါကိုတော့ မသိပါဘုရား....'

'ကျုပ်ကတော့ ရှင်းရှင်းနှင့်ဖွင်းဖွင်းဘဲ၊ အရည်းများ မေထုန်အလှူကိုခံတာသဘောမကျဘူး၊ ကျုပ်လဲအလှူ မခံဘူး၊ တကာမများက မေထုန် အလှူလှူတာကို ကျုပ်က ရွံတဲချတယ်၊တကာခမျာကသူတို့ သည်အလှူကိုအလွန်လှူချင်တယ် မလှူရဘဲကိုမနေနိုင်။ ယခုကျောင်းလွှတ် ပုဇော်ခြင်းကို မပြုရတော့ အိမ်ကိုပင့်ကြတယ်။ကိုင်း....ဘယ့်နှယ်လဲ၊ ယောကျ်ားများကတော့ ကိုယ့်မိန်းမကိုယ်နိုင်အောင် မဆုံးမမနှိမ်နင်းနိုင်ဘဲ၊ အရည်းများကိုဖျောက်ဖျက်ပစ်ကြတယ်၊ ဒါဟာ ကျုပ်အယူဘဲ၊ မှန်ရမယ်....'

'ကိုယ်တော်....မေထုန်အလှူကို မခံကောင်းဘူးလား '

'တကာ....သည်လိုရှိတယ်....'

'တင်ပါ့....'

'ရဟန်းဝတ်ချင်လို့ ဝဋ်ဆင်းရဲမှလွတ်အောင် ရဟန်းဝတ်ချင်လို့ ဝတ်တဲ့ရဟန်းရှိတယ်၊ သည်ရဟန်းကရဟန်းအစစ်၊ ရဟန်းအစစ်ဆိုတာ ကိလေသာ အာသဝေါတရား မကုန်ခမ်းစေကာမူ၊ အိမ်ထောင်မှ တည်းဟူသော ချက်ပြုတ်စားသောက်ခြင်းမှစ၍ မီးဖိုချောင်၊မိမိ၏နေရာထိုင်ခင်းများ၊ ဂုဏ်ကြီးမှုများ၊ တင့်တယ်မှုများ၊ထင်ရှားမှုများကိုအားလုံး ပယ်တဲ့ အမြင်၊ကာမဥမေထုန်မှုကို ပေါက်ဖွား ထက်သန်လာစေတတ်သောအရာအသောက်အနေအထိုင်မှစ၍ အာရုံခြောက်ပါးတို့ကို ခြိုးခြံနိုင်သရွေ့ ခြိုးခြံပြီးသည်းခံကာနေတယ်ကျုပ်ရဲ့ အမြင်ဘဲ....'

'တင့်ပါ့....'

'အဲသည်လို ရဟန်းမရှိတော့ ရဟန်းရဲ့ အသွင်အပြင်ကို

ဆောင်စေပြီး လူတို့ကရဟန်းရယ်လို့ သမုတ်ထားတယ်....အဲ သည်ဟာတွေဟာ ဘယ်မှာရဟန်းအစစ်ဟုတ်မလဲ၊ ဒါကိုသည် လိုရဟန်းကို အရည်းအဖြစ်နှင့် ပညတ်တချိုးတင်ထားတယ်၊ အဲ့သည်အရည်းကို လူတို့က ရဟန်းဆိုရဟန်းပေါ့၊ ရဟန်းမ ဟုတ်ဘူးဆိုရင်လဲ၊ မဟုတ်ဘူးပေါ့၊ ခုတွင်ကပြောတဲ့ ရဟန်း ကိုတော့ ရဟန်းမဟုတ်ဘူးဟုစော်ကားရင်အပါယ်ခွင်သို့တန်း လို့၊ အဲသည်တော့ အချုပ်မှာ အရည်းဘဲဖြစ်ဖြစ်၊ ရဟန်းဘဲ ဖြစ်ဖြစ်၊ အရှက်အကြောက် နှစ်ပါးကိုသိမ်းဆည်းရမယ်....'

'တင်ပါ့....'

'အရှက်အကြောက် နှစ်ပါးကိုသိမ်းဆည်းရင် ရွှေ ငွေ ကျွဲ နွား၊ဆင်၊မြင်း၊လယ်၊ယာ၊ မိုးမြေ စသည်တို့ကို အလှူမခံရ ဘူး၊ မသိမ်းဆည်းရဘူး၊ မစုဆောင်းရဘူး၊ မလုပ်ကိုင်ရဘူး၊ ကိုင်း....ဘယ်နှယ်လဲ....'

'တပည့်တော်ကိုလဲ ဒါကြောင့်ဘဲလူအများကလူ့ကပ်ဖဲ့ဆို နေကြပါတယ်....'

'ပြီးတော့ သတ္တဝါကို သေစေတဲ့လက်နက် မပြုလုပ်ရဘူး၊ မကိုင်ဆောင်ရဘူး၊ မစုဆောင်းရဘူး၊ လူနှင့်အတူ မပြုမူ မဆောင်ရွက်ရဘူး....၊ကျုပ်က သည်လိုအယူရှိနေတယ်....'

'တင်ပါ့....'

'အဲသည်တော့ လူကသမုတ်ထားတဲ့ အရည်းတွေဟာ.... စကတည်းကမှ ရဟန်းမဟုတ်ဘဲ၊ ရဟန်းဖြစ်စေဆိုလို့ ရဟန်း မဖြစ်ဘူး၊ ရဟန်းကျင့်ကျင့်မှ ရဟန်းဖြစ်တယ်၊ ကာမမေထုန် အလှူကိုခံတာနှင့် သူတို့မှာဘာအကြောင်း ထူးမှာလဲ၊လူများ

ကလဲ သဘောကျနေတာကို၊ ကိုယ့်မယားနှင့်ပူဇော်ပြီး သူက ရဟန်းပါလို့ သမုတ်ထာကို၊ ဘယ့်နှယ်တတ်နိုင်မလဲ၊ ဒါကို ဘဲ တကာတော်စဉ်းစား....'

'တင်ပါ့....'

'အဲသည်တော့ ကျုပ် အရည်းဂိုဏ်းချုပ်လုပ်ရန်ကို အများ စုက မထောက်ခံနိုင်ဘူး....'

'အဲသည် အသစ်ရောက်လာတဲ့ အရည်းက၊အရှင်ဓမ္မသာမိ က ဂိုဏ်းချုပ်အဖြစ်ကိုလက်မခံရင် သူလက်ခံမတဲ့၊ သူနိုင် အောင် အုပ်ချုပ်ပေးမတဲ့၊ သည်လို သတင်းဖြစ်ပြီး ဝါဒပြန့် လာပါတယ်....'

'သူ့ဘွဲ့ ဘယ်သူတဲ့လဲ....'

'ကပိန္ဒာဘိဝံသပါတဲ့ဘုရား....'

ဓမ္မသာမိကား တွေကာ အနည်းငယ်စဉ်းစားပြီးနောက်....

'သိပြီ သူဟာ ငှက်ပစ်တောင်က မဟုတ်ဘူးလား....'

'ဟုတ်ပါတယ်....'

'သူ့အကြောင်းကို တကာတော်သိရဲ့လား....'

'မသိပါဘုရား ..'

'သည်လို....'

'တင်ပါ့....'

'ရွာစိုက်ရွာမကြီးမှာ သူဌေးကြီး ဦးထင်ပေါ်ဟု ရှိတယ်၊ ကျုပ်လဲ တဆင့်အကြားပေါ့....'

'တင်ပါ့....'

'ဦးထင်ပေါ်ဟာ ငှက်ပစ်တောင်က အရည်းဆရာတော်ကြီး

က မစရိုးမြောက်ခြင်းကြောင့်ရွှေသူဌေးကြီးတဦးဖြစ်လာတယ်၊ သူ့မှာ သမီးကလေး မယ်ရွှေဟုရှိတယ်၊ မယ်ရွှေဟာ သူ၏ပါ ရမီအလျောက် အရုပ်အဆင်း အလွန်လှပတဲ့အပြင် အသိ အလိမ္မာနှင့် ဥာဏ်လဲရှိတယ်....'

'တင်ပါ....'

'မယ်ရွှေဟာ အသက် ဆယ့်လေးနှစ်ရှိလို့ အပျိုဘော်ဝင်တော့ မယ်ပြုတော့....'

'တင်ပါ....'

'ငှက်ပစ်တောင်က အရည်းဂိုဏ်းချုပ်ကြီးဟာ အင်မတန်ညစ်စုတ်တဲ့အကြံရှိတယ်၊ ဦးထင်ပေါ်နှင့် မသေးတာတို့မှာ သမီးကလေး မယ်ရွှေရလာတော့ မသေးတာရဲ့ ကာမမေထုန်ကို အလှူခံ၊ မသေးတာအား နောက်ထပ် ကလေးရအောင်ဆေးကျွေး....'

'အော်....သိပ်ယုတ်ပါကလား....'

'သည်လိုယုတ်ခြင်းဟာ တယောက်ယုတ်နှင့်မဖြစ်ဘူး၊ သုံးဦးသုံးဖလယ်ယုတ်မှ ဖြစ်နိုင်တယ်....'

'တင်ပါ....'

'ဘာကြောင့် သည်လိုကြံစည်ရသလဲဆို နောက်တော့ပေါ်လာမယ်....'

'တင်ပါ....'

'အဲသည် အရည်းဂိုဏ်းချုပ်က ဦးထင်ပေါ်၊ ဒေါ်သေးတာတို့အား ရွှေတွေကို ခဏခဏလုပ်ပေးပေါ့၊ ဦးထင်ပေါ်တို့က ချမ်းသာ သူဌေးဖြစ်၊ ရွှေသူဌေးဘွဲ့ကိုတောင်ရပေါ့၊ (အလို

ရမ္မက်နှင့်ချလျှင် လူတိုင်းကျတတ်တယ်တကာမှတ်ထား၊ သို့သော် သစ်ကောက်ဝါးကောက်ကိုသာမြင်ရတယ်၊ လူကောက်ကိုမမြင်နိုင်ဘူးပေါ့....'

'တင်ပါ့....'

'မယ်ရွှေ ဆယ့်လေးနှစ်အရွယ်ရောက်တော့ သူတို့ရဲ့ အရည်းဂိုဏ်းချုပ် ဆရာတော်က ကျောင်းလွှတ် ပူဇော်ရန်ပြောတယ်။ ဦးထင်ပေါ်တို့ကလဲ အကန်းတွေဆိုတော့ သဘောကျပေါ့....'

'အိမ်ယုတ်ပါကလား အရွယ်မှ မတိုင်သေးဘဲနှင့်....'

'ဒါမှ မယ်ရွှေမှာ သန္ဓေအိမ်ပျက်၊ နောင့်သားသမီးကိုလှင်ယူပေမဲ့ မထွန်းကား။ သူတို့မရှိတော့မှ သူလုပ်ပေးထားတဲ့ ရွှေနှင့် စီးပွါးချမ်းသာဖြစ်နေတဲ့ စည်းစိမ်ကို၊ အရည်းဂိုဏ်းကသိမ်း၊ သည်လိုနှင့် အရည်းဂိုဏ်းကြီးဟာ အင်မတန်ချမ်းသာကြွယ်ဝတယ်....'

'အော်....'

'မယ်ရွှေကို ကျောင်းလွှတ် ပူဇော်ရရန် ခေါ်သေးတာက နားချပေါ့၊ မယ်ရွှေကလဲညင်းပေါ့၊ များတော့ သမီးနှင့်မအေဘဲ ဘယ်မှာခံနိုင်မလဲလေ၊ မယ်ရွှေက သဘောတူလိုက်ရတယ်'

'ကြွတ်....ကြွတ်....ကြွတ်....ကြွတ်....'

'နားထောင်အုံးတကာတော်....'

'အရည်းဆရာတော်က သဘောကျပေါ့၊ မယ်ရွှေကိုလဲ မြမြင်ဆင်သ ဖိုးလိမ်းပြီး ကျောင်းတော်ကြီးသို့ ညအချိန်ပို့....ကျောင်းတော်က သာစုခေါ်ကျောက်စည်ကိုတီး၊ ဆရာတော်ကြီး

က မယ်ရွှေကိုသာယာမွေ့ကြိုင်သော အခန်းကြီးထဲမှာ လိုက်ဖမ်း၊ မယ်ရွှေကလဲ ရှောင်တိမ်းပေါ့လေ…’

‘တင်ပါ့….’

‘သည်လိုနှင့် အရည်းဆရာတော်ကြီး အသက်ခြောက်ဆယ်ကျော်ဟာ မောလို့ဟိုက်နေတော့မှ မယ်ရွှေက အရည်းဆရာတော်ကို တွန်းလှဲပစ်ခဲ့ကာ ကလားကိုဖွင့်ပြီး ကျောင်းတော်က ထွက်ပြေးလာတယ်၊ ဆရာတော်ကြီးမှာကျောင်းတိုင်နှင့်ခေါင်းနှင့်တိုက်မိတာကြောင့် တအောင့်လောက်ကြာကြာသတိမရဘဲ မူးမေ့ကာ ကျန်ခဲ့သတဲ့….’

‘သည်အခါကစပြီး ဆရာတော်ကြီးက မယ်ရွှေကို သူယုတ်မဘီလူးမဟု ဘွဲ့တပ်ကာ ထင်ရှားစေသတဲ့၊ မယ်ရွှေကိုဘယ်သူကမှ မယူရအောင် အာဏာနှင့်ဟန့်တားထားသတဲ့….’

‘တင်ပါ့….’

‘မယ်ရွှေကလဲအာကာ၊ ဘာခေမလဲ၊ သည်အရည်းယုတ်သေနာကောင်ကြီးတော့ သိစေရမယ်လို့ စိတ်ထဲက တကြိမ်းထဲကြိမ်းနေတဲ့အပြင် အရည်းဂိုဏ်းတဂိုဏ်းလုံးချေပစ်လိုက်မယ်ဟု ကြံစည်ထားသတဲ့….’

‘ဒါနှင့်မယ်ရွှေအသက်ဆယ့်ရှစ်နှစ်အရွယ်ရောက်လာတော့ မြူးမြူးဖွေးဖွေးဝဝနှင့် အသွေးအရည်တက်ကာအလွန်လှပနေသတဲ့၊ ဒီကလိုရှိပေမဲ့ အရည်းဂိုဏ်းချုပ်ကြီးရဲ့ အာဏာကြောင့်ဘယ်ယောက်ျားကမှမယ်ရွှေကိုမဆက်ဆံဝံ့ကြဘူးတဲ့’

‘တင်ပါ့….’

‘မယ်ရွှေကလဲ ယောက်ျား ရှားသလားပေါ့လေ၊ တမင်

သက်သက်ရှဲ့တဲ့သဘောနှင့်သူ့အိမ်က ကျွန်နေ့ခွကိုခေါ်ပြီး သူ့ကို မယားပြုစေသတဲ့၊နေ့ခွကလဲ အကြောင်း အကျိုးပြပြီး တောင်းပန်၊ ငိုရှိုပင်တောင်းပန်သတဲ့သို့သော် ဘာရမလဲ သူ့ကို မယားမပြုသော်ကြိမ်နှင့်ကိုပင်ထပ်မနား ရိုက်မယ်ဆိုတော့ နေ့ခွလည်း မယ်ရွှေကို တိတ်တိတ်ပုန်း မယားပြုရသတဲ့....'

'တင်ပါ့....'

'ဇာတ်က ဇာတ်သရမ်းတကာ၊ သည်ကနေ့တော်လောက် ပြီ၊ ညောင်းပြီ၊နောက်တနေ့မှ ဆက်ကြကြအုံးစို့....'

'တင်ပါ့...'

နောက်တနေ့သော် ပန်းဘဲဆရာကြီး ဦးထော်သည် အရည်း ဓမ္မသာမိထံ ရောက်ပြန်၍ ဤသို့လျှင် မနေ့ကအဆက်ကို ပြောပြန်လေ၏၊

'မယ်ရွှေသည် တကာယ့်မယ်ရွှေ၊ အတော်ပင်ဆန်းပြားသည်ဟု ဆိုမည်လား၊ မိုက်မဲသည်ဟုဆိုမည်လား၊ငင်း၌ ကိုယ်ဝန်ရှိသောအခါငင်းတို့၏ကျွန် နေ့ခွနှင့် ဖြတ်လိုက်၍ နေ့ခွနှင့်ငင်းတို့၏အိမ်မှ အလုပ်သမတို့အား တံစိုးများစွာ ပေးပြီးလျှင် ငင်း၏လိုလားချက်ကို သွန်သင်ထားလေသည်....'

'မယ်ရွှေ၌ ကိုယ်ဝန် ငါးလခန့်ရှိသော် ပေါ်လာ၍ ထင်ရှားလာလေပြီ၊ ထိုအခါ မယ်ရွှေသည် ဖြူးဖြူး ရှင်ရှင်နှင့်ပင် ပျော်လျက်ရှိတော့သည်၊ ငင်း၏ မိတ်ဆွေသူငယ်ချင်းများအသိများထံသို့လည်းတမင်ကလာပင် ထင်ရှားသည်ထက် ထင်ရှားအောင်အလည်သွား၍ပျော်ပျော်ပါးပါးနှင့်ပင် အားရဝမ်းသာကြောင်း သဘောကိုပြကာ နေသည်....'

'အင်း တကယ့်ဟာပါကလား....'

'နားထောင်တကာတော်၊ မဟုတ်နှင့်မဟတ်သည် အတော်ပင် ဘန်တပ်နေသည်၊ ထိုအခါ မယ်ရွှေမှာ လင်မရှိဘဲနှင့်.... ဗိုက်ကြီးနေကြောင်း ထင်ပေါ်ကျော်စောလာ၍ အရည်းဂိုဏ်းချုပ်ဆရာတော်ကြီးသည် မယ်ရွှေ၏မိဘများ ဦးထင်ပေါ်နှင့် ဒေါ်သေးကိုခေါ်၍မယ်ရွှေမှာ လင်မရှိဘဲနှင့် ဗိုက်ကြီးနေသည်ဟု ကြားရသည် မှန်သလားဟုမေးသဖြင့် ဤသို့သောစကားသည် ဖြစ်နေကြလေ၏....'

'တင်ပါ့....'

'အရည်းဆရာတော်က သူ့အား စစ်ဆေး မေးမြန်းခြင်းမပြုဘူးလားဟုမေးရာ ဒေါ်သေးက ပြုပါသည်။ သို့သော်ထိုအရေးသည် အမေ့အရေးမဟုတ် ကျွန်မ၏အရေးသာပါဟုပြောပြီးသော် ပျော်ပျော်ရွှင်ရွှင်နှင့်ပင် ညှိုးငယ်ခြင်း ရှက်ခြင်းတစုံတရာကိုမျှ မပြဘဲမျက်နှာပြောင်တိုက်ကာ မိန်းမကဲပြလျက်သာရှိပါသည်ဟု လျှောက်ထားလေသည်....'

'အာကာပါတကား....'

'ထို့အခါ အရည်းဆရာတော်ကဒေါ်သေးအား သင့်သမီးကို စစ်ဆေးမေးမြန်း၍ ငါ့အား လျှောက်ကြားပါ၊ အပြစ်ဒဏ်ပေးသင့်သူအား ပေးရမည်ဟု ဆိုပါသည်....'

'တင်ပါ့....'

'ထို့ကြောင့်ဦးထင်ပေါ်နှင့် ဒေါ်သေးသည် မိမိတို့၏အိမ်သို့ပြန်၍ ဒေါ်သေးသည် မယ်ရွှေအားစစ်ဆေးရာမယ်ရွှေကား တကယ့်မယ်ရွှေ၊ အမေ-အမေ့ထံမှာ အမှန်စကားပြောခြင်း

ဖြင့် အချည်းနှီးပါ၊ များစွာပရိသတ်များ အရည်းများကို ဘိတ်ပါ၊ ဆရာတော်ကြီး၏ရှေ့တွင် ကျနစွာဖြေပါမည်ဆိုသဖြင့် ဒေါသေးသည် ၎င်း၏အရည်းဂိုဏ်းချုပ် ဆရာတော် ထံတွင်-မယ်ရွှေကပြောသည်အတိုင်းလျှောက်ထားရလေသည်။

'တင်ပါ....'

'ဆရာတော်ကြီးလည်းများစွာသောအရည်းများ၊ ဘိတ်ကြားအပ်သော လူကြီးလူကောင်း တကာတကာမများအားဘိတ်၍ မယ်ရွှေအား 'နင့်အဖြစ်အပျက်ကို လျှောက်ထား'ဟုစစ်မေးရာ မယ်ရွှေက ဘာကို ဘာအဖြစ်အပျက်ကို လျှောက်ထားရမလဲ ဟု ခပ်တည်တည်ပင်ဆိုသဖြင့် ဂိုဏ်းချုပ်ကြီးသည်မျက်နှာထားတင်းတင်းနှင့် 'နင် ခု ဗိုက်ကြီးနေတဲ့ အဖြစ်အပျက်ကို လျှောက်'ဟု ငေါက်ကာဆိုလေရာ မယ်ရွှေလည်းပြုံး၍'နဂါးမင်းကြီးနှင့် ဗိုက်ကြီးပါသည်'ဟု သွားပေါ်အောင် ပြုံးပြီးသော် လျှောက်ထားလေသည်....၊

'ဟာ အာကမယ်ရွှေပါကလား....'

'အရည်းများရဲ့ ဒါဒပြဿနာကိုဖြေတာ သိတတ်ရင်၊ ရှက်တတ် ကြောက်တတ်ရင် ရှက်ကြောက်စရာပေါ့။ ပရိသတ်ကလည်း ဟာ....ဟု တအံ့တသြနေကြ၍ အရည်းများသည်မလှုပ်ဝံ့ကြပေ၊ ထိုအခါ ဂိုဏ်းချုပ်ကြီးက 'နင် မတော်တရော်ပြောသည်၊ နင့်စကားကို ယုံကြည်ဖွယ်မရှိ'ဟုဆိုရာ၌ မယ်ရွှေက 'မထူးတို့,မစောတို့,မခင်ပုံတို့,မငြိမ်းလှတို့မှာတောင် နဂါးမင်းသားကလေးများကပေးတဲ့ သားကလေးတွေ, သမီးကလေးတွေနှင့် ကျွန်တော်မရဲ့စကားကို ဘာမယုံစရာရှိသလဲ....

မယုံချင်သူနေ၊ နဂါးမင်းကြီးပေးတာဟာ နဂါးမင်းကြီးကပေးတာဘဲ....'

'ဟုတ်လှပြီ....'

သည်တော့ ဆရာတော်ကြီးက တပတ်လျှော့၍ 'ဟယ့်....ရွှေရွှေရယ့်....နင်ပြောတဲ့ မိန်းကလေးများက အတွင်းအလှုကိုလှူတဲ့ သူတော်ကောင်းမကလေးတွေ ရွှေရွှေနှင့်တူသလားလို့ဆိုတော့ မယ်ရွှေကလည်း 'တပည့်တော်မသည် အရည်းများအား ချီချင်ရသာ စမဲဟင်းလျာများနှင့် ဆွမ်း, ဆွမ်းဟင်းများကို လောင်းပါသည်၊ သီတင်းသီလလည်း မြဲပါသည်၊ အမြဲမရှိ၊ ဆင်းရဲခြင်းပါတကား၊ အစိုးမရဟု နေ့စဉ် ပုတီးစိတ်ပါသည်။ ထိုမျှမက အချိန်နဲ့မှာ ရောက်လာသောအရည်းတို့အား မိမိဆာ၍ သေတန်သေပါစေဟု ကိုယ့်အကျိုးကိုမငဲ့ဘဲရွှေရွှေစားဘို့ထားသောထမင်းဟင်းလျာများကိုခဏခဏလှူပါသည်၊ အသက်ကို မငဲ့ကွက်ခြင်းကြောင့်အတွင်းဒါနမဟုတ်ပါလား ဟု ရဲရဲတောက် ဖြေကြားခြင်းကို ပြုပါသည်....။

'ဟုတ်လှပြီ....တကယ့်မယ်ရွှေပါကလား....'

'အရည်း' ဂိုဏ်းချုပ်ကြီးကလည်း 'ဟယ့်ရွှေရွှေဟိုကောင်မကလေးတွေက တချိုးစွာ သက်သေပြနိုင်ကြတယ်၊ ရွှေရွှေမှာ သက်သေရှိ သလား ဟုဆိုတော့ ရွှေရွှေက ပြနိုင်ပါတယ်တဲ့ အိမ်ကဲ ကျွန် နေနှ, အိမ်လုပ်မယ်လှလှ, သစ်သစ်,ခင်စမ်းနွယ် ကျော့ကျော့ခင်တို့ကို သက်သေ ပေးနိုင်ပါသည်။ သူတို့သည် ရွှေရွှေ့အခန်းထည်းမှ ကြီးလှစွာ အမောက်နှင့်တကွသောမြွေကြီး ခွေနေသည်ကို မြင်တွေ့ကြရာ လန့်ကာအော်ကြသဖြင့် ရွှေ

ရွှေက‘ဘို့….ရှင်တို့မလဲ ကြောက်စရာမဟုတ်ထာ၊ ရှင်တို့ပူဇော်ပသနေတဲ့ နဂါးမင်းကြီးဒဠှရဋ္ဌပါလို့ ပြောကာ နဂါးမင်းကြီးကို ရှေ့ရှေ့က ပုတ်ကာပုတ်ကာ ကိုယ်တော်….ကိုယ်တော်ဆိုပြီး နှိုးတော့ချက်ချင်းမင်းမြောက်တန်ဆာငါးပါးကို ဆင်ကာ နဂါးမင်းကြီးဖြစ်ခနတာကိုသူတို့ ခဏခဏမြင်တွေ့ကြရပါသည်။မယုံသော်မခေါ်မေးပါဟု ရွှေရွှေသည် ပြောတော့သည်….’

‘စိတယ်ဘုရား….’

ဂိုဏ်းချုပ်ကြီးကား လက်လျှော့ရတော့မည်ကဲ့သို့ ဖြစ်၍ ငေးနေစဉ် ရွှေရွှေသည် ဤသို့ထပ်ကာ ပြောပြန်လေတော့သည် ပရိသတ်နှင့်အရည်းတို့ကား ငေးစိုက်ကာ ရှိနေကြလေတော့ပြီ။

‘နဂါးမင်းကြီး ကိုယ်တော် ဒဠှရဋ္ဌက ငနန္ဒအားရွဲတကုံး၊ လှလှ,သစ်သစ်တို့အား ရွဲတကုံးစီ ပေးသွားသည်ပြင်၊ ‘ငါ၏ချစ်မညီးဘွယ် သူတော်ကောင်းမယ်ကလေးရွှေရွှေ သင်သည် ဤကိုယ်ဝန်ကို ကောင်းစွာစောင့်ထိန်းပါ၊ သင့်သားသည် အရည်းသာသနာ စစ်စစ်မှန်မှန်ကို တည်ထောင်နိုင်မည့် သားထူးသားမြတ်ဖြစ်ချေသည်ဟုပြောသွားပါသည်။သည်သို့မဟုတ်ယုတ္တိမတန်ဟု ဆိုချေသော်၊ ထင်ချေသော်၊ ယူဆချေသော် ဂိုဏ်းချုပ်ကြီး မောင်မောင် ပညာတိဇဝ သားဘိရဲ့ သားတော်ဟု ပြောရမလား။ ပန်းဦးလွတ်တုန်းက ရခဲ့သော သားဟု ပြောရမလား….’

ထိုအခါဂိုဏ်းချုပ်ကြီးလည်း အထူးအထွေမခိုင်ဘဲသာ ရွှေရွှေကို ပြန်လွှတ်လိုက်ရသည်။ထိုသို့သောရွှေရွှေ ’

‘တင်ပါ….’

ရွှေရွှေသည် အချိန်နှေးရက် စေ့သောအခါ ကံအား လျော်စွာ သားယောကျ်ားကလေး တယောက်ကို မွေးဖွားလေရာ၊ နဂါးမင်းကြီး၏သားဟုတွင်လေသည်။ မဟုတ်ဟု၊ မည်သည့်အရည်း၊ မည်သည့်တကာ တကာမများကမဆို ရွှေရွှေသည် ကမြင်းသောကြောင့် သို့တည်းမဟုတ် ရွတ်သောကြောင့် ရသောသားဟုမဆိုနိုင်ကြပေ၊ အရည်းများသည် ၎င်းတို့ တည်ထွင်သောလမ်းစဉ်က ၎င်းတို့ကို ရှုတ်ချပြီးသား ဖြစ်ရုံမက မိန်းမများ၏ အကျင့်ဖေါက်ပြားမှုကို အားပေးနေရာလည်း ရောက်ပေသည်၊ ထိုအကျင့်သည် လောကကြီးကိုသိမ်ဖျင်းရာရောက်စေသောအကျင့် ဖြစ်ချေသည်။

'တင်ပါ....'

'ရွှေရွှေသည် မခေသော အာကရွှေရွှေဖြစ်သည်။ သူ့သားကို ကပိန္ဒာဘိဝံသဟု ကင်ပွန်းတပ်လိုက်လေသည်။ ကပိန္ဒာဘိဝံသကို အသက်ဆယ်နှစ်ကျော်သောအခါ၊ မြစ်အနောက်ဘက် ကျောင်းလွှတ်ပူဇော်မှုကို ယုတ်ညံ့သော ဝါဒဟု ခွပ်ချွသော အရည်းတပါးထံ၌ တတတ်ပညာများကို သင်ကြားစေလေသည်၊ ထိုသို့သင်ကြားနိုင်ရန်ရွှေရွှေသည် လုံလောက်သောအသပြာထုတ်နှင့် သူ့သားကို အရည်းဆံရာဇတော်ဘုရားထံလိုက်ကာအပ်နှံထားခဲ့လေသည်....'

'တင်ပါ....'

'ကပိန္ဒာဘိဝံသသည် အတတ်ပညာများကို ကောင်းစွာတတ်မြောက်သောအခါ၊ အရည်းအဝတ်နှင့် ပြန်လာ၍ မယ်တော်ရွှေရွှေ၏ အကြံပေးအရ အရည်း သာသနာကို မြှမြင့်လို

သောကြောင့် ငှက်ပစ်တောင် အရည်းဂိုဏ်းချုပ်ကြီး ထံမှာ ပင်နေစေလေသည်။

'တင်ပါ....'

'သို့လင့်ကစား ငှက်ပစ်တောင် ဂိုဏ်းချုပ်ကြီးသည်ဘား၊ စကားတတ်၊ ပညာတတ်၊ တရားတတ် အရည်းကြီး ဖြစ်သောကြောင့် ကပိန္ဒာဘိဝံသသည် ငှက်ပစ်တောင် အရည်းသာသနာကို မပြုပြင်နိုင်ဘဲ၊ ၎င်းကို အရည်း ဂိုဏ်းချုပ်ကြီးက ပြုပြင်၍ ကပိန္ဒာဘိဝံသသည် ငှက်ပစ်တောင် အရည်းကြီးများ၏ ဂိုဏ်းသဲတွင်လူးလဲကာပင် ရှိလေတော့သည်....'

'တင်ပါ....'

'ငှက်ပစ်တောင် အရည်းဂိုဏ်းချုပ်ကြီး ပြန်လွန်တော်မူသွားသော အခါ ကပိန္ဒာဘိဝံသသည်ငှက်ပစ်တောင် အရည်းဂိုဏ်းကြီးတွင် ဂိုဏ်းချုပ်ကြီး၏ လက်ထောက် အဖြစ်နှင့် တည်နေလေတော့ပြီ။ ထိုကပိန္ဒာဘိဝံသထင်သည်၊ စုံစမ်းပါဦးတကာတော်....'

× + ×

ပန်းဘဲဆရာကြီး ဦးတော်သည် ဓမ္မသာမိ အကြံပေးသည်အတိုင်းစုံစမ်းလေရာ၊ ဓမ္မသာမိ ပြောသည်အတိုင်း ဟုတ်မှန်ကြောင်းကိုသိရသဖြင့် ဓမ္မသာမိထံ လာရောက်လျှောက်ထားလေ၏၊ ထိုအခါ ဓမ္မသာမိလည်း အရည်းများကို စုဝေး၍ တိုင်ပင်လေရာ၊ အချို့အရည်းများက ကျောင်းလွှတ် ပူဇော်မှုကို မခံရသောကြောင့် ဘုရင့်ထံ၌ ဂိုဏ်းကြီးကိုအပ်နှင်းရာမှ ပြန်တောင်း၍ အရှင်ဓမ္မသာမိပင် ဂိုဏ်းချုပ်လုပ်ပါဟုတိုက်တွန်းကြလေ၏။

အချို့အရည်းများက၊ ဘုရင့်ထံတွင် သမထီး အရည်းဂိုဏ်းကြီးကို အပ်ထားခြင်းကြောင့် အရည်းများသည် ချမ်းသာယာစွာနေထိုင်ကြရလေသည်။ မင်းမှူးထမ်းတို့၏အရိုအသေကိုခံရသည့်ပြင် ၎င်းတို့၏ ကူညီခြင်းကိုလည်း အထူးသဖြင့် များစွာရလေသည်။ ထို့ကြောင့် ဘုရင့်ထံ၌ အပ်ထားသည်မှ ပြန်နှု၍ မယူသင့်၊ အကယ်၍ ယူလိုကြသည်၊ ယူမှ ဖြစ်မည်ဟု အကြောက်အကန်ဖြစ်လာကြချေသော် စိတ်ဝမ်းမညီမျှကား ငါတို့မဖြစ်လို၊ သို့သော် ထိုဂိုဏ်းကြီးကို ဓမ္မသာမိမှာ တရားသမားသက်သက်ဖြစ်ခြင်းကြောင့် ယခုမှရောက်လာသော ကဝိန္ဒာဘိဝံသအား ဂိုဏ်းချုပ်ကြီးအဖြစ်နှင့် လွှဲအပ်သင့်သည်ဟု ဝါဒဖြစ်နေကြလေသည်။

ထို့ကြောင့် ထိုစုဝေးတိုင်ပင် နှီးနှောခြင်းသည် အရေးရောက်ရောက်မပြီးဆုံးသေးဘဲ····ကဝိန္ဒာဘိဝံသထံ စုံစမ်းရန်အကြွင်းဖြစ်နေသေးသည်။ ၎င်း၏ထံတွင်ကျနစွာ စဉ်းစားရန်လိုသောကြောင့် အရေးတော်ကို ငံ့မျှော်တန့်တည်းကာ နေကြရန်သင့်သေးသည်ဟု သဘောညီညွတ်ကြလေ၏။

ထိုသို့သော သဘောကြောင့် အရည်းနာဂိန္ဒနှင့် အရည်းသောမညိုသည် မြောက်ပြင် ဓမ္မရက္ခိတအရည်း၏ ကျောင်းသို့ ကဝိန္ဒာဘိဝံသကို စုံစမ်းရန် သွားရောက်ကြလေရာ၊ ကဝိန္ဒာဘိဝံသသည် ကြည်လင်ရွှင်ပြစွာနှုတ်ဆက်ရမည့်အစား နာဂိန္ဒနှင့် သောမတို့၏ မျက်နှာကိုမြင်လျှင်မြင်ချင်း ဤသို့လျှင် ပြင်းပြသော အသံနှင့်ဆိုလေ၏။

'အရည်းသူခိုးကြီးတွေ၊ ဘာလာပြီး စနဲနာပြန်သလဲ····'

'ငါ့ရှင်····ဘယ်လိုစကားကိုဆီးကြိုကာဆိုပါသလဲ....'

'သမထီးအရပ်က အရည်းခေါင်းဆောင်တွေဟာ သူခိုးတွေကြီးတဲ····'

'ငါ့ရှင်····မလျော်သောစကားကိုမဆိုပါနှင့်····'

'လျော်လို့သာဆိုတယ်····မလျော်ရင် ဆိုကို မဆိုဘူး····'

'ငါ့ရှင်ဘယ်နှာလဲ····'

'သူခိုးတွေနှင့် စကားမပြောချင်ဘူး....'

နာဂိန္ဒနှင့်သောမတို့သည် ဓမ္မရက္ခိတကိုပင် နှုတ်မဆက်တော့ဘဲ ချက်ချင်းပြန်ကြလေ၏။ သဘောကိုလည်း တစုံတရာမျှ မသိကြရချေ။ ဓမ္မရက္ခိတကား ၎င်း၏အဆွေ နာဂိန္ဒနှင့် သောမတို့ကို အလွန်အားနာလေ၏။ ကပိန္ဒာဘိဝံသကား အလွန်ခက်ထန်လေ၏၊ ငါ့အမေမှာများစွာသောရွှေငွေဘဏ္ဍာပစ္စည်းများရှိသည်၊ ငါပညာတတ်သည်ဟု အမြဲ ထောင်လွှားကာရှိနေလေ၏။

ဓမ္မရက္ခိတကား နာဂိန္ဒနှင့် သောမတို့ပြန်သွား၍ မကြာမီပင်နာဂိန္ဒနှင့် သောမ၏ထံသို့ လိုက်လေ၏။နာဂိန္ဒနှင့်သောမတို့ကားတကျောင်းတည်းအတူနေကြ၏၊ ၎င်းတို့အရည်း နှစ်ပါးသည် နှစ်ကိုယ့်တစိတ်ဖြစ်ကြ၍ ဓမ္မသာမိနှင့်အလွန်ခင်ကြပြီးလျှင် ဓမ္မသာမိ၏ ဩဝါဒကို အလွန်နှစ်သက်ကြလေ၏။

'ငါ့ရှင်ကြွပါ...မြတ်သောနေရာတွင်နေပါ....'

'အရှင်ဘုရားတို့....အရှင်ဘုရားတို့ကို အလွန်အားနာသဖြင့် တောင်းပန်ရန်လာပါတယ်····'

'ငါ့ရှင် တောင်းပန်ရန်မလို၊ ဤကား သူ့သဘာဝသဘော

ကျောက်စရစ် ကုန်းတွင် ပေါက်သော ကျွန်းပင်သည် လိမ်ကောက်ကောက်သာဖြစ်သည်။ ငါ့ရှင် အာဂန္တုကား ထောင်လွှားတက်ကြွမြင်းလွှန်လွှန်းလို့ ထိုကျွန်းသားနှင့် တူပါတယ်’

‘အရှင်တို့....သူ့အမေသည် အလွန်အလွန် ချမ်းသာကြွယ်ဝပါတယ်....’

‘ဒါဖြင့် ငါ့ရှင်များရဲ့ အာဂန္တုဟာ ကျွန်ရဲ့ သားနှင့် တူတယ်။ ဒါကြောင့် ဒါလောက် မာနကြီးပြီး အကဲရောက်ဟန်တူပါတယ်....’

‘သည်လိုပါ....’

‘အမိန့်ရှိပါ....’

‘မနေ့ညက ကျောင်းမှာလာပြီးသူခိုးခိုးပါတယ်....’

‘ဘယ်ကျောင်းမှာလဲ....’

‘တပည့်တော်ကျောင်းမှာပါ....’

‘အင်း....ဆိုစမ်းပါအုံး....’

‘သူခိုးက အာကသူခိုး၊ ခွေးမန်းလဲ အင်မတန်ကောင်းပုံရပါတယ်။ ပြီးတော့လဲ အိပ်မွေ့ အင်မတန်ကောင်းပါတယ်....’

‘ခွေးက ဆိုးပြီးကောင်းသလား....’

‘ဆိုးဆို....ဘယ်အချိန်ဘယ်အခါမဆို အရည်းများနှင့် မာတုကာမှများမှတပါး မပန်ကြားဘဲ မခေါ်ဘဲလာရင် တခါထဲ တုံးကနင်းနေမယ်....’

‘အင်း....ဆိုစမ်းပါအုံး....’

‘အဲသည်နေ့ညမှာတော့ တံခါးကို လုံခြုံစွာပိတ်ပြီး အိပ်မယ်လို့ပြုလုပ်ပါတယ်၊ ကပိန္ဒာဘိဝ သကာသူ့မှာအဟန့်ဆော

အင်မတန်ကောင်းတဲ့ အပြင် အစောင့်အရှောက် နဂါးလှိုင်များလဲ လုံခြုံတယ်၊ အပင်ပန်းခံလို့ တံခါးများကို မပိတ်ပါနှင့်လို့ ဆိုတာကြောင့် ကျည်းသေကိုဖွင့်ပြီး အိပ်မိပါတယ်....'

'ဟုတ်ပြီငါ့ရှင်....'

'ကတဲ့ သူခိုးကတက်ပြီး ခိုးသွားလိုက်တာ တပည့်တော်စုဆောင်းထားတဲ့ အသပြာ ရွှေငွေများ၊ အတိုးတန်ပစ္စည်းများ အပြင် အာဂန္တု ကပိန္ဒာဘိဝံသရဲ့ ဆေးအစ်များ၊ ဓါတ်လုံးများထည့်ထားတဲ့ ဘယားအိတ်ကိုပါ ခိုးသွားပါတယ်....'

'အော်....သည်လိုကိုး....'

'သည်လိုခိုးတာဟာ သာမညသူခိုးများ ခိုးဝံ့မည်မဟုတ် အစောင့်ခွေးကြီးများလည်း ကောင်းသည်၊ သူ့မှာလည်း.... ကပိန္ဒာဘိဝံသက အဟန့်အတားကောင်းပြီး နဂါးလှိုင် အစောင့်များလည်းရှိသည်။ အရည်းများကား ပညာတတ်သည် အရည်းများရဲ့ ဝဉ်းလဲဉာဏ်နှင့်အခိုးခိုင်း၍သာ အခိုးခံရသည် ရှက်လှပါသည်ဟု အယူရှိပြီး အရှင်နှစ်ပါးကိုသူ ပြောမိဆိုမှားဖြစ်ပါသည်၊ သည်းခံတော်မူပါ အရှင်နှစ်ပါးတို့....'

ထိုအခါ အရည်းသောမက ဤသို့ ဆိုလေတော့သည်။

'ငါ့ရှင်၊ ငါတို့အကြောင်းကို ငါ့ရှင် ကောင်းကောင်းသိသည်။ ငါတို့သည် ဗုဒ္ဓသာမိဆရာတော်၏တရားကိုနားစွဲသည်၊ သေည်လည်ကြောင်မင်း၏ တရားစကားကိုလည်း ငါတို့နားစွဲကာသဘောကျခဲ့သည်....'

'တင်ပါ့....'

'ထို့ကြောင့် ငါတို့သည် ပန်းဦးလွှတ်ပူဇော်ခြင်း၊ ကျောင်း

လွှတ်ပူဇော်ခြင်းကို မခံယူရုံမျှမက လူများလှူသော ရွှေ-ငွေ-ဘဏ္ဍာပစ္စည်းများ ကျွဲ၊ နွား၊လယ်ယာမိုးမြေတို့ကိုပင် ငါတို့အလှူမခံ၊ ငါတို့ကျောင်းမှာလာကြည့်၊ ငါတို့၌ ရဟန်းတို့နှင့်မပတ်သက်သည့် မည်သည့်ပစ္စည်းများမှမရှိ၊ သို့စဉ်လျက် ငါ့ရှင်၏ အာဂန္တုသည် ငါတို့ကို အရည်းသူခိုးဟု ဆဲတိသည်။ တကယ်ဆို ငါ့ရှင်အား ငါတို့၏သဘောကို စုံစမ်းမေးမြန်းသင့်သေးသည်။ ငါတို့ကား ငါ့ရှင်လာ၍ မတောင်းပန်စေကာမူ အရည်းဖြစ်သောကြောင့်သည်းခံပါသည်၊ အထူးတောင်းပန်ရန်မလိုပါ၊ ငါ့ရှင်၏ အာဂန္တုသည်ကား လွန်စွာပင်....ထောင်လွှားဟန် ရှိနေပေတော့တကား....'

'တင့်ပါ့...'

'ငါ့ရှင်ဓမ္မရက္ခိတ၊ ငါတို့ကားနိသက်သက်ငါ့ရှင်ကျောင်းသို့ လာခြင်းမဟုတ်၊ ဘုရင်မင်းမြတ်၏ အထံတော်သို့ ငါတို့လွှဲအပ်ထားသော အရည်းဂိုဏ်းကြီးကို ပြန်၍ တောင်းယူရန်အကြောင်းနှင့် ပတ်သက်ပြီးသော် ကပိန္ဒာဘိဝံသထံနှီးနှောလို၍ လာရောက်ခြင်းဖြစ်သည်။ ကျွန်၏ထွန်ကြောင်း၌ ရောက်လေသောမျိုးစေ့သည် ညံ့လေတော့တကား၊ လောက၌ မာနကြီးသောသူထက် ညံ့သောသူမည်သည် မရှိဟန်တကား....'

ထိုသို့လျှင် ဓမ္မရက္ခိတသည် အရည်းနာဂိန္ဒနှင့် အရည်းသောမကို တောင်းပန်၍ ပြန်သွားလေ၏။

ဓမ္မရက္ခိတသည် သူ၏ကျောင်းသို့ပြန်၍ ကပိန္ဒာဘိဝံသအား နာဂိန္ဒနှင့် အရည်းသောမတို့၏သဘောကို ပြန်ပြောင်းပြောဆိုလေရာ ကပိန္ဒာဘိဝံသသည် ဤသို့ဆိုလေ၏၊

‘ငါ့ရှင်ဓမ္မ၊ ငါ့ရှင်၏ အပေါင်းအဘော်တို့ကား အရည်းယောင်ယောင် ရဟန်းကြီးယောင်ယောင်နှင့် အရည်းမပြီသ၊ ချင်းတို့သည် လူစဉ်းလဲ လူကောက်မျှသာဖြစ်သည်။ ချင်းတို့၏စကားကို ယုံကြည်ဘွယ်ရာ စိုးစဉ်းမျှမရှိချေ၊ ချင်းတို့ပင်အတတ်ပညာပေး၍ ငါတို့၏ပစ္စည်းများကို သူခိုးများအား ခိုးယူစေခြင်းဖြစ်သည်....’

‘ငါ့ရှင် ဤသို့မထင်ထိုက်၊ နာဂိန္ဒနှင့် အရည်းသောမသည် အလွန်သန့်ရှင်းစင်ကြယ်သော အရည်းများဖြစ်ကြသည် သူတို့၏ကျောင်းသို့လိုက်၍ ကြည့်ပါလော့....’

‘မလို၊ ချင်းတို့သည် ငါ၏အတတ်ပညာတန်ခိုးကို သိစေရမည်၊ ငါမကြေဘူးဟု ငါ့ရှင်သည် ချင်းတို့အား ပြောကြားပါလေ....’

‘ငါ့ရှင်ကဝိန္ဒ မသင့်ဘူးထင်တယ်....’

‘ငါ့ရှင် ဓမ္မ၊ ငါသိသည် သောမဒတ္တသည်ငှက်ပစ်တောင်အရည်းဆရာကြီးကို အာခံအံတု၍ သမထီးအရပ်သို့ ငါ အတတ်ပညာရှင်ဟု မာန်ထောင်ကာထွက်သွားသည်၊ ချင်းသည်အတတ်ပညာရှိသော်လည်း သူတောင်းစားမ၏သား၊ သူတောင်းစားမသည် အညွန့်တုံးသည်၊ အညွန့်တုံးသောသူသည် စဉ်းလဲကာ ယုတ်ညံ့သောအမှုကိုသာပြုသည်။ သောမဒတ္တ၏အကြံပေးအရ ငါ့မှာ သူခိုးခိုးခံရသည်၊ သိစေရမည်....’

ထိုသို့ပြောဆို၍ နောက်တနေ့တွင် ကဝိန္ဒာဘိဝံသသည်အကြံယူရန် ငှက်ပစ်တောင်သို့ နောက်ပါ အရည်းနှစ်ပါးနှင့်ပြန်သွားလေ၏။ ထိုသို့ပြန်သွား၍ခရီးတဝက်ရောက်လတ်သော်ကဝိန္ဒာဘိဝံသတို့ကို တန္တတို့သည် ဘမ်းလေတော့ပြီ။

တန္တအကြီးအမှူး ခေါင်းဆောင်သည့် ကပိဋ္ဌာဘိဝံသ၏ နောက်ပါအရည်းနှစ်ဦးအား အောက်ပါ ထန်းဖူးကိုအပ်၍ လွှတ်လိုက်ပြီးသော် ကပိဋ္ဌာဘိဝံသကို ခေါ်ယူသွားလေ၏။

(ကပိဋ္ဌာဘိဝံသကို ငါဘမ်းယူထားသည်။ ၎င်းကို အလိုရှိက ဤနေရာသို့ လာရောက်ပြီးသော် အသပြာသုံးထောင်နှင့် ရွေးယူရမည်)

တန္တကြီး ခိုက်လုံး

ကပိဋ္ဌာဘိဝံသ၏ တပည့်အရည်းနှစ်ဦးသည် ထိုထန်းဖူးကိုယူ၍ ဇေတဝန်ကျောင်းသို့ ပြန်လေ၏။ ရောက်လတ်သော် အကြောင်းကို ဂိုဏ်းအုပ်ဆရာတော်ထံ လျှောက်ထားကြသဖြင့် ဂိုဏ်းအုပ်ကြီး အရည်းဆရာတော် ရဝိဋ္ဌာဘိသည်အလွန်ဒေါသထွက်၍ ငါ၏လက်ရင်းတပည့် ကပိဋ္ဌာဘိဝံသကို ဤသို့ပြုရသလော၊ အရည်းခြောက်ကျိပ်ကို ချက်ချင်းဆင့်စစ်ပြင်သွားရောက်ကာ တိုက်ခိုက်ပြီး ကပိဋ္ဌာဘိကို ကယ်ဆယ်ရမည်ဟုဆိုလေ၏။

ထိုအခါ အရည်းနှစ်ပါးအနက် တပါးသောအရည်းက ဤသို့လျှောက်ထားလေ၏။

ကိုယ်တော်ကြီး ဒေါသမကြီးသင့်၊ သည်က စစ်ချီပြီး သွားဖမ်းသော် ကပိဋ္ဌာဘိဝံသသည် သူ့လက်တွင်းမှာ ဖြစ်သည်၊ တန္တတို့သည်ကပိဋ္ဌာဘိဝံသကို သတ်ပြီးလျှင် အလောင်းကို ထား၍ထွက်ပြေးကြသော် အရည်းနှမ်းသာဖြစ်ရုံမက ကပိဋ္ဌာဘိဝံသလည်း အဆုံးရှုံးခံရမည်၊ အသပြာသုံးထောင်ကား အပမ်းမကြီး၊ အသပြာ သုံးထောင်အတွက် ကပိဋ္ဌာဘိဝံသ

မဆိုးရှုံးသင့်ပါ....’

ထိုအခါ ဂိုဏ်းအုပ်ကြီး ရဝိန္ဒာဘီသည် အတော်ပြာငေး၍ စဉ်းစားပြီးမှ မိမိ၏အမိန့်ကို ပြန်သိမ်းပြီးလျှင်ကဝိန္ဒာဘိဝံသ၏ မယ်တော်ရွှေရွှေကို အပင့်အချီလွှတ်ပြီးသော် အကြောင်းကို ပြောပြလေ၏။

ရွှေရွှေသည်လည်း သားတော်အားဘေးဥပဒ် ကျရောက်မည်ကိုစိုးရိမ်သဖြင့် ချက်ချင်းပင် အသပြာသုံးထောင်ကို မဆိုင်းမတွ ထုတ်ပေးပြီးလျှင် အရည်းနှစ်ပါးနှင့် အတော်အရည်းသုံးပါးတို့ကို ကဝိန္ဒာဘိဝံသအားကယ်ဆယ်ရန် လွှတ်လိုက်ရလေ၏။

ထိုအရည်းတို့သည် တန္တမျှားချိန်းဆို သတ်မှတ်ထားသောနေရာသို့ အသပြာသုံးထောင်နှင့် သွားရောက်လတ်သော်တန္တတို့လည်း အရည်းတို့အား လက်နက်တို့ကို ထားခဲ့စေ၍၊ ကဝိန္ဒာဘိဝံသကို ဘမ်းထားသည့်နေရာသို့ ခေါ်ဆောင်သွားကြလေ၏။

တန္တတို့၏ အကြီးအမှူးငမိုက်လုံးသည် အရည်းငါးပါးနှင့် ကဝိန္ဒာဘိဝံသတို့အား ဤသို့လျှင်ဆိုလေ၏။

‘အရည်းများအသင်တို့ ကျွန်ုပ်ကို သေသေချာချာကြည့်၍ မှတ်ထား၊ ကျွန်ုပ်သည် ထောင်ထောင် မောင်းမောင်းမဟုတ် ပိန်ချုံချုံ လူနုပ်ပင်ဖြစ်သည်။ သို့သော်ကျွန်ုပ်မှာ ဉာဏ်ကားကြီးသည်။ အတတ်ပညာကား အသင်တို့လောက် ကျွန်ုပ်မှာမရှိ၊ လောကကို ဉာဏ်သည် လှုပ်ရှားကာကစားနိုင်သည်’

‘အသင်တို့၏ အယူဝါဒကား ရယ်စရာ ဖြစ်သည်၊ မိန်းမ

တယောက်နှင့် ထိုမိန်းမ၏ ဗိုက်ထဲမှ ထွက်လာသော သားသမီးတို့ကို လူချင်းတူတူ၊ သူချင်းမျှမျှလုပ်ကိုင်ကျွေးမွေးခြင်း၊ လူရေးတင့်အောင် ချီမြှင့်ခြင်းမရှိဘဲ၊ မိန်းမတယောက်အား မေထုန်မှုနှင့် ပျော်မွေ့ခြင်းသည် လောကကို အဘယ်မျှလောက်စော်ကားသလဲ၊ သင်တို့၏အယူထက် ယုတ်မာညစ်ညမ်းသော သွမ်းခြင်းသည် ဤလောကမှာရှိသေးသလား....'

'သင်တို့၏ လောက၌ မြို့သားတို့သည် တောသားတို့ကို အရည်းအဖြစ်နှင့် ကိုးကွယ်နေကြရသည်၊ လူကုံတန်များသည်၊ လူမွဲတို့ကို အရည်းအဖြစ်နှင့် ကိုးကွယ်မှီခိုကာ ဆည်းကပ်နေကြရသည်၊ ကျွန်ုပ်၏ စကားမှားမမှားကိုသတိပြုကြ၊ အရည်းဆိုသည် ရဟန်းအကျင့်ကို ကျင့်ရသည်၊ အရည်းများသည် ရဟန်း၏ အကျင့်ကိုကျင့်သလော၊ ရဟန်းတို့သည် ဤသို့ကျင့်သလော၊ လောကကြီးသည် ပျက်ဘို့နီးပြီ....'

'အရည်းတို့သည် မေထုန်မှုနှင့်မိန်းမများကို လှည့်ဖြားကြသည်။ နဂါးကိုအဘေတတ်ကြသည်။ နဂါးတကောင်ကိုဘယ်သူမြင်ဘူးသလဲ၊ မျက်လှည့်ဆရာသည် နဂါးကိုလုပ်ပြခြင်းဖြင့်မြင်ဘူးကြသည်။ ဤကားနဂါးမဟုတ်....'

'ကာဝိန္ဒာဘိဝံသသည် နဂါးမင်းကြီး၏သားဟု သူ့မယ်တော်က လှည့်ဖြားထားသည်။ ၎င်းကိုကာဝိန္ဒာဘိသည်ယုံကြည်သည်။ ဤသည်ပညာရှိလော။ အရည်းဂိုဏ်းချုပ်ကြီး အဖြစ်နှင့်ထိုက်တန်သလော။ ကာဝိန္ဒာဘိဝံသ၏ အဘေကား၎င်း၏မယ်တော့်အိမ်မှကျွန်ဦးနုခြဖြစ်သည်၊၎င်းကို ကာဝိန္ဒာဘိဝံသသည်မယ်တော့်ထံ၌မေးလော့....'

'ကျွန်ုပ်သည်အသပြာကိုလိုသောကြောင့် ကဝိန္ဒာဘိဝံသကိုဘမ်းထားသည်မဟုတ်၊ ကျွန်ုပ်မှာ အသပြာမရှား။ ကျွန်ုပ်လည်းငွေကိုဖြစ်စေ၊ ရွှေကိုဖြစ်စေပြုလုပ်နိုင်သည်။ ကျောက်သံပတ္တမြားကိုပင်လုပ်နိုင်သည်။ သင်တို့အရည်းများမှာ ဘာစွမ်းမှမရှိ၊ ထိုမရှိကြောင်းကိုသိစေလိုခြင်းကြောင့် ကဝိန္ဒာဘိဝံသကို ဘမ်းယူထားပြီးသော် အသပြာကိုတောင်းသည်၊ အသပြာကိုမပေးဘဲ အရည်းများတပ်ချီလိုက်လာခဲ့သော်ဂှက်ပစ်တောင်၏အရည်းဂိုဏ်းသည် ဤတွင်စခန်း သိမ်းရပေလိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်ငွေအသပြာ သုံးထောင်တောင်းသည်'

'ကျွန်ုပ်အစစ်သဘောအားဖြင့် ငွေကိုမလို၊အသင်တို့၏ငွေအသပြာကို အသင်တို့ ပြန်ယူသွားကြလော့။ ကဝိန္ဒာဘိဝံသလည်း အသင့်လူများနှင့် ပြန်၍လိုက်လေလော့။ ကျွန်ုပ် ပြောသည်ကိုသင့်မယ်တော်ထံမှမေးလေလော့'

ထိုသို့ပြောဆို၍ တန္တမှူးကြီးသည် ကဝိန္ဒာဘိဝံသကိုလွှတ်၍၊ မြင်းစီးပြီးသော် ၎င်း၏တပည့်များနှင့် တောအုပ် အတွင်းသို့ထွက်သွားလေ၏။

ကဝိန္ဒာဘိဝံသလည်း စိတ်မချမ်းမသာနှင့် ဂှက်ပစ်တောင်မိမိ၏ ကျောင်းသို့ပြန်လေတော့၏။

ကဝိန္ဒာဘိဝံသသည် ၎င်း၏ကျောင်းသို့ ရောက်ပြီးနောက် သုံးရက်ကြာပြီးသော နောက်တနေ့၌ ၎င်း၏ မယ်တော် ရွှေရွှေ့ထံသို့ သွားရောက်လေ၏၊ ရွှေရွှေလည်း သားတော်အရည်းရဟန်းကိုကောင်းစွာနေရာထိုင်ခင်းပေးပြီးလျှင် ဤသို့ ပြောဆိုနေကြလေ၏။

'မယ်တော့်သား အရည်း....အကြောင်းမည်သို့နည်း....'

'မယ်တော်....ကျွန်ုပ်၏ အဖေကားမည်သူနည်း....'

'သားတော်အရည်းအရည်း၏ဖမည်းတော်ကား နဂါးမင်းကြီးတည်း။ ဤနဂါးမင်းကြီးသည်အလွန်တန်ခိုးကြီးသည်။မိုး၊မြေ၊ရေတို့နှင့် သစ်ပင်တောတောင် လူသူသတ္တဝါမိန်းမယောကျ်ားတို့ကို ဖန်ဆင်းနိုင်သည်။ ထိုနဂါးမင်းကြီးသည် လူတို့၏ အကျိုးစီးပွါးကို ဆောင်သည်။ သူ့အားပူဇော်သော သူသည်သေသော်နတ်ရွာ နတ်နွယ်အဖြစ်နှင့် နဂါးပြည်မှာပင် ရွှေပြဿာဒ်နှင့် ခံစားရသည်....'

'မယ်တော်....မဟုတ်မမှန်သောစကားနှင့်ကျွန်ုပ်ကိုအဘယ်ကြောင့် လှဲ့စားရသနည်း။ မယ်တော်သည် သူဌေးသမီး ဖြစ်၍စည်းစိမ်ရှင်ဖြစ်သည်အတိုင်း နဂါးကိုမြင်ဘူးရန်ထားရကွာန်းကြီးမြေကလေးကိုပင် မမြင်ဘူးချေ။ အဘယ်ကြောင့်မယ်တော်သည် ကျွန်ုပ်ကို မဟုတ်တမ်းတရားသဘောနှင့် လှည့်စားရပါသနည်း....'

ရွှေရွှေသည် ၎င်း၏သားတော်အရည်းကို ငေးစိုက်ကာသာကြည့်နေဘိ၏၊ ကဝိန္ဒာဘိဝံသလည်း ၎င်း အဘောကို ထပ်၍မေး၏။ မေးဖန်များသော် ရွှေရွှေသည် သားတော်၏ ရှေ့တွင်မျက်ရည်ကျနေလေ၏။

ကဝိန္ဒာဘိဝံသကား မယ်တော်မပြောသော် ကျွန်ုပ်ပြောရချိမ့်မည်ဟု ဆိုသဖြင့် ရွှေရွှေသည် သားတော်၏ရှေ့တွင် တရှုပ်ရှုပ်နှင့်ငိုလေတော့၏။ ကဝိန္ဒာဘိဝံသည် 'မယ်တော် မပြောသော် ကျွန်ုပ်ပြောပြမည်ဟုဆိုသောကြောင့်၊ ရွှေရွှေသည်

ငို၍ 'သားတော်အရည်းမပြောပါနှင့်တော့၊ ပြောခြင်းဖြင့် မယ်မယ်အရှက် ရချိမ့်မည်။ သားတော်အရှည်း သိသည် အတိုင်း မယ်တော်အတွက်အပြုသဘောကို မပြောပါနှင့်တော့ဟု ကြင်နာဘွယ်လုလုသော မျက်နှာနှင့် ဆိုလေ၏။

ကပိန္ဒာဘိဝံသသည်ကား မယ်တော်အားတစုံတရာသော စိတ်၏ဆင်းရဲမှုကို မပြုလိုတော့သဖြင့် မိမိ၏ ကျောင်းသို့ ပြန်လေတော့၏။

ရွှေရွှေသည်ကား ဘဝကပါရဒီ ဓါတ်ခံအားဖြင့်အသိနက်ဟန်ရှိသည်။ ကပိန္ဒာဘိဝံ သကို တန္တတိုဘမ်းထားသည်၊ ငွေနှင့် ရွေးရမည်ဟု ဆိုသောကြောင့် ငါသည်ငွေနှင့် လွှတ်လိုက်သည်။ ငွေကိုပြန်ပေး၍ ငါ့သားသည် ငါ့အား သူ့ အဘေကို မေးသည်။ ငါ့သားသည် သူနဂါးမင်းကြီး၏ သား ဆိုသည်ကို မယုံတော့ပေ။ ငါ့သားသည် အရည်းတို့ကို လူညာလူလိမ်များဟုထင်ချေပြီ။ အရည်းဂိုဏ်းကြီးကို ဖျက်ဆီးပေတော့မည် ဟု ရွှေရွှေသည် အသိနက်လာပေတော့ပြီ....။

ရွှေရွှေသည် ထိုသို့အားဖြင့် တနည်းတုံစဉ်းစားလေသေး၏။ အရည်းတို့၏ ကျောင်းလွှတ်ပုဇော်မှု ဝါဒနှင့် နဂါးဝါဒသည် ဆိုးညစ်သော်လည်း လောက၌ အသုံးမဝင်သလော၊ အကျိုးမရှိသလော။

ကျောင်းလွှတ်ပုဇော်မှုသည် အရွယ်ရောက်သောအမျိုးသမီးကလေးတို့ကို မေထုန်မှု၌သင်ပေးသည်။ မေထုန်မှု၌ရဲရင့်စေသည်။ ထိုသဘောဖြင့် ပဋိသန္ဓေ စွဲကပ်ချေသော် အိမ်ထောင်ဘက်ရှာ၍ ပေးသည်။ ထိုအိမ်ထောင်အား ဆင်းရဲသော် အရင်းအနှီးထုတ်ပေးကာ မ,စ,ချီးမြှင့်သဖြင့် ကောင်းစားရုံမျှ မ

ကာ၊ လူဦးရေကို တိုးပွားစေသည်၊ အရည်းတို့၏ သာသနာ၌ လူထုအင်အားကောင်းသည်၊ ထိုလူထု အင်အားသည် တနေ့ သော် တိုင်းပြည် နိုင်ငံကို တန်ခိုးရှိစေနိုင်သည်....'

'တနည်းတုံ အချို့အိမ်ထောင်မပြုလိုသေးသော အမျိုးသ မီးတို့၌၊ ပဋိသန္ဓေအရှင်ကို နဂါးဟု ပဉ္စလက်နည်းနှင့် ပြကာ လူတို့ကိုယုံမှား စေလေသည်။ဤသည်လည်း လူဦးရေတိုးတက် ပေါများလာခြင်းဝါဒပင်ဖြစ်သည်....'

'ငါသည် မည်သို့သော ခြေလှမ်းကို ပြုသင့်သနည်း....'

ထိုသို့တွေးတော၍ မကြာမြင့်မီပင် ရွှေရွှေသည် တမ္ဗဝတီ ပြည် စောသုမာထံသို့သွားခလေတော့ပြီ။ရွှေရွှေသည် စောသုမာ ထံရောက်လတ်သော် စောသုမာ၏ အိမ်တော်၌ပင် တည်းနေ၍ တနေ့သော အချိန်တွင် စောသုမာအား ဤသို့ပြောလေ၏။

'မမဘုရားအား....တခုတိုင်တမ်းချင်သည့်အတွက် ရောက် လာရခြင်းပါ....'

'ဘာကို တိုင်ဘမ်းချင်သလဲ ...'

'ခု....အရည်းများကို တန္တများသည် အလွန် နှောင့်ယှက် နေပါတယ်....'

'ဘယ်လိုနှောက်ယှက်နေပါသလဲ....'

'ကပိန္ဒာဘိဝံသသည် တမ္ဗဝတီမှ ပြန်လာတော့ တန္တများ က လမ်းမှ ဘမ်းပြီးထားပါတယ်....'

'ယခုလွှတ်လာပြီမဟုတ်လား....'

'လွှတ်လာပါပြီ....'

'လွှတ်လာရင်လဲ ကိစ္စပြီးတာပေါ့....'

'နောင်ကို ယခုလို ဘမ်းအုံးမှာကြောင့်....'

'ကပိန္ဒာဘိဝံသဟာ ညီမတော်လေးရဲ့ သားတော်ဘဲ မဟုတ်လား....'

'ဟုတ်ပါတယ်....'

'ကပိန္ဒာဘိဝံသဟာ တမ္ဗဝတီသို့ ဘာကြောင့်လာသလဲ ....'

'ဒါကိုတော့ မစေ့ငုမိပါ....'

'ညီမတော် မှုသားဆိုသလား....'

'မဆိုပါ....'

'ကပိန္ဒာဘိဝံသလွတ်လာရအောင် တန္တမျှားအား အသပြာဘယ်လောက်ပေးရသလဲ....'

'တန္တမျှားက တောင်းသော်လဲ ဘယ်လို ဘယ်အကြောင်းကြောင့်မသိ။ အသပြာများကိုမယူလိုက်ပါ....'

'ဒါဖြင့် တန္တမျှားဟာ အသပြာရွှေငွေကို လိုလားလို့ မဘမ်းဘူးပေါ့....'

'ထင်စရာပါ....'

'မထင်နှင့်လေ....ဟုတ်မှန်နေတယ်မဟုတ်လား....'

'ဟုတ်မှန်ရာရောက်နေပါပြီ....'

'ဒါဖြင့် နောက်က အရည်းများအား တန္တမျှားကဘမ်းလိမ့်အုံးမည်ဟု ထင်စရာ ရှိနေသေးသလား....'

'စဉ်းစားစရာပါ မမဖျား....'

'ကပိန္ဒာဘိဝံသကိုဘမ်းလို့ ကပိန္ဒာဘိဝံသဟာ သူ့ ခမည်းတော် ဘယ်သူလဲလို့ တတ်ရာကျသိသွားပြီမဟုတ်လား–'

ရွှေရွှေကား မဆည်နိုင်ဘဲ စောသုမာ၏ရှေ့တွင် မျက်ရည်တို့သည် ကျလေတော့၏။ စောသုမာလည်း မိန့်မချင်း ကိုယ်ချင်းစာနာသောသဘောနှင့် ဤသို့ဆိုလေတော့၏။

‘ညီမလေး ဝမ်းမနည်းနှင့်တော့....အရည်းကြီးများရဲ့ ဝါဒအရ၊ နဂါးရဲ့သားဆိုတာဟာ သက်သက် လောကကို ဖွဲ့စားတာဘဲမဟုတ်လား။ ရွှေရွှေ့ကိုယ်တိုင်တွေ့ရပြီ၊ သိပြီ၊ မိန်းမများမှာက မယ်ကရ လင်ကောင်ကိုထင်ရှားစွာမပြဘဲ၊ နဂါးရဲ့သား၊ ပြဟ္မာကြီးရဲ့သား၊ နေဘုရားရဲ့သား၊ လဘုရားရဲ့သားဆိုတာတွေဟာသက်သက်လောကကို လှဲ့စားပြီး ချောက်ချထားတာဘဲမဟုတ်လား....’

‘မှန်ပါတယ်....’

‘ရွှေရွှေ စဉ်းစားနော်...ရွှေရွှေကို မမက သက်သက် လူချင်းကွဲပြီး စိတ်မကောင်းအောင် ပြောတာမဟုတ်ဘူး၊ ရွှေရွှေဟာပါရမီအလျောက်လိမ္မာပြီး ဉာဏ်ရှိသူဖြစ်လို့ မမက ပြောပြတာ....’

‘မှန်လှပါ....’

‘ရွှေရွှေမှာ သားသန္ဓေကပ်တော့ ရွှေရွှေတို့ရဲ့ ဆရာတော်ဂိုဏ်းချုပ်ကြီးက ယခုအရည်းများရဲ့ သာသနာဟာ ဖျက်ဆီးမဲ့သူ ပဋိသန္ဓေတည်နေတယ်။ ဒါကိုအရည်းများကို လိုက်လံရှာဖွေပြီး ဖျောက်ပစ်ရမယ်လို့ တိတ်တိတ် အမိန့်ချတာကို ရွှေရွှေသိတာနှင့် သားငယ်ကို ကိုယ်ဝန် ခြောက်လက စပြီး သားတော်ကို စောင့်ရှောက်တဲ့ သဘောနှင့် တောင်ယာထဲ၊ ကိုင်းထဲမှာ ပုန်းနေခဲ့ရတယ်မဟုတ်လား....’

ရွှေရွှေသည်မျက်ရည်ကျ၍ ‘မမဘုရားအား ဒါကိုဘယ်သူက တင်ထားနှင့်ပါသလဲ—ဖုရား’ ဟုမချိသော မျက်နှာမသာသော အသံနှင့်ဆိုလေ၏။

‘ညီမလေး....သည်အခါတုန်းက မမဟာမိဘုရားခေါင်ကြီး

မိဖုယားခေါင်ကြီး ဆိုတာဟာ ဉာဏ်ရှိသလောက် လိမ္မာသလောက် နားများတယ်၊မျက်စိများတယ်....'

'မှန်လှပါ....'

'ရွှေရွှေတို့မိဘများနှင့်တကွ၊ လူအများက ကိုးကွယ် နေတဲ့အရည်း ဂိုဏ်းချုပ်ကြီးဟာလဲ အာကပုဏ္ဏိုလ် မြိုင်စံရှားလောက်ဘနန်းဆိုကြစို့....'

'မှန်လှပါ....'

'အဲသည် အရည်း ဂိုဏ်းကြီးကို မပြိုနိုင်စေကာမူ နိမ့်ကျသွားအောင် ကြံဆောင်မယ့်သူဟာမည်သည့် အချိန်မှာ မွေးဖွားလိမ့်မယ်လို့ အတတ်သိတာနှင့် သူ့အရည်းများကို လွှတ်ပြီး ဖျောက်ဖျက်ဘို့ရန် ရက်စက်စွာသီမံ့ကာလွှတ်ထားတယ်၊ ဒါကိုရွှေရွှေသိရတယ်မဟုတ်လား....'

'ဟုတ်ပါတယ်....'

'အဲ့သည်တော့ ရွှေရွှေဟာမိမိရဲ့ကိုယ်ဝန်ကို ခေါင်သောတောစပ်ရှိ ယာတဲယာ ၌ွားတင်းကုတ်ထဲမှာ သားတော်ကလေးကို မွေးဖွားရတယ်မဟုတ်လား....'

'ဟုတ်ပါတယ်....'

'ရွှေရွှေနှော်....ရွှေရွှေဟာ သည်သားတော်ကလေးအတွက် အတော်ပင် စိတ်ရဲ့ပင်ပန်း ကိုယ်ရဲ့ပင်ပန်းဖြစ်ခဲ့ရတယ်မဟုတ်လား....'

'ဟုတ်ပါတယ်....'

'ရွှေရွှေကို မမချီးကျူးပါသည်။ ရွှေရွှေလောက် မမ စွမ်းရည်မရှိ၊ ရွှေရွှေလို မိမိကိုယ်ဝန်ကို မိမိ အနင့်နာခံပြီး မမ မစွန့်စားနိုင်၊ ရွှေရွှေသည် သူ့ဌေးသမီး ဖြစ်တုံပါလျက်တော

ထည်းရှိ တောင်ယာအကြိုအကြား၊ ယာ အကြိုအကြားမှာ သားကလေးကိုစောင့်ထိမ်းကာ ဆင်းရဲသူ တောသူမကလေး အဖြစ်နှင့် သားငယ်ကို မွေးမြူ ကြီးပြင်းလာစေသည်၊ သားကလေးသည် ဆယ်နှစ်သားအရွယ်က လွန်မမြောက်သောအခါ အသပြာရွှေငွေ ပြည့်ပြည့်စုံစုံနှင့် မြစ်မကြီး၏ အနောက်မြောက်ဘက် မဟာပညာ ကျော် အရည်းဆရာတော်တပါးထံမှာ အတတ်ပညာ သင်ကြားခံယူရန်အပ်နှံ ထားခဲ့သည်ဘယ့်နှယ်လဲ’

‘မမဖုယားဟာ အတတ်ဘဲသိနေပါကလား....’

‘ရွှေရွှေရဲ့ သားတော်ကလေးဟာ အတတ်ပညာစုံတော့အရည်းဝတ်ပြီးပြန်လာ၊ မယ်တော်ကလဲ သဘောကျ။ ငှက်ပစ်တောင်အရည်းများရဲ့ဝါဒကို မြှလှည်းတော့မယ်လို့ အထင်ကြီးတာပေါ့....’

‘ဟုတ်ပါတယ် အထင်ကြီးမိပါတယ်....’

‘သို့သော်နှော်....ညီမတော်၊ညီမတော်ကလဲသားတော်မောင်ရဲ့ ခမည်းတော်ဟာ နဂါးမင်းကြီးလို့ ပြောထားတယ်၊အရည်းဆရာများကလည်း နဂါးနှင့် လူများကိုလှည့်စားကာ တန်ခိုးအာဏာကိုယူနေတယ်၊လပ်ကို ပွားများစေတယ်၊သည်လိုတွေနှင့် တွေတော့ ကဝိန္ဒာဘိဝံသဟာ အရည်းများကိုအထင်ကြီးနေစဉ်မှာ အရည်း ဂိုဏ်းချုပ်ကြီးသည် ကဝိန္ဒာဘိဝံသအား မေထုန်မှုအားဖြင့် လှပနုနယ်ပျိုမြစ် ချစ်စဖွယ်သော မိန်းမပျိုနှင့် မှားယွင်းစေပြီးနောက်သူ့ဂိုဏ်းထည်းတွင် အထူးမြှောက်စားထားပါတယ်၊ ကဝိန္ဒာလည်း လမ်းလွဲကာ အရည်းဆရာတပါး ဖြစ်လာတာပေါ့....’

‘မှန်ပါတယ်....’

'သည်တော့မှ တန္တမျှားကဘမ်း၊ ဘမ်းတာဟာ ငွေကိုလို လို့မဟုတ်၊ ကဝိန္ဒာသည် အမှန်သဘောကို သိစေချင်လို့ဖြစ် ရမယ်။ ခု ကဝိန္ဒာဘိဝံသသည် အမှန်သဘောကိုသိပြီး သူ့ မယ်တော်အား သူ့အဘောကို မေးရှာလေတော့သည်....'

ရွှေရွှေသည် မျက်ရည်ကျလျက် နေလေတော့ပြီ....။

'ကိုင်း....ညီမတော် ကဝိန္ဒာဘိဝံသကို လူဝတ် လဲစေပြီး သော် တမ္ဗဝတီသို့သာ ခေါ်ခဲ့ပေတော့....'

× × ×

လူငယ်စာရေးဆရာ

အောင်မိုး ၏

" မေတ္တာအသဲငယ်ငယ် "

( အချစ်ဝတ္ထု )

လာတော့မည် မျှော်....

## အခန်း (၃)

တမ္ဗဝတီ နေပြည်တော်၌ ပုရောဟိတ်ကြီး ဘိုးကျော်သည် ကွယ်လွန်ပြီဖြစ်သောကြောင့် ကပိန္ဒာဘိဝံသကို လူပြုစေပြီးသော် ရာဇသင်္ကြံ အမတ်အဖြစ်နှင့် ထားလေ၏၊ အမည်သည်လည်း ရာဇသင်္ကြံဟုပင်တွင်လေသည်။

ကပိန္ဒာဘိဝံသသည် လူပြု၍ရာဇသင်္ကြံ အမတ်အဖြစ်နှင့် သေည်လည်ပိုက်မင်းထံတွင်ဝင်ရောက်ခစားရာ ငှက်ပစ်တောင် အရည်းတို့သည် ငါတို့၏ အရည်းဂိုဏ်းဝင် တယောက်သည် ဘုရင့်အတိုင်ပင်ခံ အမတ်ကြီးအဖြစ်နှင့် ရောက်ချေပြီ၊ ငါတို့၏ အရည်းဂိုဏ်းကြီးသည် ကောင်းစားရပေတော့အံ့ဟုမြော်လင့်ကြကုန်၏။

သမထီးအရပ်ရှိ အရည်းတို့ကလည်း သမထီးအရပ်၊ တမ္ဗဝတီပြည်၊သီရိပစ္စယာ မြို့ဟောင်းတို့၌ အရည်းသာသနာသည် အထူးပွင့်လင်းပေလတ္တံ့ဟု အားတက်လာကြလေ၏၊

ရာဇသင်္ကြံ အမတ်သည်ကား တမ္ဗဝတီ နေပြည်တော်၌မင်းမှုထမ်းမိပြီး ခုနှစ်ရက်မြောက်၌နာဂဒိန္နနှင့်အရည်းသောမတို့၏ထံသို့ သွားရောက်၍ အပြေအပြစ်ပြုကာ ဤသို့ပြောဆိုနေလေ၏။

'အရှင်ဘုရားတို့ အရှင်ဘုရားတို့နှစ်ပါးအား တပည့်တော်သည် စိတ်အားဖြင့်၎င်း၊ စကားအားဖြင့်၎င်း၊ ပြစ်မှားမိခဲ့ပါသည်။ ကြေနပ်တော်မူရန် တပည့်တော်တောင်းပန်ပါသည်"

‘တကာတော် ငါတို့ကား အရည်းဖြစ်သဖြင့် ငါတို့၏ခေါင်းကိုပင် ဖြတ်ပါစေ၊ ငါတို့ကြေနပ်ပါတယ်....’

‘အရှင်ဘုရားတို့ အရှင်ဘုရားတို့၏အနေသည်လည်းထူးခြားလှပေသည်။အရှင်နာဂိန္ဒအမိန့်ရှိသောစကားသည်လည်း အဆန်းတကြယ်ဖြစ်ပါသည်၊အနက်ကျယ်ကို မိန့်တော်မူပါဘုရား’

‘တကာ ငါကား အနက်ကျယ်ကိုမပြောနိုင်၊ အကျဉ့်အားဖြင့် ဆိုတုံအံ့....’

‘တင်ပါ့....’

‘တကာ ငါတို့၏အယူဝါဒကား အရည်းသည် ကိလေသာ မခမ်းခြောက်နိုင်သေးသောရဟန်းတည်း။ ထို့ကြောင့် အိမ်ထောင်သားတို့ရဲ့ အကျင့်ကိုကြည့်ပြီး ဖြိုးဖြိုးစွာကျင့်သုံးနေထိုင်ရမည် သည်းခံရမည်။အလိုရမ္မက်ကို နည်းနိုင်သမျှနည်းရမည်။တုံလှုပ်မှုကိုလည်း ခံနိုင်သရွေ့ခံရမည်၊ မိမိ၏ကိုယ်ကို နှိမ့်ချရမည်၊ ပစ္စည်းဥစ္စာ ရတနာရွှေငွေတို့ကို ကြောက်ရမည်၊ ပံ့သကူ အဝ ပံ့သကူကျောင်း၊ ပံ့သကူအဝတ်တို့ကို နှစ်သက်ရမည် ကာမမေထုန်မှုသို့ သွားနေသောသဘောကို စက်ဆုတ်ရမည်၊ အတတ်ပညာအမျိုးမျိုးကို တတ်အောင်ဆည်းပူးရမည်....’

‘တပည့်တော် အကျယ်ကို သဘောပေါက်ပြီဘုရား....’

‘ဝမ်းသာပါသည်....’

ရာဇသင်္ကြံသည် ထိုသို့ အရှင်နာဂိန္ဒနှင့် သောမတို့၏.... ကျောင်းတွင် နှီးနှောပြောဆို၍ ပြန်ခဲ့လေ၏။

တနေ့သောညဉ့် အရည်းတပါးသည် လူခြေတိတ်ချိန်၌ ငင်းအားဘိတ်သော အိမ်တအိမ်သို့ သွားလေရာ ‘ဟေ့ ရပ်လိုက်’ ဟူသော အာဏာသံကို ကြားရလေ၏၊ သို့လင့်ကစင်း အ

ရည်မလည်း မိမိ၏ သွားမြဲသောလမ်းကို တိုး၍သွား၏။ အာကာသလည်း ပြင်းပြင်းထန်ထန်နှင့်ပင် ပေါ်လာ၍အရပ်ခိုင်းလေ၏။ ထိုအခါ မရပ်သော် ဘေးဖြစ်ရတတ်သည်ကို အရည်းသည်သိ၍ ရပ်နေ၏။ မင်းမှုထမ်းငါးယောက်တို့လည်း အရည်းထံ ချဉ်းကပ်၍ ဤသို့ဆိုလေ၏။

'အချိန်မတော် ဘယ်သူလဲ....'

'ငါ အရည်း....'

'အရည်းဖြင့် ဘယ်ကိုသွားမှာလဲ....'

'ဟာ....မင်းတို့က ဘာလဲ....'

'ငါတို့ ရာဇသကြီး အမှုထမ်းများ....'

'ငါသွားချင်ရာ သွားတာပေါ့....'

'ကောင်းကောင်းပြော....'

'ငါ့ကို နင်တို့စစ်မေးနိုင်သလား....'

'ခု စစ်မေးနိုင်လို့ စစ်မေးတာပေါ့....'

'ဖယ်....'

'သယ်....အချိန်မတော် တယောက်တည်း တိတ်တိတ်သွားနေခြင်းဟာ သူခိုး၊ သူခိုးဟာ အရည်းယောင် ဆောင်ကာ....လာလျှင် မခက်ပါလား၊ အရည်းဆိုပြီး အချိန်မတော် အရပ်ထဲမှာ ဘာလာလုပ်သလဲ....'

အရည်း ကား တွေ၍နေ၏။

'ကောင်းပြီ အရည်းဆိုရင်အရည်းကျောင်းကိုပြန်ပါ၊ ကျွန်ုပ်တို့ လိုက်ပို့ပါမည်....'

ထိုသို့ ပြောဆို၍ အရည်းကို မင်းမှုထမ်း တို့သည် ၎င်း၏ ကျောင်းသို့ ပြန်ပို့လိုက်၏။

ထိုကဲ့သို့လျှင်ခဏခဏတွေကြုံလေ၏။ ထို့ကြောင့်တနေ့သော ညီလာခံတွင် တိုင်းပြည်ရေးရာကို သေလည်ပိုက် မင်းကြီးသည် စိစစ် မေးမြန်းတော်မူပြီးနောက် ရာဇသင်္ကြံ အမတ်ကြီးသည်၌ သို့ တင်လျှောက်လေ၏။

'ရွှေဘုန်းတော်ရှင်ဘုရား....'

'ရာဇသင်္ကြံ အမတ်ကြီး ဆိုဗျား....'

'သေည်လည်ပိုက်ဘုရင်မင်းမြတ်သည် သမထ°းအရပ်ကြီး၌ အရည်းဂိုဏ်းကြီးကိုလက်ခံ၍ သိမ်းပိုက်ထားရပါသည်၊ ထို့ကြောင့် အရည်းများအား ညဥ့်အချိန်တွင် မြို့ပြ၊ ရပ်ကွက်၊ ရွာများအတွင်းသို့ မသွားလာရအောင်ပိတ်ပင်တားမြစ်ဘို့ရန် သင့်ကြောင်းပါဘုရား....'

'အမတ်ကြီး ကျုပ်ကား သူတို့ရဲ့ သာသနာကိုကြည်ညိုလို့ သိမ်းပိုက်ထားခြင်းမဟုတ်၊ ချင်းတို့ချင်း အဝေမညီလို့ သိမ်းပိုက်ထားရခြင်းဖြစ်တယ်၊ ဒါကြောင့် ချင်းတို့ကို ဘာမှမချုပ်ချယ်လို၊ ချင်းတို့ချင်း ရန်မဖြစ်အောင်သာ ကျုပ် သိမ်းပိုက်ထားခြင်းမျှသာဖြစ်တယ်....'

'ယခု အရည်းများဟာ ခြေရာပျောက်၊ ပျောက်ပျောက် သွားခြင်းသည် မသိတ်သလိုဖြစ်နေပါသည်။ ဤကား မလျော်ကန်ပါ၊ တနေ့သော ဖြေမရသော အရှုပ်ကြီး ဖြစ်လာမည်ကို သတိပြု၍ ချုပ်ချယ်သင့်ကြောင်းပါဘုရား....'

'အရည်းများဟာ သူတို့ ဖြစ်ပျက်နေပုံကို သူတို့ နားလည်လာပါလိမ့်မယ်....'

'ရွှေဘုန်းတော်ရှင်ဘုရား....'

'ဆို အမတ်ကြီး....'

'အရည်းများတွင် ဘယ်လိုလူတန်းစားများက အရည်းဖြစ်နေခြင်း များနေသည်ကို သတိပြုသင့်ပါသည်ဘုရား....'

'အမတ်ကြီး....'

'ဦးတည့်ရပ်ပါဘုရား....'

'ဝါခေါင်-တော်သလင်းလများ၌ ခွေးများသည် ဆူညံ၍ကိုက်နေခြင်းကို လူကလိုက်ပြီး ထမ်းသိန်း စောင့်ရှောက်ခြောက်မောင်းနေရင် သည်လူကို ဘယ်လိုဆိုမလဲ....'

ရာဇသင်္ကြံသည် ဘုရင်မင်းမြတ်၏ညီလာခံ၌ အရည်းများနှင့် ပတ်သက်၍ လျှောက်ထားသော်လည်းဘုရင်မင်းမြတ်သည် တစုံတရာမျှ အရေးမယူသဖြင့်အချည်းနှီးသာလျှင်ဖြစ်နေခြင်းကြောင့်ထိုနေ့ ထိုစကားတို့နှင့်သာညီလာခံပွဲရလေတော့သည်။

ထို့နောက် များမကြာမီ အရည်းတပါးမှာ နဖူးတွင် ဒါးဒါဏ်ရာနှင့်လည်းကောင်း၊ အရည်းတပါးမှာ နားသယ်တွင် ထားဒဏ်ရာနှင့်၎င်း၊ အချုပ်တွင်းသို့ မင်းမှုထမ်းများက ဘမ်းပို့သဖြင့် ရွှေမြို့တော်ဝန်သည်၊ တရားရုံး၌ တရားစွဲဆို တင်ပို့လေ၏။ ထိုအခါ တရားသူကြီးသည် ဤသို့ဆို၏၊

'ရွှေမြို့တော်ဝန်မင်း....ဤရုံးသည် အရည်းများကို စီရင်ဘို့ထားသောရုံးမဟုတ်၊ ရွှေမြို့တော်ဝန်မင်း အမှုစွဲတင်သည်ကို–လက်မခံနိုင်....'

'သူတို့သည် ရွှေမြို့တော်၌ရာဇဝတ်မှုကို ကျူးလွန်သူများပါ'

'ဘာအမှုကိုဘဲကျူးလွန်ကျူးလွန် သူတို့သည် အရည်းများထို့ကြောင့် လက်မခံနိုင်....'

'နိုင်ငံတော်၌သည်သို့သောလူဆိုးများကို ကြည့်နေရတော့မလား....'

‘ကြည့်မနေချင်ရင် မျက်စိမှိတ်ထား။ သို့မဟုတ်ရင် နောက်ခိုင်းနေ....’

ထိုသို့လျှင် ရှေးမြို့တော်ဝန်မင်း၏ တရားစွဲဆိုသည်ကို တရားရုံးက လက်မခံသဖြင့် ဘုရင်မင်းမြတ် သည်လည်းပိုက်ကိုယ်တိုင် လွှတ်တော်သို့တက်၍စီရင်သော တရားလွှတ်တော်ချုပ်သို့ ထိုအမှုကို ရှေးမြို့တော်ဝန်မင်းသည် တင်ပို့လေ၏။

တရားလွှတ်တော်ချုပ်သည် သက်ဆိုင်ရာတို့ကို ချိန်းဆိုသတ်မှတ်ကာ တနေ့တွင် ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ဤသို့ စစ်ဆေးတော်မူလေ၏၊

‘ဟယ့် အရည်းနှစ်ပါးကိုဘမ်းပြီး တန်းသို့ပို့တဲ့အမှုထမ်းအုပ်ကို ရှေ့တော်သို့သွင်း...’

‘အသင့်ရောက်ကြောင်းပါဘုရား....’

‘မောင်မင်းသည် အရည်းနှစ်ဦးကို ဘယ်မှာ ဘယ်လို....ဘမ်းပြီး တန်းသို့ပို့သလဲ....’

‘ကျွန်တော်မျိုးသည် ဝတ္တရားအတိုင်းလှည့်လည်သွားသောအခါ အိမ်ကလေးတအိမ်၌ ရှုတ်ရှုတ်ရက်ရက်ကြားရသည်ဖြင့် (အလိုလေး ခက်ကုန်ပြီ၊ တခါမှ ခက်တော့တာဘဲ)ဟု မိန်းမသံကို ကြားရသဖြင့် အိမ်ပေါ်သို့ အနုကြမ်းစီးသည်ထင်ပါသဖြင့် ရှုတ်တရက် တက်ရောက်သွားပါသည်....’

‘အင်း....စာရေးကြီး သေသေချာချာရေးမှတ်ဆက်တင်....’

‘ထိုအခါ အရည်းနှစ်ပါး ထားရေးပြုပြီး တယောက်ကိုတယောက် ခုတ်နေတာကိုတွေ့ရလို့ ဘမ်းပြီးတန်းသို့ပို့ပါသည်ဘုရား....’

‘အင်း....သည်အရည်းနာမယ်က....ဆို....’

'ဗိုလ်ကော်ပါ....'
'အင်း....တဦးက....'
'ဗိုလ်အာဏာပါ....'
'အမှုထမ်းအုပ်တင်တာ မှန်သလား....'
'မှန်ပါတယ်....မှန်ပါတယ်....'
'ဗိုလ်ကော၊ သည်အိမ်မှာ ဘယ်သူများရှိနေသလဲ....'
'မုဆိုးမကြီးဒေါ်ကြည်နှင့်သူ့သမီး ဝင်းဝင်းတို့နေပါသည်'
'ဘာကြောင့် သည်အိမ်သို့ ညအချိန်မတော်မှာ ရောက်သလဲ....'

'သူတို့သားအမိဟာ အင်မတန်ဆင်းရဲပါသည်၊ သည်တော့ ဝင်းဝင်းက ချမ်းသာချင်လို့ ချက်ချင်းလက်ငင်း အကျိုးပေးအောင် အတွင်းအလှူဖြစ်တဲ့ ကာမမေထုန်ကို လှူချင်လို့ အလှူခံကြွပါဆိုကာ ပင့်သောကြောင့် ရောက်ပါတယ်....'
'ဟယ် ဝင်းဝင်း ပင့်သလား....'
'ပင့်ပါတယ်ဘုရား....'
'အင်း ကောင်းပြီ၊ ဗိုလ်အာဏာကကော....'
'သည်လိုဘဲ ဝင်းဝင်းကပင့်လို့ သွားရောက်ပါသည်....'
'ဟုတ်လား....'
'ပင့်ပါတယ်ဘုရား....'
'ဘာကြောင့် အလှူခံနှစ်ယောက်ကိုပင့်သလဲ....'
'ဘုရင်မင်းမြတ်ရဲ့ အလှူတော်မှာ ရဟန်းကြီးဆယ်ပါး၊ အရည်းကြီးဆယ် ငါးပါးကိုပင် ပင့်ပါသည်၊ ဘုရားကျေးတော်မျိုး၏ကာမ မေထုန်ဖြစ်သည့် အတွင်းအလှူကိုလှူရာ၌ နှစ်ပါးသာလျှင်ပင့်ပါသည်ဘုရား....'

'ခက်တယ် သည်ကောင်မကလေးကလဲ သိပ်အ၊ သိပ်ဖျင်း၊ သိပ်နုံတာကိုး၊ နင့်အမေကကော သဘောတူသလား....'

'တူပါသည်ဘုရား....'

'တော်တော့ကိုရှုပ်တဲ့ အရည်းကပွဲ....'

'အရည်းကပွဲကမရှုပ်ပါ....မင်းမှုထမ်းကရှုပ်ပါသည် –'

'အလို....တယောက်နှင့် အယောက် ထားနှင့် ခုတ်တာတဲ၊ တယောက်ကို တယောက် နိုင်အောင် ခုတ်ပါလား....'

'မင်းမှုထမ်းများ ရောက်လာလို့ပါ....'

'အော်....ဘကယ့် အရည်းနှစ်ပါး....ကာမမေထုန်မှုကိုအလွှမ်ရာ၌ နှစ်ဦးဆိုနေမှာဘဲ၊ ဝေပြီးယူကြပါတော့လား၊ ဘယ့်နှယ်၊ တယောက်နှင့်တယောက် ထားနှင့်ခုတ်ရသလဲ....'

'ဝေမဖြစ်လို့ပါ....'

'ဘယ့်နှယ်မဖြစ်ရမလဲ....ပါးနှစ်ဘက်ရှိတယ်၊ လူမှာနှစ်ခုလက်ဝဲ၊ လက်ျာရှိနေတာဘဲ....'

'ဟာ....တကာတော်....တကာတော်ဟာလူပျိုကြီးဘုရင်လဲမဟုတ်ပါ....မိဖုယားလဲရှိပါတယ်....ဝေခြမ်းယူရအောင် လူမှာခြေနှစ်ချောင်း၊ လက်နှစ်ဘက်၊ မျက်လုံးနှစ်လုံးရှိပေမဲ့၊ နှစ်ခုမရှိတာရှိတယ်၊ ပါးစပ်ဟာနှစ်ပေါက်ရှိသလား။ သည်လိုဘဲ....'

'ခက်တယ်၊ ခွေးချင်းသာသည်အမှု၌ ပတ်သက်ပြီးကိုက်ကြတယ်၊ အရည်းဟာခွေးမှမဟုတ်ဘဲနှင့်ရန်ဖြစ်ရသလား....'

'တကာ....အရည်းခဏလုပ်စေချင်တယ်....'

'နောင်ကိုသည်အမှုနှင့်ပတ်သက်ပြီး ရန်မဖြစ်ရဘူး....'

'ဟာ....တကာ–ဒါတော့ မဖြစ်နိုင်ဘူး၊ သည်လိုတွေ့ရင် သည်လိုရန်ဖြစ်မှာဘဲ–'

'ဗိုလ်အာကာကတော'

'သည်လိုကြုံကြိုက်ရင်တော့ အသေသတ်မှာဘဲ-'

'သည်အရည်းနှစ်ပါးဟာခက်နေပါပြီ-'

'တကာတော် ဘုရင်မင်းမြတ်ဘဲစီရင်ဆုံးဖြတ်ပါ-၊

'တပါးကမအေ့ထံမှာအလှူခံ၊ တပါးကသမီးထံမှာ အလှူခံ--'

'တကာ ဒါတော့မဖြစ်ဘူး။ မအေကမှတ်ဆိုးမ၊အိုလာပြီ၊ ဝင်းဝင်းကတော့ အပျိုကလေးအစစ်၊သည်မုတ်ဆိုးမကြီးထံမှာအလှူမခံလိုပါ--'

'ဗိုလ်အာကာကတော့-'

'သည်လိုပါတကာတော်....'

'သည်အရည်းနှစ်ပါးဟာ ဘာမှ ဆင်ချင်တုံတရား မရှိဘူး။ သည်မိန်းမ ဝင်းဝင်းအတွက် တယောက်ကိုတယောက် ထားနှင့်ခုတ်တယ်၊ မင်းမှုထမ်းများနှင့်မတွေ့ရင်၊အရည်းတပါးပါးတော့ မုချ သေမယ်။ သေရင်ကျန်ခဲ့တဲ့ အရည်းလဲ ဘယ်ကိုပြေးလို့လွတ်မလဲ၊ သေစားသေရမှာပေါ့။ အဲ့သည်တော့ အရည်းနှစ်ပါးလုံးလောကမှာ ရှင်းသွားလို့ လောကမှာတော့အကျိုးရှိသပေါ့။ စဉ်းစား အရည်းနှစ်ယောက်....'

- အရည်းနှစ်ပါးသည် တွေနေ၏။ ဘုရင် မင်းမြတ်လည်း ဆက်၍ဤသို့မိန့်တော်မူပြန်၏။

'အရည်းများက မေထုန်မှုကို လုမြိုတိုင်းလုပေါ့။ နိုင်ပြီးရခံအောင်သာလုံ၊ အရည်းတယောက်သေရင်၊ ကျန်တဲ့အရည်းတယောက်ဟာသေရမယ်၊အရည်းတယောက် နာသလောက်

ကျန်တဲ့ အရည်းတယောက်ဟာလဲ နာရမယ်။ ဒါမှ ညီမျှနိုင်တယ်။ လောကဆိုတာညီမျှမှ၊ အရည်းနှစ်ယောက်ဆုံးပါးလို့ လောကမှာ လူနှစ်ယောက်ဆုံးရှုံးသော်လဲ၊ သည်လောကဟာ ထိုဆုံးရှုံးမှုအတွက် ဘာမှအကျိုးမယုတ်ဘူး၊ အမြတ်သာလျှင် ထွက်တန်ထွက်ရမယ်။ လူဦးရေများဘို့မခဲ့ယဉ်းဘူး၊ နဲဘို့သာ ခဲယဉ်းတယ်။ ဒါကြောင့် နဂါးရဲ့ သားတွေသမထ ိးမှာတော် တော်များတယ်၊ ဟယ်အမှုထမ်းများ....'

'အမိန့်တော်သံနာခံလျက်ပါဘုရား....'

'သည်အရည်းနှစ်ယောက်အနက်။ နိုင်တဲ့အရည်းကို ဘမ်းပြီးနှောင်ကြိုးတဲ၊ ခေါ်ခဲ့၊ လမ်းမှာကန့်ကြောက်၊ ရိုက်ပုတ်၊ ထုနှက်ပေါ့ကွယ်၊ မိန်းမတယောက်အတွက်သတ်ကြပေစေ၊ ကြည့်နေ၊ အရည်းတရားကို အရည်းစီရင်သွားလိမ့်မယ်။ ကိုင်း.... သည်အရည်း နှစ်ယောက်ကိုလွှတ်လိုက်၊ တရားဆိုတာ ရာဇသတ်၊ ဓမ္မသတ်ကိုချည်း လိုက်မနေရဘူး ကိုယ်ကာသာ အဂတိမလိုက်စားနှင့်၊ ထိုက်တန့်သလို လျော်သလို စီရင်ရတယ်....'

'သည် မိစ်င်းဝင်းဟာသူတို့နှစ်ယောက်ရဲ့ တရားသူကြီးဘဲ'

ထိုသို့သောလည်ပိုက်မင်းကြီး၏ တရားစီရင် ဆုံးဖြတ်ခြင်းသည် သမထ ိးအရပ်ရှိ အရည်းတို့၌ များစွာ လိုက်ဆုသွားလေ၏၊ ထို့ကြောင့်အရှက်အကြောက်ရှိသော အရည်း အချို့ကား ထိုကာမ မေထုန်မှုကို အလွန်ခံခြင်းမှ ရှောင်ကြကုန်၏။ အချို့ကားလူမိုက်အားကိုးသဘောနှင့် ဂရုမပြုကြ၊ အချို့ အရည်းတို့ကား ငှက်ပစ်တောင်သို့ တစတစပြောင်းရွှေ့ကာ သွားကြလေ၏။

ငှက်ပစ်ခတောင် အရည်းဂိုဏ်းကြီး၏ အာဏာ လွှမ်းမိုးရာ ရပ်ကွက်ကြီး၌လည်း ရာဇသကြံ သည်ဤသို့လျှင် အမိန့် ထုတ်ဆင့်ထားလေ၏။ လင်သည် မယားသဘောမတူဘဲနှင့်၎င်း၊ မယားသည် လင်သဘောမတူဘဲနှင့်၎င်း၊ မိဘများသည် သမီးသဘောမတူဘဲနှင့်၎င်း ကျောင်းလွှတ် ပူဇော်ခြင်းကို မပြုရ။ ပြုသော်သင့်သလို မင်းဒါဏ်ပြုမည်ဟုအမိန့်ထုတ်လေ၏။

ထိုမှတပါးနဂါးနှင့်အကြောင်းပါ၍ သားမွေးသော မိန်းမတို့ကို ဘုရင့်နေပြည်တော်သို့သိမ်းသွင်းကာ သားမွေး မိန်းမမြတ်များဟူ၍ မြှောက်စားထားလေ၏။ (၎င်းကိုအကျယ်မရေးသင့်....)

ထိုသို့သော သဘောအရ သမထီးအရပ်တမ္ပဝတီရွှေပြည်တော် သီရိပစ္စယာရပ်ကွက်တို့တွင် အရည်းသာသနာ ညှိုးနွမ်းနေခဲ့သော်လည်း၊ မှန်ကန်သော ရဟန်းများ၏ သာသနာတော်သည်လည်း မထွန်းကားနိုင်ချေ။ အဘယ်ကြောင့်ဆိုသော်ပိဋကတ်သုံးပုံသည် မရှိသကဲ့သို့ ဖြစ်သောကြောင့် ဖြစ်ချေသည်၊ သာသနာတော်ထွန်းလင်းတောက်ပသည်ဟူသည်ကားမြတ်စွာဘုရား၏ ဆုံးမထားသော ဝိနည်းကံ ဒေသနာတော်ကို လိုက်နာခြင်း အပေါ်၌တည်လေသည်။ အချို့အရည်းတို့သည် မှန်ကန်သောသာသနာသို့လိုက်နာ ကျင့်သုံးလိုသော်လည်း မည်ကဲ့သို့ကျင့်ရမည်ဟုမသိသောကြောင့် လူတို့အား အကျိုးပြုနိုင်သော လောက အတွက် အတတ်ပညာတို့ကိုသာ လေ့လာဆည်းပူးကာရှိကြလေသည်။

'သည်လည်ပိုက်မင်းကြီးသည် အရည်းတို့၏ အယူနှင့် ဝါဒကို မှားသည်ဟု မနှစ်သက်သော်လည်း မေထုန် အလှူခံခြင်း

ရွှေငွေပစ္စည်းတို့ကို အလှူခံခြင်းတို့သည် အရည်းတို့နှင့် မအပ်စပ်ဟု သိခြင်းမှတပါး အခြားကျင့်ဝတ်ကောင်းတို့ကို မသိနားမလည်ချေ။

ထို့ကြောင့် ကမ္မဋ္ဌာန်းထိုင်ခြင်း၊ ကသိုဏ်းကိုအားထုတ်ခြင်း ပုတီးစိပ်ခြင်းစသည်တို့ကို အရည်းတို့မှုလုပ်ကြသော်သည်း တဖြည်းဖြည်းမှော်အတတ်ပညာ၊ ပဋ္ဌလက်အတတ်ပညာ ဘက်များသို့ ရောက်သွားကြလေတော့သည်။

အချို့အရည်းတို့ကား သေည်လည်ပိုက် မင်းကြီးကို မနှစ်သက်ကြချေ။ သို့သော်လည်း အရည်းချင်း ဗိုလ်လုသကဲ့သို့ဖြစ်နေ၍ ပြောင်ပြောင်မြှကာ မဆန့်ကြဉ်ကြချေ၊ အရည်းများ၏ ချွတ်ချော်ချက်တို့သည်လည်း တစထက်တစထူ လာလေ၏။ အလွန်အရေးကြီးသောအကြောင်းတခုကို ပြရသည်ရှိသော်၌ သို့ဖြစ်၏။

အရည်းယောသ ဆရာတော်သည် လုံကျင်းခြင်းဖြင့် တနေ့မှာ ရွှေငါးကျပ်သားခန့်အနည်းဆုံးရနိုင်သောစွမ်းရည်နှင့် ပြည့်စုံ၏၊ ထို့ကြောင့် အရည်းလောကမှာတကာတကာမများ စသည်ဖြင့် ကြည်ညိုသူ အလွန်ပေါ၏။

အရည်းဆရာတော် ကဿိသည်လည်း ဗေဒင်ဟောခြင်း၊ ဓါတ်ရိုက်ခြင်း။ ဓါတ်စာပေးခြင်း စသည်တို့ကြောင့် အလွန်ကျော်စောထင်ရှားလေ၏။ ကိုးကွယ် ကြည်ညိုကြသူတို့လည်း၊ တော်တော်ပင်ပေါများ၏။

အရည်းတို့မှာ အကွပ်မရှိသော ကြမ်းကဲ့သို့ဖြစ်၍ အရည်းယောသနှင့် ကဿိသည်တဦးနှင့်တဦး ထော်လော်ကန့်လန့်အမြဲကဲ့သို့ ရှိနေကြလေ၏။

အရည်းယောသ၏ တကာတကာမဖြစ်သော သူကြွယ် ဦးစိုး
နှင့် သူကြွယ်ကတော် ဒေါ်စီတို့မှာ သမီးကလေးတယောက်....
သူဇာဟုရှိ၏။ သူဇာသည်အရွယ်ရောက်လာသည်အားလျော်စွာ
အတော်ပင် ရှုချင်စဖွယ်ဖြစ်နေ၏၊ ထို့ကြောင့် ဒေါ်စီသည်
သူဇာကို မေထုန်ဒါန မိမိတို့ဆရာယောသအားပြုရန် အခါခါ
အဖန်ဖန် တိုက်တွန်းလေ၏၊

သူဇာသည်ကား မိမိ၏ဆရာတော် ယောသနှင့် မိမိ၏အမေ
ဒေါ်စီတို့လမ်းသွားပုံကိုသိသဖြင့်၊ မနှစ်သက်ကြောင်းနှင့် အခါ
ခါ ငြင်းပယ်လာခဲ့လေ၏။ သူဇာသည် ထိုအမှုဝ်ငြင်းပယ်သော်
လည်း မိဘများ၏အလိုကို လိုက်ရောရမည့်ကဲ့သို့ဖြစ်နေလေပြီ။

အရည်းယောသ ကျောင်းထိုင် ပုဗ္ဗိုလ်သည်ကား မာယာ
ဥာဏ်၌ အလွန်ဆန်းကြယ်၏၊ ၎င်း၏ကျောင်းတွင် ၎င်းတဦး
တည်းနေ၏၊ အရ ကျောင်းငါးကျောင်း၌ ၎င်း၏ တပည့်တပန်း
အရည်းငယ်များနှင့်တပည့်အရည်းကြီးများရှိ၏၊ဘုရင်မင်းမြတ်
သည်လည်ပိုက်၏ အုပ်ထိမ်းမှု ဆောင်ရွက်မှုတို့ကို ထက်
ထက်သန်သန်ကြီး ထောက်ခံထား၍ မှူးမတ်များ၊ မင်းမှုထမ်း
များတို့နှင့် များစွာပဏာရကာရှိလေ၏၊

အမှုထမ်းများအား ရွှေအနည်းငယ်စီနှင့်ဖြားယောင်းထား
သဖြင့် အမှုထမ်းတို့သည် အရည်းယောသနှင့် များစွာအကျွမ်း
ဝင်၏။ ရာဇသင်္ကြံ နှင့်လည်း ရာဇသင်္ကြံ၏အလိုကိုလိုက်လျော
ခြင်းဖြင့် ရာဇသင်္ကြံ ၏ အထင်ကြီးခြင်းကိုခံရ၏။

တကာ တကာမများနှင့် ဆက်ဆံရာတွင်လည်း အထူးသ
ဖြင့် ရွှေဇေါ်ကာ သိမ်းသွင်းလေ့ရှိ၏။ သူကြွယ်ကြီးဦးစိုးနှင့်သူ
ကြွယ်ကတော် ဒေါ်စီတို့မှာ အရည်းယောသ၏ကျောင်းတကာ

ကျောင်းအမများဖြစ်၏၊ လူဟယောက်ကို မ,စနိုင်သော်လည်း မ,စခံရမည့်သူမှာ ဒါနမှုမရှိလျှင်မမစနိုင်။ အတွင်းဒါနမှုကို ပြုသည်ရှိသော်ကား မြန်မြန်ကြီး ထမြောက် အကျိုးပေးအောင် မစနိုင်သည့်ပြင်အလုပ်အကိုင် အကြံအစည်တို့သည် ဒီရေတက်သကဲ့သို့ တရိပ်ရိပ်နှင့် ဟုံးကနင်း အကျိုးပေးရမည်ဟုဟောပြောကာရှိလေ၏။

ထိုသို့သောသဘောကြောင့် များစွာသော တကာမတို့သည် အရည်းယောသ၏ထံ၌ အုံကြ၏၊ အုံတိုင်းလည်း ယောသသည် မလိုက်ရောဘဲ ဟန်ဆောင်ကာရှိသဖြင့် အလွန် လျှို့ဝှက်ပြီးသော် အချို့မိန်းမများသည် ယောသကို ပင့်ကြရ၏၊ ဒေါ်ဝီသည်ကား ယောသထံ၌ အလွန်မျက်နှာကြီး၍ ဒေါ်ဝီပင့်တိုင်း ယောသကိုရ၏၊ ဒေါ်ဝီ၏သမီးသူဇာသည်ကား ဒေါ်ဝီ၏စကားကို နားမထောင်။ ယောသကို အလွန်စက်ဆုတ်ကာ ရှိလေ၏။

ယောသ၌ အထူးတောင့်တင်းသောအင်အားသည်ကား.... လျှို့ဝှက်ကာ နောက်ပါလက်သားအဖြစ်နှင့် ထားရှိသည့်လူဆိုးလူမိုက်များ ဖြစ်ကြလေ၏။

သူဇာသည် စိတ်မချမ်းသာသဖြင့် အရည်းကန္တီထံတွင်.... ဗေဒင်မေး၏၊ အရည်းကန္တီသည်ကား အသက် သုံးဆယ်ရွယ်မျှသာလျှင် ရှိသေးသဖြင့် မိန်းမများ နှစ်သက်မည်ဆိုသော်နှစ်သက်ဖွယ်ပင်ဖြစ်၏

ကန္တီသည်လည်း အလွန် လည်ပတ်သောသူဖြစ်၏၊ သူဇာ ဗေဒင်မေးရာတွင် သူဇာ့ ဇာတာ၌ ဂြိုလ်စီးဂြိုလ်နင်းသည် အခိုက်အတန့်အားဖြင့်အလွန်ညံ့ဖြင်းကြောင့်မချစ်ခင် မနှစ်သက်သောသူ့ထံ၌ မိမိကိုယ်ကို အလိုရှိသလို သုံးတော်မူပါဟု

ဆက်ရမည်ဟူ၍ ဟောလေ၏၊ သုဇာသည် ကန္တိ၏ရှေ့တွင် သည်းထန်စွာ ငိုတော့၏၊ ကန္တိကား ယတြာပြုက ထို မကောင်းသော ဂြိုလ်စီးဂြိုလ်နင်းမှ လွတ်ရမည်ဟု အာမခံ၏၊ (တွေး၍သာဘတ်တော့ မရေးသင့်)

အချုပ်၌ သုဇာသည် ကန္တိကို သူ၏ထံသို့ ယတြာပြုဘို့ ညအချိန်တွင် လာရောက်ရန် ဘိတ်တော့၏။ သုဇာ၏အမေသည်လည်း အရည်းယောသကို အလှူခံလာရန်ဘိတ်တော့၏ ထိုသို့ဘိတ်ခြင်းသည် တနေ့တည်း တညတည်းဖြစ်လေ၏။

လူခြေတိတ်လတ်သော် ယောသသည် သက်န်းကို ခေါင်းခြုံ၍ ဦးစိုး ဒေါ်စီတို့၏အိမ်ဝိုင်းကို အရှေ့ပေါက်မှဝင်လာ၏။ အရည်းကန္တိသည်ကား အနောက်ပေါက်မှဝင်လာ၏။ ၎င်းတို့ နှစ်ဦးသည် ရင်ဆိုင်တွေ့ကြပြီ၊ ဘယ်သူလဲဟူသော အသံနှစ်ခုသည် သံပြိုင်ဖြစ်၏။

'ငါဟာ ယောသဆရာတော်၊ ဦးစိုးဒေါ်စီတို့က သူ့သမီးကို အလှူခံရန်ဘိတ်လို့ ငါလာတယ်....'

'ငါ့ရှင်....ငါ့ကိုလဲ သုဇာက ကာမမေထုန်မှုကို အလှူခံရန်ဘိတ်လို့လာတယ်....'

'အချင်း ငါကား သုဇာ့မိဘကဘိတ်လို့လာတယ်၊အသင်ပြန်လေ....'

'ငါ့ရှင်....ငါကား သုဇာကဘိတ်လို့လာတယ်၊ ငါ့ရှင်ပြန်လေ....'

'အသင် ဘာစကားကိုဆိုသလဲ....'

ထိုသို့ပြောဆို၍ စကားမဆုံးမှီပင် ယောသ၏ရင်ဝတည့်တည့်သို့ ဂျာမသည် စိုက်တော့၏၊ ယောသသည်ကြောက်မက်ဘွယ်

ရာနက်သောအသံဆိုးနှင့် 'ငါ့ကိုသတ်ပြီ....သတ်ပြီ....'ဟုအော်၏။ လှံနှင့်ထိုးသူသည် ဖိနှိပ်ကာ ထိုးလှဲလိုက်ပြီးနောက် လှံကိုနှုတ်လိုက်၏။ သွေးညှီနံ့သည် ထောင်ပန်း၏။ ယောသ၏ပါးစပ်နှာခေါင်းတို့မှ သွေးများ ယိုစီးကျဆင်းလာကာ ယောသသည် စကားမေးမရတော့ပေ။

ကန္တိသည်လည်း တုံ့ကာ ပြန်သွားရာကျောင်းသို့မရောက်မီ လမ်းခရီးတဝက်လောက်တွင် နောက်မှ လူတယောက်သည် အပြင်းလိုက်လာပြီးသော် ထားနှင့်ပိုင်းလိုက်ရာကန္တိ၏ခေါင်းသည် ပြတ်၍ လွင့်စင်သွားလေ၏၊

မင်းမှုထမ်းတို့သည်ခဏကြာသော် ဦးစိုး၏အိမ်ဝင်းအတွင်းသို့ ရောက်လာကြ၍ 'သည်က အသံနက်ဆိုးကြီးနှင့် လန့်စရာလီလီနှင့်အော်တယ် ဘာလဲ'ဟုမေးကြ၏။ ဦးစိုးလည်းအဲသည်မှာကြည့်ပါတော့မောင်တို့ဟု ပြောလေ၏။ မင်းမှုထမ်းတို့ကား 'ခွေးသေတာမှတ်လို့ အရည်းသေတာဘဲ'ဟု ပြောဆိုကာ ယောသ အလောင်းကိုထားခဲ့ကာ ပြန်သွားကြလေ၏။

မင်းမှုထမ်းတို့သည် လမ်း၌ခေါင်းမရှိသောအရည်း၏ကိုယ်ကိုတွေ့ကြ၍ 'ဟာ....အရည်းအသေကောင်တခုကိုတွေ့ရပြန်ပြီ' ဟု ပြောဆိုကာ ထားခဲ့ပြီးလျှင် ပြန်သွားကြလေ၏။

နံနက်လင်းသော် ရပ်ကွက်ထဲ၌ အရည်းခေါင်းပြတ် အလောင်းကြီးကိုတွေ့ရ၍ မည်သူဟု တတ်ရော်ကျမသိကြဘဲ၊ လူများသည် ဝိုင်းအုံကာ ကြည့်နေကြရာ မလှမ်းမကမ်း၌ အမှိုက်ပုံကြားထည်း၌ ခေါင်းပြတ်ကြီးကို လူသုံးယောက်က တွေ့ကြ၍ အော်ငေါ်ကြပြီးလျှင် ကြည့်ရှုကြရာ ကန္တိ၏ ခေါင်းဖြစ်ကြောင်းကို သိကြရလေ၏။ထိုအခါမှ ကန္တိ၏တကာတကာမ

တို့သည် ကန္တိအလောင်းသို့ ကန္တိ့ကျောင်းသို့ ယူသွားကြလေ၏။

အရည်း ယောသ အလောင်းကြီးလည်း သူကြွယ်ကြီး ဦးစိုး၏အိမ်ဝိုင်းထည်း၌ ရှိနေ၍ ဦးစိုးသည်နေပြည်တော်ဝန်မင်းထံသို့တိုင်ရလေ၏။

ထိုရပ်ကွက်ကြီး၌ အရည်းများ၏အမှုသည် ဇနွှင့်ရှုပ်ရှက်ခတ်ဖြစ်လာရာ၊ ထိုအရေးကြီးသည် အလွန်ရှုပ်နေလေတော့၏။

ရွှေပြည်တော်ဝန်မင်းသည် ဦးစိုးအား ဤသို့စစ်ဆေးလေ၏။

‘အရည်းယောသကို ဘယ်သူလှံနှင့်ထိုးသတ်သလဲ....’

‘မသိပါဝန်မင်း....’

‘ဦးစိုးကိုယ်တိုင်ထိုးသတ်တယ်မဟုတ်လား....’

‘ဟာ....ဝန်မင်းနှယ်....ကိုယ့်ဆရာပါကလား....’

‘မဟုတ်ဘူးလေ....သူကြွယ်ကတော်ကကာမမေထုန်ကို လှူချင်လို့ဘိတ်၊ ယောသကအလှူခံရန်လာ၊ သူကြွယ်ကြီးကသိ၊ မရှိတာနှင့်သတ်ထာဖြစ်ရမယ်....’

‘မဟုတ်ပါဘူးဝန်မင်း....မယ်စီကလှူရင်လဲ ကျွန်တော် သဘောတူပါတယ်..’

‘တပည့်တပန်းများကကော ယောသလာသည်ကို သိကြသလား....’

‘မသိကြပါ....သူတို့လဲမသိကြပါ....သေမှဘဲ သိပါတယ်....’

‘တန်တော့ အရည်းယောသဟာ၊ သူကြွယ်ကတော့ထံဖြစ်စေ၊ သူကြွယ့်သမီးထံဖြစ်စေ၊ ကာမမေထုန်အလှူခံ လာတာကို၊ အိမ်အမှုလုပ်များက မသိတာနှင့်သူခိုးအမှတ်နှင့် လှံနှင့်ထိုးသတ်လိုက်တယ်ထင်တယ်....’

'သည်လိုမဟုတ်ပါ....အော်သံကြားတော့တောင် အားလုံး ထိတ်လန့်ပြီး တော်တော်နှင့် အိမ့်အောက်ကိုမဆင်းဝံ့ကြပါ'

'သူကြွယ်ကြီး....'

'အမိန့်တော်ရှိပါ....'

'တော်သလင်းလမှာ ခွေးမကို အကြောင်းပြုပြီး၊ ခွေးတကောင်က ခွေးတကောင်အား အသေအလဲ ကိုက်ထာကို မြင်ဘူးတယ်မဟုတ်လား....'

'မြင်ဘူးပါတယ်....'

'သည်လိုဘဲသူကြွယ်ကြီးဖြစ်ရမယ်....'

'မဟုတ်ပါဘူးဝန်မင်း....ဟိုဟာတိရစ္ဆာန်ပါ....'

'သူကြွယ်ကြီးသည်....သည်သဘောမှာ လူဟာ ခွေးထက်ဆိုးတယ်၊ ခွေးထီးနှင့်ခွေးမဟာ တနှစ်မှာတကြိမ်သာ အချားအားဖြင့် ပျော်မြူးတယ်၊ လူဟာနေ့ရှိသ၍ နေ့တိုင်း၊ သည်တော့ ယောသသေရတာဟာ သူကြွယ်ကြီးပယောဂ မကင်းဘူးထင်တယ်....'

'မဟုတ်ပါဘူး....ကင်းရှင်းပါတယ်ဝန်မင်း....'

'ဒါဖြင့် ဘယ်နှယ်လုပ်မလဲ ....'

'သူ့ကျောင်းထဲသို့ ပို့ပြီး....ကောင်းစွာ ခွန့်စွာ သင်္ဂြိုဟ်ပါရစေ....

'ယောသအလောင်းကို သူ့ကျောင်းကို့တာတော့ ပို့ပေါ့၊ သင်္ဂြိုဟ်ချန်မှာတော့ ရာဇသကြီ လာပါလိမ့်မယ်....'

'ကောင်းပါပြီ....'

သူဇာသည်ကားကန့်၏အင်းခွက်ပေါ်မှာထွန်းထားသော မီးသည် အလွန်စူးရှထက်မြက်ပေသည်၊ 'ယောသရော၊ ကန့်ပါ

သေကုန်ပြီ’ဟုတွေးဆကာ အင်းခွက်ကို အတော်ပင် ထိတ်လန့်ခြင်းဖြစ်၍ မည်သူမျှမသိရအောင်ထုချေကာလွှင့်ပစ်လိုက်လေ၏။

ရာဇသကြီးလည်း ကန္တိ၏ကျောင်းသို့ ရှေးဦးစွာ ရောက်လာ၍ ကန္တိ၏ တကာတကာမများအားဤသို့ပြောလေ၏၊

‘ကန္တိဟာ ရိုးရိုးဖျားနာ၍ သေခြင်းမဟုတ်၊သေခြင်းဆိုးနှင့်သေရသည်၊ ဒါကြောင့် သူ့ကျောင်းအားတတ်မက်သွားရင် သူ့ကျောင်းမှာသရဲကြီးဖြစ်ပြီး လူများကိုနှောင့်ယှက်လိမ့်မယ်၊ ဒါကြောင့် သူ့အလောင်းကို သူ့ကျောင်းပေါ်ရှိအင်းပြင်ထက်မှာ တင်ပြီး ကျောင်းကိုပါမီးရှို့ပစ်ရမယ်....’

‘မတော်ပါဘူးအမတ်ကြီး....’

‘ဟာ....ဘယ့်နှယ်မတော်ရမလဲ....ခင်ဗျားက ဘာလဲ....’

‘ကျွန်တော်က ကျောင်းတကာပါ....’

‘အဲ....ကျောင်းတကာဆိုတော့၊ကျောင်းကို နှမျောမှာပေါ့။ ဒါပေ့သရဲဖြစ်ပြီးလူများကို နှောင့်ယှက်နေရင် ခက်မယ်....’

‘အရည်းယောသသည် သရဲဖြစ်မှာမဟုတ်ပါဘူး....’

‘နေအုံး....ကြည့်လိုက်အုံးမယ်....မြင်ပြီ။ ကြည့်ချင် ကြသလား....’

‘ကြည့်ချင်ပါတယ်....သိချင်ပါတယ်....’

‘ကောင်းပြီ....ငါတို့၏ဘုရင်သည်သည်ဗိုက်သည် တရားတည်သောမင်းကောင်းမင်းမြတ်တည်း။ ငါသည်ဘုရင်က ခန့်အပ်ထားသဖြင့် ဘုရင့်ကိုယ်စားပြုကျင့်ရသော အမတ်ကြီး....ကိုင်းသက်ဆိုင်ရာတ ကျွန်ုပ်အလိုရှိသည်အတိုင်း ပြုစမ်းပါ....’

‘ကန္တိအရည်းကား သရဲမဖြစ်ပါဘူး....ကြည့်ကြ’ဟု ဤသို့ထင်မြင်စေလေ၏။

'ကန္တီကို စအိုမှ သံတကျင်ထိုးနှက်ပြီးသော် ထားရော၊ ငယ်ထိပ်က ပေါက်နေလေတော့၏၊ အရည်းကန္တီသည် လူးလှိမ့်ကာနေရလေ၏။

မြင်သူတို့သည် အလွန့်အလွန် ထိတ်လန့်ခြင်း ဖြစ်ကြလေကုန်၏။

'ကိုင်း....တော်ပြီ....မြင်ကြပလား....'

ရာဇသင်္ဂြိုဟ်ကားပဉ္စလက်အတတ်ဖြင့်လူများကိုပြသပြီးသော် 'ကိုင်းကန္တီသည်သရဲမဖြစ်ဘူး။ ၎င်း၏တကာတကာမများကသဘောရှိသပြီ့ဟ်နိုင်ကြပါတယ်'ဆိုကာရာဇသင်္ဂြိုဟ်အမတ်ကြီးသည် ပြန်သွား၍ယောသ၏ကျောင်းသို့ သွားရောက်ပြီးသော် ယောသကိုအလွန် ကြည်ညိုသော တကာတကာမတို့အား ဤသို့ပြောလေ၏။

'အရည်းယောသသည် ဖျားနာ၍ သဘာဝ အလျောက်ရိုးရိုးသေခြင်းမဟုတ်၊ အစိမ်းသေဖြစ်ကြောင်း၊ ၎င်းကျောင်းကြီးကို စွဲပြီးသော်သရဲဖြစ်ခဲ့ပါခု တရပ်ကွက်လုံး ဘေးဖြစ်ကုန်လိမ့်မယ်၊ ဒါကြောင့် ယောသအလောင်းကို ကျောင်းပေါ် တင်ပြီး၊ ကျောင်းကြီးကိုပါ မီးတိုက်ပစ်ရမယ်....'

'အမတ်ကြီး ကျွန်တော်များ၏ ဆရာကား သူရဲဖြစ်မည့်မဟုတ်ပါ....'

ကောင်းပြီ....ကျွန်ုပ်ကြည့်မည်။ ဟယ်တယ်....သရဲမဖြစ်ဘူး....ဘာဖြစ်နေတယ်ဆိုတာကြည့်ကြမလား....'

'ကြည့်ချင်ပါတယ်'ဟုဆိုကြကုန်၏။

'ကောင်းပြီကြည့်ကြ၊ ငါတို့၏ ဘုရင်မင်းမြတ် သေည်လည်းပိုက်မင်းကြီးသည် သီလ သမာဓိနှင့် ပြည့်စုံ၍ တရား ဘည်

သောဘုရင်မင်းမြတ်တည်း။ ကျွန်ုပ်သည် ထိုဘုရင်မင်းမြတ်က ခန့်ထားသောအမတ်ကြီးတည်း။ ထို့ကြောင့်ကျွန်ုပ်၏အလိုအတိုင်းသက်ဆိုင်ရာကပြုစမ်းပါ....'

ထိုသို့ဆို၍ အရည်းဃောသသည် ဤသို့ပြုသလေ၏၊

အရည်းဃောသ၏ခေါင်းနှင့် နွားမကြီးသည်ပေါ်လာ၍ အမြီးကိုခပ်ကာနေလေ၏။ ထိုခဏ၌ နွားသိုးကြီး ငါးကောင်သည်ပေါ်လာ၍ အရည်းခေါင်းနှင့် နွားမကြီးသည် ပြေးရတော့၏။ နွားသိုးများကား လိုက်ကြကုန်၏။ ဤနည်းဖြင့်ဃောသခေါင်းနှင့် နွားမကြီးသည်သေလိုက်၊ နွားမဖြစ်လိုက်၊ ပြေးလိုက်ရနှင့်နေလေ၏။

'ကိုင်း....တော်လောက်ပြီ....'

မြင်သူတို့ကား အလွန်အံ့အားသင့်ပြီးသော် ထိတ်လန့်တုန်လှုပ်ခြင်းသည် ဖြစ်ကြလေ၏။

ထိုသို့သောနည်းဖြင့် ရာဇသင်္ကြံသည် ပဥ္စလက်နည်းဖြင့်ပြလေရာ၊ အရည်းဃောသနှင့် အရည်းကန္တ၏ တပည့်တို့သည် ရာဇသင်္ကြံက အခွင့်ပြုပါလျက်နှင့် စက်ဆုတ်သဖြင့် သင်္ဂြိုဟ်မည့်သူမရှိဘဲ အလောင်းများကို ထားခဲ့ကာ ပြန်ကြလေ၏။

ထိုသို့သောသဘောသည် တွေ့ကြုံလာရ၍ အလောင်းနှစ်လောင်းကို မင်းမှုထမ်းတို့သည် သင်္ဂြိုဟ်ပစ်ကြလေ၏။

ဤနည်းဖြင့် အရည်းတို့၏ဝါဒသည် သေည်လည်ပိုက်မင်း၏ လက်ထက်၌ အတော်ပင် မှေးမှိန်သွားလေသည်၊ ငှက်ပစ်တောင် အရည်းဂိုဏ်းကြီးသည်လည်း တမ္ဗဝတီ၏ သတင်းကိုကြားသိရသော် တုန်လှုပ်ခြင်းဖြစ်လျက် သတိနှင့်နေလေ၏။

ထိုအတွင်း သားရေကုန်သည်ကြီးသည် မိမိတို့၏စီးပွါး လမ်းဖြောင့်၍ တိုးတက်ချမ်းသာ ကြွယ်ဝစိမ့်သောငှာ မိမိ၏ သမီး နုနုဆွေကို မိမိတို့ကိုးကွယ်သော အရည်းဂိုဏ်းအုပ်ကြီး သောနထံသို့ ကျောင်းလွှတ်ပူဇော်ရရန် နားချလေ၏။

နုနုဆွေသည်ကား သဘောမတူအတန်တန်ငြင်းလျက်ရှိ၏၊ ငို၍ပင်လည်းငြင်း၏။

နုနုဆွေသည် ထိုသို့ငြင်းဆိုသော်လည်း မိဘတို့ စကားကို ဖယ်လှန်နိုင်ဘို့ရန် ခဲယဉ်းသောကြောင့် စေသုမာ၏ အကြံပေး အရ ရွှေရွှေဘည်ထောင်ထားသော အမျိုးသမီးများ ကိုးစား ရာအဖွဲ့သို့ သွားရောက်ကာ အကြံဉာဏ်တောင်းလေ၏။ ရွှေရွှေ လည်း မိဘစကားကို မငြင်းပယ်ထိုက်ကြောင်းနှင့် ဖြောင်းဖျ သွန်သင်ကာ လွှတ်လိုက်လေ၏။

နုနုဆွေသည် ကျောင်းလွှတ်ပူဇော်ခြင်းကို အတန်တန်ငြင်း ဆန်နေခဲ့သော်လည်း ကျေးဇူးရှင် မိဘတို့နှင့် အတိုက်အခံမ ပြုလိုသောသဘောနှင့် အရည်းဂိုဏ်းချုပ် သောနအရည်းကြီး ထံ ကျောင်းလွှတ်ပူဇော်သော ကာမဝတ္ထုအဖြစ်နှင့် သဘော တူရဟန်ရှိလေပြီ။

အသက်ခြောက်ဆယ့်လေးနှစ်ရှိပြီဖြစ်သောအရည်းသောန သည်လည်း ဆယ့်ရှစ်နှစ်ရွယ် နုနုဆွေထံမှ မိမိအလိုရှိအပ် သည်ကို ရသည်ရှိသော် ၎င်း၏အယူဝါဒ၊ ၎င်း ပြုစုစီရင်ထား သော ကာမယာနကျမ်းအတိုင်း နုပျိုသောဓါတ်ကိုရ၍အသက် တိုးကာ ရှည်ရလတံ့ဟု အလွန်ဝမ်းသာကာရှိလေ၏။

သားရေကုန်သည်ကြီးနှင့် ၎င်း၏ကတော်သည်လည်း ၎င်း တို့၏ဆရာ့ဩဝါဒအတိုင်း အခါနေ့ရက်ကောင်းကိုရွေး၍ မိမိ

တို့၏သမီး နုနုဆွေကို ကောင်းစွာ ဆင်ပြင်ချယ်သကာ အရည်းသောနထံ အခါကောင်းအချိန်ရသည်၌ ကျောင်းလွှတ်ပူဇော်ခြင်းကိုခမ်းနားစွာပြုလေ၏၊ ထိုအခါ အရည်းသောန၏ကျောင်းမှ သာဓုခေါ်ကျောက်စည်ကိုကြည်နူးဘွယ်ရာလေး လေး၊ ဆယ့်ရှစ်ကြိမ်ထိုးလေ၏၊ အခြားကျောင်းတို့မှလည်းသာဓုခေါ်သော အထိန်းအမှတ်အားဖြင့် ကျောက်စည်များကို သုံးချက် လေးလေးတွဲ့တွဲ့ထိုးကြကုန်၏၊ ထိုသဘောကြောင့် ထိုနေ့ည ထိုအချိန်၌ ငှက်ပစ်တောင်ရပ်ကွက်ကြီးသည် ကြည်နူးဘွယ်ဖြစ်၍ အလွန်သာယာသကဲ့သို့ရှိလေ၏။

နုနုဆွေ၏မိဘများနှင့် တကာတကာမတို့သည်လည်း ဩဘာပြု၍ နုနုဆွေကို အရည်းသောန၏ ကျောင်းတွင် ထားခဲ့ပြီး သော်ပြန်ကြလေ၏၊

နုနုဆွေသည်ကား သက်ကြီးခေါင်းချ ကြက်များ တွန်လတ်သော် အရည်းသောန၏ကျောင်းမှအူယားဖါးယားနှင့်တဘက်ညိုကို ခေါင်းတွင်ပတ်၍ အလန့်တကြားနှင့် ပြေးထွက်လာ၏ ၎င်းသည် အိမ်သို့ရောက်ကာလ တံခါးကို အမြန်ဖွင့်နိုင်း၍ ၎င်း၏အခန်းထဲသို့ ပြေးဝင်လေတော့၏၊ 'အမေ….အမေ အမေ….ကြောက်တယ်….ကြောက်တယ်….ကြောက်တယ်၊ မဇ္ဈိမယာ….မှသော်….မမြတ်ဂလေး ကျွန်မအနားမှာ ကပ်နေပါ။ ကျွန်မရဲ့အနားမှာ ကျွန့်မကိုထိပြီး ကပ်အိပ်ပါ' ဆိုပြီးလျှင် စောင်ကို ခေါင်းမြီးခြုံ၍ အိပ်တော့၏၊ ၎င်းသည်လည်း ဆပ်ဆပ်တုန်နေ၏။

(မိန်းမ၊ မိန်းမ၊ မိန်းမ၊ မိန်းမတို့၏သဘာဝကိုမိန်းမချင်းပင် သိဘို့ခဲယဉ်းလှပေ၏၊)

နုနုဆွေ၏ အမေလည်း 'ဟယ် နုဆွေရယ် ဘာလဲ၊ဘာဖြစ်သလဲ ဘာကိုကြောက်သလဲ....'ဟု ပြာပြာသလဲနှင့် မေး၏။ နုနုဆွေလည်း 'အမေ ခုညမှာ ကျွန်မ မပြောဝံ့ဘူး ကြောက်တယ်၊ မနက်မှပြောမယ်'ဟုဆိုကာ နောက်ထပ်စကားမပြောဘဲ ခေါင်းမြီးခြုံကာ အိပ်လေတော့၏။

နုနုဆွေ၏မိဘတို့ကား ထူးဆန်းလှပါဘိ တကားဟု တွေးတောခြင်းမှ တဆင့်တက်၍ရှေ့သို့မလှမ်းနိုင်တော့ပေ၊ နံနက်လင်းသောအခါ နုနုဆွေ၏မိဘတို့သည် နုနုဆွေအား ဤသို့မေး၍ အကြောင်းသည် ပေါ်လွင်လာလေ၏။

'ဟယ် နုဆွေရယ် နင်ဘာဖြစ်လာသလဲ၊ဘာကိုကြောက်သလဲ....'

'အမေ ခုကိုကြောက်သေးတယ်'ဆိုကာ နုနုဆွေသည် တုန်နေတော့၏။

'ပြောပါဟယ် မကြောက်ပါနှင့် ဒို့အရှိသားကဘဲ....'

'အမေ ကျွန်မ အမေတို့သဘောကျအောင် ကာမဝတ္ထုလုပ်ရပေမဲ့ ဆရာတော်ဘုရားကို မချစ်နိုင်၊ မကြိုက်နိုင်ပါ၊သည်ကုသိုလ်ကို ကုသိုလ်ဟုတ်တယ်လို့ မထင်ပါ၊ ဟုတ်ခဲ့ရင်လဲသည်ကောင်းမှုကို ကျွန်မ မလိုပါ....'

'မိယုတ်မ....'

'အမေ နားထောင်အုံး....' နုနုဆွေသည် တုန်နေ၏၊

'ပြောအေ....'

'ဒါနှင့် ဆရာတော်ဘုရားက ကျွန်မကိုဖမ်း၊ ကျွန်မကလဲအမိမခံ၊ ကျောင်းခန်းမကြီးထဲမှာ လိုက်တမ်းပြေးတမ်း ကစားသ

လိုပါဘဲ၊ ကြာတော့ ကျွန်မလဲမောလာပြီ၊ ဆရာတော်ကလဲ.... ဟိုက်ထိုးလာပြီ....'

'အင်း....'

'ကျွန်မလဲ ငါတော့ ဘယ်နည်းနှင့်မှ မလွတ်နိုင်တော့ဘူး၊ကဲ လားများကိုလဲ ချထားပြီပြေးပေါက်လဲမရှိဟု၊စိတ်ကို လျော့ပြီး ဆရာတော်ဘုရားရဲ့ သလွန်ပေါ်မှာကျွန်မထိုင်ချလိုက်ပါသည်'

'ဆရာတော်ဘုရားလဲ ကျွန်မအနားမှာ ကပ်ထိုင်ပါသည်၊ ဟောဟဲ ဟောဟဲနှင့်ပေါ့မောနေလိုက်ထာ....'

'အင်း....'

'အမေရယ် ဆရာတော်ဘုရားကျိန်းစက်တော်မူတဲ့ အခန်း ဟာ သာယာလိုက်ထာလဲ ကြိုင်လို့ ကောင်းကင်ဘုံဆိုတာ ဒါလားလို့ပင် ကျွန်မ အောင်းမေ့မိပါတယ်....'

'အင်း....'

'ဆရာတော်ဘုရားကျိန်းစက်တော်မူတဲ့သလွန်မှာ ကျောက် ရောင်၊ ရတနာရောင်တို့ကလဲ မီးရောင်ထဲ၌ ပြိုးပြိုးပျက်တောက် ပနေတော့ ပိုးရည်မြူးများ ပျံနေသလိုဘဲအမေရယ်....'

'အင်း ကောင်မဘာဖြစ်လာတယ်မဆိုနိုင်ဘူး....'

'ဆရာတော်ဘုရားက ကျွန်မရဲ့ပုခုံးကိုကိုင်လိုက်တော့ ကျွန် မလဲ မြွေမြိုးနှင့်ထိုးသလို လန့်ပြီး ကြက်သီးထကာ မြတ်စွာ ဘုရားသခင် ကယ်တော်မူပါ၊ ဂုဏ်တော်ကိုးပါးနှင့်ပြည့်စုံတော် မူတဲ့ မြတ်စွာဘုရားရဲ့ တကာမလေး နုနုဆွေပါ....'ဟု တမ်းတ ကာ ဆိုမြည်ပါတယ်....'

'အင်း....'

‘သည်တော့အမေရယ်....အင်မတန်ကို အဆင်ဆိုးဝါးတဲ့ လူ့ဝွတိုကြီးလေးယောက်ဟာ ရုတ်တရက် ပေါ်ရောက်လာပါတယ်၊ ဘယ်ကရောက်လာတယ်လို့ မသိဘူး၊ အရည်း ဆံရာတော်များဟောတဲ့ ယမတောယမကတို့ထင်ပါရဲ့၊ တယောက်ကမီးသွေးလိုဘဲ မဲတဲ့အသား၊ တယောက်က သီတင်းရေလိုဘဲနီတဲ့အသား၊ တယောက်ကို ထုံးလိုဘဲဖြူတဲ့အသား၊ တယောက်က သစ်ရွက်လိုဘဲစိမ်းတဲ့ အသားများနှင့် အမေရယ် ဘယ်တော့မှ သည်လိုမမြင်ဘူးပါဘူး....’

‘အင်း....အင်း....’

‘အမေရဲ့....သူတို့ရဲ့ မျက်နှာက ဝိုင်းဝိုင်းကြီး....ကျပ်ကြီးလိုဘဲ....မျက်လုံး ဝိုင်း ကြီး ပြူးကြောင်ကြောင်က လင်းကွင်းလောက်၊ နှာခေါင်းကြီးက ပိစနပ်ပြား၊ ပါးစပ်ကြီးက ဗြိလို့၊ သွားကြီးများက ထွန်သွားလောက်၊ ဒါပေမဲ့နားရွက်က သေးသေးကလေးလက်မ ဖျားလောက်သာရှိပါတယ်....’

‘အင်း....’

‘လူနီကြီးက ဟယ့်နုနုဆွေဆွေ၊ ငါမြေးမကလေး နုနုဆွေ၊ နင်....ငသောနကိုချစ်သလားတဲ့....ကျွန်မကလဲကြောက်ပြီး ဆတ်ဆတ်တုံလို့ပေါ့လေ၊ မချစ်ပါဘုရားလို့ မှန်ရာကို ပြောရတာပေါ့....’

‘အင်း....’

‘တခါလူနက်ကြီးက၊ ငါ့မြေး အလိမ္မာကလေး နုနုဆွေ၊ မကြောက်နှင့် ဂုဏ်တော်ကိုးပါးနှင့်ပြည့်စုံတဲ့ မြတ်စွာဘုရားကို အာရုံပြုနေဆိုကာ၊ နင်....သည်ငမိုက်ကောင်တွေတို့ကို ကြိုက်

သလားတဲ့၊ ကျွန်မလဲလိမ်မ္မပြောဝံ့လို့ မကြိုက်ပါဘုရားလို့ ပြောမိပါတယ်....'

'အင်း....'

'တခါလူဖြူကြီးက မြင့်မြတ်ပြီး မိန်းမကောင်းတင့်လျှာပီသလှတဲ့ ငါ့မြေးနုနုဆွေတဲ့ ငါ့မြေးသည် သည်ညေစ်ယုတ်ကိုကာမမေထုန်မှုနှင့် ထောက်ပံ့ရန်သထာသလား၊ သဒ္ဓါသလား၊ ကြည်ဖြူသလား၊ နှစ်သက်သလား၊ အလိုရှိသလားလို့ မေးတော့၊ အို....သည် သက်ကျားအိုကို ကာမ မေထုန်မှုနှင့် မထောက်ပံ့လို၊ မသဆာပါ၊ မသဒ္ဓါပါ၊ မကြည်ဖြူပါ၊ မနှစ်သက်ပါလို့ ပြောမိပါသည်....'

'သည်တော့ လူစိမ်းကြီးကသည်ကို ဘာကြောင့်ရောက်လာရသလဲ၊ ငါ့မြေးကိုကြည့်ရတာဟာ အင်မတန်တည်တဲ့သဘော၊ မိန်းမတို့ရဲ့သိမ်သရေကို စောင့်ထိမ်းတဲ့သဘောတို့ ရှိပုံရတယ်လို့ ဆိုတာနှင့် ကျွန်မက မိဘနှစ်ပါးကကျောင်းလွှတ် ပူဇော်တာကြောင့် ရောက်လာရပါတယ်လို့ ပြောပြပါတယ်....'

'အင်း....သည်တော့ဘယ့်နှယ်ဆိုသလဲ-'

'အင်း-မိုက်ကန်းပါဘိ၊ မိုက်ကန်းပါဘိ၊ မိုက်ကန်းဘိပန်းကောင်းအညွန့်ချိုး၊ ငါတို့ခုတခါတော့ အပြစ်မှ ငါ့မြေးရဲ့မိဘများအား၊ ငါ့မြေးကို ထောက်ထား ညာတာပြီး ချမ်းသာပေးရသေးတာပေါ့ဆိုကာ အမေရယ်၊ လူနက်ကြီးကဆရာဘော်ဘုရားကို အင်မတန်ယုတ်ညံ့တဲ့ သတ္တဝါညစ်၊ နင့်မှာ မကောင်းမှုထုတယ်တွေများလှပြီဆိုကာ ချက်ချင်းဖမ်းပြီး လည်စေ့ကိုအစ်ပါတယ်....'

'အော်-'

'ဆရာတော်ဘုရားဟာ-မျက်လုံးပြူး၊ ပါးစပ်ဟ၊လျှာထွက်ပြီးလဲကျသွားပါတယ်။ ကျွန်မလဲကြောက်လာနှင့် မကြည့်ဝံ့ဘဲမျက်စိမှိတ်ထားကာ၊ တုန်နေပါတယ်-'

'အင်း-'

'သည်တော့မှ လူဖြူကြီးထင်တာဘဲ၊ လာလိုက်ခဲ့ဆိုကာသူ့နောက်ခါးဝတ်ကို ဆွဲကိုင်စေကာ ခေါ်လာပြီးကဲလားကို ဖွင့်လွှတ်လိုက်ပါတယ်၊ ဒါကြောင့်ကျွန်မကြောက်နေပါတယ်-'

မိန်းမတယောက်၏ အာလိန်းသဘောကို မိန်းမချင်းပင်သိအံ့ခဲယဉ်းလေသည်၊ ကျွန်ုပ်စာရေးသူကား အဘယ်မှာလျှင် သိနိုင်ပါအံ့နည်း။

ထိုသို့နုနုဆွေကပြောပြသဖြင့် နုနုဆွေ၏မိဘတို့သည်နုနုဆွေကိုခေါ်၍ အရည်းသောနှ၏ကျောင်းတော်ကြီးသို့ သွားရောက်ကြလေ၏။ ထိုအခါကျောင်းတော်ကြီး၌ အရည်းများသည် အလွန်အံ့အားသင့်စွာနှင့် သောနအလောင်းကိုကြည့်ကာရှိနေကြသည်ကို နုနုဆွေ၏မိဘတို့သည် တွေ့ကြရလေ၏။

ထိုကဲ့သို့သော သဘောမှာ ဤတခုသာလျှင်မဟုတ်၊ အရည်းကြီးထိပ်ထိပ်ကြဲပါးပါးသည်လည်း ထိုကဲ့သို့သဘောနှင့် ပျက်စီးရလေသည်။

ထိုသို့သောသဘောကြောင့် ဌက်ပစ်တောင် အရည်းဂိုဏ်းကြီးသည် တစထက်တစအလွန့်အလွန်ချောက်ချားလာလေ၏။

တမ္ဗဝတီပြည် ဘုရင်မင်းမြတ်၏ တနေ့သော ညီလာခံတွင် ဤသို့သောစကားတို့သည် ထင်ရှားလာလေ၏။

'ဌက်ပင်တောင်အဝှမ်းရပ်ကွက်ကြီး၌ သူခိုး အင်မတန် ပုံသောကြောင့် ကုန်တန်ကြွယ်ဝသူ အချို့တို့သည် သမထေါ်းအာ

ရပ်သို့ဂုင်း၊ တမ္ဗဝတီပြည်သို့ဂုင်း ပြောင်းရွှေ့ လာကြခြင်းများ ကြလေသည်။ တမ္ဗဝတီနေပြည်တော်၌ အထူးသတိပ်ရိယထား သင့်ပေသည်။ ထိုအခါ ရာဇသကြံ အမတ်ကြီးသည် ဤသို့ လျှောက်တင်လေတော့သည်။

'ရွှေပြည့်ရှင်ဘုရား-'

'အမတ်ကြီးဆိုပါ-'

'ဘုရင်သည် တရားရှိ၍ ဘုရင့်စက်တော်ရိပ်ကိုခိုလှုံသောသူ မည်သူမဆို တရား၌တည်ပါသည်။ ထို့ကြောင့် တမ္ဗဝတီ၌ သူ ခိုးများပင်ဘုရင့် စက်တော်ရိပ်ကို ခိုလှုံကာရှိကြသဖြင့် စည်း ကမ်းဥပဒေနှင့် သူခိုးတို့သည်လည်းကောင်း ထားပြ၊ အနုကြမ်း တို့သည်လည်း ခိုးဆိုးကြလေရကား ၎င်းကိုစိုးရိမ်ဘွယ် မရှိပါ၊ ၎က်ပစ်တောင် အဝှမ်းရပ်ကွက်ကြီးသည်ကား ဘုရင် မင်းမြတ် ကို ကျော်မခိုင်းသော်လည်း ပြူး၍ အရည်းကြီးများကိုသာ အား ထားသောကြောင့် မတည်မငြိမ်ဖြစ်ရကြောင်းပါဘုရား-'

'အမတ်ကြီး-သူခိုး၊ အနုကြမ်းလူဆိုးများမှာ စည်းကမ်းဥ ပဒေရှိတယ်ဆိုတာ မခက်တောင်းပါလား-'

'နှံန်းရင်းဝန်ကြီး-ဘာ-ဘုရင်တရားပြည့်ဝသော်၊ ဘုရင်စက် တော်ရိပ်ကိုခိုလှုံသည့်သူခိုးများမှာလဲ စည်းကမ်းဥပဒေလည်း ရှိ လာပါသည်-'

'အမတ်ကြီး အမတ်ကြီးရဲ့စကားကား ဆန်းကြယ်ပေသည်'

'ကျွန်တော် စီရင်ထားသည့် တန္တကျမ်းကို ကြည့်မိလျှင်ကွဲ မှာပါဘဲ-'

'အကျဉ်းချုပ်ကိုဆိုစမ်းပါ-အမတ်ကြီး-'

'သည်လိုပါ-'

'သဘာကလဲ ဂရုပြုကြပါ....'

'ဘုရင်မင်းမြတ်သည် တရားနှင့်ပြည့်စုံသည်ရှိသော် ဘုရင်ကိုလေးစား၊ လေးမြတ်သည့်ကို တန်ကြွယ်ဝသူများသည် မိမိတို့၏ အလုပ်အကိုင်သည် တိုင်းပြည်လူမျိုးအတွက် မိမိတို့ချမ်းသာကြွယ်ဝမှုသည် တိုင်းပြည်အကျိုးဟု ယူဆလာပါသည်၊ ထိုသို့သောသူများထံမှ မခိုးရ၊ အနုကြမ်းမစီးရ၊ ထားပြု မတိုက်ရခိုးသော်စီးသော်၊ တိုက်သော်ဘုရင့်တရားတည်မှုကြောင့် အမိခံရလေသည်၊

'မရှင်းဘူးအမတ်ကြီး....'

'လောကဌမ တရားမှုခြင်းသည်မရှိ၊ ခိုးဝှက် လုယက် တိုက်ခိုက်ခြင်းမည်သည်မရှိ၊ လောဘသည်ရင်း၊ ဒေါသသည်ရင်း၊ ထောင်လွှားမှုသည်ရင်း၊ကိုယ်တို့ကောင်းသာသိ၍ကိုယ့်အတွက် ကိုသာ စဉ်းလဲလာလေသည်။ ထိုအခါ တရားမဲ့ဖြစ်လေတော့ပြီ၊ ထိုသို့သောသူများသည် တရားမဲ့သောသူများဖြစ်ပါသည် ခိုးခြင်း၊ လုယက်ခြင်း၊ တိုက်ခြင်း မည်သည်တို့လည်း လောဘ၊ ဒေါသ၊ မာနတို့သာလျှင်ဖြစ်ပါသည်၊ ထို့ကြောင့်လောဘသည် စဉ်းလဲသည်၊ လောဘသည် ခိုးသည်၊ ဒေါသသည် တရားမဲ့ပြုသည်၊ ဒေါသသည် လုယက်သည်၊ မာနသည် သူတပါးကို မထီမဲ့မြင်ပြုသည်၊ မာနသည် တိုက်ခိုက်သည်....'

'အင်း....အင်း....အင်း... နက်လှပေသည်....'

'ထို့ကြောင့် တိုင်းပြည်အတွက် အလုပ်လုပ်သောသူများ၏အပေါ်၌လည်းကောင်း၊တိုင်းပြည်အကျိုး ကို တန်ကြွယ်ဝသူများ၏အပေါ်၌ရင်း၊ခိုးရန် လုယက်ရန် တိုက်ခိုက်ရန်မလိုတော့ပေ'

ထိုသို့သောသူများ၏အပဉ္စကား သူခိုးတို့သည် ခိုးကုန်၏။

သို့သော်လည်း အထက်ပါဘော်ပြသကဲ့သို့ ဥပဒေပြု၍ ခိုးလေသည်၊ လုယက်လေသည်၊ တိုက်ခိုက်လေသည်....'

'သူခိုး၏စည်းကမ်းကော အမတ်ကြီး....'

'နန်းရင်းဝန်ကြီး ဘ၊သူခိုး၏စည်းကမ်းကားအိမ်ကိုဖေါက်ထွင်းရန်နှင့် ရန်သူကိုခုခံရန်သာ လက်နက်ကို ဆောင်သည်၊ အိမ်ရှင်ကို သတ်ပုတ်ညှဉ်းဆဲဘို့နှင့် မင်းမှုထမ်းကို ခုခံဘို့ လက်နက်ကိုမဆောင်။ လက်နက်ကိုအသုံးမပြု....'

'အင်း....'

'ရှိပစ္စည်း၏ လေးပုံတပုံထက် ပို၍မယူရ....'

'အင်း....'

'ခါးတွင် ကိုယ်တွင် ဆောင်ထားသောပစ္စည်းကိုမယူရ....'

'အင်း....'

'အများ၏အကျိုးအတွက် စီမံဖန်တည်းထားသော ရွှေငွေပစ္စည်းတို့ကို မယူရ....'

'အင်း....'

'မိန်းမပျိုများနှင့် မိန်းမများကို စိတ်အား နှုတ်အားဖြင့်မျှ မေထုန်မှုကိုသော်၎င်း၊ ကာမဂုဏ်၌ မှားသော အမှုကိုလည်းကောင်း။ မပြုဘဲရှောင်ကြဉ်ရလေသည်....'

'အင်း....'

'ပစ္စည်းရှင်ကို ခြိမ်းချောက်ရုံမှအပ မနှိပ်စက်ရ....'

'အင်း....'

'အခွင့်အခါသင့်သော် မိမိခိုးဘူး၊ လုယက်ဘူး၊ တိုက်ဘူး၊ သောသူများတို့၏အကျိုးစီးပွါးကိုကူညီဆောင်ရွက်ရလေသည်....'

'အင်း....'

'ဘုရင်မင်းမြတ်သေည်လည်ပိုက်မင်းကြီးသည် ရာဇသကြံ အမတ်ကြီး၏ စကားကို ညီလာခံအား သတိပြုစေ၍ညီလာခံကို ရုပ်သိမ်းတော်မူလေ၏။

× × ×

---

လူငယ်စာရေးဆရာ

အောင်ခိုး ၏

" မေတ္တာအသဲငယ်ငယ် "

( အချစ်ဝတ္ထု )

လာတော့မည် မျှော်....

## အခန်း (၄)

တမ္ဗဝတီခေတ်တွင်လည်း မြန်မာတို့၏စက်ရှိန်သည်အလွန်လွန်းတောက်နေ၍ များစွာ စည်ပင်သာယာဝပြောလေသည်၊ တိုင်းတပါး၏ ပြည်ပရန်သည်လည်းမပြုမနှောက်ယှက်ဝံ့ပေ။

အရည်းများသည် နှောက်ယှက်သကဲ့သို့ ဗိုလ်လုကာ နိုင်ငံတော်ကို ရဟန်းမင်းနိုင်ငံတော်ပြုလုပ်ရန် ကြံစည်နေခြင်းမှာကား၊ ဘုရင့်နေပြည်တော်ပတ်ဝန်းကျင်ခရိုင်များ၌သာ ဖြစ်ရာတွင် အရည်းကြီးများ၏ဝါဒနောက်သို့ လိုက်ပါနေသောသူတို့၏ အင်း၌သာဖြစ်၍ ရဟန်းမင်းနိုင်ငံတော်သည် စိတ်ကူးယဉ်တမျှသာလျှင် ဖြစ်ပုံရလေသည်၊

အရည်းများမှာလည်း အနောက်ဘက်အရည်းထုနှင့် အရှေ့ဘက်အရည်းထု၏ ဝါဒသည် မတူချေ၊ သုနာပရန္တတိုင်းမှ အရည်းတို့၌ကား ကျောင်းလွှတ်ပုဇော်မှုကို သရေခေတ္တရာခေတ်မတိုင်မီကပင် စွန့်လွှတ်၍ နေမျိုးဘုရင်တို့ကို မိမိတို့၏ဘုရင်ဟု အသိအမှတ်ပြုကာ မြို့ရွာများကို အုပ်ထိန်းလေသည် ထို့ကြောင့် ပုဂံခေတ် အနော်ရထာမင်းလက်ထက်တော်အထိ မြစ်အနောက်ပိုင်းဒေသရှိ မြို့ရွာတို့သည်စည်ပင်သာယာချမ်းလျက် ရှိလေသည်၊

တမ္ဗဒီပတိုင်း၌လည်း ဘုရင့်နေပြည်တော် အနီးတဝိုက်ပတ်ဝန်းကျင် ခရိုင်များမှာမှတပါး အရည်းများ၏ ဝါဒများသည် မတိုးမဖေါက်နိုင်ဘဲ သမရိုးကျအတိုင်း အရည်းရဟန်းများကို ကိုးကွယ်ဆည်းကပ်ကာ ရှိကြလေသည်၊ သို့ရာတွင် ဝိနည်းဒေ-

နာတော် အတည်တကျ မရှိသဖြင့် သာသနာတော် တည်တန့်သည် ထွန်းလင်းတောက်ပသည်ဟု မဆိုသာချေ၊ သာသနာတော်သည် ဝိနည်းသိက္ခာပုဒ်ကို အမြဲမှီလျက်ရှိပေသည်၊ ဝိနည်းသိက္ခာပုဒ်ကို မရှိသေ မလေးစား မစောင့်ထိန်းသည်လောက် ဗုဒ္ဓဘာသာ သာသနာတော်သည် ညှိုးနွမ်းလေသည်၊ ဝိနည်းဒေသနာတော်မှရှိသော်ကား အဘယ်ဆိုဘွယ်ရာသည် ရှိပါတုံ အံ့နည်း။

သေည်လည်ပိုက်မင်းသည်ကား ဝိနည်းဒေသနာတော်နှင့်အညီ ပြည့်စုံသော ရဟန်းကို မကိုးကွယ် မဆည်းကပ်ရသော်လည်း အကျင့်ကိုသာပဓါနထားသော ရဟန်းကြီးများကို ကိုးကွယ်ဒို့ဝဲဆည်းကပ်၍ မွန်မြတ်သောအကျင့်ရှိ၏။ ဥပုသ်သီတင်းမြဲ၏၊

၎င်းသည် အရည်းများကို စက်ဆုတ်သည်ကားအရည်းတို့သည် ရွှေ၊ ငွေ၊ များလုပ်ခြင်းရွှေ၊ငွေ၊ကျွဲ၊နွား၊ဆင်၊မြင်းလယ်ယာ မိုးမြေတို့ကို အလှူခံခြင်း။ ကာမမေထုန်မှုကို ပြုခြင်းတို့ကြောင့် ဖြစ်ချေသည်၊ သို့သော် အရည်းများကိုမနှောင့်ယှက်ချေ၊ သူမကောင်းသော် သူ့ဒဏ်ကိုသူခံလိမ့်မည်ဟုယူဆထားပုံပေါ်ရ၏။

အရည်းများ ကာမမေထုန်မှုကို အလှူခံခြင်းအတွက် အလူးစက်ဆုတ်လေ၏။ ၎င်း၏ကိုယ်တိုင်လည်း မေထုန်မှုကို မသွဲသာ၍သာ ပြုရသည် အလွန်မြိုးမြ၏၊ တခါတခါ ဝန်ကြီးများ၊ အမတ်ကြီးများကို ညီလာခံ၌ပင် ‘ဝန်ကြီးများအမတ်များသည် ဘုရင်၌ မိဖုယားလေးပါး ထားစေသည်မှာ အတော်ကို ရက်စက်ကြမ်းကြုတ်သော အပြုအမူဖြစ်သည်’ဟု မိန့်တော်

ရှု၍ 'သည်စည်းမျဉ်းကိုဖျက်ပစ်မည်'ဟု မိန့်တော်မူရာ နန်းရင်းဝန်ကြီးကစပြီးလျှင် ဝန်ကြီးများ အမတ်များတို့က တည်တည်းကန့်ကွက်ကြရလေသည်။

သည်လည်ပိုက် ဘုရင်မင်းမြတ်သည်ပေပုတီးစိတ်ကာနေတတ်၍ မိဖုယားများသည်တိုင်ပင်ကာ ရင်းတို့၏အဆောင်တော်သို့ ဆွဲခေါ်ရခြင်းများ၊ တောင်နန်းမှသားတော်တပါး၊ မြောက်နန်းမှသမီးတော်တပါးထွန်းကား၏၊ အတတ်ပညာကား မခေတော့ပေ၊ အရည်းများသည် သည်လည်ပိုက် မင်းကိုလည်း အတတ်ပညာချင်း မပြိုင်ဝံ့ကြချေ။

ရာဇသကြံ အမတ်ကြီးသည်ကား မင်းညီမင်းသားများအား အတတ်ပညာအမျိုးမျိုးကို သင်ပေးနေလေသည်။

အရည်းများသည်လည်း အတတ်ပညာ၌ မခေကြချေ။ ထိုခေတ်များက လောကီပညာရပ် အရပ်ရပ်များသည် အရည်းတို့၏လက်တွင်း၌ရှိ၍ လူများကို လှည့်စားရန် အရည်းတဦးလျှင် အတတ်ပညာတခုကိုဖြင့် တတ်ကြခြင်း များကြလေ၏။

ဆေးအတတ်ပညာအမျိုးမျိုးများ၊နက္ခတ်ဗေဒင်ပညာများ၊ အင်းအိုင် ခါးလှဲ့ လက်ဖွဲ့မန္တာန်၊ ဂါထာ။ အင်း အိုင် အတတ်ပညာများတို့ကား လိုက်စားသောအရည်းတို့များကြ၏။အချို့မှာ အလှန့်ဆေး၊ အပြီးဆေး၊ အိပ်ဆွေ့ချခြင်း။ ပဥ္စလက်အတတ်၊ စသည်တို့ကို တတ်ကြ၍ ဓါတ်အတတ်ပညာ၊ လောင်မီးချခြင်းပညာ၊ လျှပ်စစ်ပညာတို့ကိုပင် တတ်ကြသူအရည်းများရှိကြ၏။

သည်လည်ပိုက်မင်းလက်ထက်တော်၌ သမထီးအရည်းဂိုဏ်းကြီးသည် ဘုရင့်လက်တွင် ရောက်နေ၍ အရည်းကြီးများသည် တကျောင်းတဆရာဆိုသလို ရှိနေသဖြင့်ရင်း၊ အရည်း

ချင်းသာလျှင် ပြိုင်နိုင်းကာ ရှိကြခြင်းရှားလေသည်။

ငှက်ပစ်တောင် ပတ်ဝန်းကျင် ခရိုင်များ၌ကား အရည်းတို့၏ ဩဇာကောင်းတုန်းပင်ရှိလင့်ကစား ၎င်းတို့သည် အပင်အပန်းခံ၍ အလုပ်မလုပ်လိုသော သူတို့အားမသင့်သောအတတ်ပညာတို့ကို သင်ပေးကာ သိမ်းသွင်းထားသဖြင့် ၎င်းတို့၏သဘောသည် ၎င်းတို့ကို ချီးဖဲ့သကဲ့သို့ရှိလေတော့ပြီ။

အခါတပါး၌ အရည်းဆရာတော်များကို အလွန့်အလွန်အမွန်အမြတ်ပြုထားသော သမန်းကုန်း ရွာမကြီးမှ သူဌေးကြီး ဦးချစ်ဘွယ်ထံတွင် သူခိုးခိုးသည်မှာ အလွန် အံ့ဩဘွယ် ဖြစ်လေ၏။

ဦးချစ်ဘွယ်အိမ်တွင်ကျားတမျှနီးပါး ဆိုးဝါးသော ခွေးကြီးလေးကောင်သည်ရှိ၏။ အစောင့်အခနတို့ကိုလည်း ခိုင်ခိုင်လုံလုံထားရှိ၏။

အရည်းတို့၏ အတတ်ပညာမှာ အဟန့်ပညာသည် ခွေးကိုမဆိုထားနှင့်သစ်၊ ကျား၊ ဆင်၊ ဝက်ဝံစသည်တို့ကို ဟန့်နိုင်၏။

ဦးချစ်ဘွယ်အိမ်ကို ညဥ့်အချိန်သူခိုးခိုးရာ၊ ဦးချစ်ဘွယ် အိမ်မှ ခွေးကြီးများသည် သစ်သားရုပ်များကဲ့သို့ တည်နေပေတော့၏၊ ဦးချစ်ဘွယ်အိမ်သူ အိမ်သားတို့နှင့်တကွ၊ အစောင့်အခနတို့သည်လည်း လူသေကဲ့သို့ မတုံမလှုပ်ဘဲ အိပ်မောကျနေကြလေ၏၊ သူခိုးသည် ဦးချစ်ဘွယ်အိမ်မှရွှေ-ငွေ-ဘဏ္ဍာ ကျောက်သံပတ္တမြားများ ပစ္စည်းများတို့ကိုလှည်းနှင့် အလေး တိုက်ယူကာ သွားသည်ပြင်၊ ဝဲလင်းခန်း၌ ဤသို့သောစာကိုပေနှင့်ရေးချထားခဲ့၏။

လူထုကိုနှိပ်စက်ညှဉ်းပန်း၍ သူဌေးဖြစ်နေသော မုန်းဘွယ်

ကောင်းလှသည်။ ဦးချစ်ဘွယ်၊ကျွန်ုပ်သင့်ပစ္စည်းများကို လှည်းတစီးနှင့် အနင့်တလေး တင်ကာယူသွားပြီ။ ဘာတတ်နိုင်သေးသေးသလဲ….’

ဦးချစ်ဘွယ်၏ သမီးပျိုကလေးသုံးယောက် အိပ်သော အခန်းထည်းမှာလည်း ဤသို့လျှင် ထန်းဖူးလွှာကို ချထားခဲ့လေ၏။

‘လရည်၊စိန်ရည်၊မြရည်နင်တို့လှပေတယ်လို့ တယောက်ကမှ အပျိုမစစ်တော့၍ ငါကဖြင့် မကြိုက်။ အရည်းအစာကလေးတွေ၊နင်တို့ရဲ့အပျော်လင် အရည်းဟာငါတို့ခိုးတာကိုဘာမှမတတ်နိုင်….’

ဦးချစ်ဘွယ်အိမ်မှ ခိုးသွားသော သူခိုးသည် မိမိ ယူလာခဲ့သော ရွှေ-ငွေစသည်တို့ကို ဆင်းရဲသော ရပ်ကွက်ပိုင်း၌ မိုးရွာသကဲ့သို့ ကြဲဖြန့်သွားလေ၏၊ ဆင်းရဲသော ရွာများ၌လည်း ထိုနည်းငှင်းဖြစ်၏။

နံနက်စင်စင်ကြီး လင်းသောအခါမှ နိုးလာသော ဦးချစ်ဘွယ်သည် မိမိအိမ်မှအကြီးအကျယ်သူခိုး ခိုးယူသွားကြောင်းကို သိရ၍၊ အလွန်တုံလှုပ်ခြင်းကြောင့် မိမိ ကိုးကွယ် ဆည်းကပ်အားထားနေသော အရည်းကြီး စိန္တာမဏိထံ သွား၍လျှောက်ထားလေ၏။

စိန္တာမဏိလည်း ‘သိစေ့မယ်၊မကြာမှီယူသွားသောပစ္စည်းများကို လာရောက်ကာ ပို့စေရမည်’ဟု ၎င်း၏တကာ ဦးချစ်ဘွယ်ကို နှစ်သိမ့်ကာလွှတ်လိုက်လေ၏။

စိန္တာမဏိသည် နောက်တနေ့ဆွမ်းစားပြီး နေ့လည်သော် ဦးချစ်ဘွယ့်ထံမှပါသွားသော ပစ္စည်းများကိုပြန်ရစိမ့်သောငှာ၊ အင်းချ၍ မီးတွင်းကာ မန္တံကို မန်းမှုတ်နေလေ၏၊ ထို အတွင်း

လူသုံးယောက်သည် လှည်းတစီးနှင့် စိန္တာမဏိ၏သာယာသော ကျောင်းအတွင်းသို့ဝင်ရောက်လေ၏။

စိန္တာမဏိ၏ တပည့်အရည်းများသည် ထိုသူ သုံးယောက်ကို ကြောင်တောင်ငေးတောဖြစ်ကာကြည့်နေ၏။ထိုသုံးယောက်သည် စိန္တာမဏိ၏ ကျောင်းပေါ်သို့တက်၍ အလို့ရှိအပ်သော ရွှေ-ငွေ ဘဏ္ဍာပစ္စည်းများကို သည်ပိုးပြီးလျှင် လှည်းပေါ်သို့ တနင့်တလေး တင်နေလေ၏၊ငင်းကိုစိန္တာမဏိသည်မြင်သော်လည်း ငေး၍စိုက်ကာသာရှိနေလေ၏။

ထိုသူသည် အားရလောက်အောင် ရတနာ ရွှေငွေ စသည်တို့ကို ယူသွား၍ ညနေကျသွားသောအခါမှ အရည်း၏ တပည့်များနှင့် အရည်းစိန္တာမဏိသည် သတိရလာသဖြင့် အနီးတွင်ချထားခဲ့သော ပေဖူးလွှာကို တွေ့ရသဖြင့်အံ့ဩသည်ထက် ‘ကုန်ပါပြီခက်ပေပေါ့’ဟုပင် ပါးစပ်က အသံထွက်မိလေ၏၊

ထိုပေဖူးလွှာကား ဤသို့တည်း။

‘ညစ်ပတ်ကြွားဝါသောသူယုတ်မာ အရည်းစုတ်၊ သူဌေးချစ်ဘွယ်ထံမှ ပစ္စည်းများကို ပြန်ရအောင်သင်လုပ်နေခြင်းကြောင့် သင့်ကျောင်း ရွှေငွေပစ္စည်းတို့သည် ချစ်ဘွယ်၏ပစ္စည်းနောက်သို့လိုက်သွားလေပြီ၊ ကိုင်....ဘယ်နှယ်လဲအရည်းဆရာ....’

‘ခု ငါတို့ယူသွားတာကို သင့်ပစ္စည်းလို့ မထင်နှင့်၊ လူမိုက် အရည်းသည် ရဟန်းတမျိုးဖြစ်၍ကိုယ်ထံတွင်ရွှေ-ငွေဘဏ္ဍာ ပစ္စည်းတို့သည် သင့်ပစ္စည်းမဟုတ်။သင့်ပစ္စည်းကားယပ်နှင့်သပိတ်ဖြစ်သည်။ ကလေးအဘောနဂါးဆိုတာ အရည်း လိမ်များ ရဲ့အန္တစာ၊ ထို့ကြောင့်လူထုပိုင်ပစ္စည်းဘဏ္ဍာ၊ ရွှေငွေများကို ထိုက်သူပန့်စံလေဟု ငါတို့နေ့ကြောင်မှာပင် ခိုးယူသွားတော့ပြီ။

လောကီရတ် အတတ်ပညာသည်ကား အလွန် အံ့ဩဘွယ် ကောင်းအောင်ထူးဆန်းပေသည်။ စိန္တာမဏိသည်မိမိ၏ ဥစ္စာပစ္စည်းရွှေငွေတို့ကို မိမိ၏ရှေ့တွင်မိမိကို ကြောင်တောင် သတိလစ်ကာ မိန်းမောစေခြင်းဖြင့် ခိုးယူသွားသောကြောင့် အံ့ဩသည်ထက်ကြောက်လန့်လာ၍ အလွန်တုံ လှုပ်ခြင်း ဖြစ်လေ၏။ ငါ့ထက် အတတ်ပညာသာလေစွ တကား၊ ဘယ်လို အတတ်ပညာနှင့် အဘယ်ကဲ့သို့သော သူပါနည်းဟု အိပ်၍ပင် မပျော်နိုင်အောင်ဖြစ်လေ၏။

စိန္တာမဏိသည် နောက်တနေ့သော် မိမိ၏အဆွေတော် အရည်းကြီး သိဒ္ဓိဗလထံသို့သွားရောက်ကာ မိမိ တွေ့ကြုံရသောသဘောတို့ကို ရှင်းပြပြောဆိုနေ၏။ ထိုအခိုက်အတန့်နွေကြောင်တောင်၍ လူသုံးယောက်သည် သိဒ္ဓိဗလ၏ ကျောင်းပေါ်သို့တက်ရောက်လာ၍ ရွှေ-ငွေ၊ကျောက်သံပတ္တမြားများနှင့်အဘိုးထိုက်အဘိုးတန် ပစ္စည်းများကိုသယ်ယူနေဘိသကဲ့သို့ သယ်ယူပြီးသော် ကျောင်းအောက်တွင် အသင့်ထားခဲ့သော လှည်းနှစ်စီးပေါ်သို့တင်နေလေ၏။

သိဒ္ဓိဗလနှင့် စိန္တာမဏိသည် ထိုသူ သုံးယောက်တို့ကို ကြောင်တောင် ငေးတေးပြူကာ မေ့နေလေ၏။ ( ပုတ်သင်ညိုမေ့ မေ့ဟုဆို၍ မေ့နေသကဲ့သို့ဖြစ်လေ၏။) အရံကျောင်းများမှ အရည်း ငယ်တို့လည်းအနီးတွင်ရှိနေကြလျက်ကြောင်တောင်ငေးတေးနှင့် ကြည့်နေကြကာ မေ့နေကြလေ၏။

'ခက်လှပါတကား....'

ထိုသူသုံးယောက်သည် သိဒ္ဓိဗလ၏ ရွှေ-ငွေ ပစ္စည်းတို့ကို ငံနွေကြောင်တောင် လှည်းနှင့် တိုက်ယူကာ ခိုးသွား၍ ခရီးတ

ထောက်ခန့်လောက်ရောက်မှ သိဒ္ဓိဗလနှင့်စိန္တာမဏိသည်သတိရ၍ ကြည့်လိုက်ရာ၊ အနီးတွင် ချထားသော ပေဖူးလွှာကိုတွေ့ရရာ၊ကောက်ယူကြည့်ခြင်းဖြင့်ဤသို့လျှင်တွေ့ရလေတော့၏။

'သွေးစုတ်ကောင် သိဒ္ဓိဗလ၊ သင့်ကျောင်းပေါ်မှာ ရှိသော အသပြာရွှေငွေများနှင့် အဘိုးထိုက် အဘိုးတန် ပစ္စည်းများကို ငါတို့ သယ်ယူသွားပြီ။ ဤသည်တို့ကို အသင်သည် အရည်းဆိုသောကြောင့် ငါ့ပစ္စည်း, ငါ့ရွှေ, ငါ့ငွေဟုမထင်မှတ်မအောင်းမေ့နှင့်၊ အရည်းဆိုခြင်းကား ရဟန်းပင်ဖြစ်သည်။ ထိုသဘောအရ အရည်းပစ္စည်းတို့ကား သပိတ်သင်္ကန်းစသော ပရိက္ခရာရှစ်ပါးမျှသာဖြစ်သည်။ ဤရွှေငွေတို့ကို ငါတို့သယ်ယူသွားသောကြောင့် ငါတို့ခိုးခြင်းမမြောက်။ အဘယ်ကြောင့်ဆိုသော် သင်သည် အရည်းဖြစ်သောကြောင့် ရွှေ-ငွေ ဘဏ္ဍာပစ္စည်း အရပ်ရပ်တို့သည် အရည်းပစ္စည်းမဟုတ်၊ အရည်းမှာ ထိုသို့သောဝတ္ထုပစ္စည်းများသည် အရည်းများ၏ပစ္စည်းများမဟုတ်သောကြောင့်တည်း၊ အရည်းများသည် ငါတို့၏ လယ်၊ ယာ၊ မြေတို့ကို သိမ်းယူနေခြင်းသည် တရားသလော....'

သိဒ္ဓိဗလနှင့်စိန္တာမဏိသည်အလွန်ထိတ်လန့်ကြောက်ရွံ့ခြင်းဖြစ်လာလေ၍ တယောက်၏ မျက်နှာကို တယောက်ကြည့်ကာ မကြံမဆနိုင်အောင်အကြပ်ရိုက်အခက်ကြုံနေကြရလေ၏။

ထိုနောက်သုံးရက်မြောက်နေ့တွင်သိဒ္ဓိဗလနှင့် စိန္တာမဏိတို့သည် ၎င်းတို့၏ဇာက်ပစ်တောင်ဂိုဏ်းချုပ်ကြီး ဦးချမ်းမြေ့ ထံသွားရောက်၍၊ နေ့အချိန်တွင် ဖြစ်ကြောင်းကုန်စင်ကို လင်းဟလျက် မိမိတို့ထက်အတတ်ပညာ၌ အလွန်သာနေသောသူသည် ပေါ်နေပြီဟု တိုင်ပင်သိုရှိုင်းကာ နေကြလေ၏။

ထိုအခိုက်အတန့်၌ အားအင် အတော်ပင်သန်မာပုံရသော လူကြီး လေးယောက်သည် လာရောက်၍ အရည်းကြီးသုံးပါး အား သည်ဂိုဏ်းချုပ်ကြီးကျောင်းမှာရှိသည့် ရွှေ ငွေ ကျောက် သံပတ္တမြားတို့နှင့် အဘိုးတန်ပစ္စည်းများကိုဆက်သပါဟုပြော သဖြင့် အရည်းသုံးပါးသည်တစုံတရာမျှမပြောမဆိုဘဲထိုသူတို့ အလိုရှိသည့်အတိုင်း ရွှေ-ငွေ ဘဏ္ဍာပစ္စည်း အမျိုးမျိုးတို့ကို ကျောင်းပေါ်မှ သယ်ချကာ လှည်းသုံးစီးပေါ်သို့ တင်ပို့ပေး လိုက်လေ၏။ ထိုလူလေးယောက်လည်းရွှေ ငွေ ဘဏ္ဍာပစ္စည်း အဘိုးထိုက်အဘိုးတန်များတို့နှင့် လှည်းကိုမောင်းကာ ထွက် သွားကြလေ၏။

အရည်းကြီး သုံးပါးတို့သည် ထိုလူလေးယောက်တို့ အ တော်ခရီးရောက်သောအခါမှ သတိရကြ၍ 'ဟင်....'ဟုဂိုဏ်း ချုပ်ကြီး၏ကျောင်းပေါ်မှ ရွှေ ငွေ ကျောက်မျက်ရှဲ စသည့် ဘဏ္ဍာများ၊အဘိုးထိုက်အဘိုးတန်ပစ္စည်းများတို့သည် မရှိတော့ ဘဲ နေ့ကြောင်တောင် သူခိုးများ၏နောက်သို့ ပါသွားကြောင်း ကို သိရလေ၏။

ဂိုဏ်းချုပ်ကြီးကား အလွန် စိတ်ချောက်ချားခြင်း ဖြစ်ပြီး သော် တုံ့လှုပ်ခြင်းပြင်းစွာ ဖြစ်လေ၏။

ထိုသို့ အချေမလှ ထိတ်လန့်ဘွယ် ကြုံတွေ့ရလေသောကြောင့် သိဒ္ဓိဗလနှင့် စိန္တာမဏိသည် အရေးမလှလေရကား မိမိတို့ ၏ကျောင်းသို့ ပြန်ကြရလေ၏။

ထိုနေ့ညမှာလည်း သူကြွယ် သမီးစန်းစန်းကိုပန်းဦးလွှတ် ကျောင်းလွှတ်ပူဇော်ပွဲကိုပြုလုပ်ရန် အစီအစဉ် ပြုလုပ်ထားလေ

၏။ ထိုသို့သောသဘောကြောင့် ကျောင်းတော်ကြီး၌ တင့်တယ်လှပသိုက်မြိုက်သော အခန်းအနားကြီးကို ပြင်ဆင်ရန် ရှိသော်လည်း တစုံတရာမျှ ပြင်ဆင်ခြင်းမရှိဘဲခြောက်သွေ့လျက် တိတ်ဆိတ်ကာရှိနေ၏။ အရည်းဂိုဏ်းချုပ်ဆရာတော်ကြီးဦးချမ်းမြေ့လည်း အနှစ်ကင်းသော ရေမရသည့်သဘော်ကဲ့သို့ ညှိုးငွေ့ကာ ရှိနေတော့၏၊ ဂိုဏ်းချုပ်ကြီး၏ အရံကျောင်းများရှိတပည့်တပန်း အရည်းတို့လည်း အလွန့်အလွန် ထိတ်လန့်ခြင်းဖြင့် မှိုင်တွေချကာ ရှိကြလေ၏။

မိမိတို့၏အယူကို မလျှော့ဘဲ ဗွေသန့်သန့်နှင့် ရဟန်းမင်းအုပ်ချုပ်သော နိုင်ငံတော်ကြီး တနေ့နေ့တွင် ဖြစ်ရမည်ဟု ကြိုးစားလာသော အရည်းတို့သည် သေည်လည်ပိုက်မင်း၏ လက်ထက်၌ အကွက်ဆန်းကို နဖူးတွေ့ဒူးတွေ့ တွေ့နေကြချေပြီ။

ထိုသဘောကား ဆန်းကျယ်သည်ဟု မထင်ရာ၊ သာမန်မျှသာ ရှိပေသေးသည်။

ထိုသို့နှင့် အချိန်ကျရောက်သော် သူကြွယ်ကြီးသည် မိမိ၏မိတ်ဆွေ လူကုံတန်များနှင့် သမီးစန်းစန်းကိုဆင်ပြင်ပြီးသော် ပန်းဦးလွှတ် ကျောင်းလွှတ်ပူဇော်ရန်အခြား လှူဘွယ်ဝတ္ထုများနှင့် ရောက်လာလေ၏။

ထိုအခါ ကျောင်းကြီးသည့် တိတ်ဆိတ်ခြောက်သွေ့ကာရှိလေ၏။ နေဝင်ပြီးဖျိုသော်လည်း ကျောင်းကြီး၌ မီးတိုင်များသည် မလင်းချေ၊ အရောင်တောက်ပသော သစ်တိုင်များမှာလည်း.... အရောင်ကင်းမဲ့ကာ မှိုင်ခြောက်လျက် ရှိနေလေပြီ၊ ထို့ကြောင့် သူကြွယ်ကြီးနှင့် အပေါင်းပါတို့သည် မီးတိုင်များကို ကိုယ်တိုင်လင်းရ၏။ ၎င်းတို့၏ဆရာတော် အရည်းကြီးသည်ကား ဘာနေ့

ရာ၌ လေထိုးခံနေရသောသူ၏ မျက်နှာကဲ့သို့ မကြည်သာခြင်း ကိုပြု၍ မှိုင်ကာထိုင်နေ၏၊

စန်းစန်း၏ဘခင် သူကြွယ်ကြီးနှင့်အပေါင်းအသင်းတို့ကား ၎င်းတို့၏ဆရာတော်ဘုရားကို မြင်ကြရကာလ အလွန့်အလွန် အံ့အားသင့်ကြကုန်၏။ သဘောကား ကျောင်းတော်အခန်းအနားကိုမြင်၊ ကျောင်းတော်သည်လည်း ငြိမ်သိမ့်၍ရှိနေ၏။ ဆရာတော်ဘုရားလည်း စိတ်မချမ်းသာသကဲ့သို့ရှိနေ၏၊အကြောင်း ဘယ်လိုနည်းဟု စဉ်းစားကာ ရှိနေကြလေ၏။

မိဘများနှင့် အပေါင်းအသင်း ဘေးကဘီကဖြားယောင်းသဖြင့် သဘောညွတ်လာပုံရှိသော စန်းစန်းဘယောက်သည်ကား အထူးမြူးလျက် ဆရာတော်ကြီး ဦးချမ်းမြေ့၏ အနီးသို့ ကပ်၍ ဤသို့လျှောက် တီး၍ တာတော့၏။

'ရည်းရည်းကြီးဘုရား၊ ကိုယ်တော်သည် တပည့်တော်မ အရုပ်ဆိုးမကလေးကို ပန်းဦးအဖြစ်နှင့် အလှူခံရမည်ကြောင့် ရှုံ့ရှာစက်ဆုတ်၍ စိတ်နှလုံး မသာယာခြင်းဖြင့် စိတ်ညစ်နေတော်မူပါသလား....'

ညှဉ့်အချိန်၌ စိန်ရောင် ကျောက်မျက်ရွဲရောင်၊ မြရောင်တို့နှင့် တပြောင်ပြောင်တဖိတ်ဖိတ်နှင့် မြင်သူ၊တွေ့သူတို့၏စိတ်ကို ယိုညွတ်လာအောင် ဖြစ်ခဲ့တဲ့ပါလျက် ယခုအခါ၌ လူသူမနီးတောကြီးဆိတ်ညံ သန်းခေါင်ယံအချိန်၌ ပိုးရည်မြူးများ မြူးသလိုသာ ရှိနေပါတော့တကား၊ ကိုယ်တော်သည် အဘယ်ကြောင့် ကျောင်းလှူတ်ပူဇော်ခြင်း အခန်းအနားကို တင့်တယ်ခြင်းဖြစ်အောင် ထုံးစံအတိုင်း မပြုပြင်ပါသနည်း....'

ကိုယ်တော်၏မျက်နှာတော်သည် အစဉ် ကြည်လင်သာ

ယာနေခဲ့ပါလျက် ယခုအခါ၌ ဝမ်းတွင် လေထိုးကျင့်သဖြင့် မ ချဥ္မမရဲနှင့် ခံစားကာ နေရသောသူ၏ မျက်နှာကဲ့သို့ မဂ်လာ မဲ့ဖြစ်ပါဘီတော့တကား၊ တပည့်တော်မတို့၌ အဘယ်မည်သော ဖြစ်မှုသည် ထင်ပါဘီသနည်း....’

အရည်းကြီး ဦးချမ်းမြေ့ကား မည်သို့မျှ စကားမဆိုဘဲ.... ဆိတ်ဆိတ်နေလေ၏။ စန်းစန်းကား ငိုသံကလေးမပါတပါနှင့် ခယာ၍ ဤသို့တာပြန် လေ၏။

‘ရှေ့ကိုယ်တော်ကြီးဘုရား... တပည့်တော်မစန်းစန်းသည် အ ရင်ကမူကား ကိုယ်တော့်ထံ ကာမမေထုန်မှုကို လှူရန် မ သက်မသာ မကြည်ဖြူပါ၍ အလိုမရှိဘဲ ငြင်းဆန်ခဲ့ပါသည်၊ ယခုတမူကား မိဘများကဒေင်း၊ လူကြီးလူကောင်း ကျောင်းတ ကာ ကျောင်းအမများကဒေင်း၊ အပေါင်းအသင်း ပုပု၊ စုစု၊ နုနု သုသု၊ တင်တင်။ ရင်ရင်တို့၏ တရားပြခြင်းအားဖြင့် စေတနာ ပြည့်ပြည့် သဒ္ဓါရှိရှိနှင့် အလွန်မြတ်ဘီသော ကိုယ်အတွင်းအလှူ ကို လှူဘို့ရန် ထက်သန်လှပါပြီဘုရား၊ ရည်းရည်းသည်အဘယ် ကြောင့် ရှေ့မျက်နှာတော်အိုကာ မချိဘဲ ရှိပါဘိသနည်း....’

အရည်းကြီးဦးချမ်းမြေ့ကား စကားပြန်၍မဟာဘဲ၊ နတ်ဖြန့် သေရမည့်သူကဲ့သို့ မဂ်လာမဲ့လျက်ရှိနေ၏။ စန်းစန်းကား အ ရည်းကြီးဝါဒအတိုင်း လိမ္မာသောမာတုကာမကလေး အဖြစ် နှင့် အခွင့်အားလျော်စွာ ယရာသံပါပါနှင့် ဤသို့အသနားခံ ရှာပြန်လေ၏။

‘ရည်းရည်းဘုရား....အိုဘယ်ဘယ့် ရည်းရည်းဘုရား၊ တ ပည့်တော်မသည် အဆင်ဆိုးဝါး၊ တစ္ဆေမကလေးအလား ကဲ့ သို့ဖြစ်နေရ၍ပါလား၊ ပုပု၊ နုနု၊ စုစုတို့ထံမှ အလှူခံရော၌ကား

ရှုပျိုသောမျက်နှာနှင့် ဖွယ်ရာသော သဘောကို ပြုခဲ့ပါသည်။ တပည့်တော်မကို အဘယ်ကြောင့် စက်ဆုပ်ရွံရှာတော် မူပါသနည်း။ တပည့်တော်မသည် ပုပု စုစု နုနုတို့ထက် မလျှော့စေကာမူ၊ မိုလုဘနန်းဖြင့်ကား၊ ရှိပါသည်ဟု ထင်ပြားမိပါသည် ဘုရား၊ ကိုယ်တော်သည် တပည့်တော်မ၏ဒါနမှုကို မသနားမညှာရက်စက်စွာငြင်းဆံပယ်လှန်တော်မူတော့မည်ပါလား ဘုရား ’

ထိုသို့စန်းစန်းသည် ငိုသံမပါတပါနှင့် မျက်ရည် ကျလုမတတ်ဖြင့် တီ၍တီ၍ တာနေစဉ်တွင် လူကြီးလေးယောက်သည် ရောက်လာပြီးလျှင် ‘ဟယ့် ကောင်မ နင့်····ထဘဲထလွှန်း၊ ကြွဘဲကြွလွှန်းပါကလား၊ ဒါဟာခွေးဝက်တို့ရဲ့အကျင့်၊ ဟယ်····မိစ္ဆာကောင်ကြီး····နင်ဟာ အမျိုးသမီးကလေးများကို ဖျက်ဆီးခဲ့သည်မှာ များခဲ့လှလေပြီ၊ နင်သည် သံသရာမှာ တံကျင်အလျှိုခံ၍ ငရဲခံနေရမည်ကြောင့် ချမ်းသာပေးခဲ့အုံးမယ်····’ ဆိုကာ အားလုံးသောလူများ၏ရှေ့ တွင်စန်းစန်းကို ဆွဲခေါ်သွားလေ၏။ စန်းစန်းလည်း‘ကယ်တော်မူပါအုံးဘုရား····’ဟု ဟစ်အော်တသ ကာပါသွားရလေ၏။

အရည်းကြီး ဦးချမ်းမြေ့နှင့်တကွ ပရိသတ်သည်ကား မည်သို့မျှမတတ်နိုင်ဘဲ ကြောင်တောင် ငေးတေးနှင့်အံ့ကာ ကျန်ခဲ့ရလေသည်။

အယုဝါဒနှင့်ပတ်သက်၍ကား ဝါဒရှင်ဆရာဆိုသူ ဟောပြောနားသွင်းသူ အရည်းဆိုသူတို့ကိုသာလျှင် အပြစ်ဖို့ချ၍ယိုးမယ်ဖွဲ့ရန်မဟုတ်၊ တကာတကာမ ဆိုသူတို့၏ အပေါ်၌လည်း များစွာ စဉ်းစားဘွယ်ရာဖြစ်လေသည်။

အချို့အချို့သောပညာရှိတို့က သာသနာတော်ကို သာသ

နာတော်ထမ်းတို့က ဖျက်နေသည်ဟု ဆိုကြသည်။ ထိုစကားကို ကျွန်ုပ် မကန့်သော်လည်း ထိုသာသနာဝင်သူတို့က ဖြားယောင်း၍ သာသနာတော်ထမ်းများကို ဖျက်မဖျက်ဟု စဉ်းစားရန်လည်း ရှိသေးသည် ဟု ဆိုချင်ပါသည်။ မိုးရွာသောကြောင့်သာ တောတောင် ဖြစ်ရသည် မဟုတ်၊ တောတောင်ကြောင့်လည်း မိုးရွာပါသေးသည်။ ယခုခေတ်၌ ရဟန်းတော်များအား ငွေစက္ကူ လှူခြင်းနှင့် ပတ်သက်၍ အကြောင်းအကျိုးကိုရှာသင့်ပေသည်။ ကျွန်ုပ်တို့သည် ဆရာကိုချည်း ယိုးမယ်မဖွဲ့သင့်။ တကာကိုလည်းဝေဖန်သင့်ပေသည်။

စန်းစန်းသည် ငှက်ပစ်တောင် အရည်းဂိုဏ်းချုပ်ကြီး၏ကျောင်းတော်သို့ ရောက်သော် မြင်းလှည်းတစီးပေါ်သို့ ရောက်ကာ။ ၎င်းတို့ခေါ်ဆောင်ရာသို့ ပါသွားလေ၏။ စန်းစန်းသည် သန်းခေါင်နီးပါးရှိလတ်သော် အလွန့် အလွန် သာယာပုံရှိသော မြို့ကြီးတခု အတွင်းရှိ အိမ်ဝင်းအဝသို့ ရောက်သွား၍ ရထားပေါ်မှ ဆင်းလတ်သော် ထိန်လင်းသော မီးတိုင် များကိုကိုင်ဆောင်ထားသော လူငါးယောက်၏ ရှေ့မှ လူတယောက်က အချစ်စန်းစန်းဟုဆိုသော အသံနှင့် တပြိုင်နက် မောင်မောင်မြင့်ဟုဆိုသော အသံတို့သည် တပြိုင်တည်းဖြစ်ပေါ်လာကြသဖြင့် ဝမ်းသာအားရနှင့် တွဲကာ ထိုအိမ်ကြီးပေါ်သို့ တက်သွားလေ၏။

မောင်မြင့်နှင့်စန်းစန်းတို့သည် တူယှဉ်ကာ အိမ်ကြီးပေါ်ရှိ အလင်းရောင်အတွင်း၌ ထိုင်နေစဉ် ခန့်သားသော အမျိုးသမီးကြီးတယောက်သည် ရောက်လာ၍ ဤသို့ စကားပြောဆို နေကြလေ၏။

'ညီမလေးအမျိုးရည် နွမ်းခဲ့ရသေးသလား....'

'မမကလဲကြုံကြုံစည်စည်စန်းစန်းဒါလောက်အ,ပါ့မလား'

'အေး– ကောင်းပါတယ်ကွယ်....ဝမ်းသာပါတယ်····ဒါပေ သည့်ကနေ့တညတော့ သည်းခံကြနော်၊လက်မထပ်ရသေးဘူး'

'ဟုတ်ကဲ့မမ....ဟုတ်ပါခင်ဗျာ....'

'လူဆိုတာ လူကျင့်သဘောကို ကျင့်ရတယ်····လက်မထပ် ရသေးဘဲနှင့် အကြင်မောင်မယ်နှစ်ဦးသည် ကာမ မေထုန်မှုကို ပြုမိရင် ကာမဂုဏ်၌မှားသောအကျင့်ကို ကျင့်မိခြင်းလို့ ဒို့မြ ဘုရားကြီးက ဆုံးမထားတယ်၊ ကာမဂုဏ်၌ မှားသော အကျင့် ကို ကျင့်မိရင် တန်ခိုးညံ့ပြီး၊ သွားရာလမ်းတွင် ခလုတ် က သင်းများနှင့် အမြဲတွေ့ရတတ်တယ်။ မိန်းမထက် ယောကျ်ား မှာ သာပြီးဆိုးတယ်....'

'ဟုတ်ကဲ့····' 'ဟုတ်ကဲ့မမရယ်····ကျွန်တော် တခု မေးပါရစေ····ဦးနှင့်ဆံနှင့်ကန်တော့ပါရဲ့....'

'မေးပါ....မေးပါ....'

ထိုသို့အခွင့်ပြုသော်လည်း မောင်မြင့်သည်ထိုအမျိုးသမီးကြီး အား ရှိသေသမှုနှင့် မမေးဝံ့၍ အကြောင်သား ငေးကာ နေသ ဖြင့် ထိုအမျိုးသမီးကြီးကပင် ဤသို့မြေပြလေ၏။

'မောင်ကလေး မေးလိုတာကို မမသိတယ်၊ဒါမျိုးဟာ မေး လဲမေးထိုက်တယ်....ဒါပေမဲ့မောင်ကလေးမှာဒါဟာ အသုံး မ ဝင်တော့ဘူး····'

'ဟုတ်ကဲ့....ကျွန်တော်ကျမ်းစကား၏ အဓိပ္ပါယ်နက်ကိုမ ရှင်းလို့ပါမမ····

'သည်လိုမောင်ကလေး····နားထောင်....'

‘ဟုတ်ကဲ့....’

‘ယောကျ်ားတယောက်သည် မိန်းမတယောက်၏ အပေါ်၌ ချစ်ကြိုက်သည် ဖြစ်စေ၊ မချစ်သည် ဖြစ်စေ၊ မိန်းမသည် ယောကျ်ားအပေါ်၌ ချစ်ကြိုက်သည်ဖြစ်စေ၊ မချစ်ကြိုက်သည် ဖြစ်စေ၊ ထိုကိစ္စ၌မီးတောက်လောင်လာသည်ရှိသော်ယောကျ်ားသည်မိန်းမကိုငဲ့ညှာ ထောက်ထားသောအားဖြင့် ထိုမိန်းမ၏အလိုကို လိုက်ရောမိ၏။ သို့ရာတွင်အထမမြောက်စေရန်ချုပ်တည်းထားခြင်းဖြင့် မိန်းမ၏နှစ်သိမ့်ခြင်းကိုဖြစ်စေ၏။ ဤသည်ကိုကားထိုယောကျ်ားသည် ကာမဂုဏ်၌မှားသော အကျင့်ကို ကျင့်ရာမရောက်တတ်သေး၊ ကန့်တွင်းကိုမဆင်းဘဲကန့်ဘောင်ရိုးကိုတက်မိသည်မည်၏။ ထိုယောကျ်ားသည်သူတပါးယောကျ်ားတို့သည်းခံနိုင်ခဲ့သော အကျင့်ကိုကျင့်ရာလည်းရောက်၏။

‘မိန်းမမှာကား မမ....’

‘မိန်းမဆိုသည်မှာ များသောအားဖြင့် ဆုထူးပန်မိန်းမတို့မှအပ၊ ကာမဂုဏ်၌မှားသောအကျင့်ကြောင့် မိန်းမဘဝတွင် အဖန်တလဲလဲဝင်ရသည်ဟု ကျမ်းဂန်ဆရာတို့ဆိုသော စကားသည် ရှိသည်....’

‘ဟုတ်ကဲ့....’

× × +

နောက်တနေ့နံနက်သော် ထိုအိမ်ကြီး၌ တင့်တောင့် တင့်တယ်လူတစုသည် ရောက်လာကြ၍ ဆီထမင်းနှင့် ငါးကျော်ကို ကျွေးပြီးလျှင် ဤကဲ့သို့ ယမန်ညကအမျိုးသမီးကြီးသည်မောင်မြင့်နှင့် စန်းစန်းကိုဆေးမကျွာလေ၏၊

'မောင်မြင့် စန်းစန်း၏ မိဘများကမောင်ကလေးနှင့်စန်းစန်းကိုသဘောတူပါရဲ့လား....'

'တူပါတယ်...'

'ခိုင်လုံသော အကြောင်းကို ပြနိုင်ရဲ့လား....'

'ပြနိုင်ပါတယ်....'

'ပြပါ....'

'ကျွန်တော့ မိဘများသည် စန်းစန်း၏ မိဘများထံ သွားရောက်ကြောင်း လမ်းစဉ်က ဟောသည် လယ်မှူးကြီး ကိုခွေးပါပါသည်....'

'ကိုင်း....ကိုခွေးက ဆိုစမ်းပါရှင့်....'

'မောင်မောင်မြင့်၏မိဘများက စန်းစန်း၏မိဘများထံသွားရောက်ကြောင်းလမ်းတော့ သဘောတူညီကြကြောင်း စုံညီစွာပြောဆိုကြပါသည်။

'ထို့မြင် '

လူကြီးငါးယောက်ကလည်း ထိုကဲ့သို့ တညီတည်းပြောဆိုကြလေ၏။ ထိုအမျိုးသမီးကြီးလည်းဆက်ကာ၍သို့ဆေးကျောန်လေ၏။

'ကောင်းပြီရှင်၊ ဒါဖြင့် ဘာကြောင့်မောင်မြင့်နှင့်စန်းစန်းကိုသူ၏မိဘများကမင်္ဂလာဆောင်နှင်းကာ မပေးပါသလဲ....'

'ကိုင်း ကိုကြောင်ဘားကနေထားတကျပြတ်ပြတ်သားသားပြောစမ်းပါ၊ ကျုပ်က မမရှေ့မှာစကားပြောရရင် ပူထူသွားတာဘဲ....'

'သည်လိုပါမမ....'

'ဆို....'

'ကျွန်တော်များအရပ်ရှိ အရည်းဆရာများ၏ ဝါဒအရ အရည်းဂိုဏ်းချုပ်ကြီးထံ လူကုံတန် သားသမီးများ ဖြစ်ကြ၍ သွားရောက်ကာလျှောက်ထားရာ ဂိုဏ်းချုပ်ကြီးက သင်တို့သည် သာမန်သူမဟုတ်အဓိကရ လူကုန်တန်များဖြစ်သည်ပြင် ကျောင်းတကာ ကျောင်းအမများလည်း ဖြစ်သည်။ ထို့ကြောင့်သင်တို့၏ သမီးသည် မယ်ကာမတ္တံမဟုတ် အဓိပတိသမီး ဖြစ်သည်၊ ယင်းသို့ဖြစ်ရကား သင်တို့၏သမီး စန်းစန်းကို ဂုဏ်ရည်မြင့်သည်ထက်မြင့်ရအောင် ပန်းဦး ကျောင်းဦးလွှတ် ပုဇော်ဦး၊ သို့မှသာလက်ထပ်ခြင်းသည် သူရဿတီနတ်သမီး စောင်မကာ လက်ထပ်ခြင်းမှည၍ မင်္ဂလာမြောက်မည်ဟု ဆိုပါသည်....'

'အင်း....'

'ဤသည်ကို စန်းစန်းက သဘောမတူ၍ မင်္ဂလာ မပြုဖြစ်သေးပါမမ....'

'စန်းစန်းကဘာကြောင့်သဘောမတူ မ ကြည်ဖြူသလဲ....'

'မမ၊ ကျွန်မသည်ဝါဒကို ထိရှိစွာနဲ့ဝါဒထင်လို့ သဘောမတူပါ....'

'ဘာကြောင့်ထင်သလဲ....'

'ခေါင်ဖုယား စေသုမာပြုသော ကျမ်းကို တိတ်တိတ်ဘတ်ဘူးလို့ပါ....'

'ကောင်းပြီ စန်းစန်းက မောင်မြင့်ကိုချစ်ကြိုက်ရဲ့လား....'

'ချစ်ကြိုက်ပါသည်....'

'မောင်မြင့်ကကော....'

'ချစ်ကြိုက်ပါသည်....'

'သူတို့ကို ထိမ်းမြားလက်ထပ်ပေးထိုက်ပါသလား....'

အရှင်ကောလာသ
[illegible] ကျောင်း
မင်းတုန်းမြို့နယ်။

'ပေးလိုက်ပါသည်'ဟု လာရောက်သော ပရိသတ်တို့သည် တညီတည်း ပြောဆိုကြလေ၏။ (အကျဉ်းချုပ်၍ရေးမည်)

ထိုအခါ အမျိုးသမီးကြီးသည် ဤသို့ဆို၏၊

'လောက၌ အုပ်ထိန်းသူများ သဘောမတူဘဲပေါင်းသင်းဆက်ဆံနေသော ဇနီးခင်ပွန်းတို့မှာ အိမ်စိုးမနှင့် ကျေးပိုင်မိန်းမမှအပ လင်မယားအရာမမြောက်ချေ။ အကြောင်းသော်ကား ဤသို့ဖြစ်၏....'

'မိဘများသဘောမတူဘဲ အိမ်ထောင်ပြုသော ယောကျ်ားမိန်းမတို့မှာ သားသမီးများဖွား မထွန်းကားစေကာမူ လင်-မယားအရာမမြောက်ချေ။အဘယ်ကြောင့် မိဘသဘောမတူသော မိန်းမနှင့် အိမ်ထောင်ပြုသောယောကျ်ားသည် မိဘစကားကို နားမထောင်ဘဲ တော်လှန်သူဖြစ်၏၊ ထိုသားသည် မိဘ၏ အမွေအနှစ်ကို မခံထိုက်ဟု မှတ်ကဆို၏။ မိဘ သဘောမတူသော ယောကျ်ားနှင့် အိမ်ထောင်ပြုသော မိန်းမသည်လည်း မိဘကိုတော်လှန်ကာ မိဘ၏စကားကို နားမထောင်သောသူဖြစ်၏။ ထိုသမီးသည် မိဘ၏ အမွေအနှစ်ကို မခံစံထိုက်ဟု မှတ်ကဆို၏၊ ထို့ကြောင့် ထိုသူတို့သည် လင်မယားအရာ မမြောက်ချေ၊ လောက၌ အပျော်နေထိုင်ကြသူများမျှသာ ဖြစ်ချေသည်....'

'ယခုမှာကားမိဘများသဘောတူထားသူများဖြစ်ကြသဖြင့် အရည်းဝါဒက ကန့်ကွက်ထားသော်လည်းကျွန်မက သူတို့နှစ်ဦးအားအမျိုးကို စောင့်ထိန်းသော အားဖြင့် လက်ထပ်ပေးလိုက်သည်၊

ထိုသို့သောသဘောသည် တွေ့ကြုံဖြစ်ပျက်လာသဖြင့် အ

ရည်းဂိုဏ်းချုပ်ကြီးသည် မိမိကို လေးစားကြည်ညိုနေသောတကာ တကာမများနှင့် တပည့်တပန်းတို့၏အပေါ်တွင် များစွာတန်ခိုးအာဏာ လျှော့ကျတော့မည်ကဲ့သို့ ကြုံကြိုက်လာသောကြောင့် အလွန့်အလွန် တုံလှုပ်ခြင်း ဖြစ်လာခဲ့လေ၏။

ထိုသို့ တွေ့ကြုံ ဖြစ်ပေါ်လာသော ရန်များကို ဇက်ပစ်တောင် အရည်းဂိုဏ်းချုပ်ကြီးနှင့် ထိုခရိုင် နယ်ပယ်အတွင်းရှိ အရည်းတို့သည် မည်ကဲ့သို့မျှ ကာကွယ်ခြင်းငှာမတတ်နိုင်လေရကား။ အရည်းဂိုဏ်းကြီးသည် မျိုးကွဲပျက်စီးသွားရန်သဘောသွား သက်ရောက်လာလေသည်။

အရည်းဂိုဏ်းချုပ်ကြီးကား ထိုဘေးရန်ကို ကာကွယ်စောင့်ရှောက်ရန်မှာ ဘုရင်မင်းမြတ်မှတပါးတတ်နိုင်မည့်သူမရှိဖြစ်နေတော့၏ဟု ထင်မြင်ယူဆလာလေ၏။ အရည်းများ၏လူကုံတန်တကာတကာမများထံမှ၎င်းချမ်းသာကြွယ်ဝ၍ထင်ရှားသောအရည်းများထံမှ၎င်း၊ သူခိုးဆိုသောသူတို့သည်အတတ်ပညာများအားဖြင့် ရွှေ-ငွေ-ဘဏ္ဍာပစ္စည်းများကိုယူ၍ မရှိဆင်းရဲသောသူများထံ၌ပျံ့နှံ့စေမှန်းမသိ ပျံ့နှံ့နေသဖြင့်ပုဂံရပ်ကွက်ခရိုင်ကြီးသည် တမျိုးတမည် ကယောင်ခြောက်ခြား ဖြစ်လာ၍ပုံပေါ်နေလေ၏။

ထို့ကြောင့် အရည်းဂိုဏ်းချုပ် ဦးချမ်းမြေ့သည်၎င်း၏ထံ၌ ရင့်လှသော အရည်းသိဒ္ဓိဗလနှင့် စိန္တာမဏိကို ခေါ်ဆောင်၍ တမ္ပဝတီသို့သွားပြီးလျှင် အခွင့်တောင်းပြီးသော် ဘုရင်မင်းမြတ် သေည်လည်ပိုက်ထံတော်သို့ ဝင်လေ၏။

ဘုရင်မင်းမြတ်သည် အရည်းသုံးဦးအား တင့်အပ်လျောက်

ပတ်သောနေရာကိုပေး၍ ဤသို့လျှင် စကားစမြည်များကို ပြော ဆိုတော်မူနေလေ၏၊

'ဘာကိစ္စလဲ အရည်းဆရာတို့၊ သမထ ိးအရပ်ကအရည်း များကို ၄က်ပစ်တောင် အရည်းဂိုဏ်းကြီးအတွင်းသို့ သွတ်သွင်း ချင်လို့လား....'

'မဟုတ်ပါ....'

'ဒါဖြင့် ဘာကိစ္စရှိပါသလဲ....'

'တကာတော်၊ ဆရာတော်တို့ ခရိုင်နယ်မြေမှာ သူခိုးစွမ်း ကောင်း ပေါ်ပေါက်ပြီး အင်မတန်ပူနေလို့ပါ....'

'အရည်းဆရာ....ဘယ့်နှယ်....'

'သူခိုးစွမ်းကောင်း ပေါ်နေလို့ပါ....'

'ဟာ....သူခိုးပါကတဲ၊ အစွမ်းကောင်းရမယ်လို့။သူမစွမ်း လို့ဘဲ သူခိုးလုပ်စားနေရတာဘဲ အစွမ်းရှိတဲ့ဆရာတော် သူခိုး လုပ်စားမလား၊ လောကမှာ သူခိုးနှင့် သူဖုံးစားဟာ လူရေအ ညံ့ဆုံး၊ လူရေညံ့တဲ့လူဟာအစွမ်းကောင်းရမယ်လို့ တကတဲ မရောက်တတ်ရာရာ....'

'ငါ့ရှင်သိဒ္ဓိဗလ ပြောစမ်းကွယ်....'

သိဒ္ဓိဗလသည် မိမိတို့ထံ၌ သူခိုးခိုးကြောင်းနှင့် ခိုးပုံကို သေချာစွာပြောပြလေလျှင်ဘုရင်မင်းမြတ်သည်လည်ပိုက်သည် ဤသို့ မိန့်တော်မူလေ၏။

'ဟာ အရည်းဆရာ၊ တကတဲ တောက်တီး တောက်တက် ယုတ္တိမရှိတာတွေကို အကြောင်းအကျိုးမဲ့ ဘာကြောင့်လာပြီး ဖိန်းနေပါသလဲ၊ အချိန်ကုန်လူပန်း....'

'တကာတော် အမှန်ပါ၊ တိုင်းသူပြည်သား လူကုံတန်များ ထံမှာလဲ သည်လိုဘဲ ခိုးယူနေတာဘဲ....'

'ဟာ....မဟုတ်နိုင်တာ သည်လိုဖြင့် သူဌေးသူကြွယ်တွေ မွဲကုန်ပြီပေါ့၊ မရှိတော့ဘူးလား....'

'အချည်းများကို ကောင်းစွာကြည့်ညိုတဲ့ လူကုန်တန်များ မှာ များစွာအခိုးခံရပါတယ်....'

'ကောင်းပြီ၊ ကောင်းပြီ၊ ကောင်းပြီ....အရည်းများဟာ အိမ်မွေ့ချနည်း အတတ်မှာ ကော်ကန်၊ အဟန့် အတတ် မှာ ပါရဂူလို့ ကြားရပါကလား၊ ဒါဖြင့် အရည်းချင်း ခိုးနေ တယ်ထင်ပါရယ်....'

'သည်လိုမဟုတ်နိုင်ပါဘူး....'

'ဘယ်လိုဟုတ်နိုင်ပါသလဲ....'

'လူထဲက သည်အတတ်ကိုတတ်ပြီး ခိုးနေခြင်းပါ....'

'အရည်းလဲ လူဘဲ....'

'ဝတ်ကြောင်အိမ်ထောင်သားထဲကပါ....'

'အမှန်မုက္ခ၊ အရည်းဆရာများကစွပ်စွဲနိုင်သလား....'

'တင်ထင်ရှားရှား လူဝတ်ကြောင်အဖြစ်နှင့် လာရောက်ပြီး ခိုးယူသွားပါတယ်....'

'တန်တော့ သည်အတတ်ပညာများကို အရည်းများသာ သူ့ထက်ငါ လိုက်စားကြပါတယ်၊ အခြားသူများမှာ လုပ်ကိုင် စားသောက်နေရလို့ လိုက်စားခွင့်မရ၊ အရည်းများရဲ့ သည် အတတ်ပညာများဟာ သူခိုးထံရောက်သွားပြီထင်တယ်'ကိုယ် အတတ်နှင့်ကိုယ်စူးနှုတ်လို့ရနိုင်ဘူး'ဆိုတာဖြစ်နေပြီထင်တယ်'

'သည်လိုတော့ မဟုတ်နိုင်ပါဘူး တကာတော် ရေမြေ့ရှင်-'

'ကျွန်ုပ် ကြားဘူးနားဝ တခုပြောမယ်....'
'အမိန့်တော်ရှိပါ....'
'ထီးမင်းယဉ်လက်ထက်တော်မှာ အတတ်ပညာအတော်ကြွယ်ဝသော ဗန္ဓကဟူ၍ ရှိသတဲ့....'
'ဟုတ်ကဲ့....'

'ဗန္ဓကသည်သာယာသော ဥယျာဉ်ကြီးအတွင်းမှာနေ၍ သူသည်နဂါးတို့ကို နိုင်နင်းသော ဗန္ဓက အရည်းဟု ထင်ရှားပြီးသော် ကျောင်းလွှတ်ပူဇော်မှုကို အထူး အားပေကာ ဝါဒပြုနေလေသည်'

'ဟုတ်ကဲ့....'
'တနေ့သော် ဗန္ဓကအရည်းသည် ဆင်းရဲလှသော တောင်ယာသမားတယောက်၏တောင်ယာထဲသို့ ရောက်သွားရာ၊ ထိုတောင်ယာသမား၏ သမီးကလေးစန်းစန်းကို အလွန်လှသောကြောင့် မျက်စိအတော်ပင် စူးစိုက်မိသတဲ့....'
'ဟုတ်ကဲ့....'
'ဒါကြောင့် ဗန္ဓကသည် ထိုတောင်ယာထဲသို့ ခဏ ခဏ သွားပြီးသော် တနေ့သ၌မှာ တောင်ယာသမားအား တကာ သင်ကားဆင်းရဲလှသည်။ သင်ချမ်းသာအောင် သင့်သမီး ဂိုကိုငါ့ထံကျောင်းလွှတ် ပူဇော်ပါ....ချက်ချင်း သင် ချမ်းသာရမည်ဟုပြောသတဲ့....ထိုအခါတောင်ယာသမားက ထက်လှစွာသွေးထားသော ဓားမကြီးကိုပြကာ အရည်းဗန္ဓကလည်ကုတ်ကောင်းလို့ ဓားတောင်းသလားဟုဆိုသတဲ့....'
'ဟုတ်ကဲ့....'

'ဗန္ဓကလည်းမခေ....သင့်အားငါသည် အိပ်မွေ့ချခြင်း အတတ်၊ အဟန့်အတတ်များကို သင်ပေးမည်၊ သင့်သမီးကို ငါ့ အားသုံးညသာပူဇော်လော့ဟုဆိုပြန်ရာ၊ ဗန္ဓက....သင်တို့ အရည်းများကား ခွေးထွက်အောင်လုပ်ကိုင်ကြံဆောင် မစားသည့် လူလိမ်လူကောက် လူစဉ်းလဲများတည်း....သင့်စကားကို ငါမယုံဟုဆိုသတဲ့....'

'ဟုတ်ကဲ့....'

'သည်တော့အရည်းဗန္ဓကက၊ သင်မယုံသော် ငါ သင့်ကို လက်တွေ့ပြမည်ဆိုပြီးသော် တခုသောကျွားမတွင်းသို့ခေါ်သွားကာ ကျွားမကြီးနှင့် ကျွားကလေးနှစ်ကောင်ကို အိပ်မွေ့ ချပြီး လျှင် ကိုင်ပြသတဲ့....ထိုယာသမားကိုလည်း ကိုင်စေသတဲ့.... ကျွားကား တုတ်တုတ်မှမလှုပ်ဘူးတဲ့....'

'ဟုတ်ကဲ့....'

'တောင်ယာသမားကား အတော်ပင် သဘောကျလာလေပြီ၊ ထိုသို့နှင့် ပြန်လာကြရာ၊ လမ်းတွင် ဝက်ဝံသုံးကောင်ကို တွေ့ရာ၊ ဗန္ဓကက အချင်းယာသမား ငါဟန့်ထားမည်ကြည့်.... ဆိုကာ ဝက်ဝံများ စားအုံ့ပြုနေသော ပျားလဘို့နှင့် ပျားသလက်ကို ယူပြသတဲ့....ယာသမားအားလည်းယူစေသတဲ့....'

'ဟုတ်ကဲ့....'

'တောင်ယာသမားကား အတော်ပင် သဘောကျနေချေပြီ။ ထို့ကြောင့် ထိုအတတ်တို့ကို သင်ပေးပါ.... သမီးစန်းစန်းကို ခုနှစ်ည ပူဇော်ပါမည်ဆိုသတဲ့....'

'တကာတော်နာမယ်က စန်းစန်းလို့ဘဲ....'

'အရည်းကိုဏ်းချုပ်ကြီး စမ်းရေကလေးသည်မြေဘိသံကဲ့

သို့ သူ့သမီး၏ စိတ်သဘောသည် ဧမြဲသောကြောင့် စန်းစန်း ဟုမှည့်ခေါ်ထားသတဲ့....'

'ရှိပါစေ....ဟကာတော့စကားကိုဘဲ ဆက်စမ်းပါအုံး....'

'ဒါနှင့် ဗန္ဓုကအရည်းက တောင်ယာသမားအား အိပ်မွေ့ချခြင်းအတတ်နှင့် အဟန့်ပညာကို သင်ပေးသဖြင့် တောင်ယာသမားလည်း ကောင်းစွာတတ်မြောက် ကျွမ်းကျင်သောအခါ၊ သူ့သမီးစန်းစန်းကို ကျောင်းလွှတ် ပူဇော်မည် ပြုရာ၊ ဗန္ဓုက လည်းသဘောကျပေါ့....သို့သော်ပူဇော်သောညမှာ ဗန္ဓုကကို တောင်ယာသမားသည် အိပ်မွေ့ချ၍ သူ့သမီးကို ပြန်ခေါ်ခဲ့သတဲ့....'

'ဟာ....တကာတော်....'

'နေပါအုံးအရည်းဆရာ၊ မဆုံးသေးဘူး....'

'မိန့်တော်မူပါ....'

'ဒါနှင့် ဗန္ဓုကဟာ နောက်တနေ့မှာနိုးလာတော့ တောင်ယာသမားထံ၊ မကြေချမ်းသဖြင့် လိုက်လာတော့ တောင်ယာသမားက ဟန့်ထားသဖြင့် အံ့ပြီး ဗန္ဓုကသည် ကျောက်တိုင်ကဲ့သို့မလှုပ်မရှားတည်နေရသတဲ့....ကာမဂုဏ်၌ မှားသောအကျင့်ကိုကျင့်နေသောသူမှာတန်ခိုးမတည်နိုင်ဘဲ ရယ်စရာသာအဖတ်တင်နေသတဲ့....အရည်းဆရာများမှာလဲ....သည်လို ဖြစ်နေတယ်ထင်ပါရဲ့....'

'တကာတော်ပြောပြတာဟာ ဒဏ္ဍာရီပါ....'

'အရည်းဆရာတော်များလာပြီးပြောတာတာလဲ၊ ဒဏ္ဍာရီဘဲ မဟုတ်လား....'

'သည့်လိုမအောင်းမေ့ပါနှင့် တကာတော်တကယ့် အဖြစ်အပျက်ကြောင့် ဘေးတွေ့နေလို့၊လာပြီးလျှောက်ပါတယ်၊ မ,စသောအားဖြင့် ကာကွယ်ပေးတော်မူပါ....'

'ကောင်းပြီ....ရာဇသကြံ အမတ်ကြီးကိုလွှတ်လိုက်ပါ့မယ်'

'ဟာ....တကာတော် ဒါတော့မဖြစ်ဘူး....'

'ရာဇသကြံဟာ အမတ်ပညာရှိ၊ တဘက်ကမ်းခပ်အတတ်ပညာကို တတ်ပါတယ်....'

'သိတယ်လေ....အရည်းရှေ့ပါ၊ ဘာဖြစ်မလဲ....'

'အရည်းဆရာတို့ သူနှင့်ပင်တိုင်ပင်ညှိနှိုင်းကြစမ်းပါအုံး....သူတတ်နိုင်ပါတယ်....'

'ဖြစ်မယ်မထင်ပါဘူး....'

'ဒါဘဲလေ ....အရည်းဆရာများ....'

အရည်းကြီးသုံးဦးတို့သည်ထိုကဲ့သို့ မရေမရာနှင့် ဘုရင့်နန်းတော်မှပြန်၍ နာဂိန္ဒနှင့်အရည်းသောမ၏ ကျောင်းတွင်တည်းခိုနေထိုင်လေ၏။

'အရည်းသုံးဦးတို့နှင့် နာဂိန္ဒအရည်းသောမတို့သည် ညအချိန်၌ အချင်းချင်း ဤသို့ပြောင်ဆွေးနွေးနေကြလေ၏။

'ငါ့ရှင်တို့ အနေအထိုင် သေးသိမ်လှပါကလား....'

'ဂိုဏ်းချုပ်ဆရာတော် အနေအထိုင် ကြီးကျယ်ခမ်းနားခြင်းမည်သည်ကား အဘယ်သို့ ပါနည်း ...'

'ငါ့ရှင်တို့သည် အရင်အထက်ထက်က အရည်းဆရာကြီးများ၏အနေအထိုင်ကို မြင်ဘူးခဲ့သည်မဟုတ်လား....'

ထိုအခါအရည်းသောမသည် ပြုံး၍ဤသို့ဆိုလေ၏။

'ငှက်ပစ်တောင် အရည်းဂိုဏ်းချုပ်ဆရာတော် အသို့ ဆိုပါသနည်း....အနေအထိုင်ကြီးကျယ်ခမ်းနားခြင်း မည်သည်ကား စိတ်နှလုံးချေမ်းချမ်းနှင့် တရားကို အားထုတ်ကာ နေနိုင်ခြင်းကိုခေါ်သည်မဟုတ်လား....'

'ငါ့ရှင်တို့ဘယ်လိုဆိုပါသနည်း....အယူတိမ်းလေ့သလော'

'ဂိုဏ်းချုပ်ဆရာတော် နေရာထိုင်ခင်း သာယာ တင့်တယ်သည်ဟု မွန်းမံချယ်လှယ်ကာကိလေသာကို အားပေးနေသော ကျောင်းတော်ကြီး၊ ကျောင်းခန်းကြီး၊ သလွန်ကြီးတို့သည် အရည်းများတို့ ရှုးစေတတ်သော ဆင်းရဲစေတတ်သော ကိရိယာများဟုတ်မဟုတ်ကို တွက်ရတ်ကျမ်းသဘောအရ စဉ်းစားတော်မူစမ်းပါ....'

'ငါ့ရှင်နှစ်ပါး လမ်းသွားချော်သလိုဖြစ်နေပြီ....'

'ဆရာတော်ကိုယ်သဘော၊ ကိုယ်ဆောင်နေခြင်းပါ....ကိုယ်၏အကျင့်သည် ကိုယ့်မှာတွေ့ကြုံရဘို့အကြောင်းပါ....'

'ငါ့ရှင်နှစ်ပါးမှာ အသပြာရွှေငွေ မည်၍မည်မျှရှိပါသလဲ-'

'အရည်းတို့၏ အသပြာ ရွှေ ငွေ သည် အကျင့်သာလျှင်ပါတည်း....အသပြာရွှေငွေပေါများသလောက် အရည်းများအား ဆင်းရဲမှုကို ဖြစ်စေတတ်ပါသည်။ အသပြာရွှေငွေ ဥစ္စာပစ္စည်းတို့သည် သူခိုးများကိုလက်ရပ်ခေါ်နေပါသည်။ လုယက်တိုက်ခိုက်ယူငင်လိုသူတို့သို့ မိတ်ဆွေဖွဲ့နေပါသည်၊ ထိုအသပြာ ရွှေငွေတို့သည် အစစ်အားဖြင့် အရည်းတို့၏ရန်သူကြီးပါတကား'

'ငါ့ရှင်တို့သည် စည်းစိမ်ခြောက်ခမ်းသောစကားကို ဆိုနေခြင်းမဟုတ်ပါလား....'

'ဂိုဏ်းချုပ်ဆရာတော် အရည်းတို့၏စည်းစိမ်သည်ကား.... အတတ်ပညာနှင့် ကောင်းသောကျင့်ဝတ်မျှသာပါတကား၊ တင့်တင့်တယ်တယ် ဖွယ်ဖွယ်ရာရာ ခန့်ခန့်နားနားနှင့် နေထိုင်စားသောက်ကာ ယစ်နေရခြင်းကို စည်းစိမ်ဟု ထင်ခဲ့ပါသော် နွံထဲ၌လူးနေသောကျွဲနှင့် တရတည်သာပါတကား၊ အဘယ်ကြောင့်ဆိုသော် စည်းစိမ်သည် ကာမဂုဏ်ကို အားပေးသည်၊ ကာမဂုဏ်သည် ကာမမေထုန်မှုကို ထောက်ခံနေပါသည်....'

'ငါ့ရှင်တို့ ကျောင်းလွှတ်ပူဇော်ကို ခံယူသလော....'

'ကျောင်းလွှတ်ပူဇော်မှုကိုခံယူခြင်းသည် ကာမမေထုန်မှုကို မှုခြင်းပင်ဖြစ်သည်၊ မေထုန်မှုကိုမှုသော် လူနှင့် အရည်းသည် ဘယ်ကဲ့သို့ ခြားနားပါသေးသလဲ၊ မခြားနားသော် အရည်းများသည် လူဆိုးတို့၏ဘေးနှင့် တွေ့ရမည်ကား မချွတ်ပေ....'

'ဟင် ငါ့ရှင်တို့....'

'အမိန့်ရှိပါ....'

'သတ္တဝါဟူ၍မရှိ၊ ပညတ်သာ ရှိ၏၊ ရုပ်မရှိ၊ နာမ်မရှိ၊ ဘာရှိသလဲ ဓါတ်နှင့် ဓါတ်၏သဘောသာရှိ၏၊ ထို့ကြောင့် ငါ့ရှင်တို့ အံ့ယူသည့် သေးနုပ်သိမ်ဖျင်းသည့်၊ မဖေါက်ပြန်သော သဘောကို တွေ့ဝေရာရောက်သည်....'

ငှက်ပစ်တောင်ဂိုဏ်းချုပ်ကြီး၊ ဂိုဏ်းချုပ်၏ စကားကို အထူးအခြေပြု၍ ဝေဖန်တည်းဖြတ်ရာသည်၊ မင်းဟူ၍မရှိ၊ မင်းဆိုသည် ပညတ်မျှသာဖြစ်သည်။ မင်း၏သဘောကားမဖောက်မပြန် တည်သောသဘောတည်း။ ထိုမင်း၏သဘောတည်သောကြောင့် တိုင်းပြည်နိုင်ငံ မြို့ရွာတို့သည် တည်နေနိုင်သည်၊ မင်း

၏သဘောသာ မရှိခဲ့သော် နိုင်ငံ, တိုင်းပြည်, မြို့ရွာတို့သည် မတည်ရှိနိုင်၊ ၎င်းတို့မရှိခဲ့သော် တောင်သူ, လက်လုပ်လက်စားလက်သမား, ပညာသည်, ကုန်သည်, ဈေးသည်, သူဌေး, သူကြွယ် စသည်တို့ မတည်ရှိနိုင်ရာ၊ ၎င်းတို့မရှိသော် အရည်းတို့လည်း ပပျောက်ရာသည်....'

'အဘယ်သို့နည်း ဂိုဏ်းချုပ်ကြီး....'

'ငါ့ရှင်စကားသည် စိတ်လှပါကလား....'

'စိတ်ရှမည်၊ နက်ရမည်၊ မင်း၏သဘောရှိနေ၍ မင်းတည်းဟူသောပညတ်သည် တည်ရမည်၊အရည်းဟူသော ပညတ်သည် တည်နေ၍ အရည်းသဘောသည် တည်ရမည်၊ အရည်းကားဘာလဲ မြတ်သောအကျင့်ကို ကျင့်နေသည့် ရဟန်းသာတည်း၊ ထို့ကြောင့် အရည်း၌ ဘေးဥပဒ်အန္တရာယ်မရှိ၊ အရည်းအရေခြုံ၍ ဘေးဥပဒ် အန္တရာယ်များလှ၏....'

'ငါ့ရှင် နက်လှပါတကား....'

'ဆွေးနွေးခြင်းပါ၊ နာဂဝိန္ဒနှင့် အရည်းသောမတို့၏ ထံသို့ သူခိုးတို့သည် မလာ။ လုယက်လိုသူတို့မလာ၊ မင်းမှုထမ်းတို့ မနှောင့်ယှက်၊ အဘယ်ကြောင့် ဥစ္စာပစ္စည်း ရွှေငွေတို့သည် စိုးစဉ်းမျှပင် မရှိခြင်းကြောင့် နာဂဝိန္ဒနှင့် သောမတို့၏ သိမ်းကိုမည်သူကမျှ လာရောက်နှောင့်ယှက် ဖျက်ဆီးခြင်းမရှိ၊ အဘယ်ကြောင့် စည်းစိမ်သမား၊ ဇိမ်သမားတို့၏ မြဲနရာ၊ ဇိမ်ခံရာ မဟုတ်သောကြောင့် သူခိုး လုယက်သူတို့သည် နာဂဝိန္ဒနှင့်.... သောမတို့၏ခွက်နက်ကို မလိုချင်၊ သူတကာလွှင့်ပစ်သော အဖတ်စုတ်တို့ကိုကောက်ယူကာဖွယ်လျော်ချုပ်ဆိုးသည့် အရဟတ္တ

ဓဇဖြစ်သော သက်န်းကိုမလို၊ ထန်းပလပ်ကိုပြုလုပ်ထားသည့် ဒေါက်ချာရှိလျှင်လည်းမလို၊ အဘယ်သို့သော ဇိမ့်သမားသည် သာယာတင့်တယ်ခြင်းမရှိသော ဤသခ်မ်းကိုအလိုရှိပါမည်နည်း’

‘ငါ့ရှင်သောမဆိုလှပါကလား....’

‘အရေးရှိက ဆိုရမည်တည်း၊ ဆိုစရှိသော် ဆိုတိုင်းပေါ်အံ့’

‘အင်း....’

‘သောမနှင့် နာဂဝိန္ဒသည် အိမ်ရာထောင်မှုကို စက်ဆုပ်၍ အရည်းပြု၏၊ အရည်းဖြစ်သောကြောင့် မိန်းမကိုကျင်ကြီးကျင်ငယ်တွင်းဟု အောင်းမေ့၏၊ တွေးတိုင်းရွံ၏၊ မိန်းမ၏မျက်နှာကို ကျားမျက်နှာ၊ မိန်းမ၏အသံကိုကျားဟုန်းသံဟုအောင်းမေ့၍ တွေတိုင်းမြင်တိုင်း ကြောက်၏၊ ထိုရွံခြင်း၊ ကြောက်ခြင်းတို့ကြောင့် မေထုန်မှုကို ကျင်ကြီး ကျင်ငယ်ထက်ပင် ပိုမိုကာ ကြောက်ရွံ့စက်ဆုတ်မိ၏ ထို့ကြောင့်ကာမမေထုန်မှုအားဖြင့် ဘေးသည် နာဂဝိန္ဒနှင့် သောမတို့ထံ မလာချေ....’

‘အင်း....’

‘အရှင်သောမသည် ဤသို့ဆိုသည်ကားအတတ်ပညာမဲ့၍ သူရဲဘောနည်းခြင်းကြောင့်မဟုတ်၊ အသက်မဲ့သောဒုတ် ထားအုတ် ကျောက်တို့ကိုသွား၍ ရန်သူအား နှိမ်စေနိုင်၏။ မှောင်နေသောကောင်းကင်ကိုချက်ချင်းလင်းစေနိုင်၏၊လင်းနေသောကောင်းကင်ကို ချက်ချင်း မှောင်စေနိုင်၏၊ လျှပ်စစ်မိုးကြိုးကို အချိန်အခါမရွေးဘဲ ကျရောက်စေနိုင်၏၊ မြစ်ရေကို အညာသို့ ပြန်၍ စီးစေနိုင်၏၊ ရွှေ-ငွေကျောက်သံပတ္တမြားတို့ကို ရှိရာမြေတွင်းမှ လာရောက်စေနိုင်၏....’

'ငါ့ရှင် ဆိုလှပါကလား....'

'အရှင်သောမ ပြလိုက်စမ်းပါ....'

'ငါ့ကျောင်းအနီး အိမ်တအိမ်မှ ပေါက်ဆိန်လာခဲ့စမ်း....'

ပေါက်ဆိန်ကြီးသည် အသက်ရှိသောသတ္တဝါကဲ့သို့ ညကြီးမှာပင် ရောက်လာ၏၊ ဌက်ပစ်တောင် အရည်းသုံးပါးသည် အံ့အားသင့်နေ၏။ သောမလည်း 'ထင်းများကိုခွဲချေကွယ်၊ ညမှာ အရည်းတော် ဆရာမဟာထေရ်ကျော်တို့ ဖြင့်ရအောင်လင်းပြလိုက်စမ်းပါ....'ဟု ဆိုလေ၏၊

ချက်ချင်း နေရာကလေးတကွက်သည် ဆီမီးတထောင်ထွန်းထားဘိသကဲ့သို့ လင်းလာ၍ ပေါက်ဆိန်သည် ထိုနေရာ၌ထင်းများကိုခွဲနေလေ၏။

အရည်းသုံးပါးသည် အလွန့်အလွန်အံ့အားသင့်နေသဖြင့် အရည်းနာဂိန္ဒသည် ဤသို့ဆက်ပြီးလျှင် ပြောပြန်၏။

'အရည်းသုံးပါးတို့နာဂိန္ဒနှင့်သောမသည် အတတ်ပညာများကို ပါရဂူမြောက် တတ်သော်လည်းကိုယ့်မစင်ကိုကိုယ်ပြန်စားနေသော အရူးဖြစ်မှန်းမသိ ဖြစ်ကြောင်း အရေးအရာမဆိုက်လျှင် မသုံးခဲ့ပါ၊ နာဂိန္ဒနှင့် အရည်းသောမတို့သွားရာလမ်း၌ စီးသည့်ယဉ်ကား မြင်းငါးစီးကသော ယဉ်တည်း။ နှစ်သက်သာယာ၍ တတ်မက်သည်ကား ပန်းလေးမျိုးပန်သည့်နတ်သမီးတည်း'

ထိုသို့ဌက်ပစ်တောင်အရည်းကြီးသုံးပါးနှင့်အရည်းနာဂိန္ဒအရည်းသောမတို့သည် ဆွေးနွေးသည်အလားစကားဆိုကြပြီးနောက် အိပ်ရာသို့ဝင်ကြလေ၏၊

နံနက်လင်း၍ နေ့ဆွမ်းစားပြီးသော်အရည်းကြီးသုံးပါးတို့သည်ရာဇသကြံထံသို့ သွားရောက်ကြလေရာ ရာဇသကြံသည် ထိုအရည်းတို့ကို မိမိနှင့်အတူနေဘော် ဖြစ်ခဲ့သည်အတိုင်း အထူးပြုကာ ဧည့်ဝတ်ပြု၍ နေရာယူပြီးနောက်စိန္တာမဏိအရည်းသည် မိမိတို့လာခြင်းအကြောင်းနှင့် မိမိတို့ သူခိုးခိုးခံရခြင်းအကြောင်းတို့ကို ပြောပြသဖြင့် ဤသို့သောစကားတို့သည် ဖြစ်နေကြလေ၏။

'မိမိထံမှာ သူတပါးကခိုးသည်ကိုသိ၍ သူတပါးထံမှခိုးခြင်း၊ တိုက်ခြင်းတို့၊ လုယက်ခြင်းကိုလဲ သိရသည်....'

'အမတ်ကြီး အသို့ဆိုသလဲ၊ ငါတို့ ခိုးခြင်း တိုက်ခြင်း လုယက်ခြင်းကိုပြုသည်ဟု ဆိုသလား....'

'စဉ်းစားလေ....'

'စဉ်းစားစရာမလိုပါဘူး....'

'ဤရောဂါဖြစ်သော် ဤပရိတ်ကိုရွတ် ပျောက်၏။ မိုးခေါင်သော်ဤသည်ကိုရွတ်မိုးရွာ၏။ တစ္ဆေသရဲ ချောက်သည်၊ ဤမန္တန်ကိုရွတ်ပျောက်၏။ ဤပရိတ်ကိုရွတ်သော်ချမ်းသာ စီးပွားတိုး၏၊ ဤပရိတ်ကို ရွတ်သော် မကောင်းမှုပပျောက်၏။မိန်းမများမေထုန်မှုကို လှူသော်ချက်ချင်းလက်ငင်း အကျိုးပေး၏။ စသည်ဖြင့်ဟော၍ လူများ၏ ပူဇော်မှုကို ခံယူနေခြင်းသည် ဘယ်လိုသဘောသက်ရောက်သလဲ....'

'အမတ်ကြီးရယ်....ထုံးတမ်းစဉ်လာပါကဘဲ....'

'ဘာဘဲဖြစ်ဖြစ်၊ ဒါတွေဟာမှန်သလား။လှည့်ဖြားသလား'

'ခက်နေပါပြီ....'

'သုတ်ပါဠိမှာ မဟုတ်မှန်းသိလျက် လှည့်ဖြား၍ ပြောဆိုကာ ပူဇော်မှုကို ခံယူခြင်း။ မဟုတ်မှန်း မမှန်မှန်းသိလျက် သို့မဟုတ်မိမိကပင် မဟုတ်သည်ကို အဟုတ်အမှန်ဟု ယူဆလျက် ဟောပြောကာ ပူဇော်မှုကို ခံယူခြင်းတို့သည် ခိုးခြင်း၊ လုယက်ခြင်း၊ တိုက်ခိုက်ခြင်းမှာပါဝင်နေသည်....'

'ဟာ....ကဝိန္ဒာဘိဝံသရယ်....မင်းလဲသည်လို....'

'ဟုတ်တယ်လေ....ဒါကြောင့်သည်စကားကိုပြောတာပေါ့၊ ဥပမာလူတယောက် ငှက်ဖျားမိလို့ ဆတ်ဆတ်တုံကာ ချမ်းပြီးဖျားတယ်၊ ဒါကိုအရည်းတပါးက ငါဟာဆေးဘိုးဝါးခမယူဘဲဆေးကုတယ်ဟု ဆေးကုပါရဲ့၊ သည်အဖျားဟာမရိုးဘူး.... တောထဲက တောစိုးနတ်သမီးကလေး စွဲနေတယ်၊ ဒါကြောင့် အရည်းငါးပါးအား ဆွမ်းကျွေး။ ဤပရိတ်ကို ရွတ်ရမည်ဆိုသောကြောင့် အရည်းသုံးပါးကိုပင့်၊ပရိတ်ရွတ်၊ လှူဘွယ်တမ်းရာများကိုယူပင်၊ စင်စစ်တော့ ငှက်ဖျားဟာဆေးကုလို့ပျောက်တာဘဲ၊ ဆေးဘိုးဝါးခဆိုသော် ခိုးရာမရောက်၊ယခုမှာ မဟုတ်ဘဲနှင့်လှည့်စားကာ ဆွမ်းစားခြင်း၊ပူဇော်မှုကို ခံယူခြင်းတို့ဖြစ်နေ၍ ခိုးရာ၊တိုက်ရာရောက်နေသည်။ ကိုင်း....စဉ်းစားလေ'

'ဒါကြောင့် ဖွတ်မိချောင်းဖြစ် မြစ်မချမ်းသာ ဆိုတာဘဲ....'

'သည်လိုလဲ ဆရာတော်တို့မပြောနှင့် မကောင်းအစဉ် မြင်ရင်ခဏာတဲ့....ပြီးတော့ နဂါးရှိမရှိကို တတ်ရာကျကိုယ်လဲ မသိ၊ နပါးကို ကိုယ်လဲမမြင်ဘူးဘူး။ ပန်းချီဆရာ ပန်းပုဆရာ တို့က ရေးဆွဲ ထုလုပ်ထားတဲ့ နဂါးရုပ်ပုံကို နဂါးလို့ ပြောပြီး ပဋ္ဌသက်နည်းနှင့် လူများအားပြ၊ အဟုတ်ထင်၊ နဂါးပူဇော်ပွဲကို

လုပ်။ ရသမျှကို အရည်းများကသိမ်း။ ဒါဟာ ခိုးတာဘဲမဟုတ်လား–'

'ခက်နေပါပြီ....'

'မခက်ပါနှင့် သိသူချင်းရှင်းတာပါ၊ ပဥ္စလက်နည်း၊ မျက်လှည့်နည်း၊ ဆေးနည်း၊ ဓါတ်နည်းတို့ဖြင့် နဂါးပုံလုပ်ပြကာခြိမ်းခြောက်ကြောက်တော့မှ ပူဇော်မှုကိုရအောင် ကိမ်းဆင်ကာကြံဆောင်၊ အဲတာဟာ အနုနည်းနှင့်လုတာ၊ ထားပြတိုက်ထာဘဲမဟုတ်လား....'

'ကပိန္ဒာဘိဝံသရယ်....'

'ကပိန္ဒာဘိလုပ်မနေကြနှင့် အရည်းဆရာတို့ သည့် ထက်သည်ထက်ဆိုးတာက သူဌေးသမီးကလေးများ သူကြွယ်သမီးကလေးများကို အရွယ်မရောက်မှီ ပန်းဦး ပူဇော်ခိုင်း၊ သူငယ်အိမ်ပျက် သားသမီးမမွေးနိုင်။ နောင် အမွေစားအမွေခံမဲ့ တယ်ဆိုပြီး ပစ္စည်းတွေကိုသိမ်း၊ ငွေတွေကိုသိမ်း တနည်းလဲ၊ လူကုတန်သားသမီးများ၊ သူဌေးသားသမီးများတို့ကို လက်ထပ်ပေး၊ ကလေးမမွေးအောင်ဆေးကျွေး။ နောင် ချင်းတို့သေတော့ အမွေစား အမွေခံမရှိဆိုကာ ကျန် ပစ္စည်းတွေကိုသိမ်း။ သည်လိုအကျင့်မျိုးတွေဟာ ထားပြတိုက်နည်း တမျိုး မဟုတ်လား...'

'ကပိန္ဒာဘိရယ်....'

'အရည်းဆရာတို့ရဲ့ အတတ်ပညာနှင့် လက်စွမ်းဟာ သိပ်ကိုကြောက်စရာ ကောင်းတယ်။ တွေ့ကရာ သမိုင်းတွေကိုရေး။ ဘယ်သူဟာနဂါးမရဲ့ သား၊ ဘယ်ရှင်ဘုရင်ရဲ့ မိဖုယားဟာ နဂါးမ၊ လူတွေက အဟုတ်ထင်....'

'တန့်ပါတော့ အမတ်ကြီးရယ်....'

ကာမဂုဏ်စည်းစိမ်ဟာ၊ မညီးမြှိုန်သမျှခက်ထာမို့၊ မငြီး အရှိန်ကြွတာကြောင့်၊ အရက်အကြောက်ကင်းကွာ။

သူ့သဘောဟာက ရေကျောမှာ မျောသည့်ဒိုက်ကဲ့သို့၊ ဒရ ဟောလိုက်သမို့ ဆိုက်မိဆိုက်ရာ၊ မိုက်မသိ မိုက်လာလို့ မီးပုံကို ဆင်း။ သို့နှင့်သို့နှင့် နှင့်ဆိုနှင့်၍ ရောက်တော့ပြီ မေထုန်ဆီ။ သွေးမတုံ့သည် တမ်းကာငမ်းလာသမို့၊ အရမ်းဟိုဟာရဲ့ ရသာသနင်း။ မချို့နိုင်သတီပါလို့၊ အလီလီသာကမြင်း....။

'သည်လိုဘဲမဟုတ်လား-ဒါကြောင့် ဒါမျိုးတွေကြောင့်ယခု ဘေးတွေလာပြီ၊ အရည်းဂိုဏ်းကြီးအပြီးတိုင်ပြုံကွဲသွားရတော့မည်မဟုတ်ပါလား....'

'ကိုင်း....ဒါတွေကိုထား၊ ကူညီပြီးကယ်ပါအုံးမင်းကြီးရယ်'

'အရည်းဆရာတို့ တခုကတိယူကြရလိမ့်မယ်....'

'ဆိုပါ....'

'ပန်းဦးလွှတ်ပူဇော်မှုကို လက်မခံရ။ အိမ်ထောင်ဦး လက်ထပ်ပြီးစမှသာ ကျောင်းလွှတ်ပူဇော်ခြင်းကို လက်ခံ၍ တညသာလက္ခံရမည်....'

'သူတို့သဘော'

'ဒါမရဘူး။ကြောက်လို့ ထုံးစံမို့ ဗိုင်းပယ်မှာမို့ ပူဇော်ရတာဘယ်သူကမှ မပူဇော်လိုဘူး....'

'ကိုင်း....ထားပါတော့....'

'လင်နှင့် မယား အတူတကွ ပေါင်းသင်းနေရာ ကျောင်းလွှတ်ပူဇော်မှုကိုမခံရ....'

'ကိုင်း–ကောင်းပါပြီ၊သည်ဟာတွေနှင့် ပတ်သက်လို့ ဂတိယူပါတယ်။ သူခိုးဘေးကကယ်ဆဲယ်ပေးပါ....'

'ကောင်းပါပြီ-လာခဲ့ပါ့မယ်....'

အရည်းကြီးသုံးဦးလည်းပြန်ကြလေ၏၊ ၎င်းတို့သည် ရေစမ်းတခု၌ စခန်းချရပ်နားနေကြစဉ် ဖျံဖြစ်ခုနယ် ချစ်ဘွယ်သော မိန်းကလေးတယောက်သည် ရောက်လာကာဦးတိုက်၍ အရှင်တို့အရည်းကြီးဆရာတော်များ ဟုတ်ပါသလားဟု မေး၏။ ထို့ကြောင့် ဤသို့သောစကားသည် ဖြစ်နေကြလေ၏၊

'အေးဟုတ်တယ်....'

'တပည့်တော်မကို ကယ်တော်မူကြပါဘုရား....'

'ဟာ....နင်ဘယ့်သူလဲ၊ ဘယ်ကလဲ'

'တပည့်တော်မ နဂါးမပါဘုရား'

'ခက်နေပါပြီ၊ ဘယ်လိုနဂါးမလဲ။ နင်လူပါလား'

'သည်လိုပါဘုရား'

'အင်း လျှောက်စမ်း-'

'တပည့်တော်မသည် လူ့ပြည်သို့ ရောက်လာရာ၊ တောင်ယာတခု၏ မြေရင်း၌ စမ်းချောင်းကလေးတခုကိုတွေ့ရပါသည်။ ထိုစမ်းချောင်းကလေးသည် မြကြည်လင်၍ ငါးကလေးများသည် မြူးတူးကာကစားနေကြပါသည်....'

'အင်း....'

'တပည့်တော်မသည် နဂါးတို့၏ သဘာဝအတိုင်း ငါးကလေးများကိုဝမ်းကားအောင် ဘမ်းစားပြီးနောက် တောရိပ်ညိုညို၊ စိမ်းစိုစိုနှင့်ရှိသဖြင့် စိတ်နှလုံးကြည်လင်သည် အားလျော်စွာ၊ နဂါးရေကိုလဲ၊ လူယောင်ဖန်ဆင်းကာ ဒန်းစီးပြီး သီချင်းဆိုနေပါသည်....'

'အင်း-'

'ထိုခဏ၌ တောင်ယာသမား၊ လူမိုက်သားသည် ရောက်လာ၍ တပည့်တော်မ၏နဂါးရေကိုတွေ့လေရာ ဘာကိုမှ မရှုးစမ်းမဆင်ချင်ဘဲ မီးရှို့ပစ်လိုက်ပါသည်....'

'အင်း....'

'တပည့်တော်မ၊ နဂါးမပြန်၍မဖြစ်နိုင်တော့ပါဘုရား၊ ချက်ချင်း ဥပပတ် ပဋိသန္ဓေအရ ဆယ့်ခြောက်နှစ်ရွယ် ချစ်စဖွယ်သော လုံမပျိုငယ် ဖြစ်နေပါတော့သည်ဘုရား....'

'အင်း....' အရည်းဂိုဏ်းချုပ်ကြီး ဦးချမ်းမြေ့သည် ငါတို့လူညာမိအုံးတော့မှာလား၊ တကယ်ဘဲ နဂါးရှိလေသလား၊ သူနဂါးမတဲ့၊ ခု လူဖြစ်နေသတဲ့' ဟုကြံဆတွေးတော၍ ဘယ့်နှယ်လဲ စိန္တာမဏိဟု မေးလေ၏၊

စိန္တာမဏိလည်း 'အင်းဟင်....ဘယ့်နှာလဲ၊ ငါတို့လူပေါ်မှာ လူဇော်လုပ်နေတာ ငါတို့အပေါ်မှာလာပြီး ကတုံးပေါ်မှာ ထိပ်ကွက်ပြန်သလား'ဟု တွေးတော၍ ငါ့ရှင် သိဒ္ဓိဇလ ဘယ်လိုလဲဟု မေးလေ၏။

'အရှင်ဘုရားတို့ ဘာတွေကိုတွေ့ပြီး မေးနေကြပါသလဲ။ နဂါးမျိုးနဂါးနွယ်ကို ကိုယ်တော်တို့ မကယ်ချင်ဘူးလားတဲ့ဘဲ မိန့်တော်မူကြပါ....'

ထိုအခါ သိဒ္ဓိဇလသည် နဖူးကိုလက်နှင့်သပ်၍ ဤသို့ဆိုသဖြင့် စကားပေါ်လွင်နေကြလေ၏။

'နေပါအုံးတကာမကလေး ပြောစမ်းပါအုံး၊ တကာမရဲ့စကားဟာ အရသာရှိရမလိုလိုနှင့် ဘာကိုမှ မကွဲပြားသေးဘူး'

'တပည့်တော်မလဲ။ ဟင်....တခါတော့ခက်ကပြီ နဂါးမြည်

ကိုပြန်ရန် နဂါးရေလဲ မရှိတော့ဘူးဟု မကြံတတ်တော့ဘဲ···· တောင်ယာသမားအား အကိုဟာ ကျွန်မရဲ့နဂါးရေကို မီးရှို့ ပစ်လိုက်ပြီ ဒါကြောင့် အကိုဟာ ကျွန်မကို ချစ်ချစ် မချစ်ချစ် ကြိုက်ကြိုက် မကြိုက်ကြိုက်၊ ယူပါဟု ဆိုပါသည်····'

'သူကစတင်ပြီး မင်းကို ချစ်ပါတယ် ကြိုက်ပါတယ်လို့ မပြောဘူးလား····'

'သူဟာ ကာမဂုဏ်ဆိုတာဘာလဲလို့ သိတဲ့လူစား ဟုတ်မယ်မထင်ပါ၊ တောင်ယာသမားပီပီသသ၊ သစ်ပင်ဝါးပင်တွေကိုခုတ်၊ မီးရှို့ ကျွန်းခွေ၊ ယာရှုးထိုး၊ သစ်စေ့ထည့်၊ ဒါကို သာသိတတ်တဲ့လူအ လူနပါဘုရား...'

'အင်း....'

'ဒါကြောင့် တပည့်တော်မကဘဲ စတင်ကာ ပြောရပါသည် ဘုရား····'

'အင်း····ပြောစမ်းပါအုံး....'

'သည်တော့ သူက တပည့်တော်မကို ထွေ....တဲ့ဘုရား····'

'အလို ဘာကြောင့် သူကမင်းကို ထွေသတဲ့လဲ....'

'တပည့်တော်မဟာ အရုပ်ဆိုး အကြည့်တန် ဘယ်လိုဘဲ သသ, ဟန်ပြီးလှမဲ့ မိန်းမစားမဟုတ်ဘူးတဲ့ဘုရား....'

'အလို မာတုကာမကလေးကို မလှဘူးတဲ့လား....'

'မလှဘူးတဲ့ဘုရား....'

'တကယ်ဘဲသူက မင်းကိုမလှဘူးတဲ့လား····'

'မလှပါဘူးတဲ့ဘုရား....'

'အင်း....ဆက်ပြော....'

'ဒါနှင့် တပည့်တော်မ စိတ်ညစ်ညစ်နှင့်ရောက်လာရာ၊ အရှင်ဘုရားတို့ကို တွေ့တာပါဘဲဘုရား....'

'အင်း မင်းကိုငါတို့ ဘယ်လိုကယ်ရမလဲ....'

'တပည့်တော်မသည် အရှင်ဘုရားတို့ထံမှာအလုပ်အကျွေးအဖြစ်နှင့် နေပါမည်၊ ကာမမေထုန်မှုနှင့်လည်း လုပ်ကျွေးပါမည်....'

'ဒို့က တကျောင်းစီနေတာ....'

'အရှင်ဘုရားတို့ စီမံဖန်တည်းသလိုပါဘဲဘုရား—'

'အေး....အေး....အေး....ကောင်းပြီ....'

အရည်းသုံးပါးသည်ကားနဂါးမလေးဟု အခန့်သင့်သဖြင့် ထိုမိန်းကလေးကို ယုဝတီဟု အမည်ပေးပြီးသော် ခေါ်သွားကြလေ၏။

ယုဝတီကား အလွန်လှပတင့်တယ်၍ ကိုယ်လုံးကိုယ်ပေါက် အလွန်ချော၏၊ ထိုသို့ချောလှသလောက်လည်း များစွာလည်ပတ်၏၊ ယုဝတီသည် ဂိုဏ်းချုပ်ကြီး အရည်း ဦးချမ်းမြေ့ ၏ ကျောင်းတော်၌ အမြဲနေသော်လည်း သိဒ္ဓိဗလ၏ကျောင်း၊ စိန္တာမဏိ၏ကျောင်းများသို့လည်း ခဏခဏ ရောက်လေ၏။

× × ×

ရာဇသင်္ကြံ အမတ်ကြီးသည်ဘုရင့်အမိန့်တော်ကိုခံယူ၍ ဝက်ပစ်တောင် ရပ်ကွက်ဒေသသို့ ရောက်လာ၏၊ ထိုသို့ ရာဇသင်္ကြံ အမတ်ကြီးရောက်လာလျှင်ပင် ထိုရပ်ကွက်ကြီးသည် ရုတ်တရက် ချေမ်းသွားသကဲ့သို့ဖြစ်၍ ထိတ်လန့်ဘွယ်သောသူခိုးဘေးရန်သည် မရှိသကဲ့သို့ပင် ဖြစ်လေ၏။

ရာဇသကြံ အမတ်ကြီးသည် ထိုခရိုင်၌ ၎င်း၏မယ်တော်…. ရွှေရွှေ၏အိမ်၌ပင် တည်းခို၍ လူအမျိုးမျိုးနှင့် ပေါင်းသင်းဆက်ဆံကာ မလျော်သောသူခိုးများကို ငြိမ်းရော ငြိမ်းအေးကြောင်း၊ ပြောပြလေ၏၊ ၎င်းသည် ထိုသို့ ခိုးသားများပေါ်ပေါက်သည်ကို အာဏာနှင့်မဟုတ်ဘဲ သဘောနှင့်နည်းပါးအောင်ဆောင်ရွက်ပုံရှိလေ၏’ ထိုသို့သောအရေးအရာ၌ အကြောင်းကား ၄ပ်လျှက်ရှိနေ၏။

ရာဇသကြံသည် လူရှင်းသောအချိန်၌ မသာသကဲ့သို့သော မျက်နှာနှင့်နေသည်ကို ၎င်း၏မယ်တော်သည်မြင်၍ ဤသို့လျှင် စကားဖြစ်လေ၏၊

‘မယ်မယ့်သား စိတ်မကောင်းဟန်တကား….’

‘မေမေ ကျွန်တော်ဘာစိတ်ကောင်းနိုင်မလဲ….’

‘မယ်မယ်သိတယ် သားတော်မောင်၊မယ်မယ်ပြောပြမယ်-’

‘မှန်လှပါ….’

‘သားတော်မောင် စိတ်မကောင်းမရှိနှင့်၊မောင့်ခမည်းတော်ကား မြတ်သောယောကျ်ားတည်း၊ ကာမဂုဏ်မှ၌ အလွန်ခြိုးခြံနိုင်သောယောကျ်ားတည်း….’

‘မှန်လှပါ….’

‘မောင့်ခမည်းတော်ကို သူကြွယ်အဖြစ်နှင့် မယ်မယ်သည် မြောက်စားရန် ကြံရွယ်၏၊ မောင့်ခမည်းတော်သည် ပယ်၏၊ သူဌေးကလေး အဖြစ်နှင့် ချီးမြှင့်မည်ဟု ပြောဆိုသောအခါမှာလည်း ပယ်၏။ သူ့ကို မယ်မယ်သည် ဂုဏ်မငယ်ရအောင် အိမ်စိုးမောင်အဖြစ်နှင့် မယ်မယ်တို့၏အိမ်တွင် ထား၏၊ မယ်မယ်တို့၏အိမ်တွင် သူတခုသာဖြစ်၍အလွန့်အလွန် ဂုဏ်တင့်မြင့်

၏၊ ဗြဟ္မာကြီး၏၊ ဗြဟ္မာကောင်း၏၊ ပုဂံခရိုင်ရှိ သူဌေးများ ကို သူ၏ဗြဟ္မာသည့်လွှမ်း၏၊ အရည်းဂိုဏ်းသားတို့သည်သူ့ကို လေးစားကြ၏....'

'မှန်လှပါ....'

'မောင့် ခမည်းတော်သည် အာက ယောကျ်ား၊ သူမတူ ကျင့်ဝတ်သိက္ခာကောင်းနှင့် တည်သောယောကျ်ား၊ ခြိုးခြံ သောအကျင့်ရှိ၍ သည်းခံနိုင်သော ယောကျ်ား၊ သူတပါး၏ ကောင်းကျိုးကို အထူးလိုလားနှစ်သက်သော ယောကျ်ားဖြစ် ချေသည်၊ မောင့်ကို မယ်မယ့်ထံတွင် သန္ဓေတည်ပြီးနောက် မောင့်ခမည်းတော်သည် မယ်မယ့်မျက်နှာကို မော်၍မျှပင် မ ကြည့်တော့ပေ၊ ကိလေသာ ကာမဂုဏ်မှုသို့ မလောင်ရအောင် ထိန်းသိမ်းနိုင်သော ယောကျ်ားပေတည်း....'

'ကျွန်တော်သည် ကျွန်တော့်ခမည်းတော်အား ဦးလေး.... ဦးလေးသည် ကျွန်တော့်အဘေတည်းဟုပြောတော့မည်....'

'သားတော်မောင် ဤသို့မပြောလေနှင့်၊ မယ်မယ် တားပါ တည်၊ သားတော်မောင်က ထိုသို့ပြောသည်နှင့်တပြိုင်နက် မယ် မယ့်ဂုဏ်ကိုထိပါးချေမည်ဟု မောင့်ခမည်းတော်သည် အသက် ရှိတော့မည်မဟုတ်ပေ....'

'အော်....တကယ် တည်ကြည်သော ယောကျ်ား ဖြစ်ပါ တကား....'

'ဒါကြောင့် သားတော်မောင်သည် သူမတူ ထင်ရှားသော ယောကျ်ားဖြစ်ရပေတော့ပြီ၊ ဒါထက်....'

'မယ်မယ်မိန့်တော်မူပါ....'

‘သားတော်မောင်သည် ငှက်ပစ်တောင်ပြဇာခံတစိုက်၌ သူခိုးများကို ပါးရှားသွားအောင် မဆောင်ရွက်ခဲ့ပါသော်၊ ယုတ်မာညစ်ညမ်းသော သွမ်းသော အကျင့်တို့နှင့် ပျော်မွေ့နေသည့် အရည်းတို့သည် ပပျောက်သွားရမည်....’

‘မယ်မယ် တစွမ်းကိုသာမကြည့်ရှာ....’

‘ဆို....သားတော်မောင်....’

‘လူ၌မျက်ခုံးမွေးသည် ရှုပ်သည်ဟု ရိပ်ပစ်သော်များစွာအကျိုးယုတ်ပေလိမ့်မည်၊ ထို့အတူအရည်းတို့ကိုရှုပ်သည်၊ ယုတ်သည်၊ ညစ်သည်၊ စဉ်းလဲသည်ဟုယူဆခြင်းကား မှန်ပါသည်။ သို့သော်၊ သူတို့၏အကျိုးကိုလည်းကြည့်၍ သိရာသည်....’

‘သူတို့ဘာအကျိုးရှိသလဲ....’

‘အရည်းတို့သည် ညစ်ပတ်ခြင်းကား ညစ်ပတ်ခြင်းပင် သာတည်း။ သို့သော်သုနာပရန္တတိုင်း တက္ကသိုလ်ကျောင်းတိုက်ကြီးမှ ကျန်ခဲ့သော အမွေအနှစ် အတတ်ပညာများကို အရည်းတို့သည်ကိုယ်ကျွမ်းကျင် ဝါသနာပါသောဘက်မှ ပါရဂူအဖြစ်နှင့် ဆောင်ထားကြလေသည်။ ထိုပညာများ အားဖြင့် လူများကို လှည့်စားသည်ဟုဆိုစရာဖြစ်သော်လည်း လှည့်စားခြင်း ခံရသည်ထက် ထိုအတတ်ပညာများ တည်နေခြင်းက သာ၍ အကျိုးသက်ရောက်ပေသည်....’

‘ဆိုရေးရှိက ဆို သားတော်မောင်....’

‘ရှေးဟောင်းရာဇသတ်အမျိုးမျိုး၊ ဓမ္မသတ် အမျိုးမျိုး ပုံဝတ္ထုဒဏ္ဍာရီ အမျိုးမျိုး၊ နီတိ၊ သျှတ္တရ၊ လောကအဘိဓါန်စသော ကျမ်းအမျိုးမျိုးတို့သည် အရည်းတို့၏ထံမှာပင် တည်နေပါသည်။ စင်စစ်အရည်းများသည် များသောအားဖြင့်အတတ်

ပညာဘက်တိုက်ကြီးပင် ဖြစ်ချေသည်....'

'အင်း....'

'ဖုတ်အတတ်၊ ဘုတ်အတတ်၊ ဓါတ်အတတ်၊ အာကာသ သျှတ္တရအတတ် စသည်တို့သည်လည်း အရည်းတို့၏ ထံမှာပင် တည်နေပေတော့သည်။ ထို့ကြောင့် အရည်းတို့သည် အတတ် ပညာဘက်တိုက်ကြီးပင်ဖြစ်နေပါသည်....'

'အင်း....'

'ထိုသို့သော သဘောကြောင့်အနောက်မဇ္ဈိမတိုက်က အ ယူဝါဒများသည် နေမျိုးတို့၏ အတွင်းသို့ချင်းနင်းဝင်ရောက်လာ ရန် အလွန့်အလွန်ခက်ခဲနေပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ တော်၌နက္ခတ်ပွဲသဘင်အကသည်နိုင်ငံတော်က လက်မခံသော ကြောင့် မြန်မာတို့၏ ယဉ်ကျေးမှုကို မထိုးထွင်းနိုင်ပေ။ ဤကား အရည်းတို့၏ ကျေးဇူးပေတည်း-'

'မြန်မာနိုင်ငံတော်၌ အဘိုးထိုက် အဘိုးတန် ကျောက်သံ ပတ္တမြားများ၊ ရွှေငွေများ၊ အထည်ဝတ္ထု ပစ္စည်းများတို့သည် အလွန်ကြွယ်ဝနေပါသည်၊ ထိုသို့ ကြွယ်ဝသဖြင့် အနောက် မြောက် အရှေ့မြောက်ဘက်ရှိ နိုင်ငံကြီးတို့က ချင်းနင်း ဝင် ရောက်ကာ တိုက်ခိုက်လိုသော်လည်း အရည်းတို့၏ အတတ် ပညာအားဖြင့် မီးလက်နက်၊ရေလက်နက်၊ လျှပ်စစ်လက်နက်စ သည်တို့သည် မြန်မာတို့ ထံတွင်တည်နေခြင်းကြောင့် မြည်ပရန် သူဟူသမျှသည် မပြုဝံ့ဘဲရှိနေပါသည်။ ထို့ကြောင့် မြန်မာ တို့သည် ချမ်းစွာကူးသန်းရောင်းဝယ်သွားလာ နေထိုင်ကြခြင်း ဖြင့် မြန်မာတိုင်းနိုင်ငံကြီးဟု အလွန်ကျော်ကာ ထင်ရှားနေပါ သည်-'

'ထိုကဲ့သို့ တန်ခိုးကြီးစေသည့် အတတ်ပညာမျိုးကို အရည်းတို့သည် ထိန်းသိမ်းကာရှိပါသည်၊ ဤလည်းအရည်းတို့၏ကျေးဇူးတရပ်....'

'အိမ်၌ မွေးထားသော ခွေးညံ့မျိုးခွေးယုတ်မာသည် အိမ်၌ခိုးစားခြင်း၊ အညစ်အကြေးတို့ကို အရမ်းမဲ့စွန့်ခြင်းတို့ကြောင့် စိတ်နှလုံးမချမ်းမသာရှိသော်လည်း အိမ်သို့ လုစိမ်းမလာရန် ညဉ့်၌ သူခိုးမကပ်ရန်တို့ အတွက်ကား လုံခြုံဘိသကဲ့သို့ အရေးရှိသော် အရည်းတို့သည် ဘုရင့် စစ်သည်တော်များနှင့် တပေါင်းတည်းမှုကာ ကာကွယ်စောင့်ထိန်းသဖြင့် လည်းကောင်း၊ အရည်း၏ တပည့်တပန်းတို့ကို စစ်သားအဖြစ်နှင့်သုံးနိုင်ခြင်းဖြင့် ၎င်း ကျေးဇူးရှိနေပါသည်-'

'အချုပ်အားဖြင့် အရည်းတို့သည် အတတ်ပညာအမျိုးမျိုးတို့၏ တည်ရာ အတတ်ပညာတိုက်ကြီးဖြစ်နေပါသည်။ သက်တိုင်မင်းလက်ထက်တော်က အရည်းတို့သည် သက်တိုင်မင်းကိုဩဇာပေး၍ အတတ်ပညာအမျိုးမျိုးကို၎င်းတို့၏ လက်တွင်ထားရှိသည်ဟု အရည်းတို့လည် ဂုဏ်ယူဝင့်ဝါကာ သမိုင်းတင်ခဲ့သော်လည်းအရည်းတို့သည် သက်တိုင်မင်းကို အလွန်ကြောက်ရွံ့လေသည်။ သက်တိုင်မင်းနှင့် ပညာချင်း အတတ်ချင်းမယှဉ်နိုင်ချေ-'

'သားတော်မောင်ဒါဖြင့် အရည်းများသမိုင်းတင်ထားသောစာပေများမှာ ဝေဖန်ပြီးလျှင် စဉ်းစားတည်းဖြတ်စရာ အများကြီးရှိမှာပေါ့-'

'ရှိမှာပါ-'

'စင်စစ်သက်တိုင်မင်းလက်ထက်တော်ကစ၍ အရည်းများ

သည် အမြင်ကျယ်လာပြီးသော် အတတ်ပညာများတို့ကို မိမိ၏ ဝါသနာအလျောက် ပါရဂူမြောက်အောင်ကြိုးစား၍ ဆည်းပူးလာကြပါသည်။ ချင်းတို့သည်လူတို့လှူသော အစားအစာ အဝတ်တို့နှင့်ငင်း ရွှေငွေဝတ္ထုပစ္စည်းတို့နှင့်ငင်းသက်သောင့်သက်သာနေရသောသူများဖြစ်ကြ၍ အတတ်ပညာများကိုအထူးအားထားကာ သင်ကြားရန်အခွင့်အရေးရကြပါသည်-'

'မင်းသား မင်းသမီး မင်းဆွေ မင်းမျိုးတို့၌ကား ပြည်သူတို့အတွက်လုပ်ကိုင်ရသော သူတို့များနေ၍ အချို့အချို့လောက်သာ ပါရဂူမြောက်တတ်ကြသော်လည်း ကျမ်းပြုထားခွင့်အချိန်မရပါ၊ မှူးမတ် သားသမီး တို့မှာလည်း အတတ်ပညာတို့ကိုလေ့လာဆည်းပူးခွင့်အချိန် မလပ်ကြပါ၊ သို့သော်လည်း အတတ်ပညာရှိသူတို့ရှိကြပါ၏။ သို့ရာတွင်မိမိ၌သာ ဆောင်ထားနိုင်ကြ၍ ပျံ့ကားအောင် ထွန်းကားအောင် လုပ်ကိုင်ခြင်းငှာမတတ်နိုင်ကြပါ၊ ဘုရင်မင်းမြတ်မှာလည်း ထို့အတူပင် ဖြစ်ပါသည်....'

'ရှင်ဘုရင်မှူးမတ်သေနာပတိ၊ သူဌေးသူကြွယ် စသည့် အမြင်မှန်သည့် သူတို့သည် မိမိတို့၏ သားသမီးတို့ကိုအရည်းတို့ထံအတတ်ပညာသင်ကြားရန်မပို့ကြပါ၊ပို့လျှင်လည်းထိုခေတ်ထိုအခါကာလ၌ နိုင်ငံတော်သည် ရဟန်းမင်း၏လက်တွင်းသို့ ကျရောက်သွားဘွယ် ဖြစ်ပေသည်-'

'ထိုသို့သော သဘောတို့ကြောင့် အရည်းတို့သည် အတတ်ပညာ ဘဏ်တိုက်ကြီးဖြစ်နေပါသည်-'

'အင်း-မယ်မယ်စဉ်းစားမိပြီ၊ မှန်တယ်သားတော်မောင်-'

'သားတော်မောင်သည် အရည်းမျိုးစေ့တုံးသွားအောင်

ကြီးဆောင်မည်ဟု ပကတိစိတ်ထားရင်းရှိပါ၏၊ တုံ့သွားအောင်လည်း စွမ်းနိုင်ပါ၏။ သို့သော်တခုစဉ်းစားမိသည်ကား ဤသို့ဖြစ်ပါသည်-'

'အင်း-'

'အရည်းတို့မရှိသော် အတတ်ပညာများကိုထိန်းသိမ်းစောင့်ရှောက်မည့်သူတို့ မရှိသကဲ့သို့ဖြစ်သွားပါမည်။ ထိုအခါ အနောက်မဏ္ဍိုင်မှ အယူဝါဒတို့ဝင်လာ၍ မြန်မာတို့၏ ရိုးရာစဉ်လိုက် ယဉ်ကျေးမှုသည် ပျက်စီးသွားပါမည်၊ ပမာဆိုသော်၊ နှစ်သစ်ကူးရာ၌ အနောက်မဏ္ဍိုင်၏ ဝါဒအတိုင်း နီသောအရည်နှင့် တဦးကိုတဦး ဒွတ်ဖြန်းခြင်း၊ လောင်းခြင်း၊ အပြစ်ကိုရေနှင့်ဆေးသည်ဟု ရေပက်ခြင်း၊ ရေလောင်းခြင်းတို့သည် ကူးစက်လာပေမည်....'

'အင်း....ဒါလဲဟုတ်တယ်....'

'မီးထွန်းခြင်း၊ မီးပွဲသဘင်ဆင်၍ မီးနတ်ကို ပူဇော်ခြင်း၊ နက္ခတ်ပွဲသဘင်ပြု၍ ကပွဲကျင်းပပြီးသော် နက္ခတ်ကစားခြင်းတို့ကို ပြုလျက်၊ မီးနတ်ပူဇော်ခြင်း၊ ရေထဲ၌ အပြစ်ကို မျှောခြင်းအယူဝါဒတို့ ရောက်လာမည်ကိုစိုးရိမ်ဘွယ်ဖြစ်ပါသည်....'

'အင်း....'

'ထိုမျှမက အရည်းများ တိမ်မြုပ် ဆိတ်သုဉ်းသွားချေသော်-မြန်မာတို့၏ အတတ်ပညာအမျိုးမျိုးကိုဆောင်ထား၍၊ မပျောက်မပျက်ရအောင် သိမ်းထား၍ စောင့်ရှောက်မည့်သူ ကင်းမဲ့ရာရောက်၍ မြန်မာတို့၌ တိုင်းပြည်နှင့်လူမျိုးကို ကာကွယ်ပြီးလျှင် တန်ခိုးကြီးစေသော အတတ်ပညာတို့သည်, ဆိတ်သုဉ်းသွားပေလိမ့်....'

'အင်း....'

'ယခုအခါ မြန်မာတို့၏တံခွန်သည် အလွန်လွင့်လျက်မော တိုပင်လျှင် တောင်နေလူများနှင့်တကွ ဦးစောက်ကြရသဖြင့် တ နှစ်တကြိမ် ဦးသက်မှက်လာဖွင့် အခန်းအနားသည် အလွန်ကြီး ကျယ်သိုက်မြိုက်လေတော့သည်။ ပင်လယ်ပြင်၌လည်း မြန်မာ တို့သည် တံခွန်စိုက်ထူနေလေတော့ပြီ၊ ထိုသို့ခန်းနားကြီးကျယ် သော နေမျိုးမြန်မာတို့၌ အတတ်ပညာတို့ ဆိတ်သုဉ်းသွားအုံး မြောက်ဘက် ဂန္ဓာလရာဇ်ပြည်သားတို့ လာရောက် ဖျက်ဆီး နှောင့်ယှက်၍ ရာဇဝင်တွင် အမဲကွက်ထင်ရလတံ့....'

ထိုမျှမက ကောရာဇ်နိုင်ငံတော်ကြီးဟု တံခွန်စိုက်နေသော.... နေမျိုးမြန်မာတို့၏ နိုင်ငံတော်ကြီးသည် သူတလူငါတမင်းဖြစ် ကြသော် အစိပ်စိပ်အမြွာမြွာသော တိုင်းငယ် ပြည်ငယ်တို့ဖြင့် အသရေမဲ့ ဖြစ်ရပေလတံ့၊ နောက်ဆုံး နေမျိုး မြန်မာလူမျိုးတို့ သည် ကျွန်လူမျိုးဘဝသို့ရောက်ရမည်ကိုပင် စိုးရိမ်ဘွယ် ဖြစ် ချေသည်....'

'အင်း....သားတော်မောင် မယ်မယ်သည် ဥာဏ်ရှိသည်ဟု ထင်သည်၊ ဤအထိမမြင် လူမျိုးရေးအတွက် ခက်ပီတောင်း ပါတဲ့ကား....'

'မယ်မယ် ထို့ကြောင့် ကျွန်တော်သည် အရည်းတို့ကို ပစ် မထားသင့်သည်လည်းဖြစ်၍ ရေကျော၌မျောနေသောသစ်ဖေါင် ကြီးကို လံမ်းလွဲ၍ ကစဥ့်ကလျား မဖြစ်ရအောင် ဝဲ့ထိန်းပေးသ ကဲ့သို့ အရည်းတို့ကို ဝဲ့ထိန်းပေးခြင်းမျှသာပင် ဖြစ်ပါသည် မယ်မယ်....'

× × ×

ရာဇသကြံသည် ဝှက်ပစ်တောင်တဝိုက်ရှိ သူဌေး သူကြွယ် စသော လူကုံတန်များ အရည်းကြီးများ၏ တပည့်တပန်း တကာတကာမစသော လူကုံတန်သူဌေး သူကြွယ် စသည်တို့အား ဘိတ်မံတကမ္ဘြ၍ တိုင်းပြည် လူထုအတွက် အလုပ်လုပ်အပ်ကြောင်း၊ မိမိထံ၌ရှိသော ငွေပုံများသည် တိုင်းပြည်လူထုအတွက် ဖြစ်ကြောင်း စသည်တို့ကို နားမှတ်ကာလင်းစေ၏

(အကျဉ်းအားဖြင့်သာပြသည်)

ထိုသို့ ရာဇသကြံသည် ထိုရပ်ကွက်တွင် ရှိစဉ်အခါမှာပင် ဝှက်ပစ်တောင်အရည်းဂိုဏ်းချုပ်ကြီး ကျောင်းတော်၌ ယုဝတီသည် မိဘများနှင့် မြို့ရယ်ကာ စကားပြောနေ၏။

ထိုအတွင်း ညစ်နွမ်းသောအဝတ်နှင့် တောတွင်းသားတယောက် ညစ်ထေးထေးသည်ရောက်လာ၍ဤသို့ဆိုလေတော့၏၊

'မယ်ကြာရယ် မင်းကို ငါလိုက်ရှာနေကာဟာယ၊မင်း သည်မှာဘာလုပ်နေသလဲ၊ အရည်းများထံရောက်နေတာကိုး ပြီးပါပြီ ငါ့အချစ်ကလေးတော့ ဖွပ်ဖွပ်ကြေပါပြီ....'

'တော်ဘာပြောတာလဲ သွား တော့ကိုကျုပ်မမြင်ချင်ဘူး'

'မယ်ကြာရယ်....ရက်စက်လှပါကလား....'

'သွား တော်နှင့်ကျုပ် စကားမပြောချင်ဘူး....'

'တကယ်မှင်း ဗွတ်ညင်းနေတာလား၊ မင်းဟာ ငါ့မယား၊ ငါနှင့် အတည့်အလဲင်းပေါင်းသင်းနေပြီးမှလာ၊ မင်း သောက်သာနှင့်မလိုက်ရင် မင်းကိုငါ ဗွတ်ဆွဲခေါ်ရလိမ့်မယ်....'

ထိုခဏ၌ ဂိုဏ်းချုပ်ကြီး အရည်းချမ်းမြေ့သည်ရောက်လာ၍ ဤသို့ ခေါ်တော့၏။

'ဟော့ မင်းကဲဘာလဲ....'

'ကျုပ်က တံငါသည် မောင်သီလ....'

'ဘယ့်နှယ် မင်း။ ယုဝတီကိုလာပြီး မတော်တရော် ပြောရသလဲ....'

'ဘယ်ကယုဝတီလဲ ဒါ ကျုပ်ရဲ့မယားမယ်ကြာ....'

'သယ်း....နဂါးမယုဝတီ၊ မင်းကဘာမှတ်သလဲ ပြန်သွား'

'အရည်း တော်စွာ၊ လျော်စွာမပြောနှင့် ဘယ်ကနဂါးမရမလဲ၊ နဂါးရှိသလား၊ နဂါးဟာဘယ်မှာလဲ။ နဂါးကို ဘယ်သူမြင်ဘူးသလဲ၊ မခံဘူး....'

'သယ်း....ဘယ်ကမယ်ကြာလဲ....'

'သူဟာ မြစိမ်းရောင် ရေအင်းကြီးထဲမှာ ပုဒုမ္မာကြာတောကြီးရှိတယ်၊ အဲ့သည်ကြာထဲက ကြာပွင့်ကြီးတပွင့်မှာ သန္ဓေယူပြီး လူဖြစ်လာလို့ မယ်ကြာလို့ ခေါ်ထားတယ်၊ ဘာပြောချင်သလဲ....'

'မင်းစကားယုတ္တိမရှိဘူး....'

'အရည်း ကျမ်းဂန်မတတ်ဘူးလား၊ စာစကား ပေစကားပြော....'

'ကျမ်းဂန်နှင့်စာဟာ ငါတို့လိုလူကရေးထားတယ်....'

'သည်လိုအရမ်းမပြောနှင့် အရည်း၊ နားထောင်....'

'နင်ဘာပြောမလဲ....'

'အဲသည်သန္ဓေတစ မိန်းကလေး ရှိနေတာကို၊ မုဆိုးကြီးဦးသာရောက်ကတွေ့တော့ ယူပြီး ကြာနို့ရည်နှင့် မွေးလာလို့လူဖြစ်လာရတာ၊ သူ့အဘေဟာ မုဆိုးကြီး ဦးသာရောက်လို့ တွင်နေတယ်၊ ဦးသာရောက်လဲ လိုက်ပြီးရှာနေတယ်။ ရောက်ချင်ရောက်လာမှာဘဲ....'

'မင်းနှင့် ဘယ်လိုအကြောင်းပါသလဲ....'

'သူ့ သမီးအရွယ်ရောက်တော့ ဦးသာရောက်က ငါ့သမီးကို ယူပါကွယ်၊ မင်းဘဲ သည်ခံကာပေါင်းသင်းနေပြီး ငါ့သမီးကို လုပ်ကျွေးမှာပါဆိုကာထိမ်းမြားလက်ထပ်ပေးပါတယ်၊မင်္ဂလာစကားပြောတာက ရှေ့ရှေ့မမပါ၊ ကိုင်းဘာပြောချင်သေးသလဲ၊ မေးပါ မယ်ကြာကို....'

'မင်း တတ်အပ်ကျပြောနေတော့ ငါလဲ မင့်း မယ်ကြာကို မမေးတော့ပါဘူး၊ မယ်ကြာဟာ မင်းထံက ဘာကြောင့်ထွက်လာရသလဲ၊ မင်း ကွာပြီးလွှတ်လိုက်တယ်မဟုတ်လား....'

'နားထောင်ပါ....'

'အင်း ပြောလကွယ်....'

'မယ်ကြာကို ကျွန်ုပ် တံငါလုပ်ပြီးကျွေးပါတယ်၊ ကောင်းကောင်းစွာမွန်စွာထားပါတယ်၊ တခါတခါ ကျွန်ုပ်ပင် မီးဖိုချောင်ဝင် ရေထမ်း အဝတ်လျှော်မှုလုပ်ပါသေးတယ်....'

'အင်း....'

'သူက လင်တယောက် ယူချင်သေးသတဲ့၊ သည်တော့....တယ်၊ လောကမှာ လင်နှစ်ယောက်နှင့်မိန်းမမရှိဘူးလို့ဆိုပါတယ်၊ သူက ဒါပေ့ မနေနိုင်ဘူးဆိုလို့ ကိုင်း သည်လိုဖြစ်နေရင် သယောက်အမြှောင် တယောက်ထားလို့ အခွင့်ပြုပါတယ်....'

'အင်း-မင်းလဲအာကာပါလား-'

'အာကာပေါ့၊ တံငါသည်ပါကတဲ စဥ်းစားပါဦးတော့ '

'အင်း '

'ဒါနှင့် မရှေ့ကြာက တယောက် အမြှောင်တယောက်နှင့်

မကာဲ နှစ်ယောက်သုံးယောက်ထားပါရော၊ တနေ့သ၌တော့ သူသယောက် အမြွှာင်သုံးယောက်ဟာ တော်သလင်းလမှာ ခွေးမတကောင်အတွက် ခွေးသုံးကောင်ကိုက်ကြသလိုအိမ်ပေါ် မှာသုံးယောက်စလုံး လုံးထွေးသတ်ပုတ်နေကြတာပေါ့'

'အလို၊ သည်တော့မင်းမယ်ကြာကဘာဆို၊ ဘာပြောသလဲ'

'ဘာမှမပြော၊ဘာမှမဆို၊ ပြုံးစိစိကလေးနှင့်လုပ်နေတယ်၊ အကောင် သုံးကောင်ဟာလဲ လုံးထွေး သတ်ပုတ် ဖြစ်နေကြတာ ခါးဝတ်တောင်မကပ်ဘူး၊ သူကတော့ ကြည့်ကောင်းပေါ့လေ'

'ပြောတော့မယ်'

'မဟုတ်ဘူးလား'

'ခွေးလိုလူတွေပါကဘဲ'

'ဒါနှင့် အရပ်က ဝိုင်းဖျဉ်ပြီး ခေါ်သွားကြပါတယ်၊ သည်တော့ ကျွန်ုပ်က မယ်ကြာမင်းဟာလွန်တယ်၊ သိပ်ကိုရှက်စရာ ကောင်းတယ်၊ နောင်သည်လို ဖြစ်ရင်မင်းကို ဟောသည်နှိမ်းပြားကလေးနှင့် ရိုက်မယ်လို့ တထွာလောက်ရှိတဲ့ နှိမ်းပြားကလေးနှင့် ပြမိပါတယ်'

'မရိုက်ဘူးလား'

'ဟာ-အရည်းဆရာနှယ် ရိုက်ဘို့ထား၊ နှိမ်းပြားကလေး တထွာလောက်ကိုပြမိတာနှင့် တကတဲ့ရှိုက်ကြီး ငင်ကြီးငိုလိုက် ထာတည်လုံးဘဲ ချောလို့ကို မရဘူး'

'သည်လိုမိန်းမကိုဘဲ မင်းကွာပစ်ပါလား'

'သည်လိုမိန်းမတွေကို လင်ကကွာပစ်ရင်၊ လင်နှင့် မိန်းမ နဲနဲသာရှိတော့မှာပေါ့'

'အင်း'

'ဒါနှင့် နံနက်လင်းတော့ သူခရောခရော ရှူးရှူးနှင့် အိပ်ပျော်နေတယ်၊ ကျွန်ုပ်လဲ သူစားဘို့ထမင်းဟင်းချက်ပြုတ်ထားခဲ့ပြီး ငါးရှာထွက်သွားပါတယ်၊ သည်ကနေ့မှဘဲ ငါးကြင်းကြီးသုံးကောင်ကို လွယ်လင့်တကူနှင့်ရလို့ အားရပါးရ အိမ်ကိုပြန်လာရာ မချော မရွှေကြာကိုမတွေ့ရတော့ဘူး၊ ဒါနှင့်အနှံ့လိုက်ပြီးရှာတာ ယခုသည်မှာတွေ့ရတာဘဲ'

'ဒါဖြင့် မင်းမိန်းမကိုပြန်ခေါ်သွားပေါ့'

'ဟာ နေအုံး၊ မယ်ကြာကိုမေးရအုံးမယ်၊ မယ်ကြာမင်းအရည်းဂိုဏ်းချုပ်ကြီးအား မေထုန်မှုနှင့်ပူဇော်သလား'

'ပူဇော်ပါတယ်'

'ဘယ်နှစ်ခါလဲ'

'ခဏခဏဘဲ မမှတ်မိတော့ပါ'

'သည့်ပြင် အရည်းများအားကော ပူဇော်ရသေးသလား'

'ပူဇော်ပါတယ်'

'ဘယ်နှစ်ပါးလဲ'

'အရည်းသိဒ္ဓိဗလနှင့် အရည်းစိန္တာမဏိတို့ထံမှာလဲ ပူဇော်ပါတယ်'

'ဒါဘဲလား'

'ဒါပါဘဲ'

'အဲသည် အရည်း သုံးဦးဟာ ကျွန်ုပ်ရဲ့မယား မယ်ကြာကိုခိုးတယ်၊ ဘာကြောင့် ကျွန်ုပ်ကသဘောတူ အခွင့်မပြုဘဲနှင့် မယ်ကြာရဲ့အတွေ့ကို ကျွန်ုပ်မသိအောင်ယူကြလို့၊ ဒါကြောင့်အ

ရည်းဂိုဏ်းချုပ်ကြီး ကျွန်ုပ်အားလျော်ကြေးပေးရမယ်၊ သိဒ္ဓိပ
လဲနှင့် စိန္တာမဏိထံကလဲ လျော်ကြေးတောင်းပေးရမယ်'

'ဟယ့် တကာ'

'အလို ကျွန်ုပ်ဟာ အရည်းများရဲ့တကာမဟုတ်'

'ဟယ့်လူသင့်အားငါတို့က ဘာကြောင့် လျော်ကြေး ပေးရမလဲ'

'ကျွန်ုပ်ရဲ့မယားကို ခိုးလို့'

'သင့်မယားကငါသို့ထံကာမမေထုန်နှင့်ပူဇော်လို့'

'မဆိုင်ဘူးကျွန်ုပ်ဟာ ကာမပိုင်။ ကျွန်ုပ်အခွင့်မပြုဘဲ သူမပူဇော်ရဘူး'

'သူ့ဟာကို သူပူဇော်တာ'

'တိုတိုဘဲ····မလျော်ဘူးလား····လျော်မယ်လား....'

'မလျော်ဘူးဟယ့်····'

'ကောင်းပြီ····ယခုရာဇသင်္ကြံ အမတ်ကြီး ရောက်နေတယ်၊ သူ့ထံမှာတိုင်ပြီး တရားဆိုရမှာဘဲ၊ လာ····မယ်ကြာပြန်မယ်'

မယ်ကြာသည် မောင်သီလ၏နောက်သို့လိုက်ရန် အထတွင် အရည်းကြီး ချမ်းမြေ့လည်း 'အင်း....ခက်ကုန်ပါပြီ'ဟု တွေးဆကာ 'ဟေ့····ဟေ့....ဟေ့လူ နေပါအုံးကွယ်'ဟုဆိုလေ၏။

'ဘာလဲ····ဘာပြောမလဲ၊ မယားခိုးတရားဟောမလို့လား'

'မဟုတ်ပါဘူးကွယ်····'

'ဘာပြောမလို့လဲ····'

'မင်း····လျော်ကြေးဘယ်လောက်လိုချင်သလဲ····'

'အသပြာ သုံးထောင်စီ လိုချင်ပါတယ်····'

'ဟယ့်တကာရဲ့ များလှပါကလား····'

'ဘာ မျှားမလဲ။ မယ်ကြာဟာဘယ်လိုမိန်းမဆိုတာကို သိရပြီမဟုတ်လား။ အရည်းလဲမိန်းမများကို တွေ့ဘူးလှမှာဘဲ၊ ကျွန်ုပ်မယ်ကြာအား စွဲတာကိုကြည့်၊ ကျွန်ုပ်ဟာ မိန်းမကိုအင်မတန်ရွံ ရှာစက်ဆုပ်တဲ့လူ၊ မယ်ကြာနှင့် တွေ့တော့ လိမ္မွနေတာဘဲ။ ခုကြည့်လေ....'

'မျှားတယ်တကာ....'

'ဘယ်လောက်လျှော်ချင်လို့လဲ....'

'ဒို့ တယောက်လျှင် အသပြာ ငါးရာစီလျှော်မယ့်ကွယ် '

'ဟာ....နဲ့တယ်....'

'ဆိုကွယ်....'

'အသပြာ တထောင်စီဘဲ၊ သည့်ထက်တော့မလျှော့နိုင်ဘူး'

'ကောင်းပြီ....ကောင်းပြီမင်းသည်အကြောင်းကို သည်တွင်တခက်းရပ်ကွယ်....'

'အရည်းများထက် ကျွန်ုပ်ကသာပြီးရှက်ထာပေါ့....'

× × ×

ကါလိဒါသ ၏

" အချစ်ဆိုရီခြင်တယ် "

လာတော့မည်၊ မျှော် မျှော်

## အခဏ်း ၅

အရည်းများသည်ကား တမ္ပဝတီခေတ်မှာ အတတ်ပညာရှိသူများပင်များကြ၏။ သို့ရာတွင် စရိုက်ကား မကောင်းသဖြင့် ၎င်းတို့သည် တင့်တယ်ခြင်းမရှိပေ။

တမ္ပဝတီပြည်ကြီးကို တည်တော်မူသော သက်တိုင်မင်း၏ အပေါ်၌အရည်းတို့သည် ဩဇာ အာဏာ လွှမ်းမိုးခဲ့သည်ဟု ထင်ဘွယ်ဆိုဘွယ်ရှိခြင်းမှာ သက်တိုင်မင်းသည် မိမိ၏ အတတ် ပညာဂုဏ်နှင့် အရည်းတို့ကို တစုံတရာမျှ ဖွက်ဖက်ချောင့်ရှက် ခြင်းမရှိခြင်းကြောင့် ဖြစ်ချေသည်။

စင်စစ်သော်ကား သက်တိုင်မင်းကိုအရည်းတို့သည်အလွန် ခန့်ညားကြလေသည်၊ ထိုသို့ခန့်ညားသည်အတိုင်း သက်တိုင် မင်းသည် ဧနေတော်မူ၍ အရည်းတို့၏ ပြုမူ ဆောင်ရွက်နေ ခြင်းကို အထူးထားကာမဝေဖန်ချေ။

သေည်လည်ပိုက်မင်းသည်လည်း အရည်းတို့သည် အတတ် ပညာရှင်များဟု သိသော်လည်း မိမိလည်း အတတ်ပညာရှင် ဟုအောင်းမေ့သည့်ပြင် အရည်းများကို မမှုချေ၊ တည်တည် နှင့်ခပ်ဧပေင် နိုင်ငံတော်ကို အုပ်ချုပ်တော် မူလေသည်။ သို့ရာ တွင်သေည်လည်ပိုက်မင်းကြီးသည် ခမည်းတော်ကဲ့သို့ပင်တရား သဖြင့် အုပ်ချုပ်တော်မူသော အတတ်ပညာရှင်၊ ဉာဏ်ရှင်မင်း ကောင်းမင်းမြတ်ဖြစ်သည်အတိုင်းခမည်းတော်ကဲ့သို့ပင်အရည်း ဂိုဏ်းသားနှင့် အရည်းဂိုဏ်းသားမဟုတ်သူတို့အား ခြားနား ခြင်းမရှိဘဲတရားသဖြင့် အုပ်ချုပ်စီမံကွပ်ကဲတော် မူလေသည်။

ဝန်ကြီးများ၊ အမတ်ကြီးများ၊ အမတ်များ၊ တရားသူကြီးများ အထဲတွင်ပင် အရည်းကြီးများကိုကြည်ညိုကိုးကွယ်သော သူများပါနေလေသည်။ စစ်မှုရေးရာ၌လည်း ထိုနည်းငှင်းပင် ဖြစ်ချေသည်၊ မြောက်ဘက်တခွင်သို့ တံကြိမ် စစ်တံခွန်လွှင့်၍ နိုင်ငံသူ နိုင်ငံသားတို့အား တိုင်းပြည်နှင့်လူမျိုးကို ချစ်ခင် နှစ်သက်အောင် ဆောင်ရွက်ရန်လွှတ်လိုက်သော စစ်မှူးကြီး နန္ဒမိတ်သည် အရည်းဂိုဏ်းကြီးအား များစွာကြည်ညိုလေးမြတ်သူ ဖြစ်လေသည်။

ထိုသို့သော သဘောကြောင့် သက်တိုင့်မင်းကြီး၏ အပေါ်၌ ငှင်း၊ သေည်လည်ပိုက်မင်းကြီး၏ အပေါ်၌လည်း အရည်းတို့၏ဩဇာလွှမ်းမိုးသည်ဟု ဆိုစမှတ်ရှိလေသည်။

စင်စစ်သော်ကား စီမံအုပ်ချုပ်မှု၌ ယဉ်ကျေးခြင်းပင်ဖြစ်၍ နိုင်ငံတော်သည် အနော်ရထာမင်းကြီး၏ လက်ထက်တော်တိုင် ရွှေပြည်တော်၊ ရွှေမြို့တော်၊ ရွှေပြည်တော် အနီးတဝိုက်၌မည်ကဲ့သို့ ရှုပ်ထွေးနေစေကာမူ ချမ်းသာယာ၍ အလွန် စည်ပင်ဝပြောကာရှိလေသည်။ အိမ်နီးချင်းနိုင်ငံတို့မှလည်း နေမျိုးမြန်မာတို့၏ နိုင်ငံတော်ကြီးကို ထိုခေတ်များက မှီခိုနေ၍ မြန်မာနိုင်ငံတော်ကြီးသည် အလွန်ကြွယ်ဝချမ်းသာသော နိုင်ငံကြီး ဖြစ်နေပေသည်။

နေမျိုးမြန်မာတို့ကား သမုဒ္ဒရာဇ်မင်း တည်ထောင်ခဲ့သော မြန်မာတို့ကား တသွေးတည်းဖြစ်၍ အလွန်စည်းကြသဖြင့် အရေးရှိသော် လူတိုင်းစစ်သားဖြစ်ကြပြီးလျှင် ပြည်ပရန်ကို ခုခံရန်အချိန်မရွေး အသင့်ရှိနေပေသည်။

အနောက်မဇ္ဈိမ၏ ယဉ်ကျေးမှု ဆိုသော ဝါဒ တို့သည်

လည်း မြန်မာတို့၏ အတွင်းသို့ဝင်ရောက်ရောယှက်ခွင့် မရကြသောကြောင့် အနော်ရထာမင်းလက်ထက်တော်တိုင် အမျိုးသမီးတို့သည် လွတ်လပ်ခွင့်ကို ရကြလျက် အမျိုးသမီး တိုင်းလောက်ပင်လည်း စစ်အတတ်ကို တတ်မြင်းများ၌ မြင်းရေး၊ ထားရေး၌ အထူးကျွမ်းကျင်သော အမျိုးသမီးများပင် ရှိခဲ့လေသည်။

ထိုခေတ်များက အမျိုးသမီးများသည်အတော်ပင်အကဲတင်လာခဲ့ကြလေသည်၊ ၎င်းတို့သည် ယောကျာ်းများကဲ့သို့ တိုင်းပြည်နိုင်ငံကို ကာကွယ်နိုင်သည့်ပြင် ကလေး မွေးဖွား ရခြင်းကြောင့် များစွာ ဂုဏ်တင့်ပြီးလျှင် မြင့်သည်ဟု အကဲတင့်ကာဝင့်ခဲ့ကြလေသည်၊

ထိုခေတ်က အမျိုးသမီးများသည်လည်း ကလေးမွေးရရန်ကြောက်သည်ဆိုခြင်းကို ရယ်သွမ်းပြုကောင်းပြုပေလိမ့်မည်၊၎င်းသည် ကျွဲနွား ဆိတ်ဝက်တို့မှ ကလေးမွေးဖွားရန် မကြောက် မလန့်ဘဲနှင့် မိန်းမများသည် ကြောက်ရမလားဟု အယူသည်းခဲ့ပုံရပေါလေသည်။ စင်စစ်သော်ကား အမျိုးသမီးတို့သည် နုနုနယ်နယ် ကန့်ကရတို့နှင့် နေခြင်းမရှိသလောက်နှင့် အလုပ်သမားများ များနေခြင်းကြောင့်ဖြစ်ဟန်တူပေသည်။

သေည်လည်ပိုက်မင်းကြီး၏ လက်ထက်တော်၌ အရည်းများကို ဘုရင်မင်းမြတ်သည် တစုံတရာဝေဖန်ခြင်း၊ နှောင့်ယှက်ခြင်းမရှိစေကာမူ ၎င်းတို့၏ ဓလေ့နှင့် စရိုက်အတိုင်း အရည်းများသည် ယောက်ယက်ခတ်ဖြစ်လာကြလေသည်၊

နေပြည်တော် ၎င်းနှင့် နီးစပ်သော ခရိုင်နယ်ပယ်အရပ်ရပ်

တို့သည် သေည်လည်ပိုက်မင်းသည် သမထီးအရည်းဂိုဏ်းကြီးကို လက်ခံလိုက်သောအခါ မင်းကြီးသည် အရည်းဂိုဏ်းကြီးကိုအားပေးတော့မည်ဟု များစွာပင်တုံလှုပ်သွားလေသည်။ ထိုရာတွင် ထူးမခြားနားသဖြင့် များစွာသော လူတို့နှင့် အရည်းတို့သည် ပေါင်ပင်ခတ် ဖြစ်လာကြပြီးလျှင် သူတပြန် ငါတပြန် လည့်သလို ကျင့်သုံးနေထိုင်ကြသဖြင့် အရည်းတို့သည် တိမ်ကောသွားခြင်းမရှိစေကာမူ လူအချို့တို့၏ ကရော် ကမြည် ပြုဘွယ်ရာများဖြစ်လာလေသည်။

အရည်းများ၏ ဝါဒမထိန်လင်းနိုင်ခြင်း၏ အချက်ကြီးသည်ကား သေည်လည်ကြောင်မင်း၏ လက်ထက်တော်ကစ၍ တိုင်းသူပြည်သားတို့သည် လုတ်ရတ်နည်းဖြင့်ရသော ရွှေငွေများ၊ ဆုလပ်အားဖြင့် ရသောရွှေငွေများ၊ အလကား ရသော ရွှေငွေများတို့ကို အဘိုးမတန်ဟုထင်မှတ်ကြပြီးလျှင် အလုပ်လုပ်ကိုင်ခြင်းအားဖြင့်ရသော ရွှေငွေတို့သည်သာလျှင် ရတနာဟု ထင်မှတ်လာကြခြင်းကြောင့်ဟု ထင်မှတ်ရန် ရှိပေသည်။

သေည်လည်ပိုက်မင်းကြီး၏ လက်ထက်၌ အရည်းတို့သည် ဘုရင်မင်းမြတ်ထံ ဝင်ဆန့်လာကြ၍ဝိုင်းပြီးလျှင်ကပ်ကြလေ၏။

ထိုအခါ ရာဇသကြံ့သည်ဘုရင်မင်းမြတ်ထံ၌ဤသို့လျှောက်တင်လေ၏၊

အရည်းတို့၏ အတွင်း၌လူအဆင့်အတန်း သောင်းပြောင်းတို့သည် ပါဝင်ရောယှက်ကာ နေကြခြင်းကြောင့် ၎င်းတို့သည် အတတ်ပညာကုံ ငစေကာမူ နှစ်သက်အပ်ခြင်း မဟုတ်ပေ။ ထို့ကြောင့် ၎င်းတို့ကို မယုံအပ်ပေ။

အချို့သောအရည်းတို့သည် မိညံ့ဘညံ့ သားများ ဖြစ်ကြ

၍ အချို့ အရည်းတို့သည် အမိယုတ်သောသားများဖြစ်ကြသောကြောင့် အရှက်အကြောက်ကို နားမလည်ကြသည်အတိုင်း မကောင်းမှုကို ပြုရဲလွယ်ကြပေသည်၊ ထို့ကြောင့် အရည်းများကို အရေးပေး၍ အထူးပြုကာ မရောသင့်ပေ။

သေည်လည်ပိုက် မင်းကြီးသည် အမတ်ကြီး ရာဇသကြံ လျှောက်တင်သည်ကို လက်ခံ၏။ သို့ရာတွင် အရည်းတို့နှင့် ငါသည် မရောနှောဟု အထူးသတိတော်ကို ပြုခြင်းမရှိပေ။

သမထ ိး အရပ်ရှိ အရည်းတို့မှာလည်း သူတလူ ငါတမင်း သဘောနှင့်ပင် ဘုရင်မင်းမြတ်၏ အုပ်ထိန်းခြင်း အောက်၌နေကြရြားစေကာမူ၊ ငှက်ပစ်တောင်အရည်းများ၏လာရောက် ရောယှက်ခြင်းကိုကားငှက်ပစ်တောင် ဂိဏ်းချုပ်ကြီး၏ သြဇာကိုမနာမယူသော်လည်း ပြုကြကုန်၏၊ အချို့သမထိး အရပ်ရှိအရည်းတို့သည် ငှက်ပစ်တောင် အရည်းဂိဏ်းကြီး၏ သဘောကို လိုက်ရောကြကုန်၏၊

ငှက်ပစ်တောင် အရည်းတို့ကား မိမိတို့သည် အတော်ပင်ဂုဏ်နိမ့်သွားသည်ဟု အယူရှိသဖြင့် ရှေးကကဲ့သို့ ဂုဏ်ကြီး၍သြဇာ တိက္ကမ ရှိရန်ကို အားထုတ်သော်လည်း လူတို့သည်အရည်းများ၏ ဆွဲတိုင်းသို့မပါကြချေ။ ရွှေငွေလယ်ယာ မိုးမြေတို့ကိုအလှူခံရာ၌လည်း ရှေးက ကဲ့သို့ မလွယ်ကူတော့ပေ။

ငှက်ပစ်တောင်အရည်းတို့သည် လုတ်ရတ်နည်းဖြင့်ရွှေငွေတို့ကိုလုပ်၍ လူများအား ဆွဲဆောင်သော်လည်း အလွန့်အလွန်ဆင်းရဲလှသူများမှတပါး မပါကြခြင်းများကြလေသည်၊

ပုဂံအရပ်၌ သူဌေးဦးရွှေခဲ၊ သူဌေးကတော် ဒေါ်မြနှစ်တို့တို့မှာ ကျိကျိတက် ချမ်းသာကြွယ်ဝ၍ ဘုရင်မင်းမြတ်ကပင်

သူဌေးကြီးသူဌေးကတော်တို့ကို ပေးပြီးလျှင်အသိအမှတ်ပြုထား သဖြင့် အလွန်ထင်ရှားကာရှိလေ၏ ၎င်းတို့သည် ရွှေရွှေ၊စော သူမယ်တို့နှင့် ပျော်ရွှင်နေမိသည့် အချိန်ကစ၍ အရည်းများအ လိုရှိတိုင်း ရွှေငွေစသည်တို့ကို မလှူကြတော့ပေ။

၎င်းတို့သည် ဤသို့ထင်မြင်ယူဆကြလေ၏။

အရည်းတို့အားလူများကဆွမ်းကောင်း ဆွမ်းဟင်းကောင်း များကို မပြတ်လှူကြသည်။သင်္ကန်းကိုလည်းမညှိုးငယ်ရအောင် လှူကြသည်။ နေရာထိုင်ခင်းကိုလည်း လုံလောက်အောင် လှူ ကြသည်။ ၎င်းတို့မှာ ရွှေငွေတို့သည် အဘယ်ကြောင့် အလိုရှိရာသ လဲ၊ ၎င်းတို့သည် စည်းစိမ်ခံစားလိုသော် အဘယ်ကြောင့်အ ရည်းပြု၍ နေကြသနည်း။

သူဌေးကတော် ဒေါ်မြနှစ်သည် ရှေးအထက်က အရည်း တို့ကို များစွာကြည်ညိုခဲ့၏၊ ယခုအခါသော်ကား အရည်းတို့ အား မလှူသာ၍ လှူရစေကာမူ လုံးဝမကြည်ညိုရုံမျှမက၊မြင် ကိုမမြင်ချင်အောင် ဖြစ်နေလေတော့၏။ အဘယ်ကြောင့် ဆို သော်ဤသို့လျှင်ဖြစ်၏။

ဒေါ်မြနှစ်ကို အမျိုးဘော် မဝင့်တာဝင်တွင် ၎င်း၏ မိဘတို့ သည် အရည်းဂိုဏ်းချုပ်ကြီးထံတွင် ပန်းဦးလွှတ်ဟူ၍ ပူဇော် သော ဝတ္တုဖြစ်ခဲ့စေ၏၊ ထို့နောက် ဒေါ်မြနှစ်သည် ငါးကြိမ် တိုင်ပူဇော်ရာ ဝတ္တုဖြစ်ခဲ့ရ၏၊ အိမ်ထောင်ပြုသော အခါတွင် လည်း မင်္ဂလာဆောင်ပြီးလျှင်ပြီးချင်း သုံးည ကျောင်းလွှတ် ပူ ဇော်ခြင်းကိုခံခဲ့ရ၏။ ထိုသဘောကြောင့်ဒေါ်မြနှစ်သည်အရည်း တို့ကို မုန်းထားသကဲ့သို့ရှိလေ၏။

ဒေါ်မြနှစ်သည် အမျိုးဘော် မဝင့်တာဝင်တွင် သူယုတ်မာ

အရည်းနှင့်တွေ့ရသဖြင့် သခွေ့အိမ် ယိုယွင်း ပျက်စီးသွားသော ကြောင့် သားသမီးမထွန်းကားတော့ပေ။

ထိုသဘောကို ဒေါ်မြနှစ်သည် အလွန်အသဲနာဟန်လက္ခဏာရှိပေသည်။ ဒေါ်မြနှစ် ကိုယ်တိုင်ပင်လည်း သေည်လည် ကြောင်ငယ်မင်း လက်ထက်မှာတကြိမ်၊ သေည်လည်ပိုက်မင်း လက်ထက်မှာတကြိမ် အရည်းသာသနာကြီးကို ဖြိုဖွဲ့ ပစ်ရန်ပျောက်ထားဘူး၏။ ဘုရင်မင်းမြတ်တို့ကား ဆိတ်ဆိတ်သာနေခဲ့၏။ ၎င်းနောက်စောသုမာထံ ကပ်၍အရည်း သာသနာကြီးကိုဖြိုလှည်းပစ်ရန် ကြိုးစည်သော်လည်းစောသုမာကရင်း တို့၏ သဘောအတိုင်း ၎င်းတို့ သွားရပါလိမ့်မည်၊ ကိုယ့်သဘောမပါသင့်ဟုဖြောင်းဖျ ထားခဲ့၏။

တနေ့သ၌သော် ၄က်ပစ်တောင် အရည်းဂိုဏ်းချုပ်ဦးချမ်းမြေ့သည် သူ့ဒွေးဦးရွှေခဲထံရောက်လာ၍ ဦးရွှေခဲလည်း ရှိသေစွာတင့်အပ်ပျောက်ပတ်သော နေရာကို ပြုပြီးလျှင် ညွှေ့ခံကာ ၎င်းသို့လျှင်စကားဆိုနေကြလေ၏၊

'ကိုယ်တော်ဘာကိစ္စပါလဲ....'

'တကာ....ငါ အသပြောင်ါးရာလောက် လိုလို့....'

ထိုအခါ ဒေါ်မြနှစ်သည်လာတည့်၍ ၎င်းသို့ဆိုလေတော့၏။

'အရှင်အရည်း အအပြာ ငါးရာတောင် ဘာလုပ်ဘို့လဲ.... အဘယ်သားမယားကို ကျွေးမွေးဘို့လဲ....'

'တကာမကြီး ငါတို့လဲ ငါတို့ကိစ္စနှင့်ကိစ္စပေါ့....'

'ဘာကိစ္စပါလဲ....'

'ငါတို့မှာ ဆေးဖေါ်ရမယ်....ဓါတ်ကစားရမယ်....'

'ဆေးဖေါ်ဘို့မှာ ဆေးသမားတာဝန်၊ ဆေးသမားကသာ

ဆေးဖော်ဘ္တိလာပြီးအလှူခံလျှင် မိမြန္မာစကားအသပြာတထောင်ချက်ချင်းလှူမှာပါဘဲ….ဝါတ်ကစားတယ် ဆိုတာလဲ ဘုရင့်ပညာရှိအတွဲတာဝန်ပါ….'

'နေအုံး တကာမကြီး ငါပြောပြမယ်….'

'ပြောပါ….'

'ဆေးသမားက ဆေးမတတ်လို့ ငါတို့ကဝင်ပြီးစွက်ရတာ၊ တကြောင်းလဲ ဆေးသမားဆိုတာ ငွေလိုလို့ ဆေးသမား လုပ်တာ၊ ဘာချင်းတို့ ဆေးကုလို ပျောက်မလဲ၊ သတ္တဝါများကိုသနားလို့ ဆေးကုတာမှမဟုတ်ဘဲ၊ ဒါကြောင့်ဒို့က ဆေးဘက်မှာဝင်စွက်ရတယ်၊ ဝါတ်သဘောမှာတော့ကွယ် ဘုရင့်ပညာရှိအတွဲက ဘာတတ်ကျွမ်းနားလည်မှာလဲ….'

'အရှင်အရည်းသူဘုပါးကိုသည်လိုမနှိမ့်ချပါနှင့်….'

'နှိမ့်ချတာမဟုတ်ဘူး တကာမကြီး….မင်းလိုလိုက်၊ မင်းကြိုက်ကိုတင်၊ မင်းနှင့် အရောဝင်၊ တဖါးဖါးနှင့် ခြေတော်အောက်ရောက်၊ သည်လိုလူတွေပညာရှိအတွဲထဲရောက်ပြီး လုပ်ကိုင်နေကြတော့ သူတို့ပညာဥာဏ်မှမရှိဘဲ ဘာတတ်မှာလဲ'

'အရှင်အရည်း သူတပါးအား သည်လိုနှိမ့်ချ စော်ကားတဲ့စကားမျိုးကို မပြောသင့်။ ဘုရင်မင်းမြတ်ထက်အတတ်ပညာရှိတယ်ထင်လျှင် ဘုရင်မင်းမြတ်အထံတော်တွင် ဘာကြောင့်လျှိုပြီးဝင်ပါသလဲ….'

'တန္တေအား မဖမ်းစားပါစေနှင့်လို့ ဝေါစာ ပစ်ထားပါ၊ တကာမကြီး….'

'အရှင်အရည်းအားမလှူနိုင်ဘူး….'

'တကာမကြီး အလှူအတန်းဆိုတာပျူထိုက်တယ်….'

'လှူပါတယ်၊ သူတောင်းစားတွေ သူဖုံးစားတွေအားမပြတ် လှူပါတယ်....'

'အရင်းအနှီး လိုတဲ့ အလုပ်သမားတွေ ကုန်သည်တွေ မျိုးရိက္ခာလိုတဲ့လူတွေအား မပြတ်လှူနေတာဘဲ၊ မိမြနှစ်တို့မှာ ရွှေငွေပစ္စည်းတွေ အင်မတန်ပေါနေတာဘဲ၊ လှူတာပေါ့....'

'အရည်းများအားလဲ....'

'အရည်းများအားဆွမ်း၊ ဆွမ်းဟင်း၊ သင်္ကန်းစသည်တို့ကို လှူနေတာဘဲ မပြတ်ပါ....'

'ရွှေငွေတို့ကိုလဲ ဒို့ အားလှူအုံးမှပေါ့....'

'ဒါကိုတော့ အလှူမခံလိုဘူးလား....သည်လို မလျော်တဲ့ အလှူမျိုးကို လှူမိခဲ့လို့ မိမြနှစ်အသွန့်ကျိုးရတယ်၊ သားသမီးတယောက်မှမရ....'

ထိုသို့ဆိုကာ ဒေါ်မြနှစ်သည်မျက်ရည် ကျနေလေ၏။

'ခု မလှူဘူးပေါ့....'

'အသပြာမလှူနိုင်ဘူး....'

'သိစေ့မယ်....'

'သိပါစေ၊ ဗိုင်းပြီး ကြဉ်ကြရင် ထောက်ပံ့ရတာတောင် နည်းသေးတယ်....'

အနည်းငိုက်းချုပ်ကြီး ချမ်းမြေ့သည် သူဌေး၏ အိမ်ပေါ် တွင်ပင် ဂါထာကိုရွတ်၍ ကျမ်းကို ဖနောင့်နှင့် ဆောင့်နေစဉ် တွင် ဒေါ်မြနှစ်သည် ထဘီကို ချွတ်၍ အရည်း၏ ခေါင်း ကိုစွတ်သဖြင့် အရည်းဦးချမ်းမြေ့သည် တက်ခေါက်ကာအိမ် ပေါ်မှဆင်းသွားလေ၏။

ဦးရွှေခဲလည်း ဤသို့ဆိုတော့၏။

'အချစ်ကြမ်းလှပါကလား....ကျုပ်က အချစ်ဟာ နာမယ် နှင့်အညီအေးတယ်လို့....

'မောင်....မြလေ အရည်းများကို ဘယ်တော့မှမကြေသူ့ ဆရာဂိုဏ်းချုပ်ကြီး ဗုဒ္ဓဘာဝ သာသာဆိုရင် အိမ်ပေါ်က မြေ နှင့်တောင် ကန်ချသေးရဲ့....ကျွန်မကိုသူတို့ အညွန့်ချိုး နှိမ် လိုက်ထာ....'

'ရန်ရန်ခြင်း မတုံ့နှင်းပါနှင့် အာဃာတမထားပါနှင့်'

'ဒါဟာရန်တုံ့နှင်းတာမဟုတ်၊ အာဃာတ ထားတာ မ ဟုတ် အလင်းကိုရနေပြီလို့ သဘောကိုပြလိုက်ထာပါ....'

\+ × ×

ဝှက်ပစ်တောင် အရည်း ဂိုဏ်းကြီးသည်လည်း နိမ့်မှန်းမသိ နိမ့်သွား၍ ဂိုဏ်းချုပ်ကြီးဦးချမ်းမြေ့၏ ဩဇာသည် တဖြည်း ဖြည်းညံ့ကာသွားလေ၏။ ထိုအရည်းတို့ထံရှိ ဖြစ်ပျက် လှုပ် ရှားခြင်းတို့သည်လည်း လူများ၏အတွင်း၌ ပျံ့နှံ့သွားပြီး လျှင် ဒေါ်မြနှစ်နှင့်အရည်းကြီး ဦးချမ်းမြေ့၏ အစပ်မတည့် ခြင်းသည်သာ၍ဆိုးလေ၏။

ဂိုဏ်းချုပ်ကြီး ဦးချမ်းမြေ့သည် မိမိ၏အရည်းများအား စုရုံး၍ ဦးရွှေခဲဒေါ်မြနှစ်တို့ကို ကြဉ်ရန် သွေးဆောင်လေရာ၊ အရည်းအချို့သည် သဘောတူ၍ သဘောမတူသောအရည်းတို့ ကပိုမိုများပြားလေ၏။

ထိုသို့လျှင်အရည်းတို့သည် ပြဆိုခဲ့ပြီးသော အကြောင်းတို့ ကြောင့် သဘောကွဲလွဲနေကြ၍ ဂိုဏ်းချုပ်ကြီး မိမိတကာလူကုံ တန်များ သူဌေးသူကြွယ်များကို ဘိတ်၍ ဦးရွှေခဲနှင့် ဒေါ်မြ နှစ်တို့ကို ကြဉ်ရန်ဖြားယောင်း ပြောဆိုပြန်လေ၏။

ထိုအခါ အရည်းသာသနာကို ကြည်ညိုသည်ဟုဆိုသောလူကုံတန်များ သူဌေးသူကြွယ်များတို့သည် သူခိုးပုခြင်း အစရှိသော အရည်းတို့၏ အစွမ်းမဲ့ အရည်အချင်းမဲ့ အကြောင်းတို့ကို တယောက်နားနှင့် တယောက်နား ကူးလူးကာ သိကြပြီးဖြစ်သည်အတိုင်း အရည်းဂိုဏ်းချုပ်ကြီး၏ ဖြားယောင်းကာသွေးဆောင်ပြောဆိုခြင်းကို တညီတည်းပယ်လှန်လိုက်ကြလေ၏။

အရည်းဂိုဏ်းချုပ်ကြီးသည်ကား အလွန်တုံလှုပ်သွားလေ၏။ သို့သော်လည်း အကြံကိုမလျှော့ဘဲ သူဌေးသူကြွယ် လူကုံတန်ဆိုတာဟာ လက်လုပ်လက်စား၊ လုပ်စားကိုင်စားများ၊ လူများစုကို မှီနေရတယ်ဟု များစွာသော လူအောက်တန်းစား အလယ်တန်းစားလူများစုကို ခေါ်ယူ၍ဦးရွှေခဲခေါ် မြနှစ်တို့နှင့် တကွများစွာသော သူဌေးသူကြွယ် လူကုံကန်များကို ကြံခိုကြရန် တရဟောတိုက်တွန်းလေ၏၊

ထိုအခါ အာစလျှာစ ကောင်းသော လူတယောက်က 'တပည့်တော်တို့က သူတို့ကိုကြံခိုရင် သူတို့မှာရှတ်တရက် ဘာမှ မဖြစ်သေးဘဲ တပည့်တော်တို့မှာထမင်းငတ်ကုန်လိမ့်မယ် 'ဟုဆိုသည်ကို အများသဘောတူကြ၍ အရည်းဂိုဏ်းချုပ်ကြီးသည် အကြံမအောင်ရုံသာမက မိမိ၏ တန်ခိုး အင်အားသည် သိသိသာသာကြီး ရုပ်လျော့သွားကြောင်းကို သိရလေ၏၊

ထိုကဲ့သို့ ငှက်ပစ်တောင် အရည်းဂိုဏ်းကြီးသည် နိမ့်ဆင်း၍တဖြည်းဖြည်းကျလာသောကြောင့် အရည်းဂိုဏ်းချုပ်ကြီး ဦးချမ်းမြေ့သည် သမထီးအရပ်မှ အရည်းတို့နှင့် လာရောက်ပူးပေါင်းပြီးသော် ငရင်းတို့နှင့် သဘောတူ ကျောင်းလွတ် ပူဇော်မှု

ကိုအာရုံပြုနေသေးသော အရည်းများကို လျို့ဝှက်ကာ ဤသို့ လျှင်ဆွေးနွေးနေကြလေ၏။

'ယခုအရည်းဂိုဏ်းကြီးသည် သမထ ၀ိုး အရပ်နှင့် ဝှက်ပစ် တောင်အရပ်မှာ ကျမှန်းမသိကျွတာဟာ ဘာကြောင့်လဲ၊ဒါကို ရှေးဦးစွာစဉ်းစားရမယ်....'

'သေည်လည်ပိုက်ကြောင့်၊ အရှင်းသားကဘဲ....'

'ဟာ....မဟုတ်ဘူး....'

'ဘယ်လိုလဲ ငါ့ရှင်....'

'သေည်လည်ပိုက်ကို စောသုမာကြီးကိုင်နေတယ်၊ စောသုမာဟာ ဘုရင်ကိုသာ ကြိုးကိုင်တာ မဟုတ်ဘူး၊ ရွှေရွှေကိုလဲ ကြိုးကိုင်နေလို့ ဒို့အရည်းများရဲ့ ဩဇာဟာ ညံ့ဖျင်းလာတယ်....'

'အင်းဟုတ်တယ်....ဒါဟာမှန်တယ်....'

'ဒါဖြင့် ဘယ်လိုကြံကြမလဲ....'

'စောသုမာနှင့် ရွှေရွှေကိုဖြုတ်မှသာ အရည်းဂိုဏ်းကြီးဟာ ပြန်ပြီးကောင်းစားလာမယ်....'

'ငါ့ရှင်တို့စဉ်းစား ရွှေရွှေကိုဖြုတ်ဘို့ရန်ဟာ မလွယ်ဘူး၊ သူ့သားဟာ အမတ်ကြီးဖြစ်နေတဲ့ အပြင် အတတ်ပညာ ဉာဏ် အလွန်ကြီးတယ်၊ ဒါကြောင့်ရွှေရွှေကို အသာ ထားကြရအုံးမယ်၊ စောသုမာကို အရင်ဖြုတ်လိုက်ရင် အရေးအတော်လှလာမယ်....'

'ကောင်းပါရဲ့....ဘယ်လိုဖြုတ်မလဲ....'

'အရည်းဂိုဏ်းချုပ်ကြီးဦးချမ်းမြေ့ဟာ အတတ်ပညာလဲကြီး

တယ်၊ ဥာဏ်လဲကြီးတယ်၊ ငှက်ပစ်တောင် ဂိုဏ်းချုပ်ကြီးအား သည့်အရေးကို လွှဲသင့်ပါတယ်....'

'ကောင်းပါတယ်....ကောင်းပါတယ်.... ကောင်းပါတယ်....'

'ငါ့ရှင်တို့ ကောင်းကြတာတော့ဟုတ်ပါရဲ့၊ ငါ့နောက်က ညီညီလိုက်ပြီး ဩဇာကိုမခံရင် အခက်တွေ့မယ်....'

ထိုအခါ အရည်းများသည် သဘော တူညီကြ၍ ငှက်ပစ်တောင် ဂိုဏ်ချုပ်ကြီး ဦးချမ်းမြေ့အား လျှို့ဝှက်ကာ အကြီးအကဲထား၍ စောသုမာကိုဖြုတ်ရန် လွှဲအပ်လိုက်ကြလေ၏။

စောသုမာ သည်ကား အသက် အရွယ် တော်တော် ထောက်လာသဖြင့် နေပင်နေလေ၏။ တနေ့သ၌ စောသုမာထံ အရွယ်တူလှပသော မိန်းကလေးသုံးယောက်သည် ရောက်လာ၍ အစောင့်တို့သည် အလွယ်တကူနှင့်ပင် စောသုမာထံဝင်ကြစေလေ၏၊ စောသုမာလည်း စတင်၍ဤသို့ စကားခင်းလေ၏။

'တူမတော်ကလေးတို့ ဘာကိစ္စလဲ....'

'ဘုရားကျွန်မတို့ ရတနာ ကျောက်မျက်ရွှဲများကိုပြလို၍ပါ'

'အော်....တူမတော်ကလေးတို့ ကျောက်ကုန်သည်လား'

ထိုမိန်းကလေးသုံးယောက်တို့သည် တယောက်မျက်နှာကို တယောက်ကြည့်ကာ အမ်းနေကြ၍ စောသုမာသည် ချက်ချင်း အရိပ်အကဲကိုကြည့်ပြီးသော် ဤသို့မေးပြန်၏။

'တူမတော်ကလေးတို့သည် ရတနာကျောက်များကို ဘယ်ကဘယ်သူ့ထံမှ ရခဲ့ကြသလဲ....'

ထိုမယ်ကလေး သုံးယောက်သည်ကား မျက်နှာပျက်သကဲ့သို့ရှိနေကြ၍ စောသုမာသည် အတတ်သိ သကဲ့သို့ ဖြစ်နေချေ

တော့ပြီ။ ထို့ကြောင့် စောသုမာသည် တည်ငြိမ်ကြည်သော အသံနှင့် ဤသို့ဆိုပြန်လေ၏၊

'တူမတော်ကလေးများအား တော်လေးဘုရားမေးတာကိုတခုမှမဖြေကြပါလား၊ တော်လေးဘုရားက တူမတော် ကလေးများကိုအတတ်ဆိုချင်ပြီ....'

ထိုမယ်ကလေး သုံးယောက်သည် ခေါင်းကို ငုံ့ကာ နေလေ၏။

'တူမတော်ကလေးများကို အရည်းဆရာတော်များကလွှတ်တယ်မဟုတ်လား....'

'ဟုတ်ပါတယ်....'

'သည်ရတနာ ကျောက်ထုပ်ကို တူမတော်ကလေးများဖြည်ပြီး ကြည့်မိခဲ့ကြပလား....'

'အရည်းကြီးဆရာက မကြည့်ကြနှင့် စောသုမာကိုသာ ပြခဲ့ဟု မှာလိုက်ပါသည်ဘုရား....'

'သနားစရာနှော်၊ တော်တော် ယုတ်ကန်းတဲ့ သတ္တဝါကြီးတွေ၊ တူမတော်ကလေးများသည် အထုပ်များကို ယောင်ပြီးများဖြေမကြည့်ကြနှင့်၊ မှာပြီးသားဖြစ်ပါလိမ့်မလေ...'

'အကြောင်း အကျိုးကိုဘာမျှမမှာလိုက်ပါ၊ ဖြေမကြည့်ကြနှင့်လို့သာမှာလိုက်ပါသည်ဘုရား....'

'အော်....တော်တော်နက်တဲ့ အကြံပါကလား....'

'မသိပါဘုရား....'

'ယုံတယ်မသိဘူးဆိုတာ....သည် အထုပ်တွေဟာ ရတနာကျောက်ထုပ်မဟုတ်ဘူး၊ လူကိုသေစေတတ်တဲ့ ရောင်ခြည်ပေါ်ခဲကလေးများ အထုပ်တွေ....'

'မသိပါဘုရား....'

'သည်ဓါတ်ခဲကလေးများဟာ အင်မတန်လှပတယ်၊ မြင်ရင် မြင်သူများဟာ မကြည့်ဘဲကိုမနေနိုင်အောင် လှပတယ်၊ လှပ လို့ကြည့်နေရင် အဲသည် ဓါတ်ခဲကလေးများက ထွက်လာတဲ့ ရောင်ခြည်ဟာ လူကိုပူလောင်ပြီးသေစေတတ်တယ်....'

'ကြောက်စရာကြီးပါလားဘုရားကျွန်မတို့ ဘာမှ မသိပါ ဘုရား....'

'အင်း... သည်ကျောက်ထုပ်တထုပ်ကို ရေထဲချရင် ရေဟာ ဆူပွက်လာပြီး အဲသည်ရေထဲမှာရှိတဲ့ သတ္တဝါတွေဟာ သေ ကုန်ရမယ်၊ မီးထဲကို ဝေးဝေးကနေပြီး ထည့်လိုက်ရင် ဖေါက် ကွဲကာ အသံကြီးမြည်ဟီးပြီး မြေကြီးကို တုံလှုပ်သွားရမယ်-'

'မသိပါဘုရား....'

'ကိုင်းမြန်ကြ၊ စမ်းကြည့်ချင်ရင်လဲ စမ်းကြည့်ကြပေါ့....'

ထိုမိန်းကလေးသုံးယောက်သည် ဓါတ်ခဲသုံးထုပ်ကို မြစ်ထဲ သို့ချကြည့်ရာ၊ ရေသည် ဆူပွက်လာ၍ ငါးတို့သည် သေကြ ရလေ၏။

ထို့နောက် ထိုမိန်းကလေးသုံးယောက်တို့သည် မီးပုံကြီး ကို မြစ်ကမ်းနား၌ ပြု၍ခပ်ဝေးဝေးက ကျန်သောကျောက်ထုပ် များကို မီးပုံကြီးအတွင်းသို့ ပစ်သွင်းလိုက်ရာ အလွန့်အလွန့် ကျယ်လောင်သောအသံကြီးသည် မြည်ဟိန်းပြီးသော် ငလျင်ကြီး လှုပ်သကဲ့သို့ ပြင်းထန်စွာ လှုပ်လေ၏။

မိန်းကလေးသုံးယောက်လည်းပက်လက်လန်လဲကာ ခဏ မျှပင် မေ့သွားလေ၏။

၎င်းတို့သည် သတိရကြသော် ကြောက်လန့်တကြားနှင့်ထ၍

ပြေးကြပြီးသော် အရည်းများနှင့် အတွေ့မခံဘဲ ရှိနေကာ ရှုပ်ဖျောက်ပြနေကြလေ၏။

ထိုအသံနှင့် လျောင်လှုပ်ခြင်းကိုသော်လည်းပိုက်မင်းကြီးနှင့် ရာဇသကြီ အမတ်ကြီးတို့သည်ကြားသိရသော်'အင်း....အရည်းများ တမျိုးခြောက်လှန့်ပြန်ပြီ'ဟု သိကြလေ၏' အရည်းကြီးဦးချမ်းမြေ့ကား စောသုမာ ဘေးကင်းသွားသည်ဟု ယူဆ၍ 'ဟင်းအကြံတော့ချော်ပြန်ပြီ'ဟု ယူဆနေလေ၏၊သို့ရာတွင်အရည်းဂိုဏ်းချုပ်ကြီးသည်ကား လျောင်လှုပ်သည့်နဂါးများမြူးထူးသည်ဟု အကွက်ဖေါ်ပြပြီးသော် အရည်းများအား နဂါးကိုပူဇော်ပွဲကျင်းပရန် လှုံ့ဆော်ပေးလေ၏။

ထိုအခါ စောသုမာထံ သွားရောက်ခဲ့သော မိန်းကလေးသုံးယောက်တို့က လျောင်လှုပ် မြေတုံသည်ကား နဂါးများကြောင့်မဟုတ်ဟု ၎င်းတို့ပြုလုပ်ခဲ့သော အကြောင်းများကို ပါးစပ်မောင်းတီးနိုင်သမျှ တီးခလသောကြောင့်အရည်းကြီးဦးချမ်းမြေ့၏ ထိုအကြံအစည်သည်လည်းလျော်ပျက်ပျက်ပင်ဖြစ်နေရပြန်လေ၏။

ထိုနည်းဖြင့် အရည်းကြီးတို့သည် ရှေးကကဲ့သို့ စားပေါက်မထွင်သာအောင် ရှိသည်ပြင် ကျောင်းလွတ်ပူဇော်မှုသည်လည်းမရှိသလောက်ပင် ရှိနေလေ၏။ တကာမများ၏အိမ်သို့ သွားရောက်၍ မေထုန်အလှူခံရာ၌လည်း ရပ်ရွာကမလိုက်မလျောသဖြင့် အရည်းတို့၏အကြံသည် ကြံသမျှမဟန်သကဲ့သို့ ရှိနေလေတော့သည်၊

အရည်းကြီး ဦးချမ်းမြေ့သည်ကား မိတ် အတတ်ပညာ၌ အတော်ပင် တတ်ကျွမ်း၏၊ ထို့အတူ သိဒ္ဓိဗလ၊ စိန္တာမဏိတို့

လည်း ဓါတ်အတတ်ပညာမှစ၍ အတတ်ပညာတို့၌ ကောင်းစွာ တတ်ကြ၏။ သို့ရာတွင် ၎င်းတို့၏အကျင့်သည် ငါစားသာဖြစ်နေ သဖြင့် သမထီးအရပ်၊ ငှက်ပစ်တောင်ပတ်ဝန်းကျင်အရပ်တို့ ၌ လူတို့၏အပေါ်တွင် မလွှမ်းသာဖြစ်နေကြလေ၏၊

သမထီးအရပ်ရှိ နာဂိန္ဒအရည်းနှင့် သောမအရည်းတို့ သည်လည်း အတတ်ပညာအရပ်ရပ်တို့၌ ဂိုဏ်းအုပ်ကြီးဦးချမ်း မြေ့ထက်သာတန်လျှင် သာပေလိမ့်မည်၊ သို့သော်၎င်းတို့သည် တောနေရဟန်းကြီးများကဲ့သို့ကျင့်သုံးနေထိုင်ကြသဖြင့် လူများ ၏ ကြည်ညိုခြင်းကို အထူးသဖြင့် ရကြလေ၏။၎င်းတို့၏လက် ရင်းတပည့်ကြီးများသည်ကား ထိုက်တန်သော သူတို့အား အ တတ်ပညာနှင့်စာပေကျမ်းဂန်တို့ကို သင်ကြားပေးခြင်း၊ကလေး ငယ်များအား စာသင်ပို့ချပေးခြင်းတို့ကြောင့် သမထီးအရပ် ၌ လူထုက အရည်းများ၏ ပြုမူနေထိုင်ခြင်းတို့ကို ကြေနပ်နှစ် သက်ခြင်း များကြလေ၏၊

စင်စစ်သော်ကား သမထီးအရပ်ရှိ အရည်းခေါင်းဆောင် များနှင့် ဂိုဏ်းအုပ်ကြီး ဦးချမ်းမြေ့ ခေါင်းဆောင်သောအရည်း တို့သည် ရောကြသော်လည်း ငှက်ပစ်တောင် ဂိုဏ်းချုပ်ကြီး အ ရည်းချမ်းမြေ့ ခေါင်းဆောင်သော အရည်းတို့သည် ငှက်ပစ် တောင် အရည်းတို့ကို မတည်လျက် သမထီးအရပ်မှအရည်း တို့က လွှမ်းမိုးရန် ကြံဆောင်သည့်လက္ခဏာရှိလေသည်၊ ထို့ ကြောင့် ဘုရင်မင်းမြတ်သည် ၎င်းတို့၏ဘက်သို့ မျက်နှာမူရန် ဝမ်းတွင်းကောက်အဖြစ်နှင့် ကြိုးစားကာရှိလေသည်။

အရည်းကြီးဦးချမ်းမြေ့သည် ၎င်း၏ အတတ်ပညာစွမ်းကို ငှက်ပစ်တောင်အဝှမ်းခရိုင်တို့၌ပြသောသဘောဖြစ်မည်သည့်အ

ချိန် မည်သည့်နေရာ၌လောင်မီးကျမည်ဟု ဟောပြောပြီးနောက် လောင်မီးချ၍ပြလေ၏၊ ထိုသို့လောင်မီးကျရခြင်းသည် နတ်နဂါးများက ကျိန်ဆဲခြင်းကြောင့်ဟု လူများအားဟောပြော၏။

ထိုအကြောင်းကို ရာဇသကြံ အမတ်ကြီးသည်သိသောအခါ အရည်းဂိုဏ်းချုပ် ဦးချမ်းမြေ့ထံ အသင်တို့သည်နဂါးပူဇော်ပွဲကို အကြီးအကျယ်လုပ်မည်မှာ လုပ်ပါတော့၊ လောင်မီးကျစေခြင်းဖြင့် လူတို့အား လှည့်ဖြားခြင်း၊ ခြိမ်းခြောက်ခြင်းကိုမပြုပါနှင့်ဟု စာရေးကာ တားမြစ်လေ၏။

ထိုအခါအရည်းကြီးဦးချမ်းမြေ့လည်း ဤသို့ စာပြန်လေ၏။

'အမတ်ကြီး လောင်မီးကိုငါဆရာသည် ချနိုင်၏၊ သို့ရာတွင် လူများ၏စိတ်ကို အနှောင့်အယှက်ဖြစ်မည်ကြောင့်မချ၊ လောင်မီးသည် သူ့ဘာသူ ကျသည်ကို ကျွန်ုပ် မတတ်နိုင်။ နောင်ကိုမကျရန်သာ နဂါးများအား ပူဇော်ပွဲကို ကျွန်ုပ် ပြုလုပ်သည်'

ရာဇသကြံသည်ကား ထိုအရည်းကြီး၏ စာကိုဘတ်ကြည့်၍ ဤအရည်းကြီးသည် ငါ့ကိုပင် လှည့်စားပြန်သည်၊ သုံးမရန်ခက်ပိခြင်းဟု အောင်းမေ့ပြီးသော် ဤသို့တဖန်စာရေး၍ တားပြန်လေ၏။

'ဂိုဏ်းချုပ်ကြီး ဦးချမ်းမြေ့ ကျွန်ုပ်ကိုပင် ပလီရသေးသလား၊ ဘာဘဲဖြစ်ဖြစ် နောက်ကို လောင်မီးမကျစေနှင့်....'

ဂိုဏ်းချုပ်ကြီးသည် ရာဇသကြံ အမတ်ကြီးနှင့် သည်လည်ပိုက်မင်းကြီးကိုကား မိမိထက် အတတ်ပညာကြီး၍ သာသည်ဟု ယူမှတ်သည်ဖြင့် အစိုးတရသူများဖြစ်ခြင်းကြောင့် အနည်းငယ် ရှိမ်းပုံရ၏။

ရင်းသည် နဂါးပူဇော်ပွဲကို အကြီးအကျယ်ပြုလုပ်ရာသို့ ဘုရင်မင်းနှင့်တကွ နန်းတော်သူနန်းတော်သားများအားလုံး၊ မှူးကြီး၊ မတ်ကြီး ဝန်ကြီးများ စသည်တို့ကိုခန့်ညားလေးမြတ်စွာနှင့် လာရောက်ရန်ဘိတ်လေ၏၊ ဘုရင်နှင့်တကွ နန်းတော်သူ-နန်းတော်သားများ ဝန်ကြီးများစသောအာဏာပိုင်တို့အတွက် အလွန်ခမ်းနားသောညှ့်ခံမဏ္ဍာပ်ကြီးကိုထိုးထားလေ၏။

ထိုပူဇော်ပွဲသို့ ဝန်ကြီး၊ မင်းကြီး၊ စိုးကြီး၊ရာထမ်းမှုထမ်းတို့ သွားရောက်သော်လည်း ဘုရင်မင်းမြတ်နှင့် နန်းတော်သူ-နန်းတော်သားများ၊ ရာဇသကြံ စောသုမာတို့သည် မသွားရောက်ကြချေ၊ ရွှေရွှေသည်လည်း ထိုပူဇော်ပွဲသို့မလာရောက်ချေ၊ထို့ကြောင့် ဂိုဏ်းချုပ်ကြီးသည် အလိုပြည့်ဟန် လက္ခဏာမရှိချေ။

ဂိုဏ်းချုပ်ကြီး ဦးချမ်းမြေ့သည်ကား အတော်ပင် ဥာဏ်ကစားတတ်သောကြောင့် ထို နဂါးပူဇော်ပွဲကြီး ပြီးသောအခါ ၎င်း၏ လက်ရုံး နှစ်ဆူဖြစ်သော အရည်းသိဒ္ဓိဗလနှင့်အရည်းစိန္တာမဏိတို့ကို ခေါ်၍ ဘုရင့်နန်းတော်သို့သွားရောက်ပြန်လေ၏။ ဘုရင်မင်းမြတ်လည်း ယဉ်ကျေးစွာ ညှ့်ခံ၍ ဤသို့လျှင် စကားယှက်ကူးနေကြလေ၏။

'အရည်းဆရာများ ဘာကိစ္စ ကြွလာပြန်ပါသလဲ....'

'တကာတော် ရေမြေ့ရှင် ကျုန်ုပ်တို့က နဂါးပူဇော်ကြီး အကြီးအကျယ် ပြုလုပ်ရာ၊ ကျွန်ုပ်၏ဘုရင်မင်းမြတ်လည်း ဖြစ်သဖြင့် ကြွရောက်ချီးမြှင့်လိမ့်မည်ဟု အားကိုးမိသည့်အတိုင်းဘိတ်ပါသည်။ ဘုရင်မင်းမြတ်နှင့် နန်းတွင်းသူ နန်းတွင်းသားများ၊ မင်းဆွေမင်းမျိုးများနှင့် မရီးတော်ခေါင်ခေါင်ကြီး စောသုမာ

တို့အတွက် အတူးမြှကာ မြင့်မြတ်သော မင်းနေရာကိုလည်း မြှထားပါသည်။ သို့စဉ်လျက် ရွှေဘုန်းတော်ရှင် မကြွလာသောကြောင့် အင်မတီ အင်မတန် ဝမ်းနည်းမိပါသည်....

'ကျွန်ုပ် သည်အယူကို မှားသည်ဟုသိသည်၊ ထို့ကြောင့် မှားသောအယူကို ချီးမြှင့်မိရာရောက်မည်ဆိုး၍ အရည်းကြီးတို့ ဘိတ်သည်ကိုမလာ၊ မရိုးတော်ဘုရားလဲ သည်လိုဘဲ....'

'တကာတော်မှားသည်၊ မှန်သည်မှာ အပထား၊ အရည်း ဂိုဏ်းဝင်တို့လည်း တကာတော့် တိုင်းသူပြည်သားအရည်းတို့လည်းတကာတော့် ဘုန်းရိပ်ကို ခိုလှုံနေသော သူများ။ ထို့ကြောင့် ယခုလိုမျက်နှာမလွှဲသင့်ပါ....'

'အရည်းဆရာတော် စကားတတ်တယ်၊ အရည်းဂိုဏ်း ဝင်များနှင့် အရှည်းများဟာ ထင်သလိုကျင့်ကြံနေတာဘဲ မဟုတ်လား၊ ဘာများ ကျွန်ုပ်၏ဘုန်းရိပ်ကိုခိုလှုံနေသလဲ....'

'တကာတော် ယမ ံက ငှက်ပစ်တောင်အဥမ်း ခရိုင်ရပ်ကွက်မှာ ထိတ်လန့်ဘွယ် တန်ခိုးစွမ်းကောင်းပေါ်ပေါက်နေပါသည်။ ထိုသူခိုး စွမ်းကောင်းသည် ဘုရင်မင်းမြတ်၏ ဘုန်းတော်ရိပ်ကြောင့် ပပျောက်သွား၍အရည်များနှင့်တကွ တိုင်းသူပြည်သားများမှာအေးကင်းသွားပါသည်။ ဤသည် တကာတော့် ဘုန်းတော်ရိပ်ပင်မဟုတ်ပါလား....'

'အတော်လာတဲ့ အရည်းကြီးမဟုတ်ဘူး ပညာရှိရာဇသကြံ အမတ်ကြီးက ငှက်ပစ်တောင် အဥမ်းခရိုင် သူခိုးဆူပူရာအရပ်ကိုသွားရောက်ပြီး သူခွေးသဘော၊ သူကြွယ့် သဘော၊ လူကုတန့်သဘော အလုပ်သမားသဘောစသော တိုင်းသူ ပြည်သားတို့ရဲ့ သဘောတရားတို့ကို နားလည်စေတာနှင့် သူခိုး စွမ်း

ကောင်းများ ငြိမ်းသွားတယ်။ ကျွန်ုပ်ရဲ့ ဘုန်းကြောင့်မဟုတ်ဘူး၊ သည်လိုမပြောက်နှင့်၊ ကျွန်ုပ်မပြောက်တတ်ဘူး....’

ထိုသို့ပြောဆိုနေသည်တွင် ဘုရင့်နန်းတော် စမုတ်အောက်မှ ဘုရားကျွန်မ မျက်နှာမဲ့ကို ဝင်ခွင့်သနားတော်မူပါဘုရား’ ဟုကလေးကို ခါးတစ်ခွင် ချီ၍ မိန်းမ တယောက်သည် ဟစ်လေ၏၊ မင်းကြီးသည်လည်း ဤသို့မိန့်တော်မူလေ၏။

‘ဟယ့် ဘယ့်နဲ့ အသံလဲ....’

‘မိန်းမတယောက် ကလေးကိုခါးတစ်ခွင်ချီပြီး ရွှေနားတော်ကြားတင်ရရန် ဟစ်ခြင်းထင်ပါသည်ဘုရား....’

‘ရှေ့တော်သွင်းလိုက်....’

ထိုမိန်းမသည် ဘုရင့်ရှေ့တော်မှောက်သို့ရောက်လတ်သော် အရည်းကြီးဦးချမ်းခြေ့၏မျက်နှာကို ထိလုကမန်းလက်ညှိုးနှင့် ထိုး၍ ဤသို့ရန်ထောင်လေ၏။

‘ရှင်ကြီးဟာကတိမဘည်၊ သစ္စာမရှိ၊ ဘာကြောင့်ဘုရင့်ရှေ့တော်မှောက်သို့လာပြီး ရှောင်တိမ်းနေရသလဲ၊ ဟင်....တယ်တော်၊ တယ်လဲသမာဓိရှိတဲ့အရည်းကြီးကိုး....’

‘ဟယ့်ကောင်မ နင်ဘုရင်မင်းမြတ်ရှေ့မှာ ငါ့ကိုဘာပြောတာလဲ၊ ဘယ်အကောင်က သရုပ်ဆင်ပြီး မြှောက်ပေးကာငါ့ကို ဘုရင့် ရှေ့တော်မှောက်တွင် လာရောက် အရှက်ခွဲပါသလဲ....’

‘ရှင်ကြီး....ရှင်ကြီးဟာအရည်း ဂိုဏ်းချုပ်ပီသစွာ လိုးလွဲတဲ့စကားကိုဆိုတာလား....ကျွန်မမှာကိုယ်ဝန်ခုနှစ်လ ရှိတဲ့က ‘ရှင်ကြီးဟာ တပြားတချပ်မှ မထောက်ပံ့’၊ ကျောင်းတော်ကြီးသို့လာပြီးတောင်းတော့၊ နင်မျက်နှာမြင်ရင်....’

'ဟယ် ကောင့်မ… ဘုရင်မင်းမြတ်ရဲ့ ရွှေတော်မှောက်မှာ ဘာကြောင့်မဟားတယားလာပြီး ပြောနေတာလဲ…'

'မဟားတရားဟုတ်ပေါင်…. ကလေးမီးဖွားတော့လဲ မီးနေ ရိတ်တပြားတချပ်မှမပေး၊ ခုကလေး ငါးလသားရှိပြီ၊ တပြားမှ မပေး။ နဂါးပူဇော်ပွဲကြီးပြီးတဲ့အခါ ငါ့မ,စ,ချီးမြှင့်မယ်လို့ ပြောတယ် … လာပြီး မပေးလို့ ကျောင်းတော်ကြီးသို့ လိုက် တော့ ပုန်းနေတယ်….'

'နင့်ကို ဘယ်သူကမြှောက်ပေးပြီး ဘယ်သူကသင်ပေးသလဲ၊ နင် မဟားဘရား မဟုတ်တရုတ်၊ ဘာတွေကို လာပြီး ငါ့အ ရှက်ကိုခွဲသလဲ၊ မိရွှေရွှေကသင်ပေးပြီးမိရွှေရွှေကမြှောက်ပေး သလား…'

'ဟုတ်ပေါင်မှန်တာကိုပြောတာ….'

'နေအုံး…နေအုံးကောင်မကလေး နင့်နာမယ် ဘယ်သူလဲ'

'မိသက်ပေါ့ဘုရား….'

'ဟယ် နာမယ်နှင့်မလိုက်ပါကလား…. ခုတော့ နင်ဟာ မိ ကြမ်းပူဖြစ်နေတယ်…'

'ဘုန်းဘုရား … ကျေးတော်မျိုးမ မှန်တာကို ဆိုနေတာပါ ဘုရား….'

'ဟ….မှန်တာ မမှန်တာကိုလဲ ငါမသိ၊ ငါ့မှာ ဆုံးဖြတ်ခွင့် အာဏာ၊ သည်ဟာ တရားရုံးမဟုတ်လို့၊ မရှိ….'

'ဘယ်လိုလိုက်နာရပါမလဲဘုရား….'

'တရားရုံးမှာ အမှုသွားအလျှောက်။ လျှောက်ထားစွဲဆို…'

'ဦးတည့်ရပ်ပါဘုရား….'

'တကာတော်….'

'အရည်းဆရာ ဘာကို ဆိုချင်ပါသလဲ....'

'အရည်းများကို တရားရုံးမှာ တရားစွဲဘို့မသင့်ပါ....'

'ခုတွင်ကဘဲ အရည်းများသည် တကာတော် ရှင်ဘုရင့်ဘုန်းရိပ်ကို ခိုလှုံနေတယ်ဆိုတယ်။ တရားရုံးဆိုတာ သာမည မဟုတ်ပါ၊ တရားရုံးသည်ရှင်ဘုရင်၊ နိုင်ငံတော်မှာ တရားရုံး တည်မှ ရှင်ဘုရင်ရှိပါတယ် လူရိုင်းများ ရပ်ကွက်မှာ တရားရုံး မရှိလို့ ရှင်ဘုရင်မရှိ၊ နိုင်ငံရာစား တိရစ္ဆာန်များမှာလည်းထိုနည်းလည်းကောင်း၊ တရားရုံးတည်မတ်မှ ရှင်ဘုရင်ဟာ တည်မတ်ရာကျပါတယ်၊ စင်စစ်ရှင်ဘုရင်ဆိုတာ တရားရုံးဘဲ၊ ဒါကြောင့်အရည်းများလဲ တရားရုံးကို မှီခိုနေရာရောက်နေတယ်၊ အရည်း ဆရာနှင့် မိညက်ရေ့ အမှုကို တရားရုံးက ဆုံးဖြတ်ပြီး ပေးလိမ့်မယ်၊ ဒါဟာသဘာဝ။ အရည်းရဲ့စကားအတိုင်း ကျွန်ုပ်က ပြောတာ၊ တရားရုံးကဆုံးဖြတ်ခြင်းကို မခံချင်ရင်လဲ၊ အရည်း ဆရာတော့ သဘောပေါ့၊ ရှင်ဘုရင်မရှိတဲ့ တိရစ္ဆာန်များ လူ့သဘာဝဆိုက်လာမှာကို အရည်းဆရာသတိပြု...'

အရည်းကြီး ဦးချမ်းမြေ့သည် ရှင်ဘုရင့်ထံ လှည့်စားရန် လာရောက်၏။ ယခုအကြပ်တွေ့နေရပြီ။ မည်သို့မျှစကားကို မဆိုနိုင်ဘဲတွေကာနေသဖြင့် ဘုရင်မင်းမြတ်သည် သိဒ္ဓိဗလနှင့် စိန္တာမဏိအရည်းတို့အား 'ဘယ့်နှယ်လဲ အရည်းဆရာ နှစ်ပါး'ဟု မေးတော်မူရာ၊သိဒ္ဓိဗလက 'ဒါဟာသဘာဝဘဲစိန္တာမဏိက နိုင်ရာစားဖြစ်ပေါ်လာမှာကိုစိုးရိမ်ရတယ်၊ သည်တော့ လဲဘုရင့်အစိုးရက ကြားဝင်လာပါလိမ့်မယ်'ဟု ဆိုကြလေ၏။

ဦးချမ်းမြေ့ကား မည်သို့မျှတွန့်မတက်နိုင်သောကြောင့်'တကာတော်ပြီးပြတ်အောင် ဆောင်ရွက်ပေးတော်မူပါ' ဟုအနိဋ္ဌ

အကျုံးဝင်သည့်သဘောနှင့် ဆို၍ ဘုရင်မင်းမြတ်သည် ဤသို့ စစ်မေးတော်မူရလေ၏၊

'မိညက်နေဝင်ပြောတိုင်းဆိုတိုင်းဟုတ်မဟုတ်ကို ငါတိုင်းထွာရလိမ့်မယ်၊ နင်ဟာ လည်ဆည်ပြီးတော့လဲ ပြောချင်ပြောမှာ။ နင့်ဖြစ်ကြောင်းကုန်စင်ကို အစကချီ၍ ငါ့အား တင်....'

'မှန်လှပါ ဘုရားကျွန်မသည် ပန်းရောင်း၍ မိဘတို့အား လုပ်ကျွေးသမှု ပြုနေပါသည်....'

'နင့်မှာ အကို,မောင်,အစ်မ,ညီမတို့ မရှိဘူးလား....'

'မရှိပါဘုရား...'

'အင်း....ဆက်တင်....'

'တနေ့သ၌မှာ၊ ဘုရားကျွန်မသည် ပန်းရောင်း၍အပြန်တွင် အရည်းဂိုဏ်းချုပ်ကြီး ဦးချမ်းမြေ့ကို အိမ်တွင် တွေ့ပါသည်၊ ဦးချမ်းမြေ့သည် ဘုရားကျွန်မရောက်၍ အတန်ကြာသော်ပြန်သွားပါသည်....'

'အင်း....'

'နေ့လည်အချိန်မှာ အမေက ဘုရားကျွန်မကိုခေါ်ပြီး ဤသို့ ပြောပါသည်၊ ဒို့မှာဘဝက ဒါနခေါင်းပါးလို့ ယခုလိုဆင်းရဲရတယ်။ ငါသမီးမှာလဲ ရုပ်ရည်နှင့်မလိုက် နေပူစပ်ခါးလယ်ကာ ပန်းရောင်းရတာ အင်မတန်ပင်ပန်းတယ်၊ အဲ့သည်တော့ ဒို့အရည်းဂိုဏ်းချုပ်ကြီးထံမှာ ငါ့သမီး ပန်းဦး, ကျောင်းလွှတ်ပူဇော်ရင် ဒို့ချမ်းသာဘို့လမ်း ရှိတယ်လို့ ပြောဆိုပါသည်'

'အင်း....'

'ဘုရားကျွန်မလည်း ရှင်းကိုလန့်၍ တောင်းပန်ပါသည်။ဝိုင်း၍ အကြိမ်ကြိမ်တောင်းပန်ပါသည်၊ သို့သော် မိဘတို့မှာ ဆင်းရဲ

ဇော်ပွဲ ပြုလုပ်ရာ၌ အဘယ်ကြောင့် ဘုရင်မင်းမြတ်ကို အထူးပြုကာ ဘိတ်ဘိသနည်း၊ ဘိတ်၍မလာသော်ဘုရင်မင်းမြတ်ထံလာ၍ ဝမ်းနည်းကြောင်းကို ပြောဘိသနည်း၊ ထိုငှက်ပစ်တောင်အရည်းကိုကားချုပ်ကြီးသည် ဥာဏ်ကျယ်လှသည်အတိုင်း ၎င်း၏ဆောင်ရွက်ပုံများကို များစွာစဉ်းစားဘွယ်ဖြစ်ချေသည်။

သည်လည်ကြောင်ငယ်မင်း၏ မိဖုယားကြီးစောသုမာသည် သည်လည်ပိုက်မင်း၏လက်ထက်တော်၌ အလွန့်အလွန် ဩဇာကြီးမားနေလေသည်၊ သည်လည်ပိုက်မင်းကြီးသည်ပင်လျှင်မရိုးတော်စောသုမာကို အလွန်လေးစား၍ စောသုမာ၏စကားကို ကောင်းစွာ နားထောင်လေသည်။ စောသုမာသည်ကား အရည်းများသည် များစွာ မာယာထူသည်။ မာယာတကာ့မာယာတွင် 'အရည်းမာယာ' သည် အလွန်ဆိုးသွမ်း၍ ယုတ်ကန်းလေသည်ဟု ၎င်း၏မတ်တော်မောင်ဘုရင်မင်းမြတ် အား ပြောထားလေသည်။

စောသုမာသည်ကား အရည်းများ၏အတွင်း၌မြေးလွှားကာလာခဲ့ရသော အမျိုးသမီး တယောက်ဖြစ်၍ အရည်းများ၏သဘောကို ကောင်းစွာနားလည်ဟန်ရှိလေသည်။

သည်လည်ပိုက်မင်းသည်လည်း အရည်းများ၏ ဝါဒကို ဖျက်ဆီးလိုသော်လည်း ရဟန်းကြီးများမှာ တောနေသာများသည့်ပြင် အရည်းများနှင့် မတူပြိုင်လိုသောကြောင့်တောရွာဇနပုဒ်များ၌သာ မှီတင်းနေကြသဖြင့် လူများ၏ကိုးကွယ်ရာ အစားထိုးရန်မရှိသကဲ့သို့ ရှိနေလေသည်။

သည်လည်ပိုက်မင်းသည် ထိုနန်းစည်းစိမ်ကို ခံယူ၍ စည်းစိမ်တော် ဆယ်နှစ်ကျော်ရှိလာသောအခါ မိမိ၏အတတ်ပ

ညာကို အလွန်အားကိုး၏၊ စွမ်းရည်ကိုလည်း များစွာရှိ၏၊ အကျင့်သဘောလည်း အလွန်မြင့်မြတ်၏။ အရည်းတို့ကားမိမိတို့၏ အင်အား မိမိတို့ ကြိတ်၍ကြံနေကြရာ၌ ဘုရင်မင်းမြတ်ထံတော်သို့ သူ့ထက်ငါဝင်ပြီးလျှင် ပလူးကြကုန်၏၊ ဘုရင်မင်းမြတ် အစိုးရ၏ မျက်နှာသာပေးခြင်းကိုအထူးလိုလားကာ ခံယူလိုကြကုန်၏၊

စောသုမာသည်ကား သေည်လည်ပိုက်မင်းကြီးကိုသာမက၊ ခန်းလောင်းမင်းသားကိုလည်း မိမိကြပ်မတ်ကာ သွန်သင်လာသည်အတိုင်း အထူးသတိပေးကာ ရှိလေ၏၊ ၎င်းသည် မင်းကြီးကို ခန်းလောင်းအား အိမ်ရှေ့ပေးရန် တိုက်တွန်း၏၊ သေည်လည်ပိုက်လည်း ညီတော်ခန်းလောင်းအား အိမ်ရှေ့ရာထူးကို အပ်နှင်း၏၊ သို့ရာတွင် ခန်းလောင်းသည်လည်းအာကယောကျ်ားဖြစ်၍အိမ်ရှေ့ရာထူးဖြင့်အတယ်ထူးခြားပါသနည်း၊ ယခုလည်း နောင်ဘုရားကိုယ်စား ပြုမူစီရင်အုပ်ချုပ်နေခြင်းပင်ဖြစ်ပါသည်ဟု လက်မခံချေ၊

စောသုမာသည် ထိုသို့သော ခန်းလောင်းမင်းငယ်အား.... မင်းကြီးထံသို့ အရည်းများ ဒါဝင်အထွက်များသည်၊အရည်းမာယာသည် အလွန်ကြောက်စရာနှင့် ရှ စရာကောင်းသည်။၎င်းကို အထူးကြပ်မတ်ရမည်၊ မတ်တော်ကလေးအခွင့်မရဘဲ နောင်ဘုရားထံမဝင်စေရဟု မှာထားလေ၏၊ ခန်းလောင်းသည်လည်း မရိးတော်စောသုမာ၏အမိန့်အတိုင်း အထူးကြပ်မတ်၍ ထိုအရေး၌ စီစဉ်ထားလေ၏။

အရည်းများသည်ကား၊ အတတ်ပညာကို လေ့လာဆည်းပူးခြင်းနှင့်ကြံစည်နေခြင်းကိုအထူးလျှို့ဝှက်သိုသိပ်ကာထားလေ

၏၊ အရည်းအချင်းချင်းလည်း တဦးကြီးစည်နေခြင်းနှင့် တဦးကြီးစည်နေခြင်းကို လျှို့ဝှက်ထားသည်ဖြစ်၍မသိကြရသည်ပြင်၊ အတတ်ပညာကို လေ့လာ ဆည်းပူးခြင်း၌လည်း တဦးနှင့်တဦး မသိရအောင် အလူးလျှိုဝှက်ထားကြလေ၏၊

၎င်းတို့သည် ၎င်းတို့၏အတတ်ပညာသည် မည်မျှစွမ်းချည်ရှိနေသည်ဟု ရာဇသကြီ ကိုရွှံ့သောကြောင့် မစမ်းသပ်ဝံ့ကြချေ၊ အကယ်၍ စမ်းသပ်သည်ကိုသိသော် ရာဇသကြီ အမတ်ကြီးသည် ၎င်းတို့၏ ဘေးဥပတ်ဖြစ်စေတတ်သော အတတ်ပညာများကို ချေမှုန်းကာ ဖျက်ပစ်လိမ့်မည်ဖြစ်ချေသည်၊ ရာဇသကြီနှင့်သည့်လည့်ဂိုက်ခင်းကြီးသည်လည်း အတတ်ပညာ၌ လေ့လာဆည်းပူခြင်းကို မလျှော့ကြချေ။

ထိုသို့အခြေအနေ၌ အရည်းများ၏ တကာသူဌေးကြီး ဦးစိုးသိမ်း၏သားမောင်သာလှနှင့် အရည်းများကို မကြည်ညိုသောသူဌေးကြီးဦးလှတင်၏သမီး မြမြသည် နပါးရုံစေတီတော်ပွဲ၌ တဦးနှင့်တဦး အသိအကျွမ်း ဖြစ်သွားကြလေ၏။

မောင်သာလှသည် မြမြ၏ထံသို့အသိအကျွမ်းဖြစ်ပြီးနောက် ခဏအလည်ရောက်သောကြောင့် ၎င်းတို့နှစ်ဦးသည် မျက်နှာပွင့်းတီးရုံမျှမက တဆင့်တက်၍ အချစ်ခေါ်တ်သည် တဦးကိုတဦး ဆွဲငင်မိလာကြလေ၏၊

ထိုအခါ မောင်သာလှသည် ၎င်း၏အဘေဦးစိုးသိမ်းအား မြမြကိုတောင်းဆိုယူငင်ရန် မြမြ၏ မိဘများထံတွင် စကားကြောင်းလှမ်းပြောဆိုရန် ပူစာလေ၏။

ဦးစိုးသိမ်းလည်း တော်တော့ကို ဒေါင်မြင်းသောသူဌေးဖြစ်၏၊ အရည်းများကို ဘယ်သူမှကိုးကွယ်၊ ကိုးကွယ်၊ ငါ တ

ယောက်တည်းဖြစ်ပါစေ၊ ငါပိုင်ခဲ့၍ကိုးကွယ်မည်ဆိုသော လူစားဖြစ်သဖြင့် မြမြ၏ဖခင် ဦးလှတင်သည် မိစ္ဆာဒိဋ္ဌိဖြစ်သည် မိစ္ဆာဒိဋ္ဌိ၏သမီးနှင့် မပေးစားလိုဟု ညင်းပယ်လေ၏။

မောင်သာလှသည် အခါခါ ဖခင်၏အဘေထံတွင် တောင်းပန်ပြောဆို၏၊ ဦးစိုးသိမ်းလည်းအခါခါ ပြင်းပြင်းထန်ထန်ပယ်၏၊ ထိုအခါမောင်သာလှသည်၎င်းသို့ဆိုသော် 'ကျွန်တော်သည် အမထေရ်အရပ် တမ္ပဝတီ၌ မနေတော့ပြီးအောက်မြို့ကျေးရွာသို့ လိုက်ပါသွားတော့မည်'ဟု မိဘနှစ်ပါးထံတွင် အတည့်အလင်း ပြောဆိုလေတော့၏။

ဦးစိုးသိမ်းသည်ကား အတော်ဒေါ်ပြင်းသောသူဖြစ်သဖြင့် မင်းသွားချင်သွား၊ ငါ့မှာ သမီးသုံးယောက် ရှိသေးသည်၊ ငါသည် မောင်လှတင်ထံသွားရောက်၍ သည်အကောင့် သမီးကို တောင်းရမ်းရန် စကားမပြောနိုင်ဟု ခါးခါးသီးသီးညင်းပယ်ကာဆိုလေ၏၊ သို့ရာတွင် မောင်သာလှ၏မိခင် ဒေါ်ကြွယ်သည်ကား သားတယောက်တည်းဖြစ်သဖြင့် သား၏သွားခြင်းကိုမလိုလားနိုင်လေရကားဖခင်း၏ခင်ပွန်းဦးစိုးသိမ်းထံတွင် ငိုယို၍တောင်းပန်သဖြင့် ဦးစိုးသိမ်းသည် သား၏အလိုကို လိုက်လျောရပြီးသော် တမနက်သောအချိန်တွင် ဦးစိုးသိမ်းနှင့်ဒေါ်ကြွယ်သည် ဦးလှတင်-မငွေဥတို့၏ထံသို့ အခြားလူကြီး တနင်္ဂါးယောက်ကို ပါပင့်ပြီးသော်စကားကြောင်းလမ်းရန် သွားရောက်ကြရလေ၏။

ထို့ကြောင့်၎င်းသို့သော စကားများသည် ဖြစ်နေကြလေ၏။

'ဘာကိစ္စများပါလဲဗျာ....'

'ကျွန်တော့သား မောင်သာလှနှင့် သူ့ငွေးမင်း၏သမီး....'

'ကိုင်း....ခင်ဗျားစကားကို ဒါနှင့်ရပ်ပါတော့ဗျာ၊ ရှေ့ ကို

မဆက်ပါနှင့်တော့ သည်းခံတော်မူပါ....'

'ကိုလှတင်....'

'ကိုပေါကြွယ် ခင်ဗျားတို့က အရည်းဂိုဏ်းစင်တွေ၊ ကျွန်တော်က အရည်းကို မိစ္ဆာဒိဋ္ဌိမို့လို့ အင်မတန်စက်ဆုပ်....'

'နေအုံးကိုလှတင် သားရေးသမီးရေးမှာ ကိုးကွယ်တဲ့ အရေးက ဝင်ပြီး စွက်ဖက်ရှုပ်ထွေးဘို့မလိုဘူးဗျ....'

'ဟာ....ကိုပေါကြွယ် ဘယ့်နှယ်ခင်ဗျားပြောတာလဲ၊ မင်္ဂလာဆောင်ပြီးတဲ့ညမှာ ကျုပ်ရဲ့သမီးကို အရည်းတပါးပါးထံမှာ ပန်းဦးလှူရမယ်....ဘယ့်နှယ် ကိုးကွယ်တဲ့အရေးကိုထည့်ပြီးမစဉ်းစားရဘူးလားဗျာ....'

'ဒါတော့ မိမိရဲ့သဘောပါ....'

'မဟုတ်ဘူးလေ....တော်တော်ကြာရှုပ်မယ်ဗျာ....'

'နေအုံးဗျ....သမီးဖြစ်သူကိုလဲ မေးစမ်းကြည့်အုံးမှပေါ့....'

'ကိုပေါကြွယ် ဘာမှမေးစရာမလိုဘူး....မိမြမြက မောင်သာလှနှင့်ချစ်ကြိုးနှောင်နေလို့ ဗိုက်ကြီးနေပေစေဗျာ၊ ကျုပ် မပေးစားနိုင်ဘူး၊ ကုန်ကုန်ပြောတာဘဲ....'

'နေအုံး....နေအုံးကိုလှတင် ခင်ဗျားနှင့် ကျွန်တော်ဟာ ကိုးကွယ်ဆည်းကပ်မှု၌ မတူပေမဲ့ လူချစ်ချင်း၊ ခင်ဗျားကို ကျွန်တော် ခင်ဗျားရှေ့မှာ ဘယ်လိုမှ မထိပါး၊ခင်ဗျားကကျွန်တော့်တို့ကိုးကွယ်ဆည်းကပ်နေတဲ့ အရည်းများကိုဘာကြောင့်မိစ္ဆာဒိဋ္ဌိဟု စွပ်စွဲနိုင်ပါသလဲ....'

'ကိုစိုးသိမ်းသည်လိုလား၊ ခုတပွဲနဲ့ရပြန်တော့မယ်....'

'ဆိုပါ....'

'မနာနှင့်ဗျ....'

'ပြောပါ....'

'အရည်းများထံကျောင်းလွှတ် ပူဇော်ခြင်းမလုပ်ပေမင့်၊ ကာမမေထုန်ကို အလှူခံရန် ကြွပါဟူ၍ အိမ်တိုင်ရာရောက် ပင့်နေကြတယ်မဟုတ်လား၊ လူတွေကတော့အကန်းအပင်းတွေ ဖြစ်နေလို့ ရှိပါစေတော့ အရည်းများကဘာကြောင့်ပင့်တဲ့အိမ်သို့သွားရောက်ပြီးအလှူခံရပါသလဲ....'

'ခင်ဗျား ရက်စက်တယ်ဗျာ....'

'ရက်စက်တာမဟုတ်ဘူး ကျွန်တော်က အမှန်ပြောတာ၊ အိမ်ထောင်သားလူတွေဟာ အများအားဖြင့် ကိုးကွယ် ဆည်းကပ်မှု၌ နားလည်တာမဟုတ်ဘူး၊ အရဟဏ္ဏဓဇ သက်နုံးတော်ကိုခြုံပြီးခဲ့ဟာရင်တရားထင်တာဘဲ၊ မှန်တယ်ထင်တာဘဲ၊ ဒါကြောင့်သမထ ီးရပ်ကွက်ကြီးဟာ ခက်နေတာပေါ့....'

'ခင်ဗျားရမ်းတယ်ဗျာ....'

'မရမ်းဘူးလေ....အရည်းဆိုတာအရည်းကျင့်ဝတ်နှင့် အညီကျင့်နေပေါ့....နာဂ ိန္ဒအရည်းနှင့် အရည်းသောမတို့ ကျင့်ကြံနေထိုင်ဟောပြောပုံကို ခင်ဗျားအသိသားကဘဲ၊ ဒါမှအရည်းအစစ်ဗျ၊ စည်းစိမ်ခံ စည်းစိမ်ယစ်ပြီး တင့်တင့်တယ်တယ် မော်မော်ကြွားကြွားနှင့် ဂ ိမ်မခံဘူးဗျ၊ ရွှေ ငွေ လယ်ယာ မိုးမြေကျွန်သွား ဆိတ်စသည်တို့ကိုလဲ အလှူမခံဘူးဗျ၊ မိတ်ဆွေတို့ရဲ့ အရည်းတွေကလာပြီး ကျောင်းဆောက်ဘို့ ရေတွင်းရေကန်တူးဘို့ ခရီးသွားဘို့ ဘာအသုံးလိုလို့ ညာအသုံးလိုလို့ နဂါးပူဇော်ပွဲလုပ်ဘို့၊ နဂါးရုံပူဇော်ပွဲလုပ်ဘို့နှင့်လို့ တွေကို မကုန်နိုင်ခဏခဏငွေအလှူခံ....ဒါဟာအရည်းလားဗျာ....'

'ခင်ဗျား ခက်တယ်ဗျာ..'

ထိုသို့ပြောဆိုကြ၍ လူချင်းအစပ်မတည့်နိုင်ဘဲ ဦးစိုးသိမ်းတို့သည် ပြန်ကြရလေ၏၊ မောင်သာလှလည်းမြမြကို အာရုံထဲကမထွက်နိုင်၍ သူ့မိခင်အား မြမြကိုသာ မရသော် ကျွန်တော်တမွဲဝတီမှာ မနေတော့ပါ။ အောက်မြို့ ကျေးလက်သို့ လိုက်ပါသွားတော့မည်ဟု နားပူလေတော့၏။

ဒေါ်ဧကြွယ်လည်း ၎င်း၏ ခင်ပွန်း ဦးစိုးသိမ်းထံ နားပူရလေ၏။ ဦးစိုးသိမ်းကား အကြီးအကျယ်မကြိုက်သဖြင့် ၎င်း ကိုးကွယ်သော အရည်းဆရာနှင့် သိတင်းသုံးဘက် အရည်းဓမ္မပါလထံကပ်ရ၍ အရည်းဓမ္မပါလလည်း ထိုကိစ္စသည် ချော မဖောရသည်ဟုဝန်ခံလေ၏။

ဓမ္မပါလလည်း ထိုသို့ပြောဆိုဝန်ခံပြီးနောက် မောင်သာလှကိုခေါ်ယူနားသွင်း၍ ငြိမ်စေပြီးနောက် သေည်လည်ပိုက်မင်းကြီးနှင့် ဓမ္မပါလသည် အကျွမ်းဝင်ဟန်ရှိ၏၊ ဓမ္မပါလအရည်းသည် အလွန်ရှိုးဖြောင့်၍ တည်ကြည်၏။ သို့ရာတွင်ရဟန်းတရားကိုနားမလည်၊ အရည်းတို့နှင့်သာကြီးပြင်းကာ အိမ်ထောင်မှုကိုစက်ဆုပ်သဖြင့် အရည်းလုပ်နေသူဖြစ်၏၊ သူတပါး၏အပေါ်၌သနားညှာတာတတ်၍ သူတပါးကောင်းစားသည်ကို မျှားစွာလိုလား၏။

ဦးစိုးသိမ်းတို့ကိုးကွယ်၍ ဆရာ တင်ထားသော အရည်းကြီးနှင့် ဓမ္မပါလသည် တစိုင်းတည်းနေသော်လည်း ဆွမ်းအတူမစားချေ၊ ဓမ္မပါလသည် အရည်းများ ကာမမေထုန်အားအလျှုခံသည်ကို လုံးဝမကြိုက်ချေ။

ဓမ္မပါလသည် ဖုတ်အတတ်၊ ဘုတ်အတတ်တို့၌ ကောင်းစွာ ကျွမ်းကျင်၍ လူသေကို သူ့ဘာသာသူ သုသာန်သို့ အားရောက်စေနိုင်၏။ သို့ရာတွင် ၎င်း၏အတတ်ပညာများကို ထင်ရှား မပြချေ။ ထိုအတတ်ပညာအားဖြင့်လည်း ဂုဏ်တန်ခိုးကို မယူချေ။

သေည်လည်ပိုက်မင်းကြီးနှင့် ဓမ္မပါလသည်မပြတ်လောက်ပင် အတတ်ပညာနှင့်ပတ်သက်ပြီးလျှင် နှီးနှော တိုင်ပင်ကာ နေလေ့ရှိ၏။ ထိုနေ့၌ သေည်လည်ပိုက်မင်းကြီးနှင့် ဓမ္မပါလသည် ဤသို့ပြောဆိုနေကြလေ၏။

'တဂ္ဂါတော်....'

'အရည်းဆံရာ....'

'တကာကလေးတယောက်နှင့် တကာမကလေးတယောက်ကို ကယ်မတော်မူပါ....'

'ဘယ်လိုလဲ....'

'သူဌေးဦးစိုးသိမ်းသား သာလှနှင့် သူဌေး ဦးလှတင့်သမီး မြမြတို့သည် တဦးနှင့်တဦးအချစ်ကမ်းနေကြပြီ....'

'ဆန်းဆန်းကြယ်ကြယ် ဦးစိုးသိမ်းက အရည်းရဲ့ တကာ ဦးလှတင်က အရည်းဆိုရင်ကြည့်ကိုမကြည့်ချင် သူတို့ချင်းဘာ ကြောင့်ရင်းနှီးသွားကြသလဲ....'

'နဂါးချိုစေတီပွဲတော်ပေါ့....'

'အင်း........အပျော် ပွဲလမ်းသဘင် ဆိုတာ မိန်းကလေး ပါ

ယောကျ်ားကလေးတို့ကို နိုးစပ်ဘို့ရာ အင်မတန် လွယ်ကူစေ တာပေါ့….ဒါဘာဖြစ်နေသလဲ….'

'ဦးလှတင်က အရည်းဂိုဏ်းဝင်ဆိုပြီး တင်းမာနေတာပေါ့'

'ဘယ်လိုလုပ်ရမလဲ….'

'တကာတော် ရွှေဥာဏ်ရှင်ဘဲလေ၊ သတ္တဝါနှစ်ဦး စိတ်ချမ်း သာရအောင် မ,စ,တော်မူစေချင်ပါတယ်….'

'ကောင်းပြီ….'

'သူဌေးဦးစိုးသိမ်းလဲ သည်တပွဲမှာတော့ကျွတ်ကောင်းပါရဲ့'

'သူ့ကုသိုလ်ဘဲလေ….'

'သေည်လည်ပိုက်မင်းကြီးနှင့် ဓမ္မပါလတို့သည်ကား၊ ယခု မျက်မှောက်သဘောကိုသာ စဉ်းစား၍ ရှေ့ကိုလှမ်းပြီးလျှင် မ ကြည့်ချေ၊ ထိုသို့ ဓမ္မပါလသည် ဘုရင်းမြတ်ထံ ချော့စေခဲ့ပြီး နောက် ဘုရင်မင်းမြတ်သည် သူဌေးဦးစိုးသိမ်းနှင့် သူဌေးဦးလှ တင်ကို မိမိ၏ထံတော်ပါးသို့ခေါ်၍ အရောက်ညီကြသောအခါ ၌သို့မိန့်တော်မူလေ၏။

'သူဌေးကြီးဦးစိုးသိမ်း ယခုအသက် ဘယ်လောက်ရှိပလဲ-'

'အသက် ငါးဆယ်ရှိပါပြီ….'

'သူဌေးကတော်ကော….'

'လေးဆယ့်ခုနှစ်နှစ် ရှိပါပြီ….'

'သွေးသားဆုံးပြီပေါ့….'

'မှန်လှပါ….'

'သူဌေးကြီးရဲ့ မိန်းမကို သူတော်င်းစား တယောက်အား တညပေးပါဆိုရင် ပေးမလား....'

'ဟာ....ရှေ့ဘုန်းတော်ရှင့်နှယ်....'

'ကောင်းပြီ။ သည်စကားကိုဘဲလိုချင်တယ်၊ သူဌေးကြီးစဉ်းစား၊ သူဌေးကြီးဟာ သွေးသားဆုံးပြီး အသက်ငါးဆယ်ပါးနိုး အမယ်ကြီးကို သူတောင်းစ းအားတညတာမလှူနိုင်ပါဘဲလျက် အလွန်ချစ်ခင်လို့ ထိမ်းမြားလက်ထပ်ကာ ယူပြီးစ မိန်းမကို ကိုယ်ကမှ မဘာရသေးဘဲနှင့် အရည်းအား လှူရမယ်ဆိုရင် သည်လူရဲ့စိတ်ဟာ ဘယ်လိုနေမလဲ....'

'ဟိုက်၊ သူတောင်းစား အရည်းက အရည်းပါဘုရား....'

'သူဌေးကြီး အရည်းဆိုတာလဲလယ်ယာချောင်းမြောင်းလုပ်ကိုင်စားရတာကိုမခေါ်ဘူး၊ သီးထောက်ခချစားနေတဲ့အရည်းအရေခြုံတွေ၊ ငွေကိုအလှူခံနေတဲ့ အရည်းအရေခြုံတွေတို့ကို မြင်မနေနှင့် အရည်းလဲ တောင်းစားရတာဘဲ၊ မာဂဒစကားမှာ ဒဒဆိုသောဓါတ်သည် ပေးခြင်း၊ သို့မဟုတ်လှူခြင်း၊ ပေးတာနှင့်လှူတာဟာ တသဘောတည်းလိုဘဲ၊ စဉ်းစား....'

သူဌေးကြီး ဦးစိုးသိမ်းသည် ငိုင်၍နေ၏။ ဘုရင်မင်းမြတ်လည်း ဆက်၍ ဤသို့မိန့်တော်မူ၏၊

'အိမ်ထောင်သား တနည်းတု' လူဝတ်ကြောင်နှင့်အရည်းများ ခြားနားခြင်းဟာ စီးပွါးရှာဖွေခြင်းနှင့် မေထုန်မှီဝဲခြင်းကိုသာ သူသိသာသာကြီး ခြားနားတယ်၊ စဉ်းစား....'

'မှန်လှပါ....'

'တကယ် မှန်လှပါလား၊ သူဌေးကြီးကို စေတနာရှိရှိနှင့် ကျွန်ုပ်ပြောတာ....'

'သိပါပြီ....'

'မောင်သာလှကို မိန်းမပေးစားထိမ်းမြားလက်ထပ်ပေးပြီး နောက် အရည်းထံ ပန်းဦးလှူဘို့ပြောမှာလား....'

'မပြောပါဘူး....'

'ကောင်းပြီ၊ မောင်သာလှက အရည်းများကို မကိုးကွယ်ချင်၊ မကြည်ညိုချင်ပါဘူးဆိုရင် အမွေပြတ်ဆိုကာကြဉ်မှာလား'

'ရွှေဘုန်းတော်ရှင်ဘုရား....'

'ဆို....'

'ကျွန်တော်မျိုးပင် ကျွန်တော်မျိုးကိုးကွယ်ထားတဲ့အရည်း ကြီး ဇောတိပါလကို ကျောင်းက နှင်ပစ်ချင်လာပါပြီဘုရား....'

'သည်လိုလဲ မလုပ်နှင့်အုံးလေ....'

'ကိုင်းတိုတို့ဘဲ ကောင်မကလေးနှင့် ကောင်ကလေးတို့ရဲ့ စိတ်ပင်ပန်းဆင်းရဲမှုကို မဖြစ်စေနှင့်၊ ကျွန်ုပ်ကပင် ကိုယ်တော် တိုင် ချင်းတို့နှစ်ဦးကို လက်ထပ်ပေးမယ်၊ ချင်းတို့သဘောအ တိုင်း ဦးစိုးသိမ်းက လိုက်ရောရမယ်....'

'လိုက်ရောပါမယ်ဘုရား....'

'သဘောတူကြရဲ့လား....'

'တူကြောင်းပါဘုရား....' 'တူကြောင်းပါဘုရား....'

'ကောင်းပြီ၊ အဲသည်လက်ထပ်ပွဲကို သူဌေးနှစ်ဦး တိုင်ပင်ပြီးစီမံ'၊ ဦးစိုးသိမ်းက၊ ဦးစိုးသိမ်းရဲ့အရည်းများအား ဆွမ်းကျွေး၊ ဦးလှတင်က၊ ဦးလှတင်ကြည်ညိုသော ရဟန်းကြီးများအားပင့်ပြီး ဆွမ်းကျွေး။ ပြီးတော့ ဦးလှတင်က ဘုန်းတောင်းယာစကာများအား ကျွေးမွေးလှူဒါန်းပေါ့....'

'မှန်လှပါ....မှန်လှပါ....'

× × ×

ဤနည်းတို့ဖြင့်မောင်သာလှနှင့် မြမြတို့ကိုဘုရင်မင်းမြတ်ကိုယ်တော်တိုင် လက်ထပ်ပေးပြီးသော်မွန်မြတ်တင့်အပ်သောမင်္ဂလာစကားကို မိန့်တော်မူလေ၏။

ထိုသို့ ဘုရင်မင်းမြတ်သည် ပြုတော်မူသောကြောင့်အရည်းတို့သည် အထူးလှုပ်ရှားကာသွားလေ၏၊ အချို့အရည်းတို့သည် မှန်သောအယူဝါဒသို့ တိမ်းယိမ်းကြ၍ အချို့အရည်းတို့သည် ဘုရင်မင်းမြတ်သည် ငါတို့၏အရည်းများကို ဖြိုလှည်း ဖြိုကွဲစေသည်ဟု အယူရှိပြီးလျှင် ဘုရင်မင်းမြတ်၏ ကျေးဇူးယုတ်ကို လိုလားလာကြကုန်၏။

ထိုသို့ ဘုရင်မင်းမြတ်၏ကျေးဇူးယုတ်ကို လိုလားကြသောအရည်းတို့သည် လျို့ဝှက်တိုင်ပင်လျက်ဝှက်ပစ်တောင်အရည်းတို့သည် လျို့ဝှက်တိုင်ပင်လျက် ဝှက်ပစ်တောင်အရည်းဂိုဏ်း

ချုပ်ကြီး ဦးချမ်းမြေ့ထံသို့ ကစ်ကြပြီးလျှင် အတတ်ပညာစွမ်းကိုပြပါဟု လျှောက်ထားကြလေသည်။

အရည်းကြီးဦးချမ်းမြေ့လည်း ရာဇသင်္ကြံကို လန့်သဖြင့် မိမိရာဇသင်္ကြံအားလန့်ခြင်းကိုထုတ်ဖေါ်မပြောမဆိုဘဲ သတ္တဝါများ ဘေးသင့်ကုန်မည်။ မိမိအတတ်ပညာများကို စမ်းသပ်ရလျှင် လေထဲ၌ လူနှင့်မသင့်သော ဓါတ်များ ပါနေသဖြင့် လူများ ဘေးဥပဒ်ရောက်မည်ဟု ပြောဆို၏။

အရည်းများကလည်း အတတ်ပညာစွမ်းကိုပြမှသာ ဘုရင်သည် အရည်းများကိုလေးစားမည်၊ ယခု အရည်းအချို့သည် ဘုရင့်ဘက်တော်သို့ ပါသွားသဖြင့် အရည်းများသည် ပြိုကွဲပျက်စီးကုန်တော့မည်၊ ထို့ကြောင့်ထိုသို့သော အရည်းများပင် အရည်းဂိုဏ်းကြီးကို လေးစားရန် အတတ်ပညာစွမ်းကို ပြသင့်ပါသည်၊ ပြပါဟု အပူတပြင်း တောင်းဆိုကြလေ၏၊

အရည်းကြီးဦးချမ်းမြေ့ကား မိမိ၏ညီဇာနှင့် ဂိုဏ်းနိမ့်ကျမသွားစေရန်ထိုအရည်းတို့၏ အလိုကို လိုက်ရောပါမည်ဟု ကတိပြုလိုက်လေ၏။ ထိုသို့ ကတိပြုလိုက်ရုံနှင့်မျှမက သမယ်ိးအချပ် မည်သည့်နေ့၊ မည်သည့်နေရာတွင်ပြမည်ဟု သေချာစွာ သတ်မှတ်ပေးလိုက်လေ၏။

ထိုသို့သောသတင်းသည် ရာဇသင်္ကြံ၏နားသို့ တဖြည်းဖြည်း ပေါက်ရောက်သွား၍ ရာဇသင်္ကြံလည်းအသင့်စောင့်ဆိုင်းကာ ရှိနေပုံဖြစ်၏။

အရည်းဂိုဏ်းချုပ်ကြီး ဦးချမ်းမြေ့သည်မိမိ၏ဂုဏ်သတင်း ညှိုးနွမ်းယုတ်လျော့မည်ကို စိုးရိမ်၍ မိမိသတ်မှတ်ထားသောနေ့ အချိန်၌ ဖြင်းစွာပေါက်ကွဲပြီးလျှင် လောင်မီးအကြီးအကျယ်ကျ ရန် ပြုလုပ်လေ၏၊ ရာဇသကြံလည်းအစာတ်ပညာနှင့်စီမံထား နှင့်ပြီးဖြစ်သဖြင့် အရည်းကြီးစီမံသည်အတိုင်း ပေါက်ကွဲခြင်း မရှိ၊ လောင်မီးလျှည်းမကျဘဲ အခိုးအငွေ့လောက်မျှသာထွက် လေတော့၏။

ဦးချမ်းမြေ့ကား ထိတ်လန့်သည်ထက်အလွန်ရှက်ခြင်းဖြစ် ၍၊ ငါ့အတတ်ကို နှောင့်ယှက် မချောင်စေသည်ကား ရာဇသကြံ သည်သာလျှင်ဖြစ်သည်ဟု၊ ရာဇသကြံ၏အပေါ်၌ များစွာရန် ငြိုးထားလာလေတော့ပြီ။

ရာဇကြံသည်ကား သတိ မကင်းသောသူဖြစ်၍ မိမိအား မည်သူသည် မည်ကဲ့သို့ သဘောရှိသတတ်ဟု ယူဆကောင်း ယူဆကြပေလိမ့်မည်၊ ရာဇသကြံသည် အစစ၌ သိုသိပ်၍အ ကျင့်မြိမြံခြင်းကို အထူး ဂရုထားဟန်ရှိပေသည်၊ ၎င်းသည် ကျွန်၏သားဖြစ်ကြောင်းကို သိ၍ ကျွန်ပြိုပြီ ကျင့်ကြံသည်ဟု သူ တပါးက စကားတင်းဆိုမည်ကို အဓောဘ်ပင် စိုးရိမ်ဟန်ရှိပေ သည်။

စင်စစ်သော်ကား ရာဇသကြံသည် မိကောင်းဘခင်သား ဖြစ်ချေသည်။ ဤကဲ့သို့ ရေးသောကြောင့် စာရေးဆရာကိုဝေဖန် ရန်ရှိ၍ အမိပ္ပါယ်နက်ကိုဆောင်ရချေသော်ဤသို့ ဖြစ်ချေသည်။

ရာဇသကြံ၏အမေရွှေရွှေသည်အတတ်ပညာရှိသောအမျိုး သမီးလျှာတယောက် ဖြစ်ချေသည်၊သူသည်အရည်းဝါဒကိုစက်

ဆုတ်၍ အရည်းဝါဒနိမ့်ကျယိုယွင်းသွားအောင် အလိုရှိသည်အတိုင်း သားကောင်းတယောက်ကိုမွေးလိုပေသည်၊ ၎င်းသည် လင်လိုချင်သောကြောင့် ယောကျ်ားတယောက်နှင့် မွေ့လျော်သော အမျိုးသမီးဆန်းဖြစ်သည်။

၎င်း၏ကျွန် နေနွှသည်လည်း ကာမမေထုန်မှုကို နှစ်သက်၍ မိန်းမတယောက်၏အလိုသို့ ပါရသူမဟုတ်၊ ၎င်း၏သခင်မ၏ ကြိမ်စာကိုမခံရအောင် သားပေးသူဖြစ်ချေသည်။ ၎င်းကို အလွန်ထိတ်လန့်ကြောက်ရွံ့၍ ရွှေရွှေမှာ ကိုယ်ဝန်ရှိသည့်အချိန်၏နောက်၌ အဗြဟ္မာစရိယ သိက္ခာပုဒ်ကိုတသက်လုံးထောက်တည်ပါမည်ဟု ရွှေရွှေ၏ရှေ့တွင် ဘုရားကို ရည်မှတ်ပြီးလျှင် သီလခံယူလေသည်၊

ရွှေရွှေကလည်း အာကမိန်းမ၊တကကယ်စွမ်းသောမိန်းမငါ၌ သားမွေးရမည်၊ ငါ၏သန္ဓေသည် သားယောကျ်ားတည်းဟု အတတ်ယူဆ၏၊ ထိုသို့ယူဆပြီးနောက် သန္ဓေရှိပြီးသည့်အချိန်ကစပြီးလျှင် အဗြဟ္မစရိယ သိက္ခာပုဒ်ကို ထိန်းသိမ်းစောင့်ရှောက်လိုက်လေသည်။

ထိုသို့သော မိဘနှစ်ပါး၏သားဖြစ်သော ရာဇသကြံသည် အမတ်ကြီးဖြစ်နေတုံပါလျက်၊ ကတော်မိမိမရှိဘဲ၊ လုပ္ပိုကြီးဘဝနှင့် တည်နေပေသည်။

အရည်းကြီးဦးချမ်းမြေ့ကြား ရာဇသကြံကိုအောင်ရသည်ရှိသော် အရည်းတို့သည် ရှေးကကဲ့သို့ ပြဇာကောင်းရသတတ်ဟု အောင်းမေ့လျက် ရာဇသကြံအိမ်နားတွင် သူလျှိုလွှတ်ပြီး

လျှင် မိုးကြိုးစက်ကို ဆင်မြှုပ်စေ၏။ ရာဇသကြံကလည်း သူ့အိမ်တော်သို့ အခြားသို့ ထွက်နေရာမှ ပြန်ရောက်လျှင် ပြန်ရောက်ချင်းပင် သူ့အိမ်တော်နားဌမိုးကြိုးစက်ဆင်ထားသည်ကို သိလေ၏။ ရာဇသကြံသည် ၎င်းကိုပြုံး၏၊

အရည်းကြီးဦးချမ်းမြေ့ ကားဘုရင်ကိုမတိုက်ရသေးမီ ရာဇသကြံကို တိုက်နေပေပြီ၊ ထိုသို့တိုက်ခြင်းမှာလည်း သေည်လည်ပိုက်ဘုရင်၏ အတတ်ပညာတို့ တတ်ရာကျ မသိသောကြောင့်ဖြစ်ပုံရ၏၊ ဘုရင်မင်းမြတ်သည် အရည်းတို့ကိုမမှု၊ အရည်းတို့အားလုံးကို တပြိုင်နက် တချက်ထည်းနှင့်ပင် သုတ်သင် ရှင်းလင်းပစ်နိုင်ကြောင်းကို ဦးချမ်းမြေ့သည် ရိပ်မိဟန် မရှိပေ။

အရည်းဆရာကြီး ဦးချမ်းမြေ့သည် ရာဇသကြံကို ချက်ကောင်းမိပြီဟု တနေရာမှ လျှပ်စစ်ကိုဆွင်ပြီးလွှတ်လေရာ မိုးကြိုးကား ကြောက်မက်ဖွယ်ရာ ပြင်းထန်စွာပစ်တော့၏။သို့ရာတွင် ထိုမိုးကြိုးသည် ဦးချမ်းမြေ့ထင်သည်အတိုင်း ရာဇသကြံ၏အိမ်အနီးသို့မကျ၍ရာဇသကြံ့အိမ်ကို လောင်မီးမကျဘဲ အရည်းဦးချမ်းမြေ့တို့၏နေရာအရပ်ကို မိုးကြိုး ပြင်းထန်စွာကျပြီးလျှင် လောင်မီးအကြီးအကျယ်ကျ၍ အရည်းကျောင်းပေါင်း ငါးဆယ်၊ အရည်းတရာ့ငါးဆယ်သည် ပြာမျှမကြွင်းဘဲ ပျောက်ပျက်သွားလေ၏၊

ထိုသတင်းသည်တမဟုတ်ချင်း အလွန်မြန်သဖြင့်သမထိ ိုးအရပ်တွင်သာမကဘဲ ငှက်ပစ်တောင်အဝှမ်းမှာပင်ကျော်ကြား

သွားသဖြင့် အရည်းတို့သည် တုန်လှုပ်ရုံမျှမက အလွန့်အလွန် ကြောက်ရွံ့ခြင်းပြင်းပြစွာ ဖြစ်ကြလေကုန်၏၊

အရည်းဓမ္မပါလသည်ကား ၎င်း၏တပည့် အရည်းတို့အား ငါ့ရှင်တို့ မကြောက်ကြနှင့် အရည်းကြီးချမ်းမြေ့သည် မိမိနှင့် အတတ်ချင်းမတူ၊ အကျင့်သိက္ခာချင်းမတူဘဲနှင့် ရာဇသင်္ကြံကို သွား၍စမ်းသောကြောင့် ဘေးထိကုန်ပြီ၊ မကြောက်ကြနှင့် ဟု သွန်သင်ကာထားလေ၏၊ ထိုနည်းတူပင် သိဒ္ဓိဗလ၊သောမ အရည်းတို့သည် ၎င်းတို့နှင့်ဆန့်သောအရည်းတို့အားထိတ်လန့် ခြင်းကိုပြေစေလေ၏။

ရှေးရှေးကား အရည်းတို့သည် မတော်မှောက်မှား ရမ်းကား လွန်းသော အကျင့်ရှိသူများကြောင့် မိုးပေါ်ကဆုံးမလိုက်ပြီဟု တိုး၍ကြောက်အောင် ချောက်လန့်ကာ ဝါဒဖြန့်လေ၏။

သေည်လည်ပိုက်မင်းကြီးသည် ညီလာခံကျင်းပနေဆဲမှာပင် ထိုကဲ့သို့ ဖြစ်ပျက်ခြင်းကြောင့် လျှပ်စစ်လက်သည်ကို မြင်လျှင် မြင်ခြင်းမှာပင် 'ဟာ.... အကျိုးနည်းကုန်ပြီဟု မိန့်တော်မူပြီး သော် ညီလာခံကို ချက်ချင်း ရုပ်သိမ်းတော်မူလေ၏၊

ဘုရင့်မင်းမြတ်သည် ညီလာခံကို ရုပ်သိမ်းပြီးသော်ရွှေထား ဗိုလ်နှစ်မယောက်ကို နောက်ပါမူပြီးလျှင် ရာဇသင်္ကြံ အိမ်တော် သို့ သွားရောက်လေ၏။

× × ×

'ရွှေဘုန်းတော်ရှင်ဘုရား အဘယ်ကြောင့် အရေးတကြီး ကြွရောက်တော်မူပါသလဲဘုရား....'

'အမတ်ကြီး ကိုယ်ကျိုးနဲ့ကုန်ပြီ....'

'ကျွန်တော်မျိုးသည်သူတို့အားမည်သို့ မျှ မစတင့်ပါဘုရား'

'အေးလေ....ခုခံရုံခုခံထားလျှင် တော်သေးတာပေါ့၊ ယခုမှာ တန်ပြန်ဆင်လိုက်လို့ အရည်းများ ဘယ်ရွေ့ဘယ်မျှပျက်စီးသည်ကိုသာ သတင်းယူပေတော့....'

'ကိုယ်တော်....'

'အမိန့်ရှိပါ။ အရည်းကြီးချမ်းမြေ့သည် အလွန်ယုတ်ကန်းပါသည်ဘုရား....'

'အင်း....'

'ပျက်စီးစေတတ်သောအတတ်များကို မပြုပါနှင့်ဟု ကိုယ်တော်အရှင်ကိုယ်တော်တိုင် အမိန့်တော်ထုတ်ဆင့်သကဲ့သို့ အရည်းများကို မေတ္တာရပ်ခံထားပါသည်၊ သို့စဉ်လျက် အရည်းကြီးချမ်းမြေ့သည် လောင်မီး အကြီးအကျယ် စမ်းသပ်ရာကို တင်ကြိုသိရှိသဖြင့် ကာကွယ်လိုက်သောကြောင့် အနိုးအငွေ့ဖြစ်ကာ လွင့်တက်သွားပါသည်....'

'အင်း....'

'ထိုကို အငြိမ်မနေ၊ မိုးကြိုးစက်ဆင်၍ ယခုချပါသည်၊ထို့ကြောင့် တန်ပြန်မရောက်တရောက်ကာကွယ်လိုက်ခြင်းမျှသာပါ'

'အမတ်ကြီး အမတ်ကြီးသည် လူပျို့ဘဝနှင့်နေ၍ သားတ

ယောက်မျှ လောကအတွက် မထားခဲ့ဘဲနှင့် လူများစွာ သေရမည်ကို သတိထားမှပေါ့....'

'ကိုယ်တော်....'

'ဆို....'

'ခွေးလေးများပေါသလောက် ဆူညံနေပါမည်ဘုရား....'

'နောက်ကိုတော့ သည်လိုမဖြင်းထန်စေသင့်ပါ။ လူမိုက်လူယုတ်မှာ လူညစ်ပတ်များကို တလမ်းသွား ဖြစ်သည်အတိုင်း ပိုမိုကာသနားပါ....'

'မှန်လှပါ....'

ဘုရင်မင်းမြတ်သည် ထိုကဲ့သို့မိန့်တော်မူပြီးလျှင် နန်းတော်ကိုပြန်လေ၏။

ထိုသို့ဘုရင်မင်းမြတ်နှင့် ရာဇသကြံ့တို့ ပြောဆိုကြသောစကားများကို စောသုမာသည် နောက်တနေ့သိရလတ်သော် ဘုရင်မင်းမြတ်ထံ ကြွတော်မူလေ၏။

'မရီးတော်ဘုရား နေရာမြတ်ယူတော်မူပါ၊အကြောင်းတော်မည်သို့ထူးပါသလဲ....'

'မတ်တော်မောင် သည်အရေးမှားပြီ....'

'ဘယ်လိုပါလဲမရီးတော်....ခွေးကိုမဖောင်မဟိန်းရအောင်ဘယ်လိုမှလုပ်လို့မရ၊ ရာဇသကြံ့သည် အရည်းများကို သွား၍မဖြိုဖျက်၊ မိမိထံသို့လာနေသောဘေးကိုသာလျှင် ကာကွယ်ခြင်းပါတကား။ မတ်တော်မောင်သည် မတားဆီးသင့်....'

'မရီးတော် ယခုသောက်သောက်လဲအသက်ထွက်ရကုန်ပြီ'

'အမှိုက်ပုံဟာ တနေ့မှာ မီးလောင်ခံရမှာဘဲ....ချမ်းမြေ့သည်ဘာကြောင့်သူ့ကိုသွားပြီးစတင်သလဲ....'

'မရိုးတော်....မရိုးတော်စကားတော်သည်မှန်ပါသည်။ သို့ရာတွင် လန့်ရုံဆိုရင်တော်ရောပေါ့....'

'မတ်တော်မောင် အရည်းများကား သူတို့၏အကျိုးတခုကိုသာသိကြသည်။ သည်လိုမလုပ်လိုက်သော် နောက်ကိုလည်းမြဲလုပ်အုံးမှာဘဲ၊ ယခုလည်း နောက်တွင် ကြိုးစားအုံးမှာဘဲ-'

'မရိုးတော် ခွေးလေးခုံလို့ ဖုံမထနိုင်ပါဘူး....'

'ဘာဘဲဖြစ်ဖြစ် မတ်တော်ဘုရင့်မင်းမြတ် စေသုမာက အရည်းများရဲ့ အကြောင်းနှင့် သဘောကိုကောင်းစွာသိပါတယ်၊ စေသုမာစကားကို နားမယူရင် မတ်တော်မောင် ကောင်းကောင်းကြီးမှားမယ်....'

ဘုရင်မင်းမြတ်သည် တွေ့၍ စဉ်းစားတော်မူလေ၏။

× × ×

ဌက်ပစ်တောင်၌ အရည်းကြီး ဦးချမ်းမြေ့၏ လက်ရင်းအတွင်း တပည့်ကြီးနာဂဒတ္တသည်ကား ၎င်း၏ အရည်းများကို စည်းဝေး၍ ဤသို့လျှင်အားပေးစကားကိုဆိုလေတော့၏။

'ငါ့ရှင်တို့ ဘာမှ အားမငယ်ကြနှင့်၊ သူသာလျှင် အတတ်ပညာရှင်လော၊ ငါတို့ကောမတတ်ဘူးလား၊ယခုငါတို့အတတ်ပညာချင်း ပြိုင်ဘို့အခါ ရောက်နေပြီ၊ တစိုးတစိမျှကြောက်ရွံ့ ထိတ်လန့်ခြင်းမရှိကြပါနှင့်....'

'တင်ပါ့....တပည့်တော်လျှောက်ပါရစေ....'

'ပြောပါ....အရည်းမိုးဟိန်း....'

'အရှင်ဘုရား၏စွမ်းရည်ကို တပည့်တော်ကားသိပြီးဖြစ်ပါသည်၊ အားလည်းကိုးပါသည်၊ တပည့်တော်လိုဘဲ အခြား အရည်းများသည်လည်း အားကိုးကြပါလိမ့်မည်....'

'အရည်း မိုးဟိန်း လျှောက်ထားသလိုပင် တပည့်တော်တို့လည်း အားကိုးကြပါသည်....'

'ဘယ့်နှယ်လဲ....'

စုဝေးလာကုန်သော အရည်းတို့သည် တညီတည်း အားကိုးကြကြောင်းကို လျှောက်တင်ကြလေ၏။ အရည်း မိုးဟိန်းသည်ကားထပ်၍ ဤသို့လျှောက်တင်ပြန်လေ၏။

'ယခုအရှင်ဘုရားမှာ အတတ်ပညာနှင့် ပြည့်စုံသော်လည်း မည်သည့်ဂုဏ်နှင့်မျှမထူးခြင့်သေးပါ။ ထို့ကြောင့် ဂိုဏ်းချုပ်ကြီးအဖြစ်ဖြင့် တပည့်တော်တို့ တင်မြှောက်ပါရစေ၊ လက်ခံတော်မူပါဘုရား....'

'ငါ့ရှင် ဒါကို ခဏဆိုင်းအုံး....ငါ ဘုရင်မင်းမြတ်ထံ သွား၍လျှည့်စားအုံးမည်....'

ထိုသို့ နာဂဒတ္တ၏ ပြောဆိုခြင်းကို အများသဘောတူ နှစ်ြ ိုက်ကြလေ၏။ နာဂဒတ္တသည် ထိုသို့အရည်းများ အလည်
င် ပြောဆိုပြီးနောက် တမ္ပဝတီသို့သွားရောက်လေ၏။အရည်း
ဂဒတ္တသည် တမ္ပဝတီသို့ရောက်လတ်သော်ဓရင်းကို နာဂ ရှ
မအာစရိုသော မည်သည့်အရည်းဆရာကြီးတို့ကမျှ လက်

သင့်မခံ၍ မထင်မရှားသော သာမ အရည်းကျောင်းတကျောင်းတွင် တည်းခိုနေရလေ၏။

နာဂဒတ္တသည် ထိုအရည်းကို အဖော်ပြု၍ ဘုရင့်နန်းတော်သို့ဘုရင်မင်းမြတ်နှင့်တွေ့ရရန် သွားရောက်လေရာ၊ ခန်းလောင်းမင်းသားနှင့်ပဋ္ဌမတွေ့၍ ဤသို့စကားအချီအချ ဖြစ်နေကြလေ၏။

‘အရည်းဆရာတို့ဘာကိစ္စ....’

‘ဘုရင့်မင်းမြတ်နှင့် တွေ့လို၍ပါ....’

‘ဘာအကြောင်းကြောင့် တွေ့ချင်ပါသလဲ....’

‘ငှက်ပစ်တောင်ဂိုဏ်းချုပ်ကြီးဦးချမ်းမြေ့ ပြန်တော်မူသွားတော့ အရည်းများကိုအုပ်ချုပ် ကွပ်ကဲရန်လိုခြင်းကြောင့်ဘုရင်မင်းမြတ်နှင့်တိုင်ပင်လို၍ပါ....’

‘ဒါဟာအရည်းကိစ္စ အရည်းချင်းပြီးကြပါ၊ ဘုရင်က ဝင်စွက်ဘို့ အကြောင်းမရှိပါ။ ထို့ကြောင့် ဘုရင်မင်းမြတ်နှင့်တွေ့ခွင့်မပေးနိုင်ပါ....’

‘တကာတကာကဘာရာထူးနှင့်ကြောင့်သည်လိုဆိုနိုင်သလဲ’

‘ကျွန်ုပ်ကား ဘုရင့်ညီတော်ခန်းလောင်း....’

‘တကာတော်က တွေ့ခွင့်ပြုမှတွေ့ရမလား....’

‘ဟုတ်တယ် တွေ့ခွင့်ပြုမှဘဲတွေ့ရမယ်၊ ယခုလဲ ဘုရင် မင်းမြတ်နန်းတော်ထဲမှာ မရှိသေးဘူး....’

‘ဘယ်သွားသလဲ....’

‘အရည်းဘာတွေကို စကားများသလဲ၊ ဘာကြောင့် သလိုမေးသလဲ၊ ဘမ်းပြီးချုပ်ထားလိုက်ရမလားပြန်တော့...

နာဂဒတ္တကား ခန်းလောင်း၏စကားကိုအလွန်ဒေါသထွက်ပြီးလျှင် ကြောင်လက်သီးဇက်ပြုပြီးသော်ပြန်လေ၏။

ထိုသို့နှင့် ငါးရက်မြောက်သောနေ့၌ အသက်ဆယ့်ရှစ်နှစ်ခန့်အရွယ်ရှိမိန်းမသနားခမန်းကလေးတယောက်သည်ခေါင်းတွင် အဝတ်နွမ်းကို ခြုံ၍လွှတ်တော်သို့ရောက်လာလေ၏။ လွှတ်တော်လုပ်များလည်းထိုမိန်းမငယ်ကို စစ်မေး၍ဘုရင်မင်းမြတ်၏အထံတော်တွင် အမိန့်တောင်းခံပြီးသော်လွှတ်တော်အတွင်းရှိ ဘုရင်မင်းမြတ်၏ ရှေ့တော်မှောက်သို့သွင်းလေ၏။

× × ×

‘ဟယ့် မိန်းကလေး ဘာအကြောင်းရှိသလဲ၊ နင့်နာမယ်ဘယ်သူလဲ....’

‘အကြောင်းရှိလို့ပါဘုရား။ ကျေးတော်မျိုးမ၏အမည်ကားသင်းထု ဖြစ်ကြောင်းပါဘုရား....’

‘အကြောင်းရှိရင်တင်စမ်း....’

‘ကျေးတော်မျိုးမတို့၏ ဇက်ပစ်တောင် ခရိုင်နယ်ပယ်၌ အရည်းများသည် ကျွန်တော်မျိုးမကဲ့သို့ မျက်နှာငယ်သောအမျိုးသမီးများအပေါ်၌ နိုင့်ထက်စီးနင်းတရားမဲ့ကျင့်ကြံ နေကြခြင်း

အရှင်ကောလာသ
ဓနေါင့်တိုက်ကျောင်း၊
မလေးကျွန်းမြို့နယ်။

ကို ကယ်ဆယ်စောင်မတော်မူပါဘုရား–'

'ဘယ်လိုလဲတင်စမ်း....'

'ကျေးတော်မျိုးမကိုကျောင်းလွှတ်ပူဇော်ရမည်ဟု အမိန့်ချမှတ်သဖြင့်ကျောင်းထိုင်ဆရာတော်ထံသဘောမကျဘဲနှင့်ကြောက်ရွံ့ပူဇော်ရပါသည်။ နောက်သုံးညမှာ ထိုဆရာတော် ကျောင်းကအရည်း ဆယ်ပါးထံမှာ ပူဇော်ရပြန်ပါသည်။ ကျေးတော်မျိုးမလုံးဝသဘောမတူပါ။ ကြောက်လန့်သောကြောင့် မျက်နှာငယ်သည့်အတိုင်းခံနေရပါသည်။ ကျေးတော်မျိုးမကဲ့သို့အမျိုးသမီးပေါင်းများစွာမှာဘေးတွေ့နေရပါသည်။ ကယ်မတော်မူပါဘုရား....'

'အင်း နှင့်ပြန်တော့ ငါလာရောက် ကယ်ဆယ်မည်'ဟု ထိုမိန်းကလေး၏ အမည်နေရပ်တို့ကို မှတ်သားထားစေပြီးသော် ပြန်လွှတ်လိုက်လေ၏။

× × ×

ဘုရင်မင်းမြတ် သည်လည်ပိုက်သည် ထိုမိန်းကလေး၏ လျှောက်တစ်ချက်ကြောင့် ငှက်ပစ်တောင်အရပ်ရှိ အရည်းတို့သည် သမထီးအရပ်ရှိ အရည်းတို့ကဲ့သို့မဟုတ်။ ယုတ်မာညစ်ညမ်းသော သဘောနှင့် အတော်ပင် သောင်းကြမ်းနေပြီဟုအယူတော်ရှိပြီးလျှင် နောက်သုံးရက်မြောက်တွင် စစ်သည် ဗိုလ်

ပါအနည်းငယ်နှင့် ငှက်ပစ်တောင် ရပ်ကွက်သို့ ထွက်တော်မူလေ၏၊

ထိုသို့ဘုရင်မင်းမြတ် ထွက်တော်မူလေလျှင် သမထိး အရပ်၌ ခန်းလောင်း မင်းသားနှင့် ရေး အကျွမ်းဝင်သော အရည်းတို့သည် ခန်းလောင်း မင်းသားထံ လာရောက်ပြီးသော် လွှတ်ရုံးတော်၊ မြို့တိုက်၊ နန်းတော်တို့ကို လှည့်လည်ကြည့်ရှုကာ အံ့မခန်းမှုပြီးလျှင် ချီးကျူးကာပြန်ကြလေ၏၊

သည်လည်ပိုက် ဘုရင်မင်းမြတ်သည် ငှက်ပစ်တောင်အရပ်သို့ ရောက်လတ်သော် ကောင်းမွန်ခန်းနားစွာ စီမံထားသော တည်းနန်းတော်၌ ညခနေ၍ ထိုရပ်ကွက်ရှိခေါင်းဆောင် လူကြီးများနှင့် လူတို့၏သဘောကို ဆွေးနွေးသကဲ့သို့ ညှိနှိုင်း ပြောဆိုနေစဉ်တွင် မိုးကောင်းကင်၌ အလွန်ထူးဆန်း၍ အံ့ဩဘွယ်ရာ တိမ်ခေါင်တိမ်လိပ်တက်ပြီးလျှင် လျှပ်စီး ကြီးစွာ လက်လေ၏၊ သို့ရာတွင် မိုးကြိုးကားမကျချေ။

ထိုသို့ မိုးကြိုးမကျသော်လည်း တည်းနန်းတော် တခုလုံးတွင် အခိုးများသည် ရုတ်တရက်ထ၍ ပိတ်မှောင်သွားလေ၏၊ မဲကြီးလည်း 'အင်း.... သူယုတ်မာများဉာဏ်' ဟု သဘောတော်ပိုက်ပြီးသော်ကာကွယ်ရန်နည်းအတိုင်း ချက်ချင်းပင်ကာကွယ်လိုက်လေ၏။

တမူဝတီ၊ ရွှေနန်းတော်၊ မြို့တိုက်တော်၊ လွှတ်တော်၊ ပဟိုရ်စည်တို့၌လည်း တပြိုင်နက်အခိုးထွက်လေ၏၊ ကြောက်ခမန်း

လိလိဖြစ်လေ၏၊ စေသုမာကား ရန်သူ့လက်ချက်ဟုအောင်းမေ့ပြီးသော် မတ်တော်ကလေး ခန်းလတ်ကို ခေါ်ပြီး[illegible]ကာကွယ်လိုက်ရလေ၏၊ ရာဇသံကြိုးကား ဝှက်ပစ်တော့ဖင့် တနေရာတွင် လျှို့ဝှက်ကာနေ၍ မင်းကြီး၏ ဘေးရန်ကို ကာကွယ်နေလေ၏....။

သည်လည်ပိုက်မင်းကြီးသည် နောက်တနေ့နံနက် ချက်ချင်းပင်ငါ့အား ကောင်မကလေးသည် တည့်တိမ်ညင်ဖြူပါတကားဟု အောင်းမေ့ပြီးလျှင် တမ္ပဝတီသို့ ပြန်တော်မူလေ၏။

သည်လည်ပိုက်သည် နန်းတော်သို့ရောက်သော် မိမိစက်တော်ပြုရာ အခန်းဆောင်၌ အလွန်မွှေးကြိုင်သော အခန်းတို့နှင့် ထုံနေသည်ကို တွေ့ရ၏၊ ၎င်းကိုမင်းကြီးသည်နန်းတွင်းသူများ ဖြန်းတည်းထားသည်ဟုအောင်းမေ့တော်မူလေ၏၊ မင်းကြီးသည် [illegible]၌ တညစက်တော်ခေါ်ပြီးသော် ကိုယ်လက် မအီမသာဖြစ်၍ သလွန်တော်ပေါ်၌ လည်းတော်မူလေ၏၊ ဆေးဝါး အမျိုးမျိုးနှင့် ကုစားသော်လည်း ပြင်းထန်လှသော အဆိပ်ဓါတ်ငွေ့သည် မိထားလေရကား သည်လည်ပိုက် မင်းကြီးသည် သက်သာခြင်းမရှိဘဲ အိမ်နန်းနှစ်ဆယ်၊ စည်းစိမ်တဆယ့်ငါး၊ အသက်တော် သုံးဆယ့်ငါးနှစ်တွင်နတ်ရွာစံတော်မူလေသည်။

စေသုမာသည်ကား ခန်းလောင်းမင်းငယ်ကိုသာ 'အရည်းမာယာ' သည် အလွန်ဆိုးညစ်သည်ဟု သတိပေးပါလျက် အရည်းများနှင့် ရောလွန်း၍ ယခုကဲ့သို့ဖြစ်ရသည်ဟုမျက်ရည်ကို မဆီနိုင်အောင်ဘဲ တတွတ်တွတ်နှင့် မြည်နေလေတော့၏။

ရာဇသင်္ကြံသည်ကား ထိုနေ့ညတွင်အရဟံဂုဏ်တော်ကို နေဝ[illegible]ညည်းက အာရုံပြု၍ သန်းခေါင်တိုင်လဲ့တဲ့သော် ဌက် ပစ်တောင်အရည်းတို့ကို စိတ်စောပြီးလျှင်နှင်ထုတ်လိုက်သဖြင့် ဌက်ပစ်တောင်အရည်းအားလုံးသည် စိတ်ဖေါက်ပြန်ပြီးလျှင်မိမိ တို့၏ကျောင်းကိုစွန့်ကာ ထွက်ခွါသွားကြလေတော့သတည်း....။

"လက်နက်တန်ခိုးထက် စိတ်တန်ခိုးသည်သာ၍အင်အား ကြီးမားလေသည်...."

(ခန်းလောင်းမင်းလက်ထက်တော်သရဖူရာဇဝင်ဝတ္ထုတော် ကြီးကိုမျှော်လေ....)

အရှင်ကောလသ
[illegible] ကျောင်း
[illegible]

စစ်ကိုင်းဦးဘိုးသင်း

စာပေဗိမာန် ထောင်ဆုရ

စာရေးဆရာကြီး

စစ်ကိုင်း ဦး၊ဘို၊သင်း၊

# အချစ်၏အရသာ

၂–ကျပ်တန်

လာတော့မည် မျှော်....

စစ်ကိုင်းဓားလွှင်

အမည်မဖော်သေးသော

စုံထောက်ဝတ္ထု

၂–ကျပ်တန်

လာတော့မည်    မျှော်....

---

သျှတ္တရ စာဆိုတော်-ကါလိဒါသ ၏

## “ လွမ်းတေးတရာ မဖြေသာ ”

အနုပညာ စာပေလောကမှ အမည်မရှာသေးသည့် စာရေးဆရာ လူငယ်တဦးနှင့် ဂုဏ်ကြီးရှင်အမျိုးသမီးပျိုတဦးတို့၏ အချစ်×မေတ္တာ×သစ္စာ×သရုပ်ပြသော ကြေကွဲစရာ တကဲ့ အဖြစ်အပျက်ဇာတ်လမ်း။ လာခါနီးပြီ

သျှတ္တရစာဆိုတော်

ကါလိဒါသ ၏

# " အချစ်ဆိုရှိခြင်တယ် "

လာတော့မည်။ မျှော် မျှော်

---

ကါလိဒါသ ၏

## ရည်းစားကြေးမုံ အချစ်ကျမ်း

တအုပ်-၂ကျပ် လာတော့မည်

(စောင်ရေ အနည်းငယ်သာ ရိုက်နှိပ်မည်)

ကြိုတင်မှာမှ လိုသော စောင်ရေရမည်။

---

သျှတ္တရ စာဆိုတော် 'ကါလိဒါသ'

## ထောင့်ငါးရာချစ်တံခါး

သျှတ္တရ သဘော နှော၍ ကွင်းကွင်းကွက်ကွက်ကြီး

ရေးထားသော ဖို့မ သဘာဝ အစုံတင်ပြထားသော

ဝတ္ထုဆန်းကြီး

၂၀ တန် ထွက်တော့မည်

ရာဇဝင်ဝတ္ထု—နန်းတွင်းဝတ္ထု အရေးအသားတွင်
ကျော်ကြားလှသော

စစ်ကိုင်း—ဦးဘိုးသင်း ၏

## ပုဂံခေတ်

# အရည်းမာယာ

## ရာဇဝင်ဝတ္ထုတော်ကြီး၊ တအုပ်—၂၀

မှန်နန်းရာဇဝင်၊ ဦးကုလားရာဇဝင်၊ ယသောရာဇဝင်အစောင်စောင် တွင် မပေါ်ပြူသေးသော ‘ပုဂံခေတ်’ သည်လည်း ပိုက်ဝယ်မင်းလက်ထက် "အရည်းကြီး"များသည်ကာမ မေထုန် ခင်မင်ပုံအကြောင်း မသာသာတလိန်း အပလိန်း အနန္တကွင်"တန်ခိုး ပြဇာ" ဝါရောနှောလျက်-

★ မင်းဦးလွှတ်ပူဇော်ပွဲ ★

★ ကျောင်းလွှတ်ပူဇော်ပွဲ ★

ခံယူရှိရှန်-ကြီးစားပုံ-ကြွမ်နှိုး-ဘာသိန်စေ ပြမ်းဆင်ပုံတို့ကို ပေစာ၊ ဝရပိုက်စာ၊ သျှအုဂ္ဂရကျမ်း အစောင်စောင်နှင့် သုတေသီတို့၏ ပါးစပ်ရာဇဝင်များပါ စုပေါင်း ရွေးချယ်လျက် ဖတ်ချင့် စဖွယ် ဝတ္ထုဇာတ်ထမ်းသွားဖြင့် ကွက်ကွက် ကွင်းကွင်းရေးသား ထား သော "အရည်းမာယာ" ရာဇဝင်ဝတ္ထုတော်ကြီးဖြစ်၍-လူငယ် လူရွယ်များဖတ်စေသင့်အပြင်၊ ရာဇဝင်ကထိက၊ပါရဂူ သရာ ကြီးများပင်၊ ထွေ့ဒုက် သိမ်းဆည်း ထားရသည့် ဝတ္ထု ကောင်း တအုပ်ဖြစ်ပါသည်။

စန္ဒာဝင်းစာအုပ်တိုက်၊ စက်တဘာလ-၂၂-ရက်ထွက်မည်။